www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




ရုပ်ဖုံးပန်းချီ ဦးအောင်မြင့်၊ မြန်မာ့အလင်း အောင်မြင်တာပေ၊
အတွင်းစုံနှိပ်နှင့် မျက်နှာဖုံးစုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊
(ရုပ်ပိုင်းလေ)။ အုပ်ရေ(၅၀၀)။

၈၉၅.၈၃
ကြီးသိမ်
အောင်ကြွယ်-မြိုင်ဒေဝီ/ကြီးသိမ်။ -ရန်ကုန်၊
အောင်မြင်တာပေ၊ ၂၀၁၅။
၂၄၅-စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- မိဘတို့၏ကျေးဇူးကြွေးကို
  ပေးနိုင်သလောက် ပေးဆပ်ပါ။
  သားသမီးတို့ကြွေးကိုတော့
  မပေးချင်လည်းပေး၊
  ပေးချင်လည်းပေးရပါမယ်။
  မလွဲမသွေပေးဆပ်ရမည့် ကြွေးကတော့
  သေခြင်းတရားကြွေးပင်ဖြစ်ပါတယ်။

- အသက်ရှည်လိုလျှင်
  ဆရာဝန်သုံးယောက်တို့နှင့် နေရပါမယ်၊
  ဓာတ်စာ ဟူသော ဆရာဝန်၊
  တင်းတိမ်ရောင့်ရဲသော ဆရာဝန်၊
  ပျော်ရွှင်မှုနှင့် စိတ်ချမ်းသာအောင်နေခြင်း ဆရာဝန်
  ထိုဆရာဝန် သုံးယောက်ပင်ဖြစ်ပေ၏။

- ဣန္ဒြေသိက္ခာသည်
  အလှကို အကာအကွယ် ပေးနိုင်၏။
  သစ္စာတရားသည်
  ချစ်ခြင်းမေတ္တာကို စောင့်ရှောက်ပေးနိုင်သည်။
  ဣန္ဒြေနှင့် သစ္စာကိုတော့
  မိမိကိုယ်တိုင် စောင့်ရှောက်ပေးရ၏။

ဒဿနလက်ဆောင်

BURMESE CLASSIC

- ကောင်းမှုထက် မကောင်းမှုကို
  ပိုမိုနှစ်သက်သည်ဆိုခြင်းမှာ မမှန်ပေ။
  အကယ်၍သာ သူ့အတွက် ရွေးချယ်ခွင့်ပေးခဲ့လျှင်
  ကောင်းမှုကိုသာ..
  ရွေးချယ်ယူသွားမည်မှာ သေချာလှပေသည်၊

- အောင်မြင်ခြင်း တစ်ခုကို
  ဒီအတိုင်း ထိုင်ကြည့်နေရုံဖြင့်တော့
  မြင်တွေ့ရမည် မဟုတ်ပေ၊
  တကယ်လို့ မြင်တွေ့ချင်တယ်ဆိုရင်တော့
  အလုပ်တစ်ခုကို စတင်လုပ်သင့်ပါတယ်။

- ဗဟုသုတ၏ကြီးကျယ်မြင့်မြတ်မှုဆိုတာ
  ရှာဖွေဆည်းပူးမှု လမ်းပေါ်မှာ ရှိပါတယ်၊
  အောင်မြင်ခြင်းရဲ့အကျိုးရလာဘ်ဆိုတာလည်း
  ကြိုးစားအားထုတ်မှု လမ်းပေါ်မှသာ
  ရှာဖွေရရှိနိုင်ပါတယ်...။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿဃနလက်ဆောင်

- အပြစ်ကင်းသော မိတ်ဆွေကိုရှာရင်း
မိတ်ဆွေမရှိသော ဘဝမျိုးရောက်ရသည်၊
ခွင့်မလွှတ်နိုင်သောစိတ်ဖြင့်
ချစ်သူရှာရင်းနှင့်ပင်
အထီးကျန်သောဘဝမျိုးရောက်ရပေ၏။

- ယဉ်ကျေးသိမ်မွေ့မှုကို
အားလုံးကိုပေးပါ။
လိုက်လျောညီထွေနေထိုင်မှုကိုတော့
လူအနည်းငယ်ကိုသာ ပေးသင့်ပါတယ်။
မိတ်ဆွေများများ မရှိရင်တောင်မှ
ရန်သူတစ်ယောက်မှ မရှိရင်ပိုကောင်းပါတယ်။

- ဖျာကို ခင်း၍
တစ်ပါးသူ နင်းမှာစိုးသဖြင့်
ဖျာကိုလိပ်၍ သိမ်းသောအခါ
ကြွက်တို့ကိုက်သဖြင့် ကြွက်သိုက်ဖြစ်ရလေ၏။

# ဒဿဃနလက်ဆောင်

- ရေကြည်တစ်ပေါက်
အခြားသူသောက်မှာ စိုးသဖြင့်
ရေအိုးစင်သော့ပိတ်ထားသောအခါ
ရေကြည်လည်းနောက်
ပိုးလောက်တို့ ပျော်ရာဖြစ်တော့သည်။

- အသုံးပြုနေရင်း ပျက်စီးက
ပြုပြင်၍ ရနိုင်သည်။
အသုံးမပြုဘဲ ကြာရှည်စွာထားသောကြောင့်
ပျက်စီးသွားပါက၊
ပြုပြင်၍ မရနိုင်တော့ပေ..။

- သီချင်း သီဆိုချင်သူအတွက်
၎င်း၏ နှုတ်ဖျားတွင်
သီချင်းတစ်ပုဒ် အဆင်သင့်ရှိနေတတ်သည်။
ချစ်တတ်သူတစ်ဦး၏ ရင်ထဲမှာတော့
အချစ်ကဗျာတစ်ပုဒ် အဆင်သင့်ရှိနေတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း(၁) ပင်လယ်ပြင်မှ လျှို့ဝှက်သောအန္တရာယ်
အခန်း(၂) သဘော်ဖျက်သော ရေသတ္တဝါကြီးများ
အခန်း(၃) ရေဘီလူးများကို တွေ့ရခြင်း
အခန်း(၄) ဂျပန်ခေတ်က ဆောင်ကြာမြိုင်
အခန်း(၅) ဆန်းကြယ်စွာ ပျောက်သွားသောသူ
အခန်း(၆) မြဒေဝီနှင့် ရေဘီလူးရန်စွယ်
အခန်း(၇) ဆောင်ကြာမြိုင်မှ လူသတ်ကောင်
အခန်း(၈) ဒေါက်တာမင်းထင်ကျော်နှင့် ကေသရီ
အခန်း(၉) ရေသတ္တဝါကြီးနှင့် တွေ့ကြရခြင်း
အခန်း(၁၀) ပင်လယ်ပြင်မှ ထူးဆန်းသောရေသတ္တဝါကြီးများ
အခန်း(၁၁) မောင်မြတ်သာနှင့် ပြန်တွေ့ရခြင်း
အခန်း(၁၂) မရဏကျွန်းသို့ရောက်ခဲ့ရသူ
အခန်း(၁၃) မျှော်လင့်ခြင်းနှင့် ချစ်ခြင်းများစွာ
အခန်း(၁၄) ဦးဇန်ကောင်းနှင့် အဆိပ်သုံးမျိုး
အခန်း(၁၅) ပင်လယ်ပြင်မှ အောင်ပွဲများ
အခန်း(၁၆) ချစ်ခြင်းမေတ္တာ၏ သင်္ကေတ


# အခန်း ( ၁ )

# ပင်လယ်ပြင်မှ လျှို့ဝှက်သော အန္တရာယ်

အချိန်ကာလမှာ (၁၉၄၅)ခုနှစ်၊ နှောင်းပိုင်းကာလများ ဖြစ်ပေသည်။ (၁၉၄၅)ခုနှစ်သည် မြန်မာပြည် တနံတလျားတွင် ဖက်စစ်ဂျပန်များကို တွန်းလှန်ဖယ်ရှားရန် ကြိုးစားနေသောအချိန်ဖြစ်သောကြောင့် ရှုတ်ထွေးလှသောအချိန်အခါလည်း ဖြစ်ပေသည်။

(၁၉၄၅)ခု ဖေဖော်ဝါရီ(၂၄)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဗမာ့တပ်မတော်အား သင့်လျော်သော

www.burmeseclassic.com



ကာကွယ်မှုများဖြင့် လက်နက်များထုတ်ပေးရန် ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်က အမိန့်ချခဲ့လေသည်။

ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်သည် ကက်စဘီစစ်အုပ်ချုပ်ရေးအဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ပီယာ၏ သဘောထားကိုဆန့်ကျင်ပြီး ထိုအမိန့်ကို ချမှတ်ခဲ့ခြင်းဖြစ်ပေသည်။

ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်အနေဖြင့် မြန်မာလူမျိုးများ ဂျပန်တို့နှင့်ပူးပေါင်းပြီး ၄င်းတို့အားတိုက်ခိုက်ခဲ့ခြင်းကို နားလည်ခဲ့ပေသည်။

ဂျပန်တို့ မြန်မာနိုင်ငံအတွင်းသို့ မဝင်မီ (၁၉၄၂)ခုနှစ် နှစ်ဦးကာလက မြန်မာနိုင်ငံအတွင်းမှ အခြေအနေ . . ၊

(၁၉၄၃)ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာတို့နှင့် မဟာမိတ်တို့ အဆက်အသွယ်ရခဲ့သည့် ဖြစ်ရပ်မှန်များကို နားလည်သဘောပေါက်ပြီး အတော်များများသိထားပြီးသောကြောင့် ဖြစ်ပေသည်။

မောင့်ဘက်တန်သည် ဗမာ့တပ်မတော်၏ ဧပြီလ(၂)ရက် (နောင်အခါ မတ်လ(၂၇)ရက်) ဖက်စစ်တော်လှန်ရေးကြီးကို အားပေးကူညီရန် ဗြိတိသျှအစိုးရ ဝန်ကြီးအဖွဲ့သို့တင်ပြပေးခဲ့ရာ အစိုးရအဖွဲ့ကလည်း ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဗမာ့တပ်မတော်အား ဂျပန်တို့အားအတူတိုက်ဖော်တိုက်ဖက် မဟာမိတ်အဖြစ် သဘောထားကာ မောင့်ဘက်တန်၏ တင်ပြချက်များကို လက်ခံသဘောတူပြီး ခွင့်ပြုပေးခဲ့လေသည်။

နောက်ပိုင်းမှာတော့ ဗြိတိသျှတပ်နှင့် ဗိုလ်ချုပ်အောင်



ဆန်းခေါင်းဆောင်သော ဗမာ့တပ်မတော်တို့ ပူးပေါင်းကာဖက်စစ်ဂျပန်တို့အား တိုက်ခိုက်ခဲ့ကြပေသည်။

ထိုအချိန်က မှတ်တမ်းများအရ မဟာမိတ်လေတပ်မတော်မှ လေယာဉ်များသည် နေ့စဉ် တပ်သားဦးရေ(၂၇၀၀၀)ရှိသော ဗြိတိသျှတပ်သားများအတွက် ရိက္ခာနှင့်၊ စစ်အသုံးပစ္စည်း တန်ချိန်(၄၀၀)အထိ သယ်ယူပို့ဆောင်ပေးခဲ့ရသည်။

မတ်လပိုင်းရောက်သောအခါ လေကြောင်းဖြင့် နေ့စဉ်သယ်ယူပို့ဆောင်ပေးရသောရိက္ခာနှင့် စစ်အသုံးအဆောင်ပစ္စည်းတန်ချိန် (၇၀၂၅၀)အထိရှိခဲ့ရာ မြန်မာနိုင်ငံ၏ စစ်ဆင်ရေးနယ်မြေသည် ကမ္ဘာ့သမိုင်းတွင်လေကြောင်းဖြင့် သယ်ယူပို့ဆောင်ပေးရသော ပို့ဆောင်ရေး၏ အမြင့်ဆုံးစံချိန် ဖြစ်ခဲ့ပေသည်။

နောက်ပိုင်းကာလများမှာတော့ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဗမာ့တပ်မတော်နှင့် ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်ခေါင်းဆောင်သော ဗြိတိသျှတပ်တို့သည်မဟာမိတ်ပြုကာ ဖက်စစ်ဂျပန်တို့အား တိုက်ခိုက်ကြလေသည်။

ဖက်စစ်ဂျပန်တော်လှန်ရေးကာလမှာ အချိန်ကာလအားဖြင့် မကြာမြင့်သော်လည်း စစ်ပွဲကြီးပေါင်းမြောက်များစွာ ဖြစ်ပွားခဲ့ရသည်။

တိုက်ပွဲဝင်စစ်သည် သူရဲကောင်းတို့၏ အသက်ပေါင်းမြောက်များစွာတို့၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် [illegible]ခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပွားခဲ့သော တိုက်ပွဲကြီးများမှာ မရေမတွက်နိုင်အောင် များပြားသော်လည်း မြန်မာနိုင်ငံအတွင်းမှာဖြစ်ပွားခဲ့သည့် အထိကရစစ်ပွဲကြီးများအကြောင်းလောက်ကိုသာ ထုတ်နှုတ်ရေးသားဖော်ပြပေးပါမည်။

ဗြိတိသျှတပ်များသည် မိတ္ထီလာမှတောင်ဘက်သို့ ချီတက်ရန်ပြင်ဆင်ခဲ့ကြသည်။ အကြောင်းရင်းမှာ အမှတ်(၁၄)တပ်မတော်သည် မုတ်သုန်မဝင်မီ ရန်ကုန်အားသိမ်းပိုက်နိုင်ရန် စီစဉ်ထားပြီးခြင်းကြောင့်ဖြစ်သည်။

ဤတွင် ရခိုင်ပြည်နယ်သိမ်းပိုက်ရေးကိုလည်း ဗြိတိသျှနှင့် မဟာမိတ်တို့အဖို့ စီစဉ်ဆောင်ရွက်ရပြန်သည်။

သို့မှသာ ရခိုင်ပြည်နယ်မှ လေယာဉ်ကွင်းများကို အသုံးပြု၍ မိတ္ထီလာမှ ရန်ကုန်သို့ချီတက်မည့် အမှတ်(၁၄)တပ်မတော်အတွက် အထောက်အကူရမည်ဖြစ်သည်။

အရှေ့တောင်အာရှစစ်ဦးစီးအဖွဲ့ စစ်သေနာပတိမောင့်ဘက်တန်၏ အထူးညွှန်ကြားချက်ဖြင့် ဗြိတိသျှရေတပ်မတော်သည် ရခိုင်ပြည်နယ်ကိုသိမ်းပိုက်ရန် တာဝန်ယူထားသော ဗိုလ်ချုပ်ကြီးခရစ္စတီးဆန် ကြီးမှူးသည့် အမှတ်(၁၅)တပ်မကြီးအား သတ်မှတ်ထားသည့်နေရာများသို့ သယ်ယူပေးခဲ့ရ၏။

သူ့လက်အောက်တွင် အမှတ်(၂၅)အိန္ဒိယတပ်မ၊ အမှတ်(၂၆)အိန္ဒိယတပ်မ၊ အမှတ်(၈၁)အာဖရိကတပ်မ အပါအဝင် တင့်ကားတပ်များ၊ ရေတစ်ပိုင်းကုန်းတစ်ပိုင်းတင့်ကားများ ပါဝင်သည့် တပ်များပါဝင်သည်။





ဤမျှများပြားသောတပ်များဖြင့်အားသွန်၍ ရမ်းဗြဲကျွန်းနှင့်ကျောက်ဖြူတို့အား ဖိတိုက်ခဲ့သည်။

အိန္ဒိယရေတပ်မတော်ကလည်း ရခိုင်ပြည်နယ်ကမ်းခြေတစ်လျှောက်ရှိ ဂျပန်ရေတပ်စခန်းများကို ပြင်းပြင်းထန်ထန် လိုက်လံချေမှုန်းခဲ့သည်။

ရမ်းဗြဲနှင့်သံတွဲတစ်ဝိုက်၌ ဂျပန်တို့သည် အပြင်းအထန်ခုခံသော်လည်း ဗြိတိသျှတပ်များအား ခုခံကာကွယ်နိုင်ခြင်းမရှိတော့ပေ။ ဂျပန်တပ်များသည် တောင်ကုတ်လမ်းမှ ဆုတ်ခွာသွားကြသည်။ ရမ်းဗြဲကျွန်းကို သိမ်းပိုက်နိုင်ခဲ့ကြ၏။

မိတ္ထီလာမှ ရန်ကုန်သို့ မော်တော်ကားလမ်းဖြင့်(၃၃၈)မိုင်မျှသာ ဝေးကွာသဖြင့် မော်တော်ကားနှင့် သွားမည်ဆိုပါက တစ်ရက်ခရီးသာ ရှိပေသည်။

ဗိုလ်ချုပ်ကြီးစလင်ကမူ မိုးရာသီမရောက်မီ ရန်ကုန်ကို သိမ်းနိုင်ရန် ရည်မှန်းထား၏။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ့တပ်မတော်နှင့် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဝင်များက ဂျပန်ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲနေသည့်အချိန်တွင် မိတ္ထီလာမှအမှတ်(၁၇)၊ အမှတ်(၅)တို့သည် မတ်လ(၃၀)ရက်နေ့ နံနက်စောစောတွင် တောင်ငူကြောင်းချီ၍ စစ်ထွက်လာခဲ့ကြသည်။

ယင်းစစ်ကြောင်းတွင် ယင်းတော်ဂျပန်စစ်ကြောင်းများနှင့် ပြင်းပြင်းထန်ထန်တိုက်ပွဲဖြစ်ပွားခဲ့သည်။

ယင်းတော်ရှိဂျပန်တပ်မ (၄၉)မှာ အင်အား(၁၀၀၀)ခန့်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ဟုသိရသည်။

ဂျပန်တို့သည် ယင်းတော်မှ တင့်ကားပစ်အမြောက်များနှင့် ပြင်းပြင်းထန်ထန် ခုခံခဲ့ကြသော်လည်း အကျအဆုံးများစွာနှင့်ဆုတ်ခွာခဲ့ကြရာ ဗြိတိသျှတပ်များက ပျော်ဘွယ်နှင့်ရမည်းသင်းတို့ကို အလွယ်တကူသိမ်းပိုက်နိုင်ကြ၏။

တောင်ငူသို့ ဆက်လက်ချီတက်လာခဲ့ကြ၏။ လယ်ဝေး (နေပြည်တော်) လေယာဉ်ကွင်းတစ်ခု တည်ဆောက်ခဲ့ရာ လေယာဉ်ပျံများဆင်းနိုင်ခဲ့သဖြင့် ချီတက်နေသည့် စစ်ကြောင်းများအဖို့ လိုအပ်သောရိက္ခာနှင့် လက်နက်ခဲယမ်းမီးကျောက်များ၊ စစ်အသုံးအဆောင်များ အလုံအလောက်ရရှိသောအခြေအနေရောက်လာခဲ့သည်။

ဤအချိန်အတွင်း ရန်ကုန်မြစ်ဝတွင် ကမ်းတက်စစ်ပွဲဆင်နွှဲရန် စီစဉ်ခဲ့ကြသည်။

ကမ်းတက်ရေယာဉ်များကို ဂျပန်စစ်သင်္ဘောတို့ရန်မှ ကာကွယ်နိုင်ရန် လေယာဉ်တင်သင်္ဘောလေးစင်း၊ ခရူဇာစစ်သင်္ဘောနှစ်စင်း၊ ဖျက်သင်္ဘောနှစ်စင်း အသင့်ထားရှိခဲ့သည်။

ဤကဲ့သို့ရန်ကုန်မြို့ ကမ်းတက်စစ်ဆင်ရေးကို အနီးကပ် လေကြောင်းပစ်ကူ ထိထိရောက်ရောက်ပေးနိုင်ရန် တောင်ငူအားအလျင်အမြန်သိမ်းပိုက်၍ တောင်ငူလေယာဉ်ကွင်းများကို ပြင်ဆင်ထားခဲ့ကြသည်။

ဤသို့ဖြင့် ဗြိတိသျှတပ်များသည် တောင်ငူဝန်းကျင်သို့ ဧပြီလနောက်ဆုံးပတ်တွင် ရောက်ရှိလာခဲ့ကြသည်။



ဂျပန်တို့သည် ပြင်းပြင်းထန်ထန် ခုခံကာကွယ်ကြသော်လည်း ဗြိတိသျှတပ်များသည် တောင်ငူကိုဧပြီလ (၂၂)ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့ကြသည်။

ဤသို့ဗြိတိသျှတပ်များ တောင်ငူကိုသိမ်းပြီးနောက်နေ့တွင် ဂျပန်လေတပ်မတော်မှ တိုက်လေယာဉ်ရှစ်စင်းသည် ရုတ်တရက်ပေါ်လာပြီး တောင်ငူမြို့၏ မြောက်ဘက်၌စခန်းချနေသော ဗြိတိသျှတပ်မဟာ (၁၆၁)အား ဗုံးကြဲတိုက်ခိုက်ရာ ဗြိတိသျှတပ်သားအများအပြား ထိခိုက်ဒဏ်ရာရကြသော်လည်း ထိုးစစ်၏ အရှိန်အဟုန်ကား လျော့မသွားခဲ့ပေ။

ဗြိတိသျှနှင့်မဟာမိတ်တပ်ပေါင်းစုသည် ဖြူးမြို့အား အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့ရာ ထိုမြို့တွင်စခန်းချနေသော အိန္ဒိယအမျိုးသားတပ်မတော်နှင့် ဂျပန်တပ်တို့သည် အနည်းငယ်သာ ခုခံကာကွယ်ခဲ့ကြပြီး ဂျပန်တပ်များဆုတ်ခွာသွားသည်နှင့် အိန္ဒိယအမျိုးသားတပ်မတော် တပ်မ(၁)မှ အရာရှိ(၁၅၀)နှင့် စစ်သည်(၃၀၀၀)တို့သည် ဗြိတိသျှတပ်မ(၅) တပ်မမှူးထံလက် နက်ချခဲ့ကြသည်။

ဗြိတိသျှအင်ဂျင်နီယာတပ်သည် ဤလက်နက်ချသူများအား ချက်ချင်းအသုံးချလိုက်သည်။

ထိုအဖွဲ့အား တောင်ငူသို့စေလွှတ်ပြီး တောင်ငူလေယာဉ်ကွင်း ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အားပေးဆောင်ရွက်စေခဲ့သည်။

ဂျပန်တို့သည် ဗြိတိသျှတပ်များ ရန်ကုန်သို့ အလွယ်တ

www.burmeseclassic.com

www.burmeseclassic.com



ကူ ချီတက်တိုက်ခိုက်ခြင်းမပြုရန် ပဲခူးမြို့ပတ်ဝန်းကျင်နှင့် ပဲခူးမြို့တွင်းမှ ပြင်းပြင်းထန်ထန် ကျားကုတ်ကျားခဲ ခုခံတိုက်ခိုက်ခဲ့ကြသည်။

ဤတိုက်ပွဲများဖြစ်ပွားနေချိန်တွင် မုတ်သုန်မိုးသည် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသသို့ ဝင်ရောက်စပြုခဲ့ပြီး ပဲခူးတွင် တိုက်ပွဲများဖြစ်ပွားနေစဉ် မိုးအကြီးအကျယ်ရွာချသည်။

ပဲခူးတိုက်ပွဲတွင် အမှတ်(၁၄) တပ်မတော်စစ်သေနာပတိ ဗိုလ်ချုပ်ကြီးစလင်ကိုယ်တိုင် လာရောက်ကြည့်ရှုခဲ့သည်ဟု သိရ၏။

ဤစစ်ကြောင်းများသည် ရန်ကုန်ဝင်နိုင်ရန် အားခဲထားသော်လည်း ဂျပန်တို့ကပဲခူးမြို့မှ ခုခံကာကွယ်နေကြသဖြင့် နှစ်ရက်ခန့် ကြာမြင့်သွားသည်။

ဗိုလ်ချုပ်ကြီးစလင်သည် ပဲခူးခွင်တွင် တိုက်ပွဲဝင်နေသော ဗြိတိသျှတပ်များကို လေတပ်မတော်မှ အပေါ့စားလေယာဉ် အဲလယ်(လ)မှ အမျိုးအစားဖြင့် လိုက်၍စစ်ဆေးခဲ့သည်။

ပဲခူးခွင်တွင် တိုက်ပွဲဝင်နေသော စစ်ကြောင်းများကိုစစ်ဆေးပြီး ထိုလေယာဉ်ငယ်ကလေးဖြင့် ရန်ကုန်-ပဲခူး မော်တော်ကားလမ်းအတိုင်း ပျံလာခဲ့ပြီး ရန်ကုန်မြောက်ဘက် ဆင်ခြေဖုံးအနီး ပျံလာခဲ့၏။

ထိုစဉ်က ဂျပန်စစ်တပ်များသည် အရေးကြီးသော အဆောက်အအုံများကို မီးတင်ရှို့နေပြီဖြစ်ရာ ရန်ကုန်မြို့တော်တစ်ခွင် မီးလုံးများဖုံးအုပ်လျက် ရှိနေသည်။



ဂျပန်တို့သည် ရန်ကုန်မြို့တော်မှ ဆုတ်ခွာရန်သေချာနေပြီဖြစ်သည်ဟု ဗိုလ်ချုပ်ကြီးစလင်က ယူဆထားသည်။

သို့ဖြစ်၍ ရန်ကုန်မြို့တော်၏ အခြေအနေအရပ်ရပ်ကို သေသေချာချာသိရှိရန် ရန်ကုန်မြို့ပေါ်သို့ လေယာဉ်အား ခပ်နိမ့်နိမ့်မောင်းရန် အမိန့်ပေးလိုက်၏။

ထိုအခိုက် မြေပြင်မှ ဂျပန်အမြောက်တပ်သားများက လေယာဉ်ပစ် စက်သေနတ်ဖြင့် လှမ်း၍ပစ်ခတ်ခဲ့သည်။

လေယာဉ်အား စက်သေနတ်ကျည်ဆန်များ လာထိသွားပြီး လေယာဉ်ဖြင့် လိုက်ပါလာသော အမေရိကန်အရာရှိတစ်ယောက်အား ထိမှန်သွားခဲ့သော်လည်း ဗိုလ်ချုပ်ကြီးစလင်မှာ ကံကောင်းထောက်မ၍ စက်သေနတ်ကျည်ဆန်နှင့် လွဲခဲ့ရပြီး လေယာဉ်စက်ကိုလည်း ထိမှန်ခြင်းမရှိခဲ့ဟု ဆိုကြသည်။

ထိုအချိန်တွင် ဂျပန်တပ်များသည် ရန်ကုန်မှအမှန်ပင် ဆုတ်ခွာနေကြသည့်အချိန်ဖြစ်ပြီး ဒေါက်တာဘမော်နှင့်အစိုးရအဖွဲ့ဝင်များ ဂျပန်ထိပ်တန်းအရာရှိများမှာမူ ခပ်စောစောကပင် ထွက်ခွာသွားနှင့်ကြပြီဖြစ်၏။

ဗြိတိသျှတပ်များ၊ ဗမာ့တပ်မတော်မှ စစ်ကြောင်းများသည် ရန်ကုန်မြို့တော်နယ်နိမိတ်သို့ တဖြည်းဖြည်းဝင်လာခဲ့ကြပြီဖြစ်၏။

မဟာမိတ်လေတပ်မတော်မှ လေယာဉ်များကလည်း မြို့တော်တစ်ခွင် အချိန်ပြည့်ပစ်ခတ်တိုက်ခိုက်လျက် ရှိရကား ဂျပန်တို့အဖို့ ဗြိတိသျှတို့၏ အဝိုင်းအညှပ်ကို ခံရမည်စိုးရိမ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့တွင်းမှ ဆုတ်ခွာနေဟန်ရှိသည်။

ရန်ကုန်ထောင်ကြီးအတွင်း၌မူ ဗြိတိသျှစစ်သုံ့ပန်းများနှင့် မြန်မာအကျဉ်းသားအချို့ကိုမူ ဂျပန်တို့သည် ထောင်ဖွင့်လွှတ်ခြင်းမပြုဘဲ စွန့်ပစ်ထားခဲ့သည်။

ဤတွင် ဗြိတိသျှအကျဉ်းသားများသည် "ဂျပန်ဖက်ဆစ်တို့ စွန့်ခွာထွက်ပြေးသွားခဲ့ပြီ" ဟူသော အင်္ဂလိပ်ဘာသာဖြင့် စာတန်းကို အကျဉ်းထောင်အတွင်းရှိ အိပ်ဆောင်တစ်ဆောင်၏ အမိုးပေါ်တွင် ရေးသားထားခဲ့ကြသည်။

သို့မှသာ ဂျပန်လေကြောင်းရန် ကာကွယ်ရေးတပ်များ မရှိသဖြင့် ရန်ကုန်မြို့တော်တစ်ခွင် ခပ်နိမ့်နိမ့် ပျံဝဲနေသော ဗြိတိသျှလေတပ်မတော်မှ ကင်းထောက်လေယာဉ်ပျံများ မြင်နိုင်မည်ဟု အကျဉ်းထောင်အတွင်း ပိတ်မိနေသောစစ်သုံ့ပန်းများက ယူဆထားကြသည်။

ရန်ကုန်မြို့တော်အား ကြည်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသာမက ဗြိတိသျှဘုရင့်ရေတပ်မတော်နှင့် ကုမ်းခြေတက်တပ်ဖွဲ့တို့ကလည်း ယခင်စီမံထားသည့်အတိုင်း အဘက်ဘက်မှ ပိတ်ဆို့ရန်ဆောင်ရွက်ခဲ့ကြသည်။

မေလ(၁)ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်ကို ဖြတ်လာခဲ့သော ဗြိတိသျှဘုရင့်ရေတပ်မတော်မှ ရေတပ်ဗိုလ်ချုပ်စလင်ဦးဆောင်သော ရေကြောင်းချီ ကမ်းခြေတက်တပ်များသည် ရေတစ်ပိုင်းကုန်းတစ်ပိုင်း မောင်းနှင်နိုင်သော ရေယာဉ်ကြီးများနှင့် ရန်ကုန်မြစ်ဝသို့ ဦးတည်ချီတက်လာခဲ့ကြသည်။



ထိုရေကြောင်းချီ သဘော်တပ်များရှေ့မှ ရေမြုပ်ဗုံးရှင်းလင်းရေးသဘော်များကလည်း ရေမြုပ်မိုင်းများကိုရှင်း၍ ချီတက်လာခဲ့ကြသည်။

ထိုစစ်ကြောင်းများ ရန်ကုန်မြစ်ဝသို့ ရောက်လာသည့်အချိန်မှာပင် လေကြောင်းချီဂေါ်ရခါး လေထီးတပ်ဖွဲ့တစ်ဖွဲ့သည် ရန်ကုန်မြစ်ဝအနောက်ဘက်ကမ်း လယ်ကွင်းများအတွင်းဆင်းသက်ခဲ့ကြသည်။

ထိုစဉ်ကမူ ရန်ကုန်မြစ်ဝအနောက်ဘက်ကမ်းထိပ်ဆင်အငူတွင် ဂျပန်တပ်ဖွဲ့တစ်ဖွဲ့ကို နောက်ကျန်တမ်များအဖြစ်ထားခဲ့သည်။

ယင်းတပ်ဖွဲ့ဝင်များသည် မြေကျင်းများ၊ ဘန်ကာများအတွင်းမှ ဗြိတိသျှလေထီးတပ်များကို ခုခံရန်ပြင်ဆင်ထားသည်။

ဂေါ်ရခါးလေထီးတပ်သားများကလည်း ဂျပန်တို့၏ အသေခံနောက်ခံတပ်များ ခိုအောင်းနေသော မြေကတုတ်များ၊ ဘန်ကာများအား လောင်မီးလက်နက် မော်တာများနှင့် ပစ်ခတ်၍ အတင်းစီးနင်းပြီး တက်ရောက်သိမ်းပိုက်ခဲ့ကြ၏။

ယင်းစခန်းတွင် နောက်ကျန်တပ်အဖြစ် တာဝန်ယူထားရသော ဂျပန်တပ်သား(၃၇)ယောက်အနက် (၃၆)ယောက်ကျဆုံးခဲ့ရပြီး ဂျပန်တပ်သားတစ်ဦးကိုမူ ဒဏ်ရာပြင်းထန်စွာဖြင့် ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် လေထီးတပ်သားများသည် လေယာဉ်ငယ်ခြောက်စင်းဖြင့် ရန်ကုန်မြို့ဘက်သို့ တက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မိုးသည်းထန်စွာ ရွာချလာခဲ့ပြီဖြစ်သည်။ ထိုတပ်ဖွဲ့သည် အခုအခံမရှိ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်လာသည်နှင့် လေယာဉ်စက်ချို့ယွင်းသဖြင့် ရန်ကုန်မြို့အနီးထိုးဆင်းခဲ့ရသော ဗြိတိသျှလေတပ်မတော်မှ ကင်းထောက်လေယာဉ်မှူး နှစ်လောက်နှင့် တွေ့ကြရသဖြင့် ရန်ကုန်မြို့မှ ဂျပန်တပ်များ ဆုတ်ခွာသွားခဲ့ပြီဖြစ်ကြောင်းကို သတင်းရရှိကြသည်။

သို့ဖြင့် မေလ(၂)ရက်နေ့တွင် ရန်ကုန်မြို့တော်အား ဗြိတိသျှနှင့် မဟာမိတ်တပ်များက သိမ်းပိုက်ခဲ့ကြသည်။

အထက်၌ ရေးသားဖော်ပြပေးခဲ့သော စစ်ပွဲများအကြောင်းမှာ မြောက်များလှစွာသော ကြယ်ပွင့်များထဲမှ ကြယ်ပွင့်တစ်ပွင့်အကြောင်းကို ရွေးနှုတ်ဖော်ပြရသကဲ့သို့ပင် ဖြစ်ပေသည်။

ဖက်စစ်ဂျပန်များလက်အောက်သို့ ရောက်နေသော မြန်မာပြည်အား ပြန်လည်ရရှိရန် တိုက်ခိုက်သိမ်းပိုက်ရန်အတွက် အသက်သွေးချွေးပေါင်း မြောက်များစွာပေးဆပ်ခဲ့ကြရသည်။

ထိုကဲ့သို့ တိုက်ခိုက်ခဲ့ကြသောကြောင့်လည်း (၁၉၄၂)ခုတွင် မြန်မာပြည်ကိုသိမ်းယူခဲ့ကြသော ဂျပန်များလက်အောက်မှ မြန်မာပြည်ကို (၁၉၄၅)ခုနှစ်မေလမှာပင် ပြန်လည်ရယူနိုင်ခဲ့ကြပေသည်။

ရန်ကုန်မြို့တော်အပါအဝင် မြန်မာနိုင်ငံတစ်ခုလုံးကို ပြန်လည်သိမ်းပိုက်ခဲ့ပြီးနောက်မှာလည်း ဗြိတိသျှများအနေဖြင့် အခက်အခဲပေါင်း မြောက်များစွာတို့ကို ရင်ဆိုင်ဖြေရှင်းခဲ့ကြရသေးသည်။



ဂျပန်တပ်များမရှိတော့သော်လည်း အကြွင်းအကျန်များနှင့် သစ္စာဖောက်များတို့၏ အန္တရာယ်တို့နှင့်သော်လည်းကောင်း၊

ဂျပန်ခေတ်တစ်ခေတ်လုံး မြန်မာတစ်နိုင်ငံလုံးမှာ ပြာပုံဘဝသို့ရောက်ခဲ့ကြရပြီး ဆင်းရဲတွင်းနက်ခဲ့ကြရသည်။

စားဝတ်နေရေး ကြပ်တည်းမှုများကြောင့် ပြည့်တန်ဆာလုပ်ငန်းများ၊ ဆိုးခိုးတိုက်ခိုက်မှုများဖြင့်သော်လည်းကောင်း ကြုံတွေ့ရသဖြင့် သုတ်သင်ဖြေရှင်းပေးကြရသည်။

ကျေးရွာများ၊ မြို့များတွင် ဂျပန်ခေတ်က ရထားသော လက်နက်များအားကိုးပြီ ဆိုးခိုး၊ လုယက်တိုက်ခိုက်နေကြသော လူဆိုး၊ သူခိုး၊ ဓားပြတို့သာမကဘဲ ပင်လယ်ရေပြင်နေရာအနှံ့တို့မှာလည်း ပင်လယ်ဓားပြတို့ရှိကြရာ ဗြိတိသျှတို့ တစ်ကျော့ပြန်လည် ရောက်လာသောအခါ သုတ်သင်ဖယ်ရှားပစ်ကြရသည်။

ပင်လယ်ဓားပြတို့၏ လှေများ၊ သင်္ဘောများကိုတော့ ရေတပ်သင်္ဘောများအသုံးပြုကာ သုတ်သင်ဖယ်ရှားကြရပေ၏။

ဗြိတိသျှဘုရင်ရေတပ်မတော်ကို ဦးစီးနေသူမှာ ရေတပ်ဗိုလ်ချုပ်မလင် ဆိုသူဖြစ်သည်။

ရေတပ်ဗိုလ်ချုပ်မလင် ခေါင်းဆောင်သော ရေတပ်မတော်မှ သင်္ဘောများသည် ကမ်းရိုးတန်းဒေသတစ်လျှောက်သာမကဘဲ မြန်မာရေပိုင်နက်ဖြစ်သော ပင်လယ်ပြင်သို့ထွက်ပြီး ကင်းလှည့်ပေးကြရသည်။

(၁၉၄၅)ခု မေလ(၂)ရက်နေ့တွင် မဟာမိတ်တို့သည်

www.burmeseclassic.com



ရန်ကုန်မြို့တော်အား သိမ်းပိုက်နိုင်ခဲ့ကြသည်။

ရန်ကုန်မြို့တော်အား သိမ်းပိုက်နိုင်ခြင်းသည် အရှေ့တောင်အာရှ ပြန်လည်သိမ်းပိုက်နိုင်ခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သလို အောင်မြင်မှုလည်း ဖြစ်ပေသည်။

သို့သော် (၁၉၄၅)ခု မေလရောက်သည်အထိ အရှေ့တောင်အာရှနယ်မြေ ဧရိယာအတွင်း၌ရှိကြသော မလေးရှား၊ စင်ကာပူ၊ ယိုးဒယား(ထိုင်း)နှင့် အရှေ့အိန္ဒိယကျွန်းစု(အင်ဒိုနီးရှား) တို့ကိုမူ ဂျပန်တို့က သိမ်းပိုက်ထားနိုင်ဆဲပင်ရှိနေသေး၏။

ပြင်သစ်ပိုင် အင်ဒိုချိုင်းနား(ဗီယက်နမ်၊ လာအို) တို့တွင်လည်း ဂျပန်တို့ကဆက်လက်သိမ်းပိုက်ထားနိုင်ဆဲပင် ရှိနေသေး၏။

သို့ကြောင့် အရှေ့တောင်အာရှ မဟာမိတ်တပ်များ၏ ဦးစီးဌာနချုပ်၌ အရှေ့တောင်အာရှ စစ်ဆင်ရေးအစီအစဉ်များကို ဆက်လက်ပြုလုပ်နေကြရသော အချိန်လည်းဖြစ်သည်။

သို့ကြောင့် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများ၊ ကျွန်းများ ပင်လယ်ပြင်နေရာအနှံ့သို့ ရေတပ်အသုံးပြုသော သင်္ဘောများဖြင့်လှည့်လည်ကာ စောင့်ကြပ်ကြည့်ရှုပေးနေကြရပေသည်။

တစ်ရက်မှာတော့ ကျွန်းတစ်ကျွန်းရှိသော နေရာဘက်မှပြန်လာသော ရေတပ်သင်္ဘောတစ်စင်းမှာ ပင်လယ်ရေပြင်တစ်နေရာတွင် နစ်မြုပ်ပျက်စီးသွားခဲ့လေသည်။

အဆက်အသွယ်မရတော့သဖြင့် နောက်ထပ်သင်္ဘောတစ်စင်းကိုလွှတ်ပြီးစုံစမ်းခိုင်းလေရာ သင်္ဘောပျက်မှပစ္စည်းအချို့



ကိုသာ ရေပြင်ပေါ်မှာမျောပါနေသည်ကိုတွေ့ရပြီး အခြားတော့ဘာမှမတွေ့ကြရပေ။

မဟာမိတ်တပ်များကတော့ ရေတပ်သင်္ဘောတစ်စင်းပျက်စီးသွားခြင်းမှာ ဂျပန်များလက်ချက်ကြောင့်ပင် ဖြစ်ပေသလော. . ဒါမှမဟုတ် လှိုင်းများကြောင့်သော်လည်းကောင်း၊ သို့မဟုတ်. . ရေသတ္တဝါကြီးများ အန္တရာယ်ကြောင့်သော်လည်းကောင်း ပျက်စီးရခြင်းဖြစ်သည်ဆိုသော အဖြေကိုတော့ မသိကြရပေ။

သို့ကြောင့် တာဝန်ရှိသူများက မြိတ်၊ ထားဝယ်၊ ကော့သောင်းဒေသများသို့ စုံစမ်းထောက်လှမ်းရန်အတွက် စုံစမ်းထောက်လှမ်းရေးသမားများကို စေလွှတ်လိုက်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

# သဘော်ဖျက်သော ရေသတ္တဝါကြီးများ

မြန်မာနိုင်ငံအောက်ပိုင်း ကမ်းရိုးတန်းဒေသများသည် ရှေးအခါက လူနေများသောနေရာများ မဟုတ်ကြပေ။ သို့သော် မြိတ်၊ ထားဝယ် စသောနေရာများမှာ မြို့ပြအသွင်သဏ္ဍာန်မဖြစ်ကြသေးသော်လည်း ကုန်သည်များဝင်ရောက်ခိုနားရာ စခန်းထောက်အဖြစ် အသုံးပြုသော နေရာများအဖြစ် သိကြားမှုရှိခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခရစ်သက္ကရာဇ်(၁)ရာစုလောက်ကပင် ဘင်္ဂလားဘက်မှ *အိန္ဒိယလူမျိုး၊ ကုန်စည်ကူးသွားလာကြသူတို့သည် ပင်လယ်ခရီးသွား* လာရင်းမှ သံတွဲ၊ မော်လမြိုင် စသောနေရာများသို့ ရောက်လာခဲ့ကြသည်။

၄င်းတို့သည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် သွားလာကြရင်းမှ ရောက်လာကြခြင်းဖြစ်သည်။

ထိုခေတ်ဦးကာလတွင် ဟိန္ဒူအင်ပါယာထဲတွင် ပါဝင်သော စုမတြား၊ ဂျာဗား စသည့်ကျွန်းစုများ ရောက်သည်အထိ ကမ်းရိုးတန်းအတိုင်း စုန်ဆင်းခဲ့ကြသည်။

ထိုစဉ်အခါကပင် မြိတ်သည် လူအဝင်အထွက်များသော နေရာတစ်နေရာ ဖြစ်နေခဲ့ပေပြီ။

ပင်လယ်ကမ်းရိုးတန်းသွား ခရီးသွားကုန်သည်တို့ ဝင်ရောက်ခိုနားသောနေရာ၊ စခန်းထောက်အဖြစ် အသုံးပြုခဲ့သောနေရာတစ်နေရာ ဖြစ်နေခဲ့ပေပြီ။

(၁၂)ရာစုတွင် ကမ်းရိုးတန်းဒေသတို့ကို မြန်မာနိုင်ငံပုဂံအင်ပါယာအတွင်း သွတ်သွင်းခြင်းပြုသည်။

ကာလကြာတော့ ကမ်းရိုးတန်းဒေသများကို အာယုဒ္ဓယ အင်ပါယာထဲသို့ သွတ်သွင်းခြင်း ခံရလေသည်။

ပါသျှားမှ အာရပ်ကုန်သည်တို့သည် အာယုဒ္ဓယသို့ ဤလမ်းဖြင့် အရောင်းအဝယ် ရောက်လာကြလေသည်။

တရုပ်ပြည်ဘက်မှ ပိုးထည်နှင့်ကြွေထည်ကုန်သည်များတို့သည်လည်း ဤလမ်းမှပင်အနောက်ဘက်သို့ ထွက်ခဲ့ကြသည်။



နောက်ပိုင်းမှာတော့ ပေါ်တူဂီကုန်သည်များ ရောက်လာကြပြီး မြိတ်၌အခြေချနေကာ စီးပွားရေးလုပ်ငန်းများ ပြုလုပ်ကြသည်။

(၁၇)ရာစုနှစ်တွင် ဒတ်ချ်နှင့်အင်္ဂလိပ်ကုန်သည်များ ရောက်လာကာ ပေါ်တူဂီတို့ကို လွှမ်းမိုးနိုင်ခဲ့ကြသည်။

(၁၈)ရာစုတွင် မြိတ်အပါအဝင် ကမ်းရိုးတန်းဒေသများမှာ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ပြန်လည်ရောက်လာပြီး (၁၉) ရာစု ရောက်သောအခါ အင်္ဂလိပ်တို့က သိမ်းပိုက်ခဲ့ကြခြင်းဖြစ်သည်။

ထိုအချိန်က မြိတ်ကို နိုင်ငံခြားသားများက 'မာဂင်' ဟု ခေါ်ကြသည်။

နောက်ပိုင်း အင်္ဂလိပ်တို့က 'မာဂွီး' ဟုပြောင်းလဲခေါ်ဝေါ်ကာ ထိုအမည်ကိုအသုံးပြုခဲ့ကြသည်။

မြိတ်ဆိုသောအမည်မှာ 'မာရိတ်' ဟူသော ယိုးဒယားစကားဖြစ်ပြီး 'မြင်းချည်တိုင်'ဟု အဓိပ္ပာယ်ထွက်သည်။

ယိုးဒယားကုန်သည်တို့ အနောက်ဘက်ပင်လယ်သို့ထွက်ရာတွင် စခန်းဆုံး၍နားကြရာမှ ထိုအမည်ပေါ်ပေါက်လာခြင်း ဖြစ်ဟန်ရှိပေသည်။

သို့ကြောင့် မြိတ်တွင်း အာရပ်အနွယ်၊ ပေါ်တူဂီအနွယ်၊ ယိုးဒယားအနွယ်၊ အင်္ဂလိပ်အနွယ်၊ ပသျှူးအနွယ် စသည့်တို့ဖြင့် လူမျိုးစုံတို့ရှိနေကြသည်။

မြန်မာနိုင်ငံအတွင်းမှာရှိသော မြို့များထဲတွင်လူမျိုး

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစုံတို့ ရောနှောနေထိုင်မှု အများဆုံးနေထိုင်ရာမြို့များထဲတွင် မြိတ်သည် ထိပ်ဆုံးမှပင် ပါဝင်ပေလိမ့်မည်။

မြိတ်ကိုအင်္ဂလိပ်တို့ သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်းမှာလည်း နိုင်ငံခြားကုန်သည်တို့ အဝင်အထွက်များသော နေရာတစ်နေရာ ဖြစ်ခဲ့လေသည်။

အရှေ့အိန္ဒိယကျွန်းစု၊ အင်ဒိုချိုင်းနား၊ မကာအို၊ မလေးရှား စသည့်တို့ရောက်လာကာ အခြေချနေထိုင်ခဲ့ကြလေသည်။

မြိတ်သည် ရှေးအခါကပင် အရှေ့တိုင်းဘက်သို့ ခြေဦးလှည့်လာသော နယ်ချဲ့သမားတို့၏ စီးပွားရေးအမြတ်ထုတ်မှု၊ လွှမ်းမိုးမှုများကို တစ်လှည့်စီခံခဲ့ရသော နေရာဖြစ်ခဲ့သည်။

သို့သော်လည်း ကမ်းရိုးတန်းဒေသများတွင်ရှိသင့်သော အလှအပတို့ဖြင့် ပြည့်နှက်နေလေသည်။

သို့ကြောင့် အေဒီ(၁၆၈၈)ခုနှစ်တွင် မြိတ်သို့ရောက်ခဲ့သော 'ဒီလာလူဘဲရီး' အမည်ရှိသောပုဂ္ဂိုလ်ကြီးက. .

"မြိတ်မြို့၏ဆိပ်ကမ်းသည် အိန္ဒိယရှိဆိပ်ကမ်းအားလုံးထက် အသာယာဆုံး၊ အလှပဆုံးဖြစ်သည်"

ဟု မှတ်ချက်ချခဲ့လေသည်။

မြိတ်မြို့ရှိသောနေရာနှင့် အနီးတစ်ဝိုက်တွင် ရှေးအခါကပင် တောတောင်များ ထူထပ်သောနေရာများရှိခဲ့ကြသည်။

နေရာအတော်များများကို ကျောက်တောင်၊ ကျောက်ဆောင်များနှင့် သစ်တောကြီးများက နေရာယူထားကြလေသည်။

ကျွန်း၏အနောက်မြောက်ယွန်းယွန်းတွင် ပင်လယ်ကွေ့



တစ်ခုရှိသည်။

ကျဉ်းသော်လည်း လေဒဏ်မိုးဒဏ် ကာကွယ်ပေးနိုင်သောနေရာမျိုးဖြစ်သည်။

ထိုနေရာတွင် မြေကမ်းဖြူလည်းရှိသည်။

သောက်ရေရသော တောင်ကျစမ်းတစ်ခုလည်းရှိသည်။

ထိုနေရာသည် လေကွယ်မိုးကွယ် ဖြစ်သည့်အပြင် သောက်ရေလည်းရသောကြောင့် ကုန်သည်သင်္ဘောများ ဝင်ရောက်နားခိုရာ နေရာဖြစ်ခဲ့ဖူးသည်။

နောက်ပိုင်း ပင်လယ်ဓားပြများ စတည်းချသောနေရာ တစ်နေရာ ဖြစ်ခဲ့လေသည်။

ပင်လယ်ဓားပြများ ခေတ်ကောင်းစဉ် အချိန်ကာလတစ်လျှောက်တွင် ကုန်သည်သင်္ဘောများ ဝင်ထွက်သွားလာမှုများသော ထိုနေရာတစ်ဝိုက်တွင် စတည်းချပြီး လုယက်တိုက်ခိုက်ကြသည်မှာ အဆန်းတော့မဟုတ်ပါချေ။

ထိုအချိန်က မြိတ်ကျွန်းစုများတွင် ပင်လယ်ဓားမြများသာမကဘဲ ရေငုတ်ကျွမ်းကျင်ပြီး ကြောက်စရာကောင်းသော လူမျိုးတစ်မျိုးလည်း ရှိခဲ့သည်။ ၎င်းတို့ကို 'ဆာလီတား'ဟုအမည်ပေးထားပြီး ရေ၌သာအနေများပြီး လူသားကိုပင် စားသောက်ကြသဖြင့် ရေဘီလူးများဟုပင် ခေါ်ဝေါ်ကြသည်။

ရုပ်ဆင်းအင်္ဂါက ဘီလူးတစ်ကောင်နှင့် တူသည့်အတစ်ကြောင်း ရေ၌သာအနေများသောကြောင့် ရေဘီလူးဟုခေါ်ဝေါ်ကြခြင်းဖြစ်ကြသည်။ ရေဘီလူးဟူသော အမည်အပြင် 'စမင်'

www.burmeseclassic.com

www.burmeseclassic.com

ဟုလည်း ခေါ်ဝေါ်ကြသည်။'

ရေကြောင်းမှသွားလာနေသော သင်္ဘောများ၊ လှေတို့ကို တိုက်ခိုက်ဖျက်ဆီးကြပြီး လူတို့ကိုသတ်ဖြတ်လေ့ရှိကြလေသည်။

('ရေဘီလူး၊ စမင်၊ ဆာလီတား'ဟု အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြသည့် ရေဘီလူးများနှင့်ပတ်သက်သည့် အကြောင်းများကို ရှေး၌ရေးခဲ့သော စာအုပ်များထဲတွင် ပြည့်စုံစွာထည့်သွင်းရေးသားခဲ့ပြီးဖြစ်သောကြောင့် ယခုစာအုပ်၌ သင့်သလောက်သာ ထည့်သွင်းရေးသားပါမည့်အကြောင်း ပန်ကြားအပ်ပါသည်၊)

မြိတ်ဒေသသို့ အင်္ဂလိပ်များ စတင်သိမ်းပိုက်စဉ်က ပင်လယ်ဓားပြများနှင့် ဆာလီတားများရန်ကို အတော်ပင်တိုက်ခိုက်နှိမ်နင်းခဲ့ကြရသည်။ နောက်ပိုင်းရောက်တော့ ပင်လယ်ဓားပြများမှာ ပပျောက်သွားခဲ့ပြီး ဆာလီတားဟုခေါ်သော ရေဘီလူးတို့လည်း ကမ်းခြေနှင့်ဝေးသော ကျွန်းစုများ၌ သွားရောက်ပုန်းခိုနေကြပေ၏။ သို့သော်လည်း ဒီအတိုင်းငြိမ်သက်နေကြသည်တော့မဟုတ်ကြပေ။

ကျွန်းများတွင် နေထိုင်ရင်းနှင့် ဝမ်းစာအတွက် ရသမျှရှာဖွေစားသောက်ရုံမကဘဲ ၎င်းတို့နေထိုင်သော ကျွန်းစုများအနီးမှ ဖြတ်သွားသော သင်္ဘောနှင့်လှေများတွေ့ပါက လိုက်လံဖျက်ဆီးကြသည်မျိုးလည်း ရှိကြလေသည်။

အင်္ဂလိပ်များသည် မြန်မာနိုင်ငံကိုသိမ်းပိုက်ခဲ့ပြီး (၁၉၄၂)



ခုနှစ်အထိ စိုးမိုးအုပ်ချုပ်ခဲ့ကြသည်။ (၁၉၄၂)ခုနှစ်မှ (၁၉၄၅)ခုနှစ်အထိတော့ ဖက်ဆစ်ဂျပန်များက သိမ်းပိုက်အုပ်ချုပ်ခဲ့ကြသည်။

ဂျပန်ခေတ်ကာလမှာလည်း မြိတ်သည် အဓိကနေရာမှ ပါဝင်ခဲ့လေသည်။ ပင်လယ်ဘက်မှဝင်လာသော ရန်သူသင်္ဘောတို့အား စောင့်ကြည့်ရာဒေသ၊ ရိက္ခာဖြည့်တင်းပေးသောနေရာတစ်နေရာအဖြစ် အသုံးချခဲ့ကြလေသည်။ ဂျပန်တို့ မြိတ်မှာနေစဉ်က ကင်ပေတိုင်ရုံးများ၊ လျှို့ဝှက်စစ်ဌာနချုပ်များအပြင် ဆောင်ကြာမြိုင်များပင် ဖွင့်ခဲ့ကြသည်။

ဆောင်ကြာမြိုင်ကတော့ အခြားသူများအတွက် မဟုတ်ဘဲ ဂျပန်စစ်သားများ အပန်းဖြေရန်အတွက် သီးသန့်စီစဉ်ပေးထားသော နေရာတစ်နေရာ ဖြစ်ခဲ့လေသည်။

(၁၉၄၅)ခုနှစ်တွင် ဂျပန်များဆုတ်ခွာထွက်ပြေးရသောအခါ ၎င်းတို့၏လက်ငုတ်လက်ရင်းအချို့ ကျန်ရစ်ခဲ့ကြသည်။ ထိုအထဲတွင် ဆောင်ကြာမြိုင်များလည်း အပါအဝင်ဖြစ်ပေသည်။ ဂျပန်ခေတ်ကာလက ဆောင်ကြာမြိုင်အများဆုံးရှိသော နေရာမှာ ရန်ကုန်မြို့ပင်ဖြစ်ပေသည်။

တိတ်တိတ်ပုန်းဖွင့်ထားသော ဆောင်ကြာမြိုင်များ နေရာအနှံ့အပြားတို့တွင် မှိုပေါက်သကဲ့သို့ရှိသလို ဂျပန်စစ်သားတို့အတွက် သီးသန့်ဖွင့်လှစ်ထားသော ဆောင်ကြာမြိုင်လည်းရှိသည်။

(၂၇)လမ်း သူရိယသတင်းစာတိုက် နံဘေးတွင် ဖွင့်လှစ်ထားသော ဆောင်ကြာမြိုင်နှင့်၊ အလီမူလာကွက်သစ်၌ရှိသော

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ကြာမြိုင်တို့ပင် ဖြစ်ကြလေသည်။ အလီမူလာကွက်သစ်ဆိုသည်မှာ ပုဇွန်တောင်ရပ်၌ရှိသော သံထည်အဟောင်းများရောင်းချသည့် 'ကြက်တန်းဈေး'တစ်ဝိုက်ပင်ဖြစ်၏။

ဂျပန်များတည်ထောင်ထားခဲ့သော ဆောင်ကြာမြိုင်လုပ်ငန်းတို့သည် ဂျပန်များထွက်ပြေးသွားခဲ့ပြီး အင်္ဂလိပ်များနောက်တစ်ကြိမ် ဝင်ရောက်လာသောအခါမှာလည်း အရှိန်မပျက်ပင် ဆက်ပြီးရှိနေခဲ့ကြလေသည်။

ဂျပန်ခေတ်ကာလတွင် စီးပွားရေးနလံမထူအောင်ခံခဲ့ရသည်ကတစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်၏ နှိပ်စက်မှုဒဏ်များကို ကျောကော့နေအောင် ခံခဲ့ရသောမြို့သူမြို့သားများမှာ ငွေရလွယ်သော ဆောင်ကြာမြိုင်လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခဲ့ကြသည်ကတော့ အပြစ်မဆိုသာတော့ပေ။

သို့ကြောင့် ရန်ကုန်မြို့သာမကဘဲ အခြားသောမြို့များ၌ပါဆောင်ကြာမြိုင်လုပ်ငန်းများ ဆက်လက်ရှိနေခဲ့ကြခြင်းဖြစ်ပေသည်။

(၁၉၄၅)ခုနှစ်၊ မေလ နောက်ပိုင်း ကမ်းရိုးတန်းဒေသများကို ပြန်လည်သိမ်းပိုက်ခဲ့ကြသော အင်္ဂလိပ်တို့သည် မြိတ်မြို့တွင် စစ်ဌာနချုပ်တစ်ခု ထားခဲ့ကြလေသည်။

ထိုသို့ရှိနေသောအချိန်တွင် (၁၉၄၅)ခုနှစ်၊ စက်တင်ဘာလထဲတွင် အင်္ဂလိပ်တို့၏ စစ်သင်္ဘောတစ်စင်း တစ်စုံတစ်ခုကြောင့် ပျက်စီးနစ်မြုပ်သွားခဲ့ရပေသည်။

ထိုသင်္ဘောသည် ပင်လယ်ပြင်၌ မသင်္ကာဖွယ်ရာများ



တွေ့သဖြင့် လိုက်လံစုံစမ်းကြည့်ရာမှ ကျွန်းတစ်ကျွန်းသို့ ရောက်သောအခါမှာ နစ်မြုပ်ပျက်စီးသွားခဲ့လေသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့်သော်လည်းကောင်း၊ လှိုင်းထန်သောကြောင့်သော်လည်းကောင်း မဟုတ်ဘဲ သာမန်ရာသီဥတုရှိနေသောအချိန်မှာပင် နစ်မြုပ်သွားခဲ့ခြင်းဖြစ်ပေသည်။

ထိုပြဿနာသည် ဗြိတိသျှတို့အတွက် ခေါင်းရှုပ်စရာကိစ္စတစ်ခုပင် ဖြစ်လာတော့သည်။ ဗြိတိသျှရေတပ်မတော်မှ ရေတပ်သင်္ဘောတစ်စင်းလုံး တစ်စစီဖြစ်အောင်ပြုလုပ်၍နစ်မြုပ်စေခဲ့သောတရားခံမှာ ဘယ်သူလဲ။

ပင်လယ်ဓားပြများလား. . .

ဂျပန်စစ်သားများလား. . .

ဒါမှမဟုတ် ရေဘီလူးဟုခေါ်သော စမင်များလက်ချက်ပင် ဖြစ်သလား. . .

သို့မဟုတ်. . ပင်လယ်ပြင်၌ရှိနေကြသော အမျိုးအမည်မသိသည့် ရေသတ္တဝါကြီးတစ်ကောင်၏ လက်ချက်ပင် ဖြစ်ပေသလော. . .။

သို့လောသို့လော တွေးတောစဉ်းစားရင်းနှင့် အဖြေရှာမရကြသေးဘဲ ဖြစ်နေကြပေသည်။

ထိုအချိန်က ရန်ကုန်မြို့ကို စီမံအုပ်ချုပ်နေသူမှာ ဗိုလ်ချုပ်ရန်(စ်)ဖြစ်သည်။ ဗိုလ်ချုပ်ရန်(စ်)သည် (၁၉၄၅)ခုနှစ်၊ မေလကတည်းက စစ်အုပ်ချုပ်ရေးအထူးတာဝန်ကို လွှဲအပ်ခြင်းခံခဲ့ရသော်လည်း ထိုနှစ်ဇွန်လ(၁၃)ရက်နေ့ ရောက်မှသာ ရန်ကုန်မြို့


www.burmeseclassic.com

www.burmeseclassic.com

တွင် ထိုတာဝန်ကို စတင်ထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

ထိုအချိန်မှာ ဂျပန်တို့အား အောင်နိုင်ခြင်းအဖြစ် စစ်အောင်ပွဲမကျင်းပမီ နှစ်ရက်အလိုပင်ဖြစ်သည်။ သူရောက်လာပြီး မကြာခင်မှာပင် ရေတပ်သင်္ဘောပျောက်ဆုံးမှုက ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မြိတ်မြို့တွင် စစ်အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေသော မစ္စတာစမစ်ထံသို့ လူအချို့စေလွှတ်ပေးခဲ့လေသည်။

ထိုအဖွဲ့ကို ဦးဆောင်လာသူမှာ မေဂျာဝီလျံဆိုသူဖြစ်သည်။ မေဂျာဝီလျံသည် အသက်(၃၀)ဝန်းကျင်ခန့်သာရှိသေးသော်လည်း စုံစမ်းထောက်လှမ်းရေးဘက်တွင် တာဝန်ထမ်းဆောင်ရာတွင် များစွာထူးချွန်သော လူရွယ်တစ်ယောက်ပင်ဖြစ်သည်။

မေဂျာဝီလျံနှင့်အတူ အခြားလက်တွဲဆောင်ရွက်မည့် အခြားသူများလည်း ပါလာကြသေးသည်။ ထိုအထဲတွင် ပင်လယ်ရေကြောင်းနှင့်ပတ်သက်ပြီး ကျွမ်းကျင်သော ဒေါက်တာကေသရီလည်း တစ်ဦးအပါအဝင်ဖြစ်ပေသည်။

ကေသရီသည် ရေကြောင်းသိပ္ပံပညာနှင့် ပတ်သက်ပြီး နိုင်ငံခြားတက္ကသိုလ်မှ ဒေါက်တာဘွဲ့ရထားခဲ့ပြီးသူ တစ်ဦးလည်း ဖြစ်ပေသည်။

ကေသရီမှာ အသက်(၂၈)နှစ်ကျော်ကျော်သာရှိသေးပြီး သွက်လက်ထက်မြက်သော အမျိုးသမီးတစ်ဦးလည်း ဖြစ်ပေ





သည်။

သူတို့အဖွဲ့ရောက်လာသောအခါ ရေတပ်ဗိုလ်ချုပ်မလင်နှင့် မစ္စတာစမစ်တို့နှင့် တွေ့ဆုံရသေးသည်၊

“ရေတပ်သင်္ဘော(၃၀၆) ပျောက်ဆုံးတဲ့ကိစ္စက အတော်လေးဆန်းကြယ်တယ်၊ သူတို့ဆီက နောက်ဆုံးသတင်းရတာကတော့ မသင်္ကာတာတွေ့လို့ နောက်ကလိုက်ပြီး စုံစမ်းမှုပြုလုပ်နေတယ်ဆိုတာရယ်၊ ဒါ့အပြင် ကြောက်စရာကောင်းတဲ့ အန္တရာယ်တစ်ခုနဲ့ ကြုံတွေ့နေရတယ်လို့ဆိုတယ်”

ရေတပ်ဗိုလ်ချုပ်မလင်က ပြောပြလေသည်။

“သတင်းပို့တဲ့အထဲမှာ သူတို့တွေနေရတဲ့ အန္တရာယ်ကဘယ်လိုမျိုးဆိုတာရောပါသေးလား”

“အပြည့်အစုံတော့ မပါဘူး၊ သူတို့သတင်းပို့တာလည်း အပြည့်အစုံမရပဲ တစ်ဝက်တစ်ပျက်မှာပဲ ရပ်တုံ့သွားတယ်၊ ကြောက်စရာကောင်းတဲ့ အန္တရာယ်ကြီး၊ ကြောက်စရာကောင်းတဲ့အန္တရာယ်ကြီးလို့ သတင်းပို့ရင်းနဲ့ အသံပျောက်သွားတယ်”

“ဂျပန်တွေ လက်ချက်ကြောင့် ဖြစ်မလား”

ကေသရီက ဝင်ပြောလိုက်သည်၊

“ဂျပန်တွေရဲ့ တိုက်ခိုက်တာခံရရင် လျှို့ဝှက်စကားနဲ့ဆက်သွယ်မှုပြုမှာပဲ၊ အခုတော့ ဂျပန်တွေနဲ့ပတ်သက်တဲ့ လျှို့ဝှက်စကား တစ်လုံးမှမပါဘဲ ကြောက်စရာကောင်းတဲ့အန္တရာယ်ကြီးလို့ပဲ သတင်းပို့တယ်”

“အဲဒီအချိန်မှာ ရာသီဥတုအခြေအနေရော ကောင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com

လား”

“ရာသီဥတု အခြေအနေက ပုံမှန်ပါပဲ”

“ဒီလိုဆိုရင်တော့ ရေသတ္တဝါတစ်ကောင်ကောင်ရဲ့ လက်ချက်ကြောင့် သင်္ဘောပျက်စီးသွားတာ ဖြစ်နိုင်ပါတယ်”

ကေသရီ၏ မှတ်ချက်စကားကြားသောအခါ မစ္စတာစမစ်က မျက်မှောင်ကျုံ့လျက် စဉ်းစားနေပြီးမှ . . .၊

“ရေတပ်သင်္ဘောတစ်စင်းလုံး ပျက်စီးသွားလောက်အောင် ဖျက်ဆီးနိုင်တဲ့ သတ္တဝါမျိုးဆိုတော့ ဘယ်လိုသတ္တဝါမျိုး ဖြစ်နိုင်သလဲ”

ဟု မေးလိုက်သည်။

“ညံသတ္တဝါလို့ခေါ်တဲ့ ပင်လယ်မြွေကြီးတွေနဲ့ တွေ့ပြီး သူတို့အန္တရာယ်ပေးတာခံရရင် ရေတပ်သင်္ဘောလောက်မဆိုထားနဲ့ ပင်လယ်ကူးသင်္ဘောကြီးတွေတောင် အန္တရာယ်ဖြစ်စေနိုင်ပါတယ်”

ကေသရီက ညံသတ္တဝါကြီးများ၏ ပုံပန်းသဏ္ဌာန်နှင့် ၎င်းတို့အန္တရာယ်ပေးပုံများကို ပြောပြလိုက်လေသည်။ ထိုစကားကြားသောအခါ ရေတပ်ဗိုလ်ချုပ်မလင်ကပါ ဝင်ရောက်ပြောဆိုလေသည်။

“ညံသတ္တဝါဆိုတာ ပင်လယ်မြွေတစ်မျိုးပါပဲ၊ တချို့ကတော့ ပင်လယ်နဂါးကြီးတွေလို့ ခေါ်ကြတယ်၊ ရှေးကမှတ်တမ်းတွေထဲမှာတော့ သူတို့နဲ့ပတ်သက်တဲ့ ဆန်းကြယ်တဲ့မှတ်တမ်းတွေကို ဖတ်ခဲ့ဖူးပါတယ်”



“ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ ရေတပ်သင်္ဘောပျောက်ဆုံးတဲ့ကိစ္စနဲ့ပတ်သက်ပြီး အဖြေတစ်ခုတော့ သိရမှဖြစ်မယ်၊ ဒါမှလည်း အထက်ကိုအစီရင်ခံစာတင်လို့ အဆင်ပြေမယ်၊ ဒါကြောင့် . . ခင်ဗျားတို့အနေနဲ့ ဒီကိစ္စကိုအဖြေတစ်ခုရအောင် ကြိုးစားပေးစေချင်ပါတယ်”

“ကောင်းပါပြီ၊ ကျွန်တော်တို့အစွမ်းကုန် ကြိုးစားပေးပါ့မယ်”

ဟု မေဂျာဝီလျံက ပြန်ပြောလိုက်လေသည်။

မေဂျာဝီလျံအတွက်ကတော့ ကြီးလေးသောတာဝန်တစ်ခုကို ထမ်းဆောင်ရပေမည်။

မြိတ်မြို့အပါအဝင် ထိုဒေသသည် သူ့အနေဖြင့် ကျွမ်းကျင်သောအရပ်ဒေသတစ်ခုတော့ မဟုတ်ပေ။ ထို့ကြောင့် . . ထိုအရပ်ဒေသတစ်ခုကို ကျွမ်းကျင်သော လူတစ်ယောက်ကိုလည်း သူနှင့်တွဲပြီး တာဝန်ထမ်းဆောင်နိုင်ရန် ရှာဖွေရပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၃)

# ရေဘီလူးများကို တွေ့ရခြင်း

မြိတ်သည် ရှေးဟောင်းမြို့တော်ကြီး မဟုတ်သော်လည်း မြို့ပြအနေဖြင့် ဖြစ်တည်ခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပေပြီ။

သင်္ဘောများ၊ ကုန်သည်လှေသင်္ဘောများ၊ ပင်လယ်ဓားပြတို့၏ လှေသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်နားရာ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ခဲ့ပေသည်။ ထိုအချိန်ကပင် လူဝင်လူထွက်များခဲ့လေသည်။ မြို့ အနေဖြင့် မစည်ကားသော်လည်း ဆိပ်ကမ်း

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့်တော့ အတော်ပင်စည်ကားလှပေသည်။

အင်္ဂလိပ်များ အုပ်စိုးစဉ်ကာလတစ်လျှောက် အတော်စည်ကားခဲ့သော မြိတ်သည် ဂျပန်ခေတ်သို့ရောက်သောအခါ ခြောက်သွေ့သွားခဲ့သည်။ စစ်ဘေးအန္တရာယ်တို့ကြောင့်သော်လည်းကောင်း၊ ဂျပန်တို့နှိပ်စက်မှု ခံရမည်ကိုကြောက်ရွံ့ကြသည်က တစ်ကြောင်းကြောင့် ပင်လယ်ခရီးလမ်းများ မသွားမလာဝံ့ဘဲ ရှိကြလေရာ ဆိပ်ကမ်းမြို့အဖြစ် စည်ကားခဲ့သော မြိတ်မြို့သည် အတော်ပင်ခြောက်သွေ့သွားခဲ့ပေသည်။

(၁၉၄၅)ခုနှစ်ရောက်သောအခါ ဗြိတိသျှတို့ တစ်ကျော့ပြန်ဝင်လာသောအခါမှာတော့ ပြန်လည်စည်ကားလာခဲ့ပေသည်။

စည်ကားမှုနှင့်အတူ ရှုပ်ထွေးမှုများလည်း နေရာအနှံ့တွင် ရှိလာခဲ့သည်။ ကုန်သည်ပွဲစားများ၊ အရောင်းအဝယ်သွားလာနေကြသူများ၊ အလုပ်သမားများ၊ လူဆိုးလူမိုက်များ၊ သူခိုးဓားပြများ စသည်တို့ဖြင့် ရှုပ်ထွေးနေသော နေရာတစ်နေရာလည်း ဖြစ်ခဲ့လေသည်။

စစ်အတွင်းကာလဖြစ်သောကြောင့် ခေတ်ကာလမှာလည်း မငြိမ်သက်လှပေ။ နေရာအနှံ့တွင် မျက်နှာစိမ်းသည့်သည်တို့ဖြင့် ရှုပ်ထွေးနေပြီး သူ့ငါမယုံ၊ ငါသူမယုံရသော အခြေအနေမျိုးသို့ ရောက်နေလေသည်။

အင်္ဂလိပ်များ တစ်ကျော့ပြန်လာပြီး အုပ်ချုပ်သောအချိန်မှာလည်း စုစည်းမှုမရှိလှသေးဘဲ နေရာအနှံ့တွင် ရာဇဝတ်



မှုများ၊ ဒုစရိုက်လုပ်ငန်းများ ပေါ်ပေါက်လျက် ရှိနေကြသေးသည်။

မြိတ်မြို့၏ လူအစည်ကားဆုံးနှင့် အရှုပ်ထွေးဆုံး နေရာကို ပြပါဆိုလျှင် ကမ်းနားတန်းတစ်လျှောက်နှင့် ဆိပ်ကမ်းတစ်ဝိုက်တွင် ဖြစ်သည်။

ထိုနေရာတစ်ဝိုက်တွင် ဒုစရိုက်သမားများလည်း စုဝေးရာ၊ ဆုံဆည်းရာနေရာတစ်နေရာ ဖြစ်ပေသည်။ အင်္ဂလိပ်တို့က ဂျပန်တို့အား တိုက်ထုတ်ရန် ဗမာ့တပ်မတော်နှင့် ပြန်လည်ပူးပေါင်းရသော်လည်း ယခင်ကကဲ့သို့ စိတ်ချလက်ချ အနေအထားတော့ မရှိပေ။

ထို့ပြင် စီမံအုပ်ချုပ်သော ကိစ္စများကိုလည်း ထိထိရောက်ရောက် လုပ်မပေးနိုင်ကြသေးသောကြောင့် . တောမီးလောင်တောကြောင်လက်ပန်းပေါက်ခတ်ဆိုသကဲ့သို့ နေရာအနှံ့တွင် ဒုစရိုက်သမားများအတွက် အခွင့်အရေးရနေခြင်း ဖြစ်သည်။

ဒုစရိုက်သမားတို့ အများဆုံးလာရောက်စုဝေးသောနေရာတစ်ဝိုက်မှာလည်း ဆိပ်ကမ်းတစ်ဝိုက်တွင် ဖြစ်လေသည်။

ထိုနေရာတစ်ဝိုက်သို့ ဒေါက်တာမင်းထင်ကျော်တစ်ယောက် ရောက်နေလေသည်။ ဒေါက်တာမင်းထင်ကျော်သည် ဘောင်းဘီရှည်နှင့် သားရေဂျာကင်ကို ဝတ်ဆင်ထားပြီး၊ သူ့ဘိုလက်ဦးထုပ်တစ်လုံးကို ခတ်စိုက်စိုက်ဆောင်းထားလေသည်။

သူရောက်နေသောနေရာမှာ တန်ကေးသင်္ဘောင်းဟုခေါ်သော တန်ကေးအပျက်အစီးများ စုတင်ထားသောနေရာနှင့်

www.burmeseclassic.com



မနီးမဝေးဆိပ်ကမ်းတစ်ဝိုက်တွင် ဖြစ်လေသည်။

ထိုနေရာတစ်ဝိုက်တွင် သစ်ပင်ကြီးများ၊ ပိတောက်ပင်ပင်ကြီးများရှိပြီး သစ်ပင်ကြီးများအောက်တွင် လောင်းကစားဝိုင်းများ၊ အရက်ဆိုင်များရှိသည်။

ထိုနေရာတစ်ဝိုက်တွင် အရက်သမားများ၊ လောင်းကစားမျိုးစုံပြုလုပ်သူများ၊ ယိုးဒယားငွေလဲသူ၊ ပွဲစားလုပ်သူ၊ လှေကြိုလုပ်သူ၊ ပျံကျအလုပ်သမားတို့ဖြင့် အချိန်မလပ် စည်ကားနေသောနေရာတစ်နေရာလည်း ဖြစ်သည်။

ထိုနေရာမှာ မြိတ်မြို့နှင့် တစ်ဆက်တစပ်တည်း ဖြစ်သော်လည်း အုပ်ချုပ်ရေးပိုင်းမှ လူများတော်ရုံနှင့် မလာသောနေရာလည်းဖြစ်သည်။

အရက်ရောင်းသောအလုပ်၊ လောင်းကစားပြုလုပ်ခြင်းများကို တရားဝင်ခွင့်ပြုပေးမထားသော်လည်း မသိကျိုးကျွန်ပြုပေးထားကြသည်။

အင်္ဂလိပ်တို့သည် မြန်မာပြည်ထဲသို့ ဒုတိယအကြိမ်ဝင်ရောက်လာသောအခါ ယခင်ကနှင့်မတူတော့ပေ။ ယခင်ကတော့ ကိုယ့်နေရာတစ်ခုလို စီမံသိမ်းပိုက်ပြီး အုပ်ချုပ်မှုပြုလုပ်ခဲ့သည်။

ဒုတိယအကြိမ်ဝင်ရောက်လာသောအခါမှာတော့ အမြဲနေရန် မရည်ရွယ်တော့ဘဲ နေရသမျှနေပြီး၊ ရသမျှယူသွားမည်ဆိုသော ရည်ရွယ်ချက်မျိုးဖြစ်သည်။ သို့ကြောင့် ပြဿနာမဖြစ်လျှင် ပြီးရောသဘောမျိုးဖြင့်သာ ပေပေလျော့လျော့နေကြခြင်း



ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်သည် သစ်ပင်အောက်၌သော်လည်းကောင်း၊ လမ်းဘေးနေရာများ၌သော်လည်းကောင်း ဖျာချပ်များခင်းပြီး ပြုလုပ်နေကြသော လောင်းကစားဝိုင်းများကို လိုက်လံကြည့်ရှုနေလေသည်။

လောင်းကစားဝိုင်းများကတော့ စုံလင်လှသည်။ ဖဲချပ်ဝိုင်းများ၊ ဂျင်ဝိုင်း၊ ခြောက်ကောင်ဝိုင်း၊ ကြွေပစ်ပြီး လောင်းကစားဝိုင်းများ ပြုလုပ်နေခြင်းမျိုးပင် ရှိလေသည်။

"ရပ်ကြည့်နေလို့ အမြတ်မရှိဘူး"

"ကိုယ်ထိုးမှ ကိုယ်ရမှာနော်. . ထိုးကြ. . ထိုးကြ"

လောင်းကစားဝိုင်းမှ အသံများက ဆူညံနေလေသည်။

လောင်းကစားဝါသနာပါသူများကလည်း မိမိနှစ်သက်သည့် လောင်းကစားဝိုင်းများသို့ ဝင်ရောက်ထိုးကြလေသည်။ အချို့ကလည်း ကိုးမီးဝိုင်းများသို့ ဝင်ပြီးကိုယ်တိုင်ရိုက်သည်၊ အချို့ကလည်း လောင်းကစားရန် ငွေများများမပါသောကြောင့် ကိုယ်တိုင်ဝင်မရိုက်နိုင်ဘဲ ဝင်ကစားနေသူနောက်မှ ဝင်ပြီး ကြားပေါက်ကြသည်။

အများအားဖြင့် လောင်းကစားကို သဲကြီးမဲကြီးပြုလုပ်နေကြသူများမှာ လက်လုပ်လက်စား အလုပ်သမားတို့သာ များလေသည်။

ကုန်ထမ်းသူများ၊ ကြားပေါက်အလုပ်လုပ်သူတို့မှာ လုပ်အားခ များများရကြပေ။ သို့ကြောင့် အလုပ်လုပ်၍ရသော ငွေ

www.burmeseclassic.com

www.burmeseclassic.com


အနည်းငယ်ကို ပွားများလာစေရန် လောင်းကစားဝင်လုပ်ကြခြင်းဖြစ်သည်။ သို့သော်လည်း ရသည်ကနည်းပြီးရှိသမျှ ကုန်သွားသည်ကသာ များလေသည်။

ဒေါက်တာမင်းထင်ကျော်သည် ခြောက်ကောင်ဂျင်ဝိုင်းတွင် ဝင်ထိုးနေလေသည်။ ၄င်းသည် ဂျင်လှည့်သောအသံ၊ ဂျင်ကျသောအသံကို နားစွင့်ပြီးမှ ထိုးသောအခါ အလျော်ခံရသည်ကများလေသည်။

အချို့ကလည်း သူအလျော်ခံရနေမှန်း သိသောအခါ နောက်မှလိုက်ထိုးကြလေသည်။ ဂျင်သမားကတော့ ဒေါက်တာမင်းထင်ကျော်၏ ပုံပန်းသဏ္ဍာန်ကို အကဲခတ်ကြည့်ပြီး ဒီအရပ်သားမဟုတ်သည်ကတစ်ကြောင်း၊ သာမန်လူတစ်ယောက် မဟုတ်မှန်း အကဲခတ်မိသောကြောင့် မပြောဝံ့ပေ။

ဒေါက်တာမင်းထင်ကျော်ကတော့ စီးကရက်တစ်လိပ်ကို ဖွာရင်းနှင့် ဂျင်လည်းထိုး၊ ပတ်ဝန်းကျင်မှာ သွားလာနေကြသူများကိုလည်း မျက်ခြည်မပြတ် အကဲခတ်ကြည့်နေလေသည်။

ထိုအခိုက်မှာ အဝတ်နက်များကို ခေါင်းပေါ်မှာ ခြုံထားသော လူငါးယောက်လျှောက်သွားနေသည်ကို သတိပြုမိလိုက်သည်။

သူတို့အနီးမှ ဖြတ်လျှောက်သွားသော်လည်း အဝတ်နက်များကို ခြုံထားသောကြောင့် မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်လိုက်ရပေ။

ထိုလူများ၏ ပုံပန်းသဏ္ဍာန်ကို အကဲခတ်ကြည့်ရုံနှင့် တစ်စုံတစ်ခုကို ဖုံးကွယ်ထားမှန်းတော့ သိသာလှသည်။ ထူးထူးခြားခြား အဝတ်နက်များကို တစ်ကိုယ်လုံးခြုံပြီး သွားလာနေသည်ကို မြင်သော်လည်း ဒေသခံများကတော့ အထူးအဆန်းမဟုတ်သလိုမျိုးဖြင့် ကိုယ့်အလုပ်ကိုယ် လုပ်နေကြလေသည်။ ဒေါက်တာမင်းထင်ကျော်က ထိုလူများဖြတ်လျှောက်သွားသည်ကို လှည့်ကြည့်နေသောကြောင့် ဂျင်ထိုးရန်ပင် သတိမရတော့ပေ။

ထိုအခါ ဂျင်သမားက သတိပေးသည်။

"ကိုယ့်ဆရာ ဂျင်လှည့်လို့ပြီးသွားပြီ ထိုးလေဗျာ"

"ဒါထက် မေးပါရစေဦး ဟိုလူတွေက အဝတ်နက်ကြီးတွေ ဘာကြောင့်ခြုံထားတာလဲဗျ"

ဟုမေးလိုက်သည်။

"ခင်ဗျားက ဒီနယ်သားမဟုတ်ဖူးနဲ့တူတယ်၊ ဒီလူတွေက တစ်ခါတစ်ရံမှ မြို့ပေါ်လာကြတာ တခြားတော့မဟုတ်ပါဘူး၊ ရေဘီလူးတွေပါ"

နံဘေးမှ ထိုင်နေသူတစ်ယောက်က ဝင်ပြောလိုက်သည်။ ထိုလူက ဒေါက်တာမင်းထင်ကျော်နောက်မှ ကြားပေါက်နေသူဖြစ်သည်။

"ဟင်. . ရေဘီလူးတွေ ဟုတ်လား"

"ဟုတ်တယ် သူတို့က ရေထဲမှာအနေများပြီး ရုပ်ဆိုးလို့ ရေဘီလူးတွေလို့ ခေါ်ကြတာပါ၊ ခေါင်းမြီးခြုံထားကြတာက တခြားကြောင့်မဟုတ်ပါဘူး၊ သူတို့ရဲ့ရုပ်တွေက တကယ့်ကို ဘီလူး

www.burmeseclassic.com


တစ်ကောင်လို ကြောက်စရာကောင်းတယ်ဗျ။ ဒါကြောင့် သူတို့က ဒီကိုတက်လာရင် ခေါင်းမြီးခြုံထားကြတာပါ"

ထိုလူက ရှင်းပြနေရင်းမှပင် ဂျင်ဝိုင်းဆီကိုသာ စိတ်ကရောက်နေသောကြောင့် ဒေါက်တာမင်းထင်ကျော်မေးနေသည်ကို သိပ်ပြီးစိတ်ဝင်စားခြင်းမရှိပေ။ ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ဆက်မမေးတော့ဘဲ ဂျင်ဝိုင်းမှထလာလေသည်။

အပြင်ဘက်ရောက်တော့ စောစောက ခေါင်းမြီးခြုံထားသော လူငါးယောက်ကိုကြည့်သောအခါ မတွေ့ရတော့ပေ။ သို့ကြောင့် ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြည့်လေသည်။

ထိုနေရာတစ်ဝိုက်မှာတော့ လူသွားလူလာများနေရာ ဈေးတန်းကဲ့သို့ ဖြစ်နေလေသည်။ တစ်နေရာရောက်တော့ ချောင်ကျသောနေရာတွင် ဖွင့်ထားသော အရက်ဆိုင်တစ်ဆိုင်ထဲမှာ အရက်ထိုင်သောက်နေသော လူငါးယောက်ကိုတွေ့ရသဖြင့် ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ထိုဆိုင်ထဲသို့ဝင်သွားလေသည်။

ဆိုင်ဟုသာဆိုရသော်လည်း ယာယီတဲတစ်လုံးဖြစ်ပြီး ဆိုင်အတွင်းမှာတော့ ခုံပုကလေးများ၊ စားပွဲပုကလေးများ ချပေးထားသည်။

ဆိုင်ထဲမှာတော့ အရက်သောက်နေကြသော ထိုလူငါးယောက်အပြင် အခြားအရက်သောက်နေသူမရှိပေ၊ ငါးယောက်စလုံး လမ်းဘက်သို့ ကျောပေးကာထိုင်နေကြသည်။

ဒေါက်တာမင်းထင်ကျော်ဝင်သွားတော့ ဆိုင်ရှင်က တအံ့တဩကြည့်နေသည်။

အဘယ်ကြောင့်ဆိုသော် ရေဘီလူးများ ဆိုင်ထဲသို့ ရောက်နေပါက အခြားသူများက မဝင်ဝံ့ကြသဖြင့် ရှောင်သွားလေ့ရှိကြသည်။

ယခုလူတစ်ယောက်က ထူးထူးခြားခြားတစ်ယောက်တည်းဆိုင်တွင်းသို့ ဝင်လာသောကြောင့် အံ့ဩသွားခြင်းဖြစ်ပေသည်။

သို့သော် ထွေထွေထူးထူး မေးမြန်းမနေတော့ဘဲ ဒေါက်တာမင်းထင်ကျော်ထိုင်နေသည့် စားပွဲသို့ အရက်တစ်ပုလင်းနှင့် မြန်ခွက်တစ်ခွက်ကို လာချပေးလေ့သည်။

ဒေါက်တာမင်းထင်ကျော် ထိုင်နေသောနေရာမှာ ရေဘီလူးများထိုင်သောနေရာ၏ အနောက်ဘက်မနီးမဝေးနေရာတွင် ဖြစ်သည်။

ကျောပေးထားသော်လည်း တစ်နေရာနှင့်တစ်နေရာ မဝေးလှသောကြောင့် သူတို့ပြောနေသော စကားသံအချို့ကို ကြားရလေသည်။

ရေဘီလူးများက လေသံတိုးတိုးဖြင့် အရေးကြီးသော စကားကိုတိုင်ပင်ပြောဆိုနေကြခြင်း ဖြစ်သည်။

၎င်းတို့အသုံးပြုသော ဘာသာစကားမှာ မသျှုံးနှင့်ဆလုံတို့ပြောသော ဘာသာစကားနှင့်တူသည်။

အချို့ကိုနားလည်ပြီး အချို့ကိုတော့ မကြားရပေ။ အတော်ကြာတော့ ရေဘီလူးငါးယောက်က ၎င်းတို့မှာ[illegible]လာသော



www.burmeseclassic.com

 www.burmeseclassic.com

ပုလဲလုံးအချို့ကို စားပွဲပေါ်တင်ထားပေးခဲ့ပြီး ဆိုင်တွင်းမှ ထွက်သွားကြလေသည်။

ပုလဲလုံးများတင်ထားပေးခဲ့ခြင်းမှာ အရက်ဖိုးပေးထားခဲ့ခြင်းဖြစ်ပေသည်။

အရက်ဆိုင်ရှင်ကတော့ ပိုက်ဆံရသည်ထက်ပိုပြီး တန်ဖိုးရှိသော ပုလဲလုံးများကိုရသောကြောင့် များစွာဝမ်းသာနေဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က မှာထားသောအရက်ကို မသောက်ဘဲ ဆိုင်ရှင်ကိုခေါ်ပြီး အရက်ဖိုးပေးလိုက်သဖြင့် အံ့သြသွားဟန်ရှိလေသည်။

"ဒါထက် စောစောကလူတွေက ဘယ်သူတွေလဲဗျ"

"စမင်တွေပေါ့ဗျာ အတော်များများကတော့ သူတို့ကို ရေဘီလူးတွေလို့ ခေါ်ကြတယ်"

"ဘာဖြစ်လို့လဲဗျ. ."

"ခင်ဗျားက ဒီနယ်သားဟုတ်ပုံမရဘူး၊ ဒါကြောင့် ဒီလူတွေအကြောင်း မသိတာဖြစ်မယ်. .၊ သူတို့က မြို့တွေရွာတွေမှာ နေကြတာမဟုတ်ဘူး၊ ဟိုး. . ပင်လယ်ထဲက ကျွန်းတွေမှာနေကြတယ်၊ လူသာဆိုတာ ရေငုတ်ပြီး သွားလာတဲ့နေရာမှာတော့ ငါးတွေထက်တောင် သာချင်သေးတယ်"

"ဘာကြောင့် ဘီလူးလို့ခေါ်တာလဲဗျ"

"ရေထဲမှာအနေများတော့ သူတို့ရုပ်က လူနဲ့မတူတော့ဘူး၊ ဘီလူးမျက်နှာလို ကြောက်စရာကောင်းနေတော့တယ်. .





နောက်ပြီး အစားအသောက်ကလည်း အတော်ကြမ်းတယ်ဗျ. ."

"ဘယ်လိုကြမ်းတာလဲ"

"တခြား အစားအသောက်တွေအပြင် လူသားကိုပါစားကြတာဗျ၊ ဒါကြောင့် ရေဘီလူးလို့ ခေါ်ကြတာ. ."

အရက်ဆိုင်ရှင်က ပစ္စည်းများကို သိမ်းဆည်းနေရင်းမှ လေသံဝဲဝဲဖြင့် ပြောပြလေသည်။

"ဒါထက် မေးလက်စနဲ့ မေးရဦးမယ် သူတို့အချင်းချင်း ပြောနေကြတဲ့ စကားတွေကိုရော ခင်ဗျားနားလည်သလား"

"သိသင့်သလောက်တော့ သိပါတယ်"

"ဘာတွေပြောသွားတာလဲဗျ"

ထိုသို့မေးတော့ ဆိုင်ရှင်က ပြောချင်ပုံမရပေ။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ၄င်းအိတ်ထဲမှာ ထည့်ထားသော ဂျင်ဝိုင်းမှအနိုင်ရလာသည့် ငွေအချို့ကိုထုတ်ယူပြီး ဆိုင်ရှင်လက်ထဲသို့ထည့်ပေးလိုက်တော့မှ အမူအယာပြောင်းသွားပြီး သူသိသောအကြောင်းအရာအချို့ကို ပြောပြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၄ )

# ဂျပန်ခေတ်က ဆောင်းကြာမြိုင်

မြိတ်မြို့၏ ပတ်ဝန်းကျင်တစ်ဝိုက်ကို ပင်လယ်ရေပြင်များ ကျောက်ဆောင်များ၊ မှိုင်းညို့နေသောသစ်တောကြီးများ တောင်တန်းကြီးများက နေရာမလပ်အောင် ဝန်းရံကာဆီးထား[illegible]သည်။

ထိုသို့ကာဆီးထားသော နေရာများထဲမှာပင် သဘာဝမှ [illegible]သော သယံဇာတပစ္စည်းများကလည်း ယှဉ်သုံး၍ မကုန်

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက မြိတ်ဒေသတစ်ဝိုက်တွင်စေတီ၊ ဘုရား ကျောင်းကန်အတော်ပင် နည်းပါးခဲ့သည်။

ဗြိတိသျှတို့အုပ်စိုးစဉ်က ဘာသာနှင့်ယဉ်ကျေးမှုများ အညွန့်မလှုသာအောင် ဖိနှိပ်ချုပ်ချယ်ခဲ့သော နှိပ်ကွပ်မှုဒဏ်များ ကြောင့်ဖြစ်သည်။

ပထမအကြိမ် အင်္ဂလိပ်များအုပ်စိုးစဉ်ကပင် အနည်း ငယ်ရှိနေခဲ့သော ဘာသာရေးအဆောက်အအုံ တို့မှာလည်း ဂျပန်ခေတ်ကာလ ရောက်သောအခါ ဖျက်ဆီးခြင်းခံခဲ့ရ သည်။

သို့ကြောင့် ဒုတိယအကြိမ် အင်္ဂလိပ်များ တစ်ကျော့ပြ ဝင်ရောက်လာသောအခါ မြိတ်မြို့တွင် အဆောက်အဦး ကောင်း ကောင်းမွန်မွန် သိပ်မကျန်တော့ပေ။

တောင်ကုန်းပေါ်တွင် ဆောက်ထားသော မြန်မာပြ အရေးပိုင်ဟောင်း မောရစ်ကောလစ်နေထိုင်ခဲ့သော အိမ်ကြီးနှ အနောက်ဘက်ကမ်းခြေနှင့် မနီးမဝေးတွင်ရှိသော အဆော အဦးကြီးတစ်လုံးသာ ကျန်ခဲ့ပေသည်။

ထိုအဆောက်အအုံကြီးမှာ အခြားမဟုတ်ပေ၊ ရတနာ ဆောင်ကြာမြိုင်ပင် ဖြစ်ပေတော့သည်။

ဆောင်ကြာမြိုင်ဟူသော ဝေါဟာရနှင့် ပတ်သက်ပြ အဓိပ္ပာယ်အမျိုးမျိုး ရှိပေသည်။

ဆောင်ကြာမြိုင်သည် ရှေးအခါကပင်ရှိခဲ့သော ဝေါဟာ ရပင်ဖြစ်ပေသည်။



တက္ကသိုလ် မြန်မာအဘိဓာန်တွင်. .

'ဆောင်'ဟူသောဝေါဟာရမှာ နန်းတော်၊ အိမ်၊ ကျောင်း စသည့်တို့တွင် အဆောက်အဦးအမိုးသီးခြားရှိသည့် အစိတ်အ ပိုင်း အဆောင်ဖြစ်သည်ဟု ဖွင့်ဆိုထားသည်။

အိမ်တော်တစ်ခု၏ အဆောင်တစ်ခုဟုလည်း ညွှန်းလေ သည်။

'ကြာ'ဟူသောဝေါဟာရမှာ ရွက်ဝန်းပက်လက်နှင့် ရေ တွင်ပေါက်သော အပင်တစ်မျိုးဖြစ်ပြီး အပွင့်မှာ အဖြူ၊ အနီ၊ အပြာ စသည့်တို့ရှိသော အပင်ကိုလည်း ဖွင့်ဆိုသည်။

နောက်ပိုင်း အငြိမ့်မင်းသမီး၊ ဇာတ်မင်းသမီးများက ချစ် ဖွယ်ဟန်အမူအယာဖြင့် ကြည့်ရှုကြသည်ကိုပင် ကြာမျက်လုံး၊ ကြာကြည့်ကြည့်သည်ဟု ခေါ်ဝေါ်ကြသည်။

ကာမပိုင်ရှိသောမိန်းမကို ကြံစည်ခြင်းကိုလည်း ကြာစို သည်ဟူသော ဝေါဟာရဖြင့် ပြောဆိုကြသည်။

ကြာပန်း အမူအယာကဲ့သို့ ချစ်စဖွယ်ဟန် အမူအယာ ဖြင့် ကြည့်သောအကြည့်ကို 'ကြာကြည့်' ဟုခေါ်ဝေါ်ကြခြင်းဖြစ် သည်။

သို့သော် ကြာခိုဟုဆိုရာ၌ သူတစ်ပါးမယားနှင့် တိတ်တ ဆိတ်မှားယွင်းနေထိုင်ခြင်းကိုပင် ကြာစိုဟူသောစကားဖြင့် ပြော ဆိုသုံးနှုန်းကြရာ 'ကြာ' ဆိုသည်မှာ မိန်းမများနှင့် သက်ဆိုင်သော ဝေါဟာရ ဖြစ်လာခဲ့ပေသည်။

ဆောင်ကြာမြိုင်မှာ နန်းတော်၊ အိမ်တော်၊ မင်း၊ မိဖုရား

www.burmeseclassic.com

www.burmeseclassic.com



တို့နှင့်သက်ဆိုင်သော အဆောင်များကို ခေါ်ဝေါ်ခြင်းဖြစ်သည်ကိုလည်း သိရှိနိုင်ပေသည်။

လှိုင်ထိပ်ခေါင်တင်၏ 'စိန်ခြူးကြာညောင်' ဘောလယ်မှာပင်. . စိန်များဖြင့်ခြယ်ထားပြီး ခြူးပန်းခြူးနွယ်တို့ဖြင့် ဆင်ယင်ထားသော သလွန်ညောင်စောင်းတွင် ကြာပန်းများ ညောင်ရွက်များလည်း အလှအပဆင်ယင်ထားသော ရာဇဝင်မလေ့ထုံးတမ်းများကိုလည်း တွေ့နိုင်ကြပေသည်။

ထိုအကြောင်းကိုပင် 'ရွှေဘုံနိဒါန်း'၌ နန္ဒကုမာရ မင်းသား၏ ရှေးဇာတ်ကြောင်းဝတ္ထုဖြင့်၊ မျက်နှာကြက်၊ ကြာယပ်၊ သလွန်ညောင်ရွက်များ တပ်ဆင်ပုံကို ဖွင့်ဆိုပြထားပေသည်။

မြန်မာ့ရိုးရာအနုပညာရပ်များတွင် 'ကြာ'၏သဘောကို ဘာသာရေးဆိုင်ရာ အဆောက်အအုံ၊ အသုံးအဆောင်တို့တွင် အသုံးပြုကြပေသည်။

ထိုသို့အသုံးပြုပုံမှာ အိန္ဒိယမှပြန့်ပွားလာသော ပညာရပ်တစ်ရပ်ဖြစ်ကြောင်းလည်း တွေ့ရှိရသည်။

သို့ကြောင့် ခြံ့ရှုရေးရလျှင် မြင့်မြတ်သောနေရာ၊ အဆောင်တို့ကို 'ဆောင်ကြာမြိုင်'ဟုစကားကိုသုံးနှုန်းရေးသားကြခြင်းလည်းဖြစ်ပေသည်။

ရှေးအစဉ်အဆက်ကရှိခဲ့သော ဆောင်ကြာမြိုင်ဟူသောဝေါဟာရမှ ကုန်းဘောင်ခေတ်တွင် အတွင်ကျယ်ဆုံး ဖြစ်လာခဲ့သည်။

ထိုမှစီးမျောလာခဲ့သော ဆောင်ကြာမြိုင်အမည်နှင့် ၎င်း



တို့နှင့် သက်ဆိုင်သည့်ဆောင်ရွက်ချက်များ၊ အသုံးပြုပုံများမှာ အင်္ဂလိပ်လက်ထက်ရောက်တော့ အသွင်တစ်မျိုးပြောင်းလဲသွားခဲ့သည်။

ထိုမှတစ်ဖန်. .

(၁၉၄၂)ခုနှစ်မှ (၁၉၄၅)ခုနှစ်အထိ အုပ်စိုးသွားခဲ့သော ဂျပန်ခေတ်ရောက်သောအခါမှာတော့ ရန်ကုန်မြို့၌ ဆောင်ကြာမြိုင်တစ်ခု ဖွင့်လှစ်အသုံးပြုခဲ့ကြလေသည်။

မြန်မာနိုင်ငံအနေဖြင့် စစ်ဘေးစစ်ဒဏ်များကြောင့်သော်လည်းကောင်း၊ ကိုလိုနီနယ်ချဲ့တို့၏ နှိပ်စက်မှုတို့ကြောင့်သော်လည်းကောင်း တစ်နိုင်ငံလုံး ဆင်းရဲကျပ်တည်းမှုများဖြင့် ကြုံတွေ့နေခဲ့ကြရာ ဂျပန်ခေတ်တွင် အဆိုးဆုံးအခြေအနေသို့ ရောက်ခဲ့ကြရပေသည်။

ယောက်ျားများက ရရာလက်နက်တို့ဖြင့် လုယက်တိုက်ခိုက်ပြီး ငွေရှာကြသလို မိန်းမအချို့ကတော့ ငွေရလွယ်သော ဆောင်ကြာမြိုင်သို့ ရောက်ခဲ့ကြရပေသည်။

အင်္ဂလိပ်မြန်မာပထမစစ်၊ ဒုတိယကမ္ဘာစစ်မီးကြောင့် ရန်ကုန်မြို့သည်လည်း နလံမထူအောင် ရှိခဲ့လေသည်။ ကုလားစစ်သားအများအပြားပါဝင်သော အင်္ဂလိပ်စစ်တပ်များ အများဆုံးတပ်စွဲရာ၊ စခန်းချရာနေရာလည်း ဖြစ်ခဲ့သောကြောင့် ပြည့်တန်ဆာလုပ်ငန်းတို့သည်လည်း တွင်ကျယ်စွာရှိလာခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်းက ရန်ကုန်မြို့တွင်စခန်းချတပ်စွဲထားသော စစ်သားတို့အတွက် ဆောင်ကြာမြိုင်များ ဖွင့်

www.burmeseclassic.com



လှစ်ပေးခဲ့ရသည်။

ဆောင်ကြာမြိုင် ဟူသောဝေါဟာရမှာ ပြည့်တန်ဆာတို့ စုဝေးနေထိုင်ရာ နေရာကိုသော်လည်းကောင်း၊ အိမ်ကိုသော်လည်းကောင်း လှပအောင်ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။

ဆောင်ကြာမြိုင် ဟူသော ဝေါဟာရက လှပသော်ငြားလည်း ထိုနေရာတွင်ရှိသော မိန်းကလေးတို့ဘဝကတော့ မလှပကြပါပေ. . ။

စစ်၏အနိဋ္ဌာရုံများဖြင့် ပျက်စီးနေသောရန်ကုန်မြို့တွင် ဆောင်ကြာမြိုင်တို့ များစွာပေါ်ပေါက်ခဲ့ပေသည်။

စာရေးဆရာကြီး မြဝတီရဲခေါင်ရေးသားခဲ့သော မှတ်တမ်းတစ်ခုတွင် ဆောင်ကြာမြိုင်လုပ်ငန်းများနှင့် ပတ်သတ်ပြီး အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

"ကျွန်ုပ်တို့(၁၃-၄)နှစ်အရွယ် ကျောင်းသားဘဝတ ရန်ကုန်မြို့လယ်ရှိ အချို့လမ်းများသည် ပြည့်တန်ဆာများသတ်သတ် နေထိုင်စီးပွားရှာရာ လမ်းဖြစ်နေသည်ကို တွေ့ရဖူးပေသည်။

ညဥ့်အချိန်များတွင် မီးထိန်ထိန်ထွန်းပြီး ပြည့်တန်ဆာမများသည် လှပစွာဖြီးလိမ်းဝတ်ဆင်လျက် အိမ်ပေါက်ဝများ၌နေလျက် တေးသီချင်းသံပေး၍သော်လည်းကောင်း၊ တိုက်ရိုက်ဖိတ်ခေါ်ခြင်းဖြင့်သော်လည်းကောင်း ပြုံးရွှင်စွာ မြူဆွယ်ကြရာ. . အပျော်အပါးလိုက်စားသူတို့မှာ လွတ်လပ်စွာပင် ဝင်ထွက်သွားလာနိုင်ကြပေသည်။



ဂါဝန်ဝတ်သူများ၊ ဆာရီဝတ်သူများ၊ ကီမိုနိုဝတ်သူများတို့လည်းတွေ့ရသည်။

ဆိုလိုရင်းမှာ မျက်နှာဖြူလူမျိုးမဟုတ်သော ဂါဝန်ဝတ် အရေခြုံ(ဗိုလ်မ)များ၊

ဆာရီဝတ်ထားသော်လည်း ကုလားလူမျိုး မဟုတ်သည့် (ကုလားမ)များ၊

ကီမိုနိုဝတ်ထားသော်လည်း ဂျပန်လူမျိုးမဟုတ်သည့် (ဂျပန်မ)များ၊

စသည့်တို့သည် ဆောင်ကြာမြိုင်ဟုခေါ်သော ပြည့်တန်ဆာအိမ်တို့တွင် တွေ့ကြရသည်။

ကျွန်ုပ်မှတ်မိသော လမ်းတစ်လမ်းမှာ ယခုလေဟာပြင်စျေးဘေး (၂၇)လမ်းပင်ဖြစ်သည်။

နာမည်ကြီးပြည့်တန်ဆာအိမ် ဆောင်ကြာမြိုင်ကြီးတစ်ခုမှာမူ ယခုသူရိယသတင်းစာတိုက်ဖြစ်နေသော တိုက်တန်းလျားကြီး၏ အထက်ထပ်ပင်ဖြစ်ပေသည်။

ထိုနေရာတွင် မြန်မာမများထက် ကုလားမများနှင့် 'ဂျူး' ဟုခေါ်သောရေဝတီမများက ပိုမိုများပြားစွာရှိကြသည်။ တစ်ခန်းလပ် ပြည့်တန်ဆာများရှိနေသည့်ကိုလည်း တွေ့ခဲ့ရဖူးသည်။

စစ်ဘေးစစ်ဒဏ်ကြောင့်သော်လည်းကောင်း၊ စီးပွားရေးကျပ်တည်းမှုများကြောင့်သော်လည်းကောင်း၊ ကုန်စည်များရှားပါးပြီး စားဝတ်နေရေးကျပ်တည်းမှုများကြောင့်သော်လည်းကောင်း၊ ထိုဘဝမျိုးကိုမရောက်ချင်ဘဲ ရောက်ကြရသူများ

www.burmeseclassic.com

www.burmeseclassic.com


ပေးသည်။

မြန်မာနိုင်ငံသည် ဟီရိဩတ္တပ္ပတရားနှင့်နေထိုင်သော တိုင်းပြည်လည်းဖြစ်ရာ အရှက်အကြောက် အိန္ဒြေသိက္ခာဖြင့်နေကြသော မြန်မာအမျိုးသမီးအတော်များများတို့မှာ ကိုလိုနီနယ်ချဲ့ စနစ်ဖျက်ဆီးမှုကြောင့် ပျက်စီးကြရပြီး မရောက်ချင်သောနေရာမျိုး ရောက်ခဲ့ကြရခြင်းဖြစ်ပေသည်။

ဆောင်ကြာမြိုင်သို့ရောက်ခဲ့ရသော မိန်းမတစ်ယောက်အဖို့ အသက်ရှင်ခွင့်ရခဲ့သော်လည်း ဘဝကတော့ သေဆုံးသွားခဲ့ရပေသည်။ လူချင်းတူသော်လည်း လူတောမတိုးဝံ့သော ဘဝမျိုး ရောက်ရလေတော့သည်။

ခေတ်အဆက်ဆက်တွင် ဤသို့သောအကြောင်းကြောင့်တို့ကြောင့် ဘဝပျက်ခဲ့ရသော မိန်းမသားတို့ မရေမတွက်နိုင်အောင် ရှိကြပေလိမ့်မည်။ စီးပွားရေးစစ်တမ်းတစ်ခု၌ ဂျပန်ခေတ်၌ရှိခဲ့သော ရန်ကုန်ဆောင်ကြာမြိုင်နှင့် ပတ်သက်သောအကြောင်းအရာတို့ကို ဖော်ပြထားပေသည်။

"(၁၉၂၁)ခုနှစ် အက်ဥပဒေ(၂)ကို ဖတ်ရှုခြင်းအားဖြင့် ပြည့်တန်ဆာအိမ်များသည် (၁၉၂၁)ခုနှစ်ဝန်းကျင်လောက်ကပင် ပျောက်ကွယ်သွားကြရသည်ဟု ယူဆရပေတော့သည်။

သို့ရာတွင် ခွေးလေးများ တောအနှံ့ဆိုသလိုပင် လမ်းထိုထိုတို့၌ ပြန့်ကြလျက် တိတ်တိတ်ပုန်းရှိနေကြသည်ကား လူအများ သိကြသည့်အတိုင်းပင်ဖြစ်၏။

သူရိယသတင်းစာတိုက်ဘေးမှာမူ (၂၇)လမ်းမှာ ခြေ



လျှင်၊ လန်ခြား၊ တက္ကစီကားတို့ဖြင့် နေ့ညအချိန်မရွေး သွားလာဝင်ထွက် စည်ကားနေသော လမ်းတစ်လမ်းဖြစ်ကြောင်း အထင်အရှားသိမြင်ရသည်။

ယခုခေတ် အလီမူလာကွက်သစ် နာမည်ကြီးသကဲ့သို့ပင် ကျော်ကြားထင်ရှားသောနာမည်ရလမ်း ဖြစ်ပေသည်။

ဤသို့အားဖြင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးကာနီး တပ္ပလီစစ်သား၊ ကုလားစစ်သား အများအပြားပါလာသော အင်္ဂလိပ်တပ်အသီးသီး ဝင်လာ၍ ရန်ကုန်မြို့ကြီး၏ တိတ်တိတ်ပုန်း ပြည့်တန်ဆာလောကမှာ အထူးမျက်နှာပွင့်လန်းကာ စီးပွားလမ်းဖြောင့်သည်နှင့်အမျှ ဂျပန်ငွေစက္ကူတန်ဖိုးမရှိ၍ မချိအောင်ခံလိုက်ရသော စီးပွားရေးကျပ်တည်းမှုဖြင့် ဆင်းရဲသားပိုင်းမှ အမျိုးသမီးများမှာလည်း ဝမ်းရေးအတွက် ပျက်စီးကြရပေသည်"

ထိုကဲ့သို့ ဖော်ပြထားလေသည်၊

ဤနေရာမှာတော့ ဂျပန်ခေတ် ဆောင်ကြာမြိုင်နှင့် ပတ်သက်ပြီး အတော်ပင်ပြည့်စုံသည့် မှတ်တမ်းတစ်ခုဖြစ်သော ဆရာသန်းထွန်း(လှည်းကူး) ရေးသားသည့် ဂျပန်ခေတ် ရန်ကုန်ဆောင်ကြာမြိုင် မှတ်တမ်းနှင့် သမိုင်းပုံရိပ်များစာအုပ်မှ ကောက်နုတ်ချက်အချို့ကို ဗဟုသုတအလို့ငှာ ထည့်သွင်းဖော်ပြပေးပါမည်။

ဂျပန်ခေတ်အလယ်တွင် "ဆောင်ကြာမြိုင်" ဟုခေါ်သော တရားဝင်ဖွင့်လှစ်ခဲ့သည့် ဌာနတစ်ခု ရှိခဲ့လေသည်။ ထိုဌာနစိတ်ကို အစိုးရဌာနစိတ်ကြီးတစ်ခုတွင် အတွင်းဝန်ဖြစ်နေသော ပုဂ္ဂိုလ်


www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ယောက်က တိုက်ရိုက်အုပ်ချုပ်၍ ဂျပန်စစ်ဥပဒေဌာန၏ လက်အောက်တွင် ထားရှိသည်။

ယင်းဌာနကို ဖွင့်လှစ်ရခြင်းအကြောင်းတရားမှာလည်း ထိုစဉ်အခါက ဘီ၊ ဒီ၊ အေ (B.D.A) သည်ယခုခေတ် တပ်မတော်ကဲ့သို့ တပ်မတော်သားများ၏ စားဝတ်နေရေး၊ အိမ်ထောင်ရေးနှင့် လူမှုဖူလုံရေးတို့အတွက် မည်သည့်အာမခံချက်ကိုမျှ မပေးနိုင်သည့်အလျောက် ရဲဘော်များ၏ ဘဝမရေမရာ ဖြစ်ခဲ့ရ၏။ စက္ကန့်ပိုင်းနှင့်အမျှ ပြောင်းလဲလှုပ်ရှားကာ ကစားနေသော တိုင်းပြည်၏ အခြေအနေပေါ်၌ တည်ရှိနေလေသည်။

စစ်မှုထမ်းလိုလျှင် ထမ်းပြီး၊ မထမ်းလိုလျှင် နေ. . .

သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ရဲဘော်များ၏ အကျိုးခံစားခွင့်မှာ ပြည်သူလူထုနှင့် ဆိုးတူကောင်းဘက်၊ ကျိုးတူကြောင်း ဆက်သာ ရှိကြရမည်ဖြစ်၏။

ထို့ကြောင့်လည်း ထိုခေတ်အခါက ရဲဘော်တို့သည် ပြည်သူလူထုကဲ့သို့ပင် ဖြစ်သလိုစား ဖြစ်သလိုနေ၍ ဖြစ်သလို သေခဲ့ကြရသည်သာဖြစ်၏။

သို့သော်. . . ဆောင်ကြာမြိုင်အခွင့်အရေးကား အနှီရဲဘော်အတွက် ရရှိခံစားရမည်ဖြစ်သည်။

ဤသည်မှာလည်း ဖက်ဆစ်လက်အောက်ခံဘဝတွင် တိုင်းပြည်နှင့် လူမျိုးအကျိုးငှာ ဆင်းရဲအပင်ပန်းခံ၊ အနစ်နာခံကာဆောင်ရွက်နေကြရသည့် အရာခံဗိုလ်အဆင့်မှ သာမန်စစ်သားအကြားလစာ နည်းပါးအိမ်ထောင်မရှိသော လူပျိုလူလွတ်



ရဲဘော်များအတွက်ရည်ရွယ်လျက် ဆောင်ကြာမြိုင်ကို ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

အခြားကြီးလေးသော အကြောင်းရင်းလည်း ရှိပေသေးသည်။ ယင်းမှာ . . .

(၁) ရဲဘော်တို့သည် ကျန်းမာသန်စွမ်းစွာ စစ်မှုထမ်းဆောင်နိုင်ရေး၊ အဓိကမှာ ကာလသားရောဂါမကူးစက်ရေးဖြစ်သည်။

(၂) ရန်သူတို့၏ ကာမကြော့ကွင်းမှလွတ်ကင်းအောင်ရှောင်နိုင်ရေး။ (သူလျှိုများသည် နတ်နန်းသူဇာများကို ဖန်ဆင်းလျက် ရဲဘော်များထံမှ စစ်သတင်းများကို နှိုက်ယူခြင်းမှ ကင်းဝေးရန်)

(၃) တာဝန်မကျမိစပ်ကြား ရဲဘော်များ ခေတ္တအပန်းဖြေနိုင်ရန်။ (သွေးသားကိစ္စကို ဖြေရှင်းရန်)

အထက်ပါအချက်ကြီး (၃)ချက်ကို အဓိကထားလျက် ဂျပန်ခေတ် ရန်ကုန်ဆောင်ကြာမြိုင်ကို တရားဝင်ဖွင့်ခဲ့ခြင်းဖြစ်သည်။

ဤဆောင်ကြာမြိုင်ဖွင့်လှစ်ရန်အတွက် ကြိုးပမ်းခဲ့ကြပုံများမှာလည်း လွန်စွာမှ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

ရှေးဦးစွာ စစ်ဥပဒေဌာန၏ လက်အောက်ခံအခြေဌာနစိတ်တစ်ခုဖြစ်သော စစ်ရဲဌာနမှ စစ်ရဲမက်များသည် တစ်နေ့သ၌ ရန်ကုန်မြို့တွင်းရှိ ဟော်တယ်အသီးသီးမှ ဟော်တယ်မယ်များကို လိုက်လံဖမ်းဆီး၍ (ဟယ်လပင်လမ်း) ယခုအခါ ပြည်ထောင်စ

www.burmeseclassic.com

www.burmeseclassic.com



ရိပ်သာလမ်းနှင့် ဘဒ်လမ်းထောင့်ရှိ အိန္ဒိယအမျိုးသားတပ်မတော်၊ အမျိုးသမီးတပ်ဖွဲ့နှင့် မှက်နှာချင်းဆိုင်နေရာ နှစ်ထပ်အိမ်ကြီးတစ်လုံးရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။

ထိုအမျိုးသမီးများထဲမှ

(က) ရုပ်ရည်သင့်တင့်သော

(ခ) ဆောင်ကြာမြိုင်၏ ဝါဒစည်းကမ်းကို လိုက်နာနိုင်သော

(ဂ) ထိုဘဝ၌ ပျော်မွေ့သော

ဟော်တယ်မယ်များကို ရွေးချယ်လိုက်သည်။

ရွေးချယ်ခြင်းခံရသည့် ထိုအမျိုးသမီးများကို (၃)လတိုင်တိုင် ဆေးဝါးကုသပေးလျက် အင်အားဖြည့်စေ၏။

ထိုအချိန်ကာလအတွင်း ထိုအမျိုးသမီးတို့၏ ဘဝမှာ အကျယ်ချုပ်ဖြစ်၍ဆရာဝန်မှအပ မည်သူတစ်ဦးတစ်ယောက်နှင့်မျှ တွေ့ဆုံခွင့်မရပေ။

ထိုကာလ၏ နောက်ပိုင်းတွင်မူ မိန်းကလေးသည် လခစား ဆောင်ကြာမြိုင်မယ်အဖြစ် စတင်ခန့်အပ်လိုက်လေသည်။

အလုပ်ခန့်ခြင်းခံကြရသည့် ဆောင်ကြာမြိုင်မင်းသမီးတို့သည် စစ်သားများကဲ့သို့ပင် နံနက် အိပ်ယာထချိန်၊ တန်းစီလူစစ်ချိန်၊ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ချိန်၊ ရေချိုးအလှပြင်ချိန်၊ စားသောက်ချိန်၊ အလုပ်ဆင်းချိန်၊ အနားယူချိန်၊ အိပ်ချိန်စသည်ဖြင့် အရာခပ်သိမ်းဇယားနှင့် အချိန်ကိုက်စည်းကမ်းတကျလိုက်နာကြရသည်။ ထို့ပြင် အားလပ်ချိန်များတွင် ပွဲလမ်းသဘင်များကို အအပ်အထိန်းအစောင့်အရှောက်နှင့် ကြည့်ရလည်ပတ်ခွင့်ရကြသေးသည်။

အလုပ်ဆင်းရာ၌မူ ဆောင်ကြာမြိုင်မင်းသမီးများသည် အားလုံးအလုပ်ဆင်းကြရသည်မဟုတ်ဘဲ ယင်းတို့နေထိုင်သောနေအိမ်အောက်ထပ်တွင် အလုပ်ခန်း(၈)ခန်းရှိရာ နေ့(၈)ယောက်၊ ည(၈)ယောက်၊ တစ်နေ့လျှင် (၁၆)ယောက်ကျ ပန်းနုရောင်ဝတ်စုံများဝတ်ဆင်လျက် အလုပ်ဆင်းကြရသည်။

အလုပ်မဆင်းရသော ဆောင်ကြာမြိုင် မင်းသမီးများမှာမူ ရက်အားအဖြစ် အနားယူကြရသည်။ ယင်းတို့၏ ကျန်းမာရေးကိုလည်း စစ်ဘက်ဆိုင်ရာ ဆရာဝန်ကြီးတစ်ဦးသည် နေ့စဉ်လာရောက် စစ်ဆေးကုသပေးလေ့ရှိသည်။

ထိုမိန်းကလေးသည် ဘီ၊ ဒီ၊ အေ (B.D.A) မှပေးသော လစာအပြင် ဆောင်ကြာမြိုင်မင်းသမီးအဖြစ် အမှုထမ်းနေစဉ်အတွင်း ယင်းတို့လက်ခံလိုက်ရသော ဧည့်သည်အရေအတွက်အလိုက် ရရှိသောငွေမှာ ယင်းတို့၏ စုငွေပင်ဖြစ်သည်။

ထိုစုငွေကို ဆောင်ကြာမြိုင်မှူးက စာရင်းနှင့်တကွ ထိန်းသိမ်းစောင့်ရှောက်ထားကာ ယင်းတို့ခွင့်နှင့်ခေတ္တအိမ်ပြန်သောအခါ (သို့တည်းမဟုတ်) အလုပ်မှ နုတ်ထွက်သွားသောအခါ. . (သို့မဟုတ်) အလုပ်ထုတ်ပယ်လိုက်သောအခါ၌ ထိုငွေကို ယင်းတို့သည် အထွက်ကျထုတ်ယူသွားခွင့်ရှိသည်။

ဆောင်ကြာမြိုင်မင်းသမီးများသည် တစ်ဦးနှင့်တစ်ဦး သဘာဝအလျောက် ရုပ်ဆင်းအင်္ဂါနှင့် ကိုယ်နေကိုယ်ထားခြားနားမှုရှိသော်လည်း ယင်းတို့၏လစာနှင့် ဧည့်ခံဝင်ငွေမှာမူ များ

www.burmeseclassic.com

www.burmeseclassic.com



သောအားဖြင့် ခြားနားမှုမရှိပေ။

အဘယ်ကြောင့်ဆိုသော် အလုပ်ဆင်းရာ၌ ယင်းတို့အနေနှင့် အလှည့်ကျအလုပ်ဆင်းရရုံမက ယင်းတို့နှင့်ဆက်ဆံလိုသော ဧည့်သည်ရဲဘော်များအိမ်နေနှင့်လည်း အပြင်မှနတ်နန်းများကဲ့သို့ မိမိတို့စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်မရှိဘဲ ကံစီမံရာလိုက်လံဆုံဆည်းရသောကြောင့် ဖြစ်၏။

လုပ်ငန်းအစီအစဉ်ကို ဖော်ပြပါမည်။

ဆောင်ကြာမြိုင်ကို သွားလိုသောသူသည် သတ်မှတ်ထားသော အရာခံဗိုလ်အဆင့်(သို့မဟုတ်) သာမန်တပ်သားအကြား အဆင့်အတန်းရှိသော စစ်သားလည်းဖြစ်၊ အိမ်ထောင်မရှိသူလည်းဖြစ်အံ့။

ထိုထိုသော ပြဿနာကို ဖြေရှင်းရန်အတွက် ရှေးဦးစွာ စစ်ရုံးဆေးဌာနသို့ သွားရောက်၍ ဆေးအစစ်ခံရမည်သာဖြစ်သည်။

ထိုအခါဆေးကြပ်သည် ထိုသူ၏အမည်နှင့်တပ်အမှတ်၊ ရာထူး၊ အဆင့်အတန်းစသည့်များကို စစ်ဆေး၍ ထိုသူအားလွန်လေပြီးသော တစ်လအတွင်း တစ်ကြိမ်တစ်ခါ သွားလာဖူးသူဟုတ်မဟုတ်ကို သက်ဆိုင်ရာမှတ်ပုံတင်စာအုပ်များ၌ ပြန်လှန်စစ်ဆေးပေးလိမ့်မည်။

ထိုသို့စစ်ဆေးခြင်းမှာလည်း အထက်အမိန့်အရ ရဲဘော်များသည် ဆောင်ကြာမြိုင်သို့ တစ်လတစ်ကြိမ်ထက်ပို၍ သွားလာနိုင်ခွင့်မရှိသောကြောင့်ဖြစ်သည်။



သို့ဖြစ်လေရာ. . ဆစ်ခါတစ်ရံ ကံဆိုးမိုးမှောင်ကျတတ်သည်မှာ ကိုယ်နှင့်ရင်းနှီးသော ရဲဘော်လူနောက်လူပြောင် တစ်ဦးသည် ကိုယ်မသိအောင် ထိုလအတွင်း ကိုယ့်နာမည်ကို အလွဲသုံးစားပြုသွားတတ်သည်။

ထိုအခါမျိုး၌ ထိုသူသည် လက်သီးဆုတ်၍ ဆန်ပြုတ်ဖြစ်ရုံမှလွဲ၍ ဘာမျှတတ်နိုင်တော့ပေ။

ထိုသူအဖို့ အဘယ်မျှငြင်းဆိုစေကာမူ သက်ဆိုင်ရာမှတ်ပုံတင်စာအုပ်သည် သက်သေခံဖြစ်သဖြင့် ဤကာလအဖို့ မြီးဆုံးခြင်းသို့ တိုင်ခဲ့သည်။

ဆောင်ကြာမြိုင်သို့သွားလိုသည့် ရဲဘော်သည်အထက်ပါဆောင်ရွက်မှုများကို စစ်ဆေးခံပြီးပါက တာဝန်ခံဆရာဝန်ထံသို့ နောက်ဆုံးသွားရပြန်သေးသည်။

ယင်းအခါ၌ ထိုသူသည်မျက်နှာထားတတ်ရန် များစွာလိုပေလိမ့်မည်။

ထိုသူ၏မျက်နှာသည် ယောက္ခမရှေ့ ပုဆိုးကျွတ်သကဲ့သို့ ပေါ့သွပ်သွပ်၊ စပ်ဖြဲဖြဲမဖြစ်စေရ။ အထက်မှပေးအပ်သော တာဝန်တစ်ခုကို ထမ်းဆောင်ရမည်ကဲ့သို့ပင် တည်ငြိမ်အေးဆေးသောအသွင်ကို ဆောင်နေရပေမည်။

ထို့နောက် ဆရာဝန်သည် ထိုရဲဘော်အား ဆစ်ဖလစ်၊ ဝမ်ဘိုး၊ ပြူဆို၊ ရှန်ကာစသော ကာလသားရောဂါ ရှိမရှိကို စမ်းသပ်ပြီးသည့်နောက်၊ ထိုရဲဘော်၌ အဆိုပါရောဂါများ ကင်းရှင်းပါက ဆောင်ကြာမြိုင်သို့ သွားလာခွင့်လက်မှတ်နှင့်တကွ (ကြည့်ပြီး)

www.burmeseclassic.com

ဟူသော တံဆိပ်ကို ထိုရဲဘော်၏ လက်မောင်းဝယ်ခပ်နှိပ်ပေးလိမ့်မည်။

ထိုအခါရဲဘော်သည် အသပြာငွေ(၃)ကျပ်ကို အိတ်တွင်ဆောင်၍ လိုရာစခန်းအရောက် ခရီးနှင်ရတော့မည်ဖြစ်၏။

အကယ်၍ ချက်ချင်းမသွားသေးဘဲ တပ်သို့ပြန်ကာ ချိုး၊ အဝတ်အစားလဲပြီး စမတ်ကျကျသွားမည်ဆိုပါလျှင်လည်း ရဲဘော်သည် လက်မောင်းမှတံဆိပ်ကို ချေးတွန်းသောအခါ ဆပ်ပြာတိုက်၍ မပွတ်မိစေရန်လိုပေသည်။

ထိုတံဆိပ်ပျက်ပြယ်သွားပါလျှင် ရဲဘော်သည် ဆောင်ကြာမြိုင်ခြံတွင်းသို့ ဝင်ခွင့်ရလိမ့်မည်မဟုတ်ပေ။

ဆောင်ကြာမြိုင်သို့ရောက်လျှင် ခြံဂိတ်ဝ၌ တာဝန်ကျနေသော ကင်းစောင့်ရဲဘော်အား လက်မောင်းမှတံဆိပ်ကိုပြကာ လက်ဝဲဘက်ခြံထောင့်၌ရှိသော ကင်းရုံးညှိခန်းသို့သွားရသည်။

ထိုကင်းရုံတွင်းကား အလွန်ဘုန်းတန်ခိုးကြီးသော ကိုယ်လက်အင်္ဂါ ကောင်းစွာမသန်စွမ်းသည့် ကြီးကြပ်ရေးမှူးရဲဘော်တစ်ဦးကိုတွေ့ရသည်။

ဂျပန်ခေတ်က ဆောင်ကြာမြိုင်ကို ခန့်ထားသောကြီးကြပ်ရေးမှူးရဲဘော်(၂)ဦးအနက် ပထမတစ်ဦးမှာ ခြေတစ်ဖက်ကို ပေါင်ရင်းနားမှ ဖြတ်ထားရသဖြင့် သူ့အား ပဒုမာပေါင်တိုဟုနောက်ပြောင်ခေါ်ဝေါ်ကြသည်။

ထိုရဲဘော်မရှိသည့်နောက် ဒုတိယရောက်လာသောရဲဘော်မှာလည်း မျက်လုံးတစ်ဖက် ပျက်နေသဖြင့် သူ့အား





"တာဏာရိန့်" ဟု နောက်ပြောင်ခေါ်ကြသည်။

သို့ရာတွင် ဆောင်ကြာမြိုင်သို့လာကြသော ရဲဘော်တို့သည် သူတို့အား ဒုက္ခိတရဲဘော်များဟူ၍ မထီမဲ့မြင် မလုပ်လေနှင့် . . .။

ထိုရဲဘော်သည်လည်း သူ့နေရာနှင့်သူ အာဏာပိုင်အစိုးရကြသည်သာဖြစ်၍ ထိုသူအမျက်တော်သို့၍ အလိုမကျပါက ထိုနေ့အဖို့ အလုပ်ဆင်းသော ဆောင်ကြာမြိုင်မင်းသမီးများအနက် ဆက်ဆံရေးနှင့် ရုပ်ရည်၊ ကိုယ်လုံးကိုယ်ထည် အညံ့ဆုံးသော ဆောင်ကြာမြိုင်မင်းသမီးနှင့် ရေစက်ဆုံအောင် ဖန်တီးလိုက်သည်။

ထို့ပြင် ရဲဘော်သည် အလွန်တရာကံကောင်းလှသဖြင့် အနိမ့်ဆုံးသော ဆောင်ကြာမြိုင်မင်းသမီးအား ကံစမ်းမဲပေါ်သွားသည့်တိုင် ကိုယ်ရရှိသော အခွင့်အရေးဖြစ်သည့် (၁၅)မိနစ်မျှသောက်သော အချိန်ကာလကို ယင်းတို့က အမျိုးမျိုးနှောင့်ယှက်ဖျက်ဆီးတတ်ပြန်သည်။ (နောင်တွင် တွေ့ဆုံချိန် မိနစ်(၃၀)သတ်မှတ်လိုက်သည်)

ထို့ကြောင့် ရဲဘော်သည် အဆိုပါကြီးကြပ်ရေးမှူးကိုတွေ့လိုက်သည်နှင့် အလွန်တရာကျိုးနွံရှိသေစွာဖြင့် မိမိဆေးသက်မှတ်ကို ထုတ်ပြလိုက်သောအခါ ထိုသူသည် မိမိအား မုန်းသစ်ရမ်းကားမည့်သူ မဟုတ်ပါက တစ်ထွာခန့်ရှိသော ဝါးကျည်ထောက်တစ်ခုအတွင်းရှိ ထိုနေ့အဖို့အလုပ်ဆင်းကြမည့်ဆောင်ကြာမြိုင်မင်းသမီးတို့၏ နံပါတ်ပါသော တူချောင်းများကို ထည့်


www.burmeseclassic.com

www.burmeseclassic.com



သွင်းပြီး ကြိမ်ဖန်များစွာ ခေါက်လိုက်ကာကံစမ်းမဲကို ဆွဲစေလိမ့်မည်။

အကယ်၍ရဲဘော်သည် သူနှင့်ရင်းနှီးသူဖြစ်ပါက နံရံကပ်သင်ပုန်းပေါ်တွင် ဖယားသွင်းထားသော ညွှန်ခံမည်သူ ဆောင်ကြာမြိုင်မင်းသမီးတို့ထဲမှ ကိုယ်ကြိုက်နှစ်သက်ရာတစ်ယောက်၏အမည်ကို သက်ညိုးထောက်ပြလိုက်ရုံဖြင့် ရဲဘော်လက်တွင်းသို့ ထိုဆောင်ကြာမြိုင်မင်းသမီး၏ နံပါတ်ပါသော တူချောင်းတလေး ရောက်လာပေမည်။

ထိုရဲဘော် သဘောကောင်းမနေပါက ကိုယ့်လက်တွင်းသို့ရောက်အံ့ဆဲဆဲ နံပါတ်ကောင်းများကို လက်တစ်လုံးခြားလုပ်၍ လွဲစေလိမ့်မည်။

ထိုကြီးကြပ်ရေးမှူးသည် ဆောင်ကြာမြိုင်အတွင်းရှိ မင်းသမီးများကိုလည်းကောင်း၊ ကိုယ်ပိုင်ဂဏန်းနံပါတ်များကိုလည်းကောင်း၊ အလွတ်နီးပါးသိနေရုံသာမက ဝါးကျည်တောက်ပေါက်မဲတူတို့ကို ခလောက်၍ ယူရာတွင် ကြေးစားဂျောက်ဂျက်သမားများကဲ့သို့လည်းကောင်း၊ ဖဲလိမ်ကစားသူများကဲ့သို့လည်းကောင်းကျွမ်းကျင်သူများ ဖြစ်ကြလေသည်။

ထို့နောက်သူသည် ရဲဘော်ဆွဲယူလိုက်သော တူဂဏန်းနံပါတ်ကိုဆောင်ကြာမြိုင်အပေါ်ထပ်မှလှမ်း၍ မြင်နိုင်မည့်ကင်းရုံတစ်နေရာတွင် ချိတ်ဆွဲလိုက်ပြီးလျှင် "ညွှန့်သည်ရောက်ပြီတော့" ဟူသော အထိမ်းအမှတ်ဖြင့် သံချောင်းကို ခေါက်လိုက်သည်။

တာဝန်ကျသော ဆောင်ကြာမြိုင် မင်းသမီးသည် သံ



ချောင်းခေါက်သံကြားသည်နှင့်တစ်ပြိုင်နက် ရဲဘော်အရင်ကြိုတင်၍ မိမိဆိုင်ရာအခန်းတွင်းမှ စောင့်မျှော်နေမည်ဖြစ်သည်။

ထိုအခါမျိုး၌ ရဲဘော်၏နှလုံးသွေးသည် တစ်မိနစ်လျှင် အကြိမ်ပေါင်းမည်မျှ ခုန်နေမည်ကို ဆရာဝန်များမှအပ မည်သူမျှ သိနိုင်လိမ့်မည်မထင်ပေ။

ထို့နောက် နှစ်ဦးသားလိုရာကိစ္စ ဖြေရှင်းပြီးကြသောအခါ ထိုကြာခြည်ဆောင်များနှင့်ကပ်လျက် နောက်ဘက်ရှိမီးဖိုဆောင်သို့သွားရာစင်္ကြံလမ်း၏ တစ်ဖက်တစ်ချက်တွင် အခန်း(၂)ခန်းရှိ၏။

ထို(၂)ခန်းအနက် လက်ဝဲဘက်အခန်းသည် ရဲဘော်အတွက်ဖြစ်ပြီး လက်ယာဘက်အခန်းမှာ မင်းသမီးအတွက်ဖြစ်သည်။

ထိုအခန်းတွင်း၌ တာဝန်ကျဆေးကြပ်ကလေးတစ်ဦးသည် အသင့်စောင့်ဆိုင်းနေ၍ ရဲဘော်ဝင်လာသောအခါ၌ ဝမ်းနုတ်ဆေးတစ်ခွက်ကို ဆီးကြိုတိုက်ကျွေးရပါလိမ့်မည်။

သည့်နောက် ကျင်ချောင်းအတွင်းအပြင်ကို ဆေးကြောသော ကိရိယာဖြင့် ဖန်ရည်ဆေးပေးခြင်း၊ အနာကျက်စေသော ဆေးဖယောင်းချက်ဖြင့် လိုအပ်သောနေရာတဝိုက်ကို သုတ်လိမ်းပေးခြင်းစသော ကြိုတင်ကာကွယ်မှုများကို ပြုလုပ်ပေးလိမ့်မည်။

ထို့နောက် တာဝန်ကျဆေးကြပ်ကလေးသည် ရဲဘော်၏ကျောကို ညင်သာစွာပုတ်လိုက်ကာ. . .

"ကဲ. . ရဲဘော်. နောက်လမှတွေ့ကြဦးစို့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ချိုသာစွာ နှုတ်ဆက်စကားဆိုမည်ဖြစ်ပေသည်။

စစ်ကာလအချိန်တွင်း ဖြစ်သောကြောင့်လည်း ဆောင်ကြာမယ်တို့၏ အခန်းကဏ္ဍကလည်း တစ်ခါတရံအရေးပါသောနေရာမှ ရှိနေတတ်ကြပေသည်။

အရေးကြီးသော စီးပွားရေးသတင်းများ၊ စစ်ရေးသတင်းများကိုလည်း ၎င်းတို့ထံမှရရှိကြပေသည်။ ဆောင်ကြာမယ်များကို ငွေကြေး၊ တံစိုးလက်ဆောင်ပေးလျှတ် အလိုရှိသောသတင်းများကို စုံစမ်းခိုင်းကြသည်။

၎င်းတို့ရရှိထားသော တန်ဖိုးရှိသည့် သတင်းများကိုလည်း ထိုက်တန်သောငွေကြေးပေးကာ ဝယ်ယူ၍ ရနိုင်ကြသောသည်။

ဆောင်ကြာမယ်တို့ကလည်း ၎င်းတို့ဆောင်ရွက်ပေးမည့် ဖြေဖျော်ရေးအလုပ်အပြင် စိတ်နှင့်ကိုယ်နှင့် မကပ်တော့လောက်အောင် ပျော်ပါးနေသူများထံမှ သတင်းစကားအချို့ကိုပါ မသိမသာဖြင့် နှိုက်ယူကြလေသည်။ ဤသို့ဖြင့် အလုပ်နှစ်မျိုးမှ ဝင်ငွေရလမ်းများဖြောင့်ကြလေသည်။

အထက်၌ရေးသားခဲ့သည့်အတိုင်း စစ်ကာလအတွင်း၌ ဆောင်ကြာမယ်တို့၏ အခန်းကဏ္ဍသည်လည်း အဓိကနေရာပါဝင်ခဲ့ကြပေသည်။



## အခန်း (၅)

# ဆန်းကြယ်စွာပျောက်သွားသောသူ

မြိတ်မြို့၏ကမ်းခြေနှင့် မနီးမဝေး ကျောက်တောင်ကုန်းတစ်ခုပေါ်မှာ တည်ဆောက်ထားသော အိမ်ကြီးတစ်လုံးရှိသည်။ မြိတ်မြို့၏ တစ်ခုတည်းရှိသော ဆောင်ကြာမြိုင်အိမ်ကြီးပင် ဖြစ်ပေသည်။

ထိုအိမ်ကြီးကို 'ရတနာ ဆောင်ကြာမြိုင်' ဟု အမည်ပေးထားလေသည်။

ရှေးကာလကတည်းက ဆောက်ထားသောအိမ်ကြီးမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး အဝေးမှကြည့်ပါက ဟော်နန်းကြီးတစ်လုံးနှင့်များစွာတူလှပေသည်။

အလယ်ခေါင်နေရာတွင် ရဲတိုက်ကြီးနှင့်တူသော အိမ်ကြီးတစ်လုံးရှိပြီး နံဘေးပတ်လည်တွင် ဝန်းရံထားသောအဆောင်များစွာတို့လည်းရှိကြသည်။

ထိုအဆောင်တို့တွင် အခန်းများစွာတို့လည်းရှိကြသည်။ ထိုအခန်းများတွင် ဆောင်ကြာမယ်များလည်းရှိသည်။

ဆောင်ကြာမယ်များမှာ အသက်အရွယ်အားဖြင့် ငယ်ရွယ်ကြခြင်း၊ ရုပ်ဆင်းအင်္ဂါချောမောလှပခြင်း၊ မျက်နှာချိုသာပြီး ဟန်အမူအယာတို့မှာ ဆွဲဆောင်မှုရှိခြင်း စသောနှစ်လိုဖွယ်ရာ အချက်တို့ဖြင့် ပြည့်စုံကြလေသည်။

ရန်ကုန်မြို့မှာရှိသော ဆောင်ကြာမြိုင်များတွင် ရှိကြသော ဆောင်ကြာမယ်တို့မှာ လူမျိုးစုံသည်။

ဂျူး၊ ကုလား၊ ဂျပန်၊ မြန်မာ စသည့်ဖြင့် အမျိုးအမည်ကွဲသော်လည်း အများဆုံးကတော့ ကုလားလူမျိုးများလေသည်။

မြိတ်ဘက်တွင်ရှိသော ဆောင်ကြာမြိုင်မှာတော့ ယိုးဒယားဘက်မှ လာရောက်လုပ်ကိုင်သော ယိုးဒယားလူမျိုးများပြီး ပသျှူး၊ အင်ဒိုချိုင်းနားဘက်မှ အမျိုးသမီးအချို့လည်း ပါဝင်လေသည်။

ထိုအရပ်ဒေသဘက်တွင် မြန်မာလူမျိုးနည်းပါးသောကြောင့် မြန်မာအမျိုးသမီးများကတော့ မတွေ့ရသလောက် နည်းလေသည်။ ရတနာဆောင်ကြာမြိုင်တွင် ဆောင်ကြာမယ်(၁၅)ယောက်ခန့်ရှိလေသည်။

ခေါင်းဆောင်အမျိုးသမီးမှာ 'မြဒေဝီ' ဆိုသူဖြစ်လေသည်။

ယိုးဒယားအမျိုးသမီးတစ်ယောက် မဟုတ်စေကာမူ ယိုးဒယားသွေး အတော်များများပါဝင်သူဖြစ်သည်။

မြဒေဝီသည် 'ဆောင်ကြာမြိုင်ဒေဝီ' ပင်ဖြစ်သည်။

သူမသည် အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ရုပ်ရည်ချောမောလှပသူဖြစ်သည်။

အသားဖြူဖြူအရပ်မြင့်မြင့်နှင့် ကိုယ်လုံးကိုယ်ထည်အချိုးအစား လှပသူဖြစ်သည်။

သူမသည် ဆောင်ကြာမြိုင်ဒေဝီပင် ဖြစ်သော်လည်း သာမန်လူတန်းစားများကိုတော့ လက်ခံပေးလေ့မရှိပေ။ လူကုံတန်များ၊ မင်းအစိုးရအရာရှိများ၊ သူဌေးသူကြွယ် ကုန်သည်ပွဲစား စသောလူချမ်းသာတို့လောက်သာ ရွေးချယ်ပြီး လက်ခံဖြေဖျော်ပေးရှိသည်။

မြဒေဝီသည် မည်သူ့အပေါ်မှ သံယောဇဉ်ထားလေ့မရှိဘဲ သူမလုပ်ပေးနိုင်သောအလုပ်ကိုသာ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ဖြည့်ဆည်းပေးလေ့ရှိသည်။

တစ်ခုတော့ရှိသည်။

မြဝတီမှာ ချစ်သူရှိသည်။

၄င်းချစ်သူမှာ မြိတ်မြို့ပေါ်မှာ နေထိုင်သူတစ်ဦးဖြစ်ပြီး နာမည်မှာ မောင်မြတ်သာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်သာမှာ အသက်(၃၀)ပင် မပြည့်သေးသော်လည်း မြိတ်မြို့မှာတော့ ချမ်းသာကြွယ်ဝသော လူချမ်းသာစာရင်းဝင် ဖြစ်နေခဲ့ပေပြီ။

သူသည် မိဘမျိုးရိုးက ချမ်းသာသူဖြစ်သည့်အပြင် ၎င်းအနေဖြင့် လုပ်ရေကိုင်ရေကောင်းသောကြောင့်လည်း နှစ်ကာလအချိန်တိုအတွင်းမှာပင် မြိတ်မြို့၏ အချမ်းသာဆုံးစာရင်းဝင် ဖြစ်လာခဲ့ပေသည်။

မောင်မြတ်သာမှာ မွန်တိုင်းရင်းသားတစ်ဦးဖြစ်သည့်အပြင် ခေတ်ပညာကိုလည်း အတော်အသင့်တတ်ကျွမ်းလေသည်။ ထို့ပြင် ရုပ်ရည်ကလည်း ယောကျ်ားပီသသူတစ်ဦးဖြစ်သည်။

သို့ကြောင့် မောင်မြတ်သာကသာ စိတ်ဝင်စားမှုရှိပါက မြိတ်မြို့ပေါ် သာမကဘဲ အခြားအရပ်ဒေသများမှ လူကုံတန်သားသမီးများက လက်ခံကြမှာဖြစ်ပေသည်။

သို့သော် မောင်မြတ်သာက ထိုကိစ္စများကို စိတ်မဝင်စားပေ။ စီးပွားရေးအလုပ်တစ်ခုကိုသာ ဇောက်ချလုပ်ကိုင်လေသည်။

တစ်နေ့တော့ မိတ်ဆွေတစ်ယောက်က အတင်းခေါ်သောကြောင့် ရတနာဆောင်ကြာမြိုင်သို့ မမျှော်လင့်ဘဲ ရောက်သွားခဲ့လေသည်။

ထိုနေရာသည် သူ့အနေဖြင့် တစ်ခါတစ်ခေါက်မှ မရောက်ဖူးသေးသောနေရာဖြစ်သည်။

ထို့ပြင် အတွေ့အကြုံလည်း မရှိပေ။



ဆောင်ကြာမြိုင်ရောက်တော့ မြဒေဝီကိုယ်တိုင် မောင်မြတ်သာကို တွေ့ဆုံဧည့်ခံလေသည်။

မြဒေဝီ၏ ရုပ်ဆင်းအင်္ဂါနှင့် ဟန်အမူအယာကိုမြင်သောအခါ မောင်မြတ်သာမှာ စိတ်ထဲမှ များစွာအံ့သြနေမိလေသည်။

သူ့စိတ်ထဲမှာထင်ထားသော အခြေအနေနှင့် ယခုမျက်မြင်တွေ့မြင်နေရသော အခြေအနေမှာ များစွာကွာခြားနေလေတော့သည်။

ထိုအဆောင်အတွင်းမှာ တွေ့မြင်နေရသော အရာအားလုံးတို့မှာ သီးခြားနေရာတစ်ခုသို့ ရောက်နေရသကဲ့သို့ အသစ်အဆန်းများ ဖြစ်နေပေတော့သည်။

မောင်မြတ်သာ၏ အခြေအနေကို မြင်သောအခါ မြဒေဝီက သဘောကျနေလေသည်။

အမူအယာအကဲခတ်ကြည့်ရုံနှင့် ထိုနေရာမျိုးသို့တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသူမှန်း သိသာလေသည်။

"မောင်က ဒီနေရာကို တစ်ခေါက်မှမလာဖူးသေးဘူးထင်ပါရဲ့"

မောင်မြတ်သာက ကြောက်လန့်နေသော အမူအယာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"တခြားအရပ်ကလာတဲ့ ဧည့်သည်များလား"

ခေါင်းခါပြလေသည်။

မြဒေဝီကတော့ မောင်မြတ်သာ၏အမူအယာကို ကြည့်ကာ သဘောအကျကြီးကျကာ ပြုံးလိုက်လေသည်။ မြဒေဝီအနေ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထိုကဲ့သို့အတွေ့အကြုံမရှိသဖြင့် ကြောက်လန့်နေသူတို့နှင့် တွေ့ခဲ့ရဖူးသည်။ မည်ကဲ့သို့ ပြောဆိုဆက်ဆံရမည်ကိုလည်း သဘောပေါက်လေသည်။

နောက်ပိုင်းမှာတော့ မောင်မြတ်သာတစ်ယောက် မြဒေဝီ၏ကျောက္ကွင်းသို့ သက်ဆင်းခဲ့ရလေတော့သည်။

နောက်ပိုင်းမှာလည်း မောင်မြတ်သာမှာ အခြားအဖော်မပါသည့်တိုင် သူတစ်ယောက်တည်း ရတနာဆောင်ကြာမြိုင်သို့ သွားရောက်လေ့ရှိသည်။

မောင်မြတ်သာရောက်လာသည့်အခါ မြဒေဝီကအခြားဧည့်သည်များကို လက်မခံတော့ဘဲ သူနှင့်သာတွေ့ဆုံလေသည်။

ရတနာဆောင်ကြာမြိုင်တွင် မြဒေဝီနှင့်တွေ့ဆုံခွင့်ရသောကိစ္စမှာ မလွယ်လှပေ။

အချို့ အကြိမ်ကြိမ်တွေ့ဆုံခွင့်ရအောင် ကြိုးစားကြသော်လည်းမတွေ့ရပေ။ သို့ကြောင့် မကျေမနပ်ဖြစ်နေကြသည်။

မောင်မြတ်သာနှင့် ခင်မင်ရင်းနှီးသူအချို့ကပင် မောင်မြတ်သာအပေါ် မနာလိုဖြစ်ကြရသည်။

မောင်မြတ်သာ အနေဖြင့်လည်း မြဒေဝီနှင့်တွေ့ဆုံရပါများသောအခါ ပျော်မွေ့လာသည်။

စိတ်ထဲမှ စွဲလန်းမှုရှိလာသည်။

ပြောရလျှင်တော့ မြဒေဝီအပေါ်မှာ ချစ်ခင်နှစ်သက်မှုဖြစ်လာလေသည်။

သွားတွေ့သည့်အခါတိုင်း ငွေကြေးပေးပြီး ပျော်ပါးရ



သော ဆောင်ကြာမယ်တစ်ဦးအနေမျိုးမဟုတ်တော့ဘဲ ချစ်သူတစ်ယောက်နှင့် သွားရောက်တွေ့ရသကဲ့သို့ ဖြစ်လာလေသည်။

မြဒေဝီအနေဖြင့်လည်း မောင်မြတ်သာကဲ့သို့ပင် ခံစားရလေသည်။

မောင်မြတ်သာအပေါ်မှာ ငွေပေးသဖြင့် ဝတ်ကြေတမ်းကြေ ဖြေဖျော်ပေးရသည်မျိုးမဟုတ်တော့ဘဲ ချစ်သူတစ်ယောက်ကို စိတ်ကျေနပ်မှုရအောင် ပြုစုပေးရသကဲ့သို့ စိတ်ပါလက်ပါပြုစုပေးလေသည်။

"မောင်တော့ ဒေဝီအပေါ်မှာ စိတ်ထဲမှာ နှစ်နှစ်ကာကာနဲ့ချစ်နေမိပြီ၊ ဖြစ်နိုင်ရင်တော့ ဒေဝီနဲ့လက်ထပ်ပြီး အတူတူနေချင်ပြီ. . "

ဟု ပြောလေသည်။

"ကျွန်မလည်း မောင့်ကိုလိုပဲ သဘောထားရှိပါတယ် ဒါပေမယ့် မဖြစ်နိုင်ပါဘူး မောင်ရယ်"

"ဘာကြောင့် မဖြစ်နိုင်တာလဲ"

"ကျွန်မလိုမိန်းမတစ်ယောက်ကို လက်ထပ်ယူရင် မောင့်ကို အားလုံးက ဝိုင်းပြီးကဲ့ရဲ့ကြမှာပေါ့၊ မောင့်ကို ဒီလိုအဖြစ်မျိုးနဲ့တော့ မကြုံစေချင်ပါဘူး"

"တကယ်တော့ဒါတွေက သတ်မှတ်ချက်တွေပါ၊ တကယ်ချစ်ကြတဲ့သူတွေအတွက် ဒါတွေမလိုပါဘူး၊ ဒေဝီသာလက်ခံပေးမယ်ဆိုရင် ဒီဘဝက ရုန်းထွက်ချင်တယ်ဆိုရင် အဝေးကိုခေါ်သွားပေးနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"တစ်ချိန်ကျရင်တော့ မောင်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာမှာပါ၊ အခုအခြေအနေမှာတော့ ဒီလိုပဲနေသွားကြတာပေါ့ မောင်ရယ်"

ဟု နှစ်သိမ့်မှုပေးလေသည်။

မောင်မြတ်သာကတော့ ထိုသို့ပြောသည်ကို သဘောမကျပေ။ သို့သော် ယခုအခြေအနေမှာတော့ ဘာမှ မတတ်သာပေ။

မောင်မြတ်သာမှာ လူငယ်လူရွယ်တစ်ယောက်ပင်ဖြစ်သော်လည်း ၄င်းလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများကတော့ အတော်ပင်များပြားလေသည်။

ကုန်သည်လုပ်ငန်း၊ ပုလဲအရောင်းအဝယ်လုပ်ငန်းတို့အပြင် ဗြိတိသျှဘုရင့်ရေတပ်မတော်နှင့် မြိတ်တွင်အခြေချနေသော ဗြိတိသျှစစ်တပ်များသို့ ရိက္ခာပေးသွင်းခွင့် တင်ဒါကိုလည်း တစ်ဦးတည်းရရှိထားသူဖြစ်လေသည်။

လစဉ် ရေတပ်မတော်နှင့်၊ စစ်တပ်သို့ရိက္ခာပေးသွင်းရခြင်းမှရရှိသော အကျိုးအမြတ်ကလည်း များစွာရရှိလေသည်။

သို့သော်လည်း အစိုးရသို့ရိက္ခာပေးသွင်းရသော အလုပ်မှာ ဝင်ငွေကောင်းသည်ဆိုသော်လည်း၊ အကျိုးအမြတ်များသည်ဆိုသော်ငြားလည်းများစွာ တာဝန်ကြီးသောလုပ်ငန်းမျိုး ဖြစ်ပေသည်။

အစိုးရဆိုသည်ထက် စစ်တပ်ကိုရိက္ခာပေးသွင်းရသောအလုပ်မှာ များစွာတာဝန်ကြီးလှပေ၏။



အမှားအယွင်းတစ်စုံတစ်ခု ဖြစ်ပါက ချက်ခြင်းဒုက္ခရောက်သွားနိုင်သည်။ ဓားသွားပေါ်မှ ပျားရည်စက်ကိုလျှက်ရသတဲ့သို့ များစွာအန္တရာယ်များသော အလုပ်မျိုးလည်းဖြစ်ပေသည်။

မောင်မြတ်သာမှာ အသက်အရွယ်ငယ်သူပင်ဖြစ်သော်လည်း အမျှော်အမြင်ကြီးသူတစ်ဦးဖြစ်သည်။

ထို့ပြင်အလုပ်လုပ်သော နေရာမှာလည်း စေ့စပ်သေချာမှုရှိလေသည်။

ပေါင်းသင်းဆက်ဆံရေးကောင်းသူတစ်ဦး ဖြစ်သောကြောင့် ရပ်ဝေးရပ်နီးမှ ကုန်သည်ပွဲစားများ၊ အရောင်းအဝယ်ပြုလုပ်နေသူများက မောင်မြတ်သာနှင့် လာရောက်အဆက်အသွယ်ပြုကြရလေသည်။

မောင်မြတ်သာက အစိုးရစစ်တပ်သို့ ရိက္ခာပေးသွင်းရန်အတွက် ကုန်ပစ္စည်းများစွာ လိုအပ်လေသည်။

ဆန်၊ ပဲ စသောအစားအသောက်များကို အပြတ်ခံ၍မရပေ။ အခြားစားသောက်ကုန်ပစ္စည်းများလည်း ထိုနည်းအတိုင်းပင်ဖြစ်လေသည်။

ပေးသွင်းရသည့် ရိက္ခာများကို သူ့ရက်နှင့်သူ ပြည့်စုံအောင်ပေးသွင်းခြင်း မပြုနိုင်ပါက အပြစ်တင်ခြင်းခံရသည်။

စစ်တပ်အရာရှိများက မောင်မြတ်သာအား ခေါ်ယူပြီး သတိပေးခြင်းကို ခံရလေသည်။

သို့ကြောင့် ပေးသွင်းရမည့် ရိက္ခာပစ္စည်းများမပြတ်စေရန် များစွာဂရုစိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကုန်ပစ္စည်းများ အလျှင်မပြတ်စေရန် နယ်မှာရှိသော ဖောက်သည်များ၊ မြို့ခံကုန်သည်ပွဲစားများနှင့် အဆက်အသွယ်ပြုထားရလေသည်။ သို့ကြောင့် မောင်မြတ်သာနေထိုင်သောနေအိမ်မှာ လူအဝင်အထွက် အတော်ပင်များလေသည်။

မောင်မြတ်သာနေသောနေရာမှာ မြိတ်မြို့စွန်တစ်နေရာတွင်ဖြစ်ပြီး ကြီးမားသောအဆောက်အအုံကြီး ဖြစ်ပေသည်။ ခြံဝန်းကျယ်ကြီးထဲတွင် လူနေသောအဆောက်အအုံများ၊ အလုပ်သမားများနေသော တန်းလျားဆောင်များ၊ ကုန်ပစ္စည်းအမျိုးမျိုးတို့ သိုလှောင်ထားသော ဂိုဒေါင်ကြီးများရှိသည်။

မောင်မြတ်သာတို့ မိသားစုနေထိုင်သော အိမ်ကြီးမှာ သီးခြားရှိလေသည်။ မြစ်ကမ်းနှင့် မနီးမဝေးမှာရှိပြီး ပင်လယ်ဘက်ကို ကောင်းစွာလှမ်းမြင်နိုင်သော အခြေအနေမျိုးလည်း ရှိပေသည်။

ဂိုဒေါင်ကြီးများရှိသောနေရာနှင့် တစ်ဆက်တည်း ရေစပ်ရောက်သည်အထိ တံတားရှည်ကြီးနှစ်စင်း ထိုးထားလေသည်။ လှေ၊ သင်္ဘောတို့မှာ ရေတက်ချိန် ရေပြည့်ချိန်ရောက်သောအခါ တံတားအခြေထိရောက်အောင် ဝင်ရောက်ဆိုက်ကပ်နိုင်ရန် စီစဉ်ထားလေသည်။ ထိုတံတားမှာလည်း ဝင်ရောက်ဆိုက်ကပ်ထားသော ကတ္တူလှေများ၊ သင်္ဘောအချို့ ရှိနေကြသည်။

မောင်မြတ်သာမှာ မြဒေဝီအပေါ်မှာ စွဲလမ်းမှုဖြစ်နေသဖြင့် အလုပ်အားသည်နှင့် ဆောင်ကြာမြိုင်သို့သွားရောက်လေ့ရှိသော်လည်း အလုပ်တာဝန်များကိုတော့ ပျက်ကွက်မှုမရှိအောင် များစွာဂရုစိုက်ရလေသည်။



တစ်နေ့တော့ သူရှိနေသောနေရာသို့ ဧည့်သည်အချို့ ရောက်လာလေသည်။ ကုန်သည်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူဖြစ်သောကြောင့် ဧည့်သည်များနှင့် တွေ့ရကြုံရသည်ကတော့ အဆန်းတကြယ်မဟုတ်ပါချေ။ သို့သော် ယခုရောက်လာသော ဧည့်သည်များကတော့ ထူးခြားမှုရှိလေသည်။

စုစုပေါင်း (၅)ယောက်ဖြစ်သည်။

ငါးယောက်စလုံး အဝတ်မည်းကြီးများ ခြုံထားကြသည်။ ဦးခေါင်းအထိ ခြုံထားသောကြောင့် ၎င်းတို့မျက်နှာကို မမြင်ရသော။

မောင်မြတ်သာကတော့ ထူးထူးခြားခြား ရောက်လာသောဧည့်သည်များ သီးခြားနေရာ၌ ဧည့်ခံလေသည်။ ဧည့်သည်တို့အား အိမ်ရှင်တို့ဝတ္တရားရှိသည့်အတိုင်း အစားအသောက်ဖြင့် ဧည့်ခံရင်းမှ လာရင်းကိစ္စကို မေးမြန်းရပေသည်။

"ဘယ်လိုအကြောင်းကိစ္စရှိလို့ ရောက်လာကြတာပါလဲ"

"ကျုပ်တို့က ပင်လယ်ထဲက ကျွန်းတစ်ကျွန်းမှာ နေကြပါတယ်။ ကျုပ်တို့နေတဲ့ကျွန်းမှာ ထူးဆန်းတဲ့ ကော်ဖီပင်တစ်မျိုး ပေါက်ပါတယ်"

"ထူးဆန်းတဲ့ ကော်ဖီပင်ဆိုတော့ ဘယ်လိုအပင်မျိုးပါ

www.burmeseclassic.com

www.burmeseclassic.com

"ကော်ဖီပင်ကတော့ သာမန်ကော်ဖီပင်တွေနဲ့ ဘာမှ မခြားလှပါဘူး၊ ဒါပေမယ့် အဲဒီအပင်ကရတဲ့ ကော်ဖီစေ့တွေကတော့ တခြားကော်ဖီပင်ကရတဲ့ ကော်ဖီစေ့နဲ့အရသာ မတူပါဘူး"

"ဘယ်လို များကွာခြားလို့လဲ"

"ခါးသက်တဲ့အရသာကြောင့် စိတ်ကိုရွှင်လန်းမှုဖြစ်စေသလို အာရုံထဲမှာ ထူးခြားတဲ့ခံစားမှုတွေကိုလည်း ပေးနိုင်ပါတယ်"

ဟုပြောဆိုကာ ဦးဆောင်ပြီးလာသူက ၎င်းထံမှ အိတ်ငယ်တစ်လုံးကိုထုတ်ပြီး မောင်မြတ်သာရှေ့သို့ ချပေးလိုက်လေသည်။

ထိုကဲ့သို့ ချပေးလိုက်စဉ်ကပင် သင်းပျံ့သော ရနံ့တစ်မျိုးကို ရလေသည်။

"ဒါ ထူးဆန်းတဲ့ ကော်ဖီပင်ကရတဲ့ ကော်ဖီစေ့နဲ့ ပြုလုပ်ထားတဲ့ ကော်ဖီမှုန့်ပါပဲ ခင်ဗျားအနေနဲ့ လက်တွေ့သောက်သုံးကြည့်နိုင်ပါတယ်"

ဟုပြောသဖြင့် ထိုအထုပ်ကိုယူပြီး ချည်ထားသောကြိုးကိုဖြေပြီး ဖွင့်ကြည့်လိုက်သည်၊

ထိုကဲ့သို့ ဖွင့်ကြည့်စဉ်ကပင် သင်းပျံ့သောရနံ့တစ်မျိုး ရသောကြောင့် စိတ်ထဲမှာ လန်းဆန်းလာသကဲ့သို့ ထင်မိလေသည်။ ထို့နောက် ရေနွေးပန်းကန်များ ယူလာစေပြီး ကော်ဖီမှုန့်ကို ဖျော်သည်။





ထိုသို့ဖျော်ရာမှာတော့ ခေါင်းဆောင်လာသူကပင် ကိုယ်တိုင်ကိုယ်ကျဖျော်ပြီး သူ့အတွက် တစ်ခွက်ယူထားပြီး မောင်မြတ်သာအတွက် တစ်ပန်းကန် ဖျော်ပေးလေသည်။ မောင်မြတ်သာက ကော်ဖီပန်းကန်ကိုယူပြီး သောက်ကြည့်သည်။

သူသောက်ဖူးခဲ့သမျှ ကော်ဖီအရသာများထဲမှာတော့ အကောင်းဆုံးအရသာပင် ဖြစ်ပေတော့သည်။

ခေတ်ကာလအချိန်မှာ စစ်ဘေးစစ်ဒဏ်သင့်နေသည့် အချိန်ကာလ ဖြစ်သည်ကတစ်ကြောင်း၊ ဂျပန်ခေတ်အလွန်ကာလလည်း ဖြစ်သည်ကတစ်ကြောင်းကြောင့် အရပ်ဒေသအသီးသီးတို့တွင် အစားအသောက်ရှားပါးခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းတို့ဖြင့် ကြုံတွေ့နေရသောအချိန်လည်း ဖြစ်ပေသည်။ အစားအသောက် ကောင်းကောင်းများလည်း မစားသောက်ကြရပေ။

ထိုအချိန်အခါမျိုးတွင် ယခုကဲ့သို့ အရသာထူးကဲလှသော ကော်ဖီမျိုးသောက်ရသည်ကတော့ အတော်ပင်ကံကောင်းသည်ဟု ဆိုရပေတော့မည်။

ကော်ဖီမှုန့်အရောင်ကတော့ သာမန်တွေ့နေကျကော်ဖီမှုန့်များကဲ့သို့ နီညိုရောင်မဟုတ်ပေ။ သွေးဆေးမှုန့်ကဲ့သို့ အနီရောင်သမ်းနေလေသည်။

ရေနွေးဖြင့်ဖျော်လိုက်တော့လည်း သွေးဆေးကို ရေဖြင့်ဖျော်သကဲ့သို့ အနီရောင်သမ်းနေလေသည်။

အရသာကတော့ သာမန်ကော်ဖီအရသာတို့ထက်များစွာသာလွန်ကောင်းမွန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်သာက ကော်ဖီပန်းကန်ကို စိမ်ပြေနပြေအရသာခံပြီးသောက်နေသည်ကို ရှေ့မှာရှိနေကြသော လူငါးယောက်တို့ကလည်း ကော်ဖီသောက်ရင်းနှင့် ကြည့်နေကြသည်။

သောက်ပြီးသွားတော့မှ မေးသည်။

"ဘယ်လိုအရသာမျိုး ရှိပါသလဲ"

"အရသာကတော့ သောက်နေကျကော်ဖီအရသာတွေနဲ့မတူဘူး အတော့်ကိုကောင်းပါတယ်၊ ဒီလိုထူးဆန်းတဲ့ကော်ဖီပင်မျိုးတွေရှိနေတာတောင် မသိပါဘူး၊ ဒါထက် မေးပါရစေဦး ခင်ဗျားတို့နေတဲ့ကျွန်းပေါ်မှာ အဲသည်လို အရသာထူးတဲ့ကော်ဖီပင်မျိုးတွေ အတော်များများရှိသလား"

"ရှိပါတယ် ဒါကြောင့် အကြံအစည်တစ်ခုရှိလို့ ရောက်လာကြတာပါ"

"ဘယ်လိုအကြံအစည်မျိုးလဲ"

"ကျုပ်တို့ကျွန်းက ထွက်တဲ့ကော်ဖီမှုန့်တွေကို အင်္ဂလိပ်တွေဆီမှာသွင်းချင်တယ်၊ ခင်ဗျားက အင်္ဂလိပ်တွေကို ရိက္ခာသွင်းတဲ့ ကိုယ်စားလှယ်လို့ သိရပါတယ်၊ ဒါကြောင့် ကျုပ်တို့ကော်ဖီမှုန့်တွေကိုသွင်းပေးပါ၊ တကယ်လို့အဆင်ပြေရင် ရတဲ့အကျိုးအမြတ်ကိုတစ်ဝက်ခွဲပေးပါ့မယ်"

ဟု ပြောလေသည်။

သည်တော့မှ မောင်မြတ်သာလည်း ၄င်းတို့၏လာရင်းကိစ္စကို သဘောပေါက်သွားရပေတော့သည်။

"ဒီကိစ္စကတော့ လွယ်တဲ့ကိစ္စမျိုးတော့ မဟုတ်ပါဘူး



အင်္ဂလိပ်တွေက တခြားသူကို ယုံလွယ်မှုမရှိကြဘူး၊ ဒါပေမယ့် ကျွန်တော့်အနေနဲ့တော့ တတ်နိုင်သလောက် ကြိုးစားပေးပါ့မယ်၊ ဒါထက်ခင်ဗျားတို့နဲ့ အဆက်အသွယ်ပြုချင်ရင်ကော ဘယ်လိုဆက်သွယ်ရမလဲ"

ကိစ္စမရှိပါဘူး၊ ခင်ဗျားဘက်ကသာ အဆင်ပြေအောင်ဆောင်ရွက်ထားပေးပါ၊ ကျုပ်တို့နောက်တစ်ခေါက် လာတွေ့ပါဦးမယ်"

"ခင်ဗျားတို့နေတဲ့ ကျွန်းရှိတဲ့နေရာကိုရော ပြောပြထားခဲ့လို့ဖြစ်မလား"

"ဒါကတော့ သည်းခံပါ၊ ကျုပ်တို့နေတဲ့ ကျွန်းနေရာကိုဘယ်သူမှ အသိမခံချင်တာနဲ့ လျှို့ဝှက်ထားကြတာပါ. ."

ဟုပြောဆိုပြီး နေရာမှထပြန်သွားကြလေသည်။

ထိုသို့ပြန်သွားတော့မှ ၄င်းတို့အထဲမှတစ်ယောက်၏မျက်နှာမှာ အမှတ်တမဲ့ အဝတ်စလန်သွားသဖြင့် တစ္စန်းတစပြင်ထိုက်ရလေသည်။

လူမျက်နှာနှင့်မတူဘဲ ကြောက်စရာကောင်းသော မျက်နှာမျိုးဖြစ်သည်ကိုတော့ သတိပြုမိလိုက်လေသည်။

ထိုကဲ့သို့ လူစိမ်းဧည့်သည်ငါးယောက် ရောက်လာပြီးတစ်လခန့် အချိန်ကြာသောအခါမှာတော့ မောင်မြတ်သာလည်းပျောက် ပျောက်ချင်းမလှ ပျောက်သွားလေတော့သည်။

ထိုသတင်းကိုကြားသဖြင့် မြဒေဝီကိုယ်တိုင် ရောက်လာ၍ သတင်းစုံစမ်းသော်လည်း သတင်းအစအနမျှပင် မကြားရ

www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။

သို့ကြောင့် မြဒေဝီလည်းပူဆွေးသောက ရောက်ရလေ
တော့သည်။

မောင်မြတ်သာနှင့်ခင်မင်သော မိတ်ဆွေအပေါင်းအ
သင်းများကတော့ ထူးထူးခြားခြားပျောက်သွားသော မောင်မြတ်
သာအကြောင်းကို သို့လောသို့လော တွေးတောနေကြရုံမှတပါး
အခြားဘာမှ သတင်းမသိကြရတော့ပေ။



## အခန်း ( ၆ )

# မြဒေဝီနှင့် ရေဘီလူးရန်စွယ်

အချိန်က ညဦးပိုင်းအချိန်ကို ကျော်လွန်လာခဲ့လေပြီ။ ကောင်းကင်တွင် လရောင်ရှိသော်လည်း တိမ်များ၊ မြူများ ဖုံးနေသောကြောင့် အလင်းရောင်က ပိုးတဝါးမျှသာ ရှိနေသည်။ ညောက်ချိန်ဖြစ်သောကြောင့် ပင်လယ်ပြင်မှာ လှိုင်းလုံးများ အသင့်အတင့်ရှိနေလေသည်။ လရောင်ဖြင့် ထိတွေ့သွားသော လှိုင်းလုံးများမှာ ငွေရောင်တလက်လက် တောက်ပနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီရေအမြင့်ဆုံးအချိန် ဖြစ်သောကြောင့် ပင်လယ်ရေက ကမ်းခြေအထိ လာရောက်ရိုက်ခတ်နေသည်။ ကမ်းခြေတစ်လျှောက်မှာရှိသော ကျောက်တုံးကျောက်ဆောင်များနှင့် ထိတွေ့သောအခါ တဝုန်းဝုန်းဖြင့် အသံမြည်ကာ ရေပန်းများက ဖြာထွက်သွားကြလေသည်။

ယခုလို ညဦးပိုင်းအချိန်ရောက်လာပါက အခြားနေရာများမှာ မီးရောင်မရှိသဖြင့် မှောင်နေသော်လည်း ငါးဖမ်းလှေများ၊ သင်္ဘောများဖြင့် အဝင်အထွက်များသော ဆိပ်ကမ်းတစ်လျှောက်မှာတော့ နေရာအနှံ့အပြား မီးရောင်များရှိသည်။ လူသွားလူလာများလည်း ရှိနေကြသည်။

ထိုအချိန်မျိုးရောက်လျှင်တော့ ရတနာဆောင်ကြာမြိုင်ရှိသော နေရာတစ်ဝိုက်မှာတော့ လူသွားလူလာမရှိသလောက် ရှင်းသွားလေပြီ။ သို့သော်လည်း . အဆောက်အဦးအတွင်း၌ အချို့နေရာများတွင် မီးအိမ်များထွန်းထားသောကြောင့် အလင်းရောင်များတော့ ရှိနေသေးသည်။

နေ့ဘက်အချိန်များတွင် လူအဝင်အထွက် ရှိခဲ့သော (အထူးသဖြင့် အင်္ဂလိပ်စစ်တပ်မှစစ်သားများ) ရတနာဆောင်ကြာမြိုင်မှာ ညဦးပိုင်းကျော်သည်နှင့် လူရှင်းသွားပေပြီ။ ထိုအချိန်ရောက်တော့မှပင် ဆောင်ကြာမယ်များလည်း နားခွင့်ရကြလေသည်။

တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန် ရောက်သောအခါ ကျောက်ဆောင်ကျောက်တုံးများကို လှိုင်းလုံးကြီးများလာရောက်



ရိုက်ပုတ်ရာမှ ထွက်ပေါ်လာသော တဝုန်းဝုန်းဆူညံနေသံများမှ လွဲပြီးအခြားအသံများ မကြားရသလောက် တိတ်ဆိတ်သွားလေသည်။

ထိုအချိန်ရောက်သောအခါမှ ရေစပ်၌ရှိသော ကျောက်တုံးကျောက်ဆောင်များ နောက်ဘက်မှာ လူအချို့ထွက်လာကြလေသည်။

တစ်ကိုယ်လုံးအဝတ်မည်းကြီးများ ခြုံထားသော လူငါးယောက်ပင် ဖြစ်ကြလေသည်။ ၎င်းတို့ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော အဝတ်မည်းကြီးများက အမှောင်ရိပ်များနှင့် တသားတည်းဖြစ်နေပေရာ အကာအကွယ်ပေးထားသကဲ့သို့ ရှိလေသည်။

ထိုလူငါးယောက်တို့သည် ဖျတ်လတ်သွက်လက်စွာဖြင့် ဆောင်ကြာမြိုင်အပေါ်သို့ တက်သွားကြလေသည်။ ဆောင်ကြာမြိုင်မှာ မိန်းမများချည်း (၁၅)ယောက်ရှိပြီး တံခါးစောင့်အဖြစ်ထားသော ယောက်ျားသုံးယောက်တော့ ရှိပေသည်။

ထိုယောက်ျားသုံးယောက်တို့မှာလည်း ယခုကဲ့သို့ ညပိုင်းအချိန်ရောက်သည်နှင့် ကင်းစောင့်သူကစောင့်ပြီး၊ ဘိန်းပြောင်းဖြင့် မှိန်းသူကမှိန်းနေကြပေပြီ။

ထိုအချိန်မှာပင် အဝတ်နက်ခြုံထားသော လူမည်းကြီးများရောက်လာပြီး တိုက်ခိုက်သဖြင့် သုံးယောက်စလုံးနေရာမှ မထနိုင်ကြတော့ဘဲ မှောက်သွားကြလေတော့သည်။ ထိုအခါ မြဒေဝီနေသော အဆောင်ဘက်သို့ ပြေးသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မြဒေဝီမှာ အဝတ်အစားလဲပြီး အနားယူနေသောအချိန်လည်း ဖြစ်လေသည်။ သူမသည် ပြတင်းပေါက်တံခါးကိုဖွင့်ပြီး ပင်လယ်ပြင်ဘက်သို့ လှမ်းမျှော်ကြည့်နေလေသည်။ လှိုင်းတဖွေးဖွေးထနေသော ပင်လယ်ပြင်ပေါ်တွင် လရောင်ဆမ်းထားသောကြောင့် ငွေရောင်တလက်လက် တောက်ပနေလေတော့သည်။

ပင်လယ်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော ပင်လယ်လေကို ရှူရသည်ကပင် စိတ်ကိုလန်းဆန်းကြည်လင်မှု ဖြစ်ရလေသည်။

ထိုအခိုက်မှာပင် သူမအခန်းတွင်းသို့ လူမည်းကြီးများဝင်ရောက်လာလေသည်။ ရုတ်တရက်အခန်းတွင်းသို့ ဝင်လာသော လူမည်းကြီးများကို တွေ့မြင်လိုက်ရသောအခါ မြဒေဝီမှာ များစွာ ထိတ်လန့်သွားလေသည်။

"ဟင် . . ရှင်တို့ဘယ်သူတွေလဲ"

ထိုသို့မေးသော်လည်း ဘာမှပြန်မပြောဘဲ သူမအနီးသို့ တိုးကပ်လာကြရာများစွာ ကြောက်ရွံ့သွားလေသည်။

"ရှင် . . ရှင်တို့ ဘာလုပ်ကြမလို့လဲ"

"ငါတို့နောက်ကို လိုက်ခဲ့ပါ"

"ဟင် . . ဘယ်နေရာကို လိုက်ရမှာလဲ"

"ငါတို့နေတဲ့ မရဏာကျွန်းကို လိုက်ခဲ့ပါ၊ ငါတို့ဆရာကြီးက နင့်ကိုအလိုရှိတယ်"

"အို . . မလိုက်ဘူး၊ မလိုက်နိုင်ဘူး"



မြဒေဝီက ခါးခါးသီးသီးငြင်းဆန်သော်လည်း လူမည်းကြီးများက ရှေ့သို့တိုးလာကြသည်။

"မလိုက်လည်း ရအောင်ခေါ်သွားရမှာပဲ"

ဟုပြောဆိုကာ မြဒေဝီအား ဝိုင်းဝန်းချုပ်နှောင်ကြရာ ကြောက်လန့်တကြား အော်ဟစ်ရုန်းကန်နေရင်းမှပင် သတိမေ့သွားလေတော့သည်။ မြဒေဝီသတိမေ့သွားသောအခါ လူမည်းကြီးတစ်ယောက်က ပွေ့ချီပြီးနောက် အပြင်သို့ပြန်ထွက်လာကြလေသည်။

တစ်နေရာသို့ ရောက်သောအခါ အမှောင်ရိပ်အတွင်းမှ ထွက်လာသောလူနှစ်ယောက်က လူမည်းကြီးများကို ဝင်ရောက်တိုက်ခိုက်ကြလေသည်။

ဝင်ရောက်တိုက်ခိုက်သူ နှစ်ယောက်မှာ အခြားသူများ မဟုတ်ပေ။ ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်ပင်ဖြစ်ကြလေသည်။ ၎င်းတို့နှစ်ယောက်သည် မြိတ်သို့လာစဉ်ကပင် အတူတကွလာရောက်ကြခြင်း ဖြစ်သော်လည်း မြိတ်သို့ရောက်သောအချိန်မှစပြီး နေရာခွဲကာ သိလိုသောသတင်းများကို စုံစမ်းနေကြခြင်းဖြစ်သည်။

ယခု အကြောင်းကိစ္စပေါ်သောအခါမှပင် နှစ်ယောက်အတူပေါင်းပြီး ဆောင်ရွက်ကြခြင်းဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်တို့ ဝင်ရောက်တိုက်ခိုက်သောအခါ လူမည်းကြီးများကလည်း ပြန်လည်တိုက်ခိုက်ကြလေသည်။

"တတ်နိုင်သမျှ သေနတ်ကိုမသုံးနဲ့၊ သူတို့ဆီမှာ ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ထန်တဲ့ အဆိပ်တွေရှိနိုင်တယ် သတိထား”

ဟု ဒေါက်တာမင်းထင်ကျော်က သတိပေးလိုက်သည်။ ကျော်စွာကလည်း သဘောပေါက်သော အမူအယာဖြင့် ခေါင်းတစ်ချက်ညိတ်ပြလေသည်။ သူတို့က နှစ်ယောက် လူမည်းကြီးကငါးယောက်ဖြစ်သော်လည်း တိုက်ခိုက်မှုစွမ်းရည်ကတော့ အတော်ပင်ကွာခြားလှပေသည်။

တစ်ကြိမ်မှာတော့ လူမည်းကြီးသုံးယောက်တို့က ဒေါက်တာမင်းထက်ကျော်ကို ဝိုင်းဝန်းတိုက်ခိုက်ကြရာ ထွက်ပေါက်ပိတ်သွားလေသည်။

ထိုအခြေအနေတွင် လူမည်းကြီးတစ်ယောက်က အဆိပ်ထည့်ထားသော လက်သည်းဖြင့် ကုတ်ခြစ်တိုက်ခိုက်ရန် နောက်မှခုန်ဝင်လာလေသည်။

ဒေါက်တာမင်းထင်ကျော်က မမြင်သော်လည်း မနီးမဝေးမှာရှိနေသော ကျော်စွာကမြင်သဖြင့် သေနတ်ဖြင့်ပစ်ကာတားဆီးရလေသည်။

“ဒိုင်း”

ဒေါက်တာမင်းထင်ကျော်ကို အဆိပ်လက်သည်းဖြင့်ကုတ်ရန်ဝင်လာသော လူမည်းကြီးမှာ နံဘေးသို့လဲကျသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်မသုံးရန်မှာထားသော်လည်း မတတ်သာတော့ပေ။ သေနတ်သံပေါ်ထွက်လာပြီးနောက်မှာတော့ ရေစပ်ရှိကျောက်တုံးများကြားမှ ပုန်းကွယ်နေ



သော လူမည်းကြီးများ ထပ်ထွက်လာပြီးနောက် ဆောင်ကြာမြိုင်ပေါ်သို့ တက်လာကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့က နှစ်ယောက်သာရှိသော်လည်း လူမည်းကြီးများကတော့ (၁၀)ယောက်ထက်မနည်းရှိလာကြသည်။

ထိုအချိန်မှာပင် သေနတ်သံကြားသဖြင့် မေဂျာဝီလျံခေါင်းဆောင်သော ဂေါ်ရခါးစစ်သားများ ရောက်လာကြလေသည်။ သူတို့ရောက်လာသောအချိန်မှာ လူမည်းကြီးများကို တိုက်ခိုက်နေသော လူနှစ်ယောက်ကို လှမ်းမြင်သဖြင့် မေဂျာဝီလျံမှာ အံ့သြသွားလေသည်။

“ဟိုလူနှစ်ယောက်က ဘယ်သူတွေလဲ”

နံဘေးမှာရှိနေသော မစ်ဆင်ဂျာကို လှမ်းမေးလိုက်သည်၊

“ကျွန်တော်လည်း မသိဘူး၊ ကြည့်ရတာကတော့ ဒီနယ်သားတွေ ဟုတ်ပုံမရဘူး”

ဟု ပြောပြောဆိုဆိုနှင့်ပင် လူမည်းကြီးများကို သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်ရာ အချို့လဲကျသွားကြပြီး၊ အချို့ကတော့ အောက်သို့ခုန်ချပြီး ထွက်ပြေးသွားကြလေသည်။ ဂေါ်ရခါးစစ်သားများက ၄င်းတို့ထွက်ပြေးသွားသောနောက်မှ လိုက်သွားသော်လည်း မတွေ့ရတော့ပေ။ ပင်လယ်ပြင်မှာ လှော်ခတ်သွားသောလှေလည်း မတွေ့ရ၊ ရေပြင်ပေါ်မှာလည်း တစ်စုံတရာမတွေ့ရသဖြင့် အံ့သြနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ်းစပ်တစ်လျှောက်တွင်ရှိသော ကျောက်တုံးကျောက်ဆောင်များကြားမှာ ပုန်းခိုနေသလားထင်သဖြင့် လက်နှိပ်မီးရောင်များဖြင့်ထိုးကာ စေ့စေ့စပ်စပ် လိုက်လံရှာဖွေသော်လည်း အစအနမျှပင် မတွေ့ရတော့ပေ။

နေရာအနှံ့ လိုက်လံရှာဖွေသော်လည်း မတွေ့ရတော့မှ လက်လျှော့ကာ အပေါ်ပြန်တက်လာကြလေသည်။ ဂေါ်ရခါးစစ်သားများ အပေါ်ပြန်ရောက်လာသောအခါ မေဂျာဝီလျှံက မေးလိုက်သည်။

"ရှာတွေ့ခဲ့သလား"

"တစ်ယောက်မှ မတွေ့ခဲ့ဘူးဆရာ"

"ပင်လယ်ထဲကို လှေနဲ့ထွက်ပြေးသွားတာဖြစ်မှာပေါ့"

"လှေလည်း တစ်စင်းမှမတွေ့ရဘူး"

"ကျောက်ဆောင်တွေကြားမှာ ပုန်းနေတာဖြစ်မှာပေါ့"

"ကျောက်ဆောင်တွေကြားမှာလည်း တစ်ယောက်မှ မတွေ့ခဲ့ရဘူး"

မေဂျာဝီလျှံက ဂေါ်ရခါးစစ်သားများကို ဆဲဆိုကြိမ်းမောင်းနေလေသည်။

ဆောင်ကြာမြိုင်အပေါ်မှာတော့ သေနတ်ဒဏ်ရာကြောင့်လဲကျနေသော လူမည်းကြီးနှစ်ယောက် ကျန်နေခဲ့သည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်ကတော့ အခြားဘာကိုမှ ဂရုမစိုက်ဘဲ သေနတ်ဒဏ်ရာဖြင့် လဲနေသော လူမည်းကြီးနှစ်ယောက်ကို ကြည့်နေကြသည်။



ထိုအခိုက်မှာပင် သူတို့အနီးသို့ မေဂျာဝီလျှံရောက်လာလေသည်။

သူ့နောက်မှာလည်း မစ်ဆင်ဂျာနှင့် ဂေါ်ရခါးစစ်သားအချို့ ပါလာလေသည်။ အနားရောက်လာတော့ ဝီလျှံက တင်းမာသောမျက်နှာဖြင့် ခါးထောက်ကြည့်ရင်းဖြင့် မေးလေသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ကျွန်တော့်နာမည် ဒေါက်တာမင်းထက်ကျော်ပါ။ သူကတော့ ကျော်စွာ"

"ဒီနေရာကို ဘာအတွက်ရောက်နေတာလဲ"

ဒေါက်တာမင်းထက်ကျော်က သဘောကျစွာ တစ်ချက်ပြုံးလိုက်ပြီး. . .

"ဆောင်ကြာမြိုင်ကို လာပါတယ်ဆိုမှ ဘာအတွက်လာတာလဲလို့မေးတော့ ဘယ်လိုပြန်ပြောရမှာလဲ"

"ဆောင်ကြာမြိုင်က ဒီအချိန်ဖွင့်တော့တာမှ မဟုတ်တာ"

"ကျွန်တော်တို့က တခြားနေရာက လာကြတာဆိုတော့ ဒီနေရာကအကြောင်းတွေကို ဘယ်သိပါ့မလဲ မိတ်ဆွေရယ်"

"ခင်ဗျားတို့နှစ်ယောက် ဆောင်ကြာမြိုင်ကိုလာတာ တခြားအကြောင်းတစ်ခုရှိသေးတယ် မဟုတ်လား"

"တခြားအကြောင်းရှိသလား၊ မရှိသလားတော့ မသိဘူး ဒီရောက်လာတော့ ဘီလူးတွေနဲ့တွေ့ပြီး တိုက်ခိုက်ရတော့တာပဲ"


www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရင်း ပြုံးနေလေသည်။

ဝီလျှံကတော့ ဒေါက်တာမင်းထက်ကျော်ပြောသော စကားကို ကျေကျေနပ်နပ်ဖြင့် လက်ခံချင်ပုံမရပေ။

"ကျွန်တော်တို့ မရောက်ခင်က သေနတ်သံကြားလိုက်တယ်၊ ခင်ဗျားတို့ပစ်တာ မဟုတ်လား"

"ဟုတ်တယ် ဒီသေနတ်သံကြောင့် ခင်ဗျားတို့ရောက်လာကြတာမဟုတ်လား"

"ကျွန်တော်က ကမ်းခြေစောင့်တပ်ဖွဲ့က မေဂျာဝီလျှံပဲ၊ ခင်ဗျားတို့ သေနတ်ကိုင်တာ လိုင်စင်ကောရှိရဲ့လား"

"သေနတ်ကိုင်တယ် ဆိုမှတော့ ကျွဲကျောင်းသားလောက်လေးခွ ကိုင်သလို ထင်တိုင်းကိုင်ချင်တိုင်း ကိုင်လို့ရတာမှမဟုတ်တာဗျာ၊ ခင်ဗျားမကျေနပ်ရင်လည်း ဒီမှာသာကြည့်ပေတော့"

ဟုပြောပြီး ကျော်စွာက ၄င်းကိုင်သော သေနတ်ကို ထုတ်ပြရာ ဒေါက်တာမင်းထက်ကျော်ကပါ ၄င်းကိုင်သော သေနတ်ကို ဂျာကင်အိတ်ထဲမှ ထုတ်ပေးလိုက်လေသည်။ ဝီလျှံက ၄င်းတို့ပေးသော သေနတ်နှစ်လက်စလုံးကို ယူပြီးအသေအချာကြည့်လေသည်။ သေနတ်ကိုမြင်ကတည်းက နည်းနည်းတော့ သဘောပေါက်သွားလေသည်။

၄င်းတို့ကိုင်သော သေနတ်အမျိုးအသားမှ စစ်ဘက်ဆိုင်ရာထောက်လှမ်းရေးဘက်မှ ပုဂ္ဂိုလ်များကိုင်သော သေနတ်မျိုးဖြစ်သည်ကို သိသဖြင့်နောက်ထပ် ထွေထွေထူးထူးထပ်



မမေးတော့ဘဲ သေနတ်နှစ်လက်ကို ပြန်ပေးလိုက်လေသည်။

ထိုအချိန်မှာပင် ဆောင်ကြာမြိုင်သို့ ဒေါက်တာကေသရီနှင့် စစ်သားအချို့ ရောက်လာကြသည်။ ကေသရီက ရောက်လာသည်နှင့် ကြမ်းပြင်ပေါ်မှာလဲကျနေသော လူမည်းကြီးနှစ်ယောက်တို့ တစ်ချက်ကြည့်လိုက်သည်။

"သူတို့ကို ဘယ်သူပစ်သတ်လိုက်တာလဲ"

"တစ်ယောက်ကတော့ တိုက်ခိုက်ရင်းနဲ့ထိပြီး သေသွားပုံရတယ်၊ တစ်ယောက်ကတော့ သူတို့ပစ်သတ်လိုက်တာ ဖြစ်ပုံရတယ်"

ဝီလျှံက ပြောပြသဖြင့် ကေသရီက ဒေါက်တာမင်းထင်ကျော်ရှိရာဘက်လျှောက်လာပြီး တစ်ချက်ကြည့်လိုက်လေသည်။

"ရှင်တို့က ဘယ်သူတွေလဲ"

"ဧည့်သည်တွေပါ"

"ဘယ်ကလာကြတာလဲ"

"ရန်ကုန်က လာကြတာပါ၊ ဒီရောက်တာမကြာသေးပါဘူး"

"ရှင့်နာမည် ဘယ်သူလဲ"

"ဒေါက်တာမင်းထင်ကျော်ပါ"

ကေသရီမှာ ဒေါက်တာမင်းထက်ကျော်နာမည် ကြားသောအခါ အနည်းငယ် အံ့ဩသွားဟန်ရှိလေသည်။

"ရှင်ဘာကြောင့် သူ့ကိုသတ်လိုက်တာလဲ"

"ဒီကမိန်းကလေး တစ်ယောက်ကိုအတင်းဖမ်းခေါ်သွား

www.burmeseclassic.com

www.burmeseclassic.com


ဖို့ ကြိုးစားနေတာတွေလို့ ဝင်ကယ်ပေးရင်းနဲ့ အခုလိုဖြစ်သွား တာပါ၊ သူတို့ကို တမင်သတ်တာတော့ မဟုတ်ပါဘူး"

ထိုစကားကြားတော့ ကေသရီက အတော်ကြာအောင် စဉ်းစားနေပြီးမှ မေးလေသည်။

"ရှင်က ဆရာဝန်တစ်ယောက်လား"

"ကျွန်တော်က ဆရာဝန်မဟုတ်ပါဘူး၊ သုတေသန ပညာရှင်တစ်ယောက်ပါ"

"တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ ကျွန်မနာမည် က ဒေါက်တာကေသရီပါ ရေကြောင်းပညာရှင်တစ်ယောက်ပါ"

"ကျွန်တော်ကလည်း ကေသရီနဲ့ဒီလိုနေရာမျိုးမှာ တွေ့ ရတာ အများကြီးဝမ်းသာပါတယ်"

ဟုပြောဆိုကာ လက်ဆွဲနှုတ်ဆက်လိုက်ကြလေသည်။ ထိုအခြေအနေကို မြင်သဖြင့် ဝီလျံကတော့ စိတ်ထဲမှ မကျေ နပ်ဖြစ်သွားလေသည်။

ထို့နောက် လဲကျနေသော လူမည်းကြီးရှိရာသို့ လျှော သွားကြသည်။ ထိုအချိန်တွင် အဆောင်အတွင်းမှာလည်း မီး များထွန်းလိုက်ပြီ ဖြစ်သောကြောင့် အလင်းရောင်များတော စွာရနေလေသည်။ သတိမေ့နေသော မြနဒေဝီကိုလည်း အ မိန်းကလေးများက ၄င်းအိပ်ခန်းရှိရာသို့ သယ်ယူသွားပြီး ဝိုင်း ပြုစုနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအကြောင်း လဲကျနေသော လူမည်းကြီးနှစ်ယောက်ကိုသာ စိတ်ဝင်စား သောကြောင့် ထိုနေရာသို့ သွားကြည့်လေသည်။

ထိုနေရာသို့ ကေသရီရောက်လာခြင်းမှာ အခြားမဟုတ် ပါချေ။ သူမက ရေကြောင်းပညာရှင်လည်းဖြစ်၊ ပင်လယ်ပြင်နှင့် ပတ်သက်ပြီးသုတေသနလုပ်ငန်းများ ပြုလုပ်နေသူလည်း ဖြစ် သောကြောင့် လူမည်းကြီးနှစ်ယောက်ကို ပြသရန်အတွက် သ တင်းပေးလိုက်သဖြင့် ကြည့်ရှုရန်ရောက်လာကြခြင်းဖြစ်လေ သည်။

တကယ်တော့ ကေသရီအနေဖြင့် ဆောင်ကြာမြိုင်လို နေရာမျိုးကို လာရောက်ရသည်ကိုပင် စိတ်ထဲမှရှက်ရွံ့မှုဖြစ်နေ ပေတော့သည်။

ယခုမမျှော်လင့်ဘဲ ဒီနေရာရောက်တော့မှ ဒေါက်တာ မင်းထင်ကျော်တို့နှင့် တွေ့ရသဖြင့် အနည်းငယ်စိတ်သက်သာ ရာရသွားခြင်းဖြစ်ပေသည်။

လူမည်းကြီးနှစ်ယောက် လဲကျနေခြင်းမှာ တစ်နေရာ တည်းတစ်နေရာ မကွာလှပေ။ တစ်ယောက်က အခန်းထောင့်တစ် နေရာမှာ ပက်လက်အနေအထားမျိုးဖြင့် လဲကျနေပြီး အခြား တစ်ယောက်က အခန်းအလယ်လောက်တွင် ပက်လက်အနေ အထားမျိုးဖြင့် လဲကျနေခြင်းဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က မှောက်လျက်လဲနေသူကို ပက်လက်လှန်လိုက်သည်၊ မျက်နှာပေါ်မှာ ဖုံးထားသော အဝတ် စကို ဖယ်ချလိုက်လေသည်။ ကြောက်စရာကောင်းသော မျက်နှာပုံပန်းသဏ္ဌာန်ကို တွေ့မြင်ရသောအခါ ဝီလျံအပါအဝင်


www.burmeseclassic.com

www.burmeseclassic.com



အတော်များများ ကြောက်ရွံ့စိတ်ဖြင့် နောက်သို့ဆုတ်သွားကြ လေသည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်ဓာတ်မီးဖြင့် မျက် နှာကို ထိုးကြည့်လိုက်သည်။ လူတစ်ယောက်ဟုသာ ဆိုရသော် လည်း လူတစ်ယောက်မျက်နှာမျိုး မဟုတ်တော့ပေ။

အနာကြီးရောဂါသည် တစ်ယောက်ကဲ့သို့ မျက်နှာတ ခုလုံး အဖုအပိမ့်ကြီးများထနေပြီး ရေညှိရေမှော်များကြော အစိမ်းရောင်သမ်းနေသည်။ သို့ကြောင့် ရုတ်တရက်ကြည့်လျှ လူတစ်ယောက်နှင့် မတူတော့ဘဲ ဘီလူးတစ်ကောင်နှင့် တူ ပေတော့သည်။ ဒေါက်တာမင်းထင်ကျော်က စမ်းသပ်ကြ တော့ အသက်မသေသေးဘဲ သတိမေ့နေဟန်တူလေသည်

"သူ မသေသေးဘူး၊ သတိမေ့နေတာဖြစ်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"သတိပြန်ရလာအောင် ဆေးကုပေးဖို့ လိုတယ်၊ လုံခြုံတဲ့နေရာမှာ ချုပ်နှောင်ထားပြီး သိချင်တာတွေမေးရ ကောင်းမယ်"

ဟုပြောပြီး အခြားတစ်ယောက်ကို စမ်းသပ်ကြည့်ရာ အခါ သေဆုံးနေပြီဖြစ်ကြောင်း သိရလေသည်။

"ကေသရီ ဘယ်လိုယူဆသလဲ"

"ကျွန်မလေ့လာဖူးတာတော့ ရေထဲမှာနေပြီးသွား နေတာကတော့ ဩစတြေးလျှိုက်မျိုးနွယ်တွေဖြစ်တဲ့ "နီဂရစ် တွေပဲဖြစ်မယ်ထင်တယ်"



"မှန်ပါတယ် သူတို့ကို 'စမင်' လို့ခေါ်ကြတယ်၊ အမှန် တော့ ရေဘီလူးတွေပါပဲ"

ရေဘီလူးဟုခေါ်ကြသည့် စမင်များမှာ ဩစတြေးလျှိုက် နွယ်ဝင်ဩစတြိုနီးရှမ်းအုပ်စုများဖြစ်ကြပြီး နောက်ပိုင်းပင်လယ် ဆျှာ်မော်ကင်းဟုခေါ်ကြသော ဆလုံလူမျိုးများဖြစ်လာကြသည်။

ဘီလင်းမြို့နယ် ဇုတ်သုတ်ရွာထီးဆောင်း ဘုရားကို (ဘီ လူးများ တည်ခဲ့ခြင်းနှင့်၊ သံလွင်မြစ်ဝ၌ ဘီလူးကျွန်းရှိနေခဲ့ခြင်း နှင့်၊ မြိတ်မြို့၏ မြောက်ဘက် (၅၆)မိုင်အကွာရှိ ပုလောမြို့သည် ရှေးကဘီလူးတို့နေထိုင်ရာ အရပ်ဖြစ်ခဲ့သဖြင့် 'ပုလယက္ခမြို့' ဟု ခေါ်တွင်ခဲ့ခြင်း စသောအထောက်အထားများကြောင့် မြိတ်မြို့ နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော ကျွန်းများတွင် ရေ ဘီလူးများရှိနေခြင်းဆိုသော အထောက်အထားမှာ များစွာခိုင်မာ လှပေသည်။

"သူတို့က ဘယ်လိုကြောင့် ဒီနေရာအထိ ရောက်လာ ကြတာလဲ၊ ကျွန်မသိရသလောက်တော့ နီဂရစ်တိုတွေက လူသူ မနေတဲ့ကျွန်းတွေမှာ နေကြတာမဟုတ်လား"

"မှန်ပါတယ် ဒီနေရာအထိရောက်လာကြတယ်ဆိုတော့ တစ်ခုခုအကြောင်းရှိလို့သာ ဖြစ်မှာပါ။ တစ်ခုတော့ရှိတယ် ခေတ် ကာလကလည်း တဖြည်းဖြည်းပြောင်းလဲလာတာဆိုတော့ စမင် တွေတနေ ဆလုံတွေဘဝ ရောက်လာတဲ့အခါမှာတော့ အတော် လေး တိုးတက်မှုရှိလာကြတယ်၊ တခြားမကြည့်နဲ့ သူတို့ကိုယ် မှာ အဝတ်တွေဝတ်လာတဲ့အထိ အသိဉာဏ်ရှိလာကြတယ်"

www.burmeseclassic.com



ဟုပြောနေစဉ်မှာ သူတို့ရှေ့မှသတိမေ့နေသော ရေဘီ လူးကြီးကလဲ နေရာမှ ဖျပ်ခနဲ မျက်လုံးပြန်ဖွင့်လာသည်။ ထိုအ ခြေအနေကိုမြင်တော့ အတော်များများ ထပ်မံပြီး နောက်ဆုတ် သွားကြသည်။

ထိုအနားမှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ကေသ ရီတို့နှစ်ယောက်သာ ကျန်ခဲ့လေသည်။ ရေဘီလူး၏ မျက်လုံး များမှာ သာမန်အခြေအနေမျိုး မဟုတ်ပေ၊ ဟသ်ာပြဒါးကဲ့သို့ နီရဲနေလေသည်။

ထိုမျက်လုံးကြီးဖြင့် အနားမှာရှိနေသော လူများကို တစ် ယောက်ချင်း လိုက်ကြည့်နေသည်။

"ကေသရီ သတိထားနေ"

ဒေါက်တာမင်းထင်ကျော်က သတိပေးလိုက်စဉ်မှာပင် ရေဘီလူးကြီးက ဝုန်းခနဲထထိုင်လာလေသည်။ ထိုအခါ အထိတ် တလန့်အော်သံများ ပေါ်ထွက်လာကြလေသည်၊

ထိုအခြေအနေမှာပင် ရေဘီလူးကြီးက နေရာမှထ၍ ဟန်ပြင်လိုက်သည်။

ငှင်းခန္ဓာကိုယ်တစ်နေရာမှာ ထိထားသောသေနတ် ဒဏ်ရာကြောင့် အခြေအနေမဟန်ဘဲဖြစ်ကာ ဒယိမ်းဒယိုင်နှင့် ပြန်လဲကျသွားလေသည်။

"ဝုန်း"

ကြမ်းပြင်ပေါ်သို့ ပြန်လဲကျသွားသော အသံမှာအထော ပင်ကျယ်လှသည်။



ထိုသို့လဲကျသွားပြီးနောက် မျက်လုံးပြန်မှိတ်သွားလေ တော့သည်။ အသက်ရှုနေသေးသောကြောင့် သတိပြန်မေ့သွား ခြင်းသာ ဖြစ်ပေလိမ့်မည်။

ထို့နောက်မှာတော့ သတိမေ့နေသော ရေဘီလူးကြီးကို ကြိုးများဖြင့်တုပ်နှောင်ကာ ဂေါ်ရခါးစစ်သားများက သယ်ဆောင် သွားကြလေတော့သည်။

အချိန်က ညဥ့်နက်ပိုင်းအချိန် ရောက်လေပြီဖြစ်သော ကြောင့် ရတနာဆောင်ကြာမြိုင်အတွင်းမှာတော့ ပြန်လည်ငြိမ် သက်သွားပေပြီ။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၇)

# ဆောင်ကြာမြိုင်မှ လှူသတ်ကောင်

ရေသူရဲသို့မဟုတ် ရေဘီလူးများဟုခေါ်သော နီဂရစ်တိုတို့၏ ဖမ်းဆီးခေါ်ဆောင်ခြင်းကြောင့် ထိတ်လန့်ကြောက်ရွံ့ဖြစ်နေသော မြဒေဝီမှာ ရက်အတန်ကြာသည်အထိ ဆေးကုသမှု ခံယူရလေသည်။

သူမအနေဖြင့် ပြင်ပထိခိုက်သော ဒဏ်ရာများအပြင် ကြောက်ရွံ့ထိတ်လန့်သော ဝေဒနာကိုပါ ခံစားနေရလေသည်။ ထိုထက်ပိုဆိုးသော ဝေဒနာကတော့ လွမ်းဆွတ်ခြင်းဝေဒနာပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

မြဒေဝီအနေဖြင့် သူမဆောင်ရွက်နေရသော အလုပ်မှာ မည်သူ့အပေါ်မှ သံယောဇဉ်မထားရသော အလုပ်မျိုးဖြစ်သည်။ လူအများတို့နှင့် တွေ့ကြုံဆက်ဆံရသော်လည်း အလုပ်သဘောအရသာ ဆက်ဆံပေးရပြီး၊ ချစ်ခင်နှစ်သက်ခြင်းနှင့် သံယောဇဉ်ထားခြင်းမျိုး မပြုလုပ်ရပေ။

သို့သော်လည်း မောင်မြတ်သာနှင့် တွေ့ခဲ့ရပြီးသော အခါမှာတော့ အခြေအနေက ပြောင်းလဲသွားခဲ့ရပေသည်။ သူမသည် မောင်မြတ်သာကို တွေ့စကပင် ချစ်ခင်နှစ်သက်မှု ဖြစ်ခဲ့လေသည်။ သံယောဇဉ် တွယ်နှောင်ခဲ့သည်။

ချစ်သူဖြစ်ရန် မသင့်သော်လည်း ဖြစ်ခဲ့ရသည်။

ယခုတော့ သူမအတွက် ပျော်ရွှင်စရာကောင်းသော မျှော်လင့်ချက်ကလေးများမှာ လွင့်စင်ပပျောက်သွားခဲ့ရသည်။ မောင်မြတ်သာမှာ သူမအပေါ် သစ်စိမ်းချိုး ချိုးသွားခဲ့ပေပြီ။ အကြောင်းပြချက် တစ်စုံတစ်ရာမရှိပါပဲနှင့် လမ်းခွဲသွားခဲ့ပေပြီ။ လူချင်းမတွေ့ရတော့သဖြင့် ဩတင်းစုံစမ်းကြည့်တော့လည်း ဩတင်းအစအနမျှပင် မကြားရတော့ပေ။

မောင်မြတ်သာတစ်ယောက် ပျောက်ချင်းမလှပျောက်သွားခဲ့သည်မှာ နှစ်လကျော် သုံးလခန့်ရှိသွားခဲ့ပေပြီ။ အသည်းနှလုံးမရှိတော့သူ၊ ချစ်ခြင်းမေတ္တာမရှိတော့သူ၊ ခံစားမှုကင်းနေသောသူဟု ကင်ပွန်းတပ်ခံထားရသော မြဒေဝီတစ်ယောက် လမသိအောင် ငိုခဲ့ရသောအကြိမ်က မနည်းတော့ပေ။ ဒါကိုတော့



ဘယ်သူကမှ မသိကြပေ။

သူ့လိုလူမျိုး မျက်ရည်ကျနေတာကို မြင်လျှင်လည်း မည်သူကမှ သနားကြမည်မဟုတ်ပေ။ ထိုကဲ့သို့ သောကဝေဒနာခံစားနေရသော အချိန်မျိုးမှာမှ ကြောက်စရာကောင်းသော ရေဘီလူးများနှင့် ထပ်မံကြုံတွေ့ရခြင်းဖြစ်ပေသည်။

ရက်အတန်ကြာ ဆေးဆရာကြီးက ကုသပေးသော ကြောင့် ဒဏ်ရာဒဏ်ချက်များကတော့ သက်သာပျောက်ကင်းသွားပြီ ဖြစ်ပေသည်။

သို့သော်လည်း စိတ်ထဲမှ ကြောက်ရွံ့ထိတ်လန့်မှုများကတော့ ကျန်နေပေသေးသည်။ ဧည့်သည်များနှင့်လည်း လက်ခံတွေ့ဆုံခြင်း မပြုနိုင်သေးပေ၊ တစ်နေ့တော့ ညနေစောင်းအချိန်ရောက်တော့မှ ရတနာဆောင်ကြာမြိုင်သို့ ဧည့်သည်အချို့ ရောက်လာလေသည်။

စုစုပေါင်း သုံးယောက်ဖြစ်သည်။

ခေါင်းဆောင်လာသူမှာ စံသာကျော်ဆိုသူဖြစ်သည်။ စံသာကျော်က မြို့တ်ဒေသခံဖြစ်သည်။ ငါးဖမ်းလုပ်ငန်းများဖြင့် ကြီးပွားနေသူဖြစ်သည်။ ကျန်နှစ်ယောက်ကတော့ ရနောင်းဘက်တန်းမှလာကြသော ကုန်သည်နှစ်ယောက်ဖြစ်သည်။

တစ်ယောက်က မောရစ်ဖြစ်ပြီး၊ ကျန်တစ်ယောက်က ဆော့ဇ်လှ ဆိုသူဖြစ်ကြလေသည်၊ သုံးယောက်သား ဘားသောက်ဆိုင်မှ ထလာကြခြင်းဖြစ်ပြီး အရက်သောက်ထားကြသဖြင့် အနည်းငယ်စီမူးနေကြသည်။ စံသာကျော်က ဘိုးဒယားဘက်မှလာ

www.burmeseclassic.com



သော ညှိသည်နှစ်ယောက်ကို အစားအသောက်ဖြင့် သာမက ပဲ အပျော်အပါးဖြင့်ပါ ညှိခံပေးလိုသောကြောင့် ဆောင်ကြာမြိုင်သို့ တကူးတက ခေါ်ဆောင်လာခြင်းဖြစ်ပေသည်။

ဆောင်ကြာမြိုင်ရောက်တော့ အခြားနှစ်ယောက်က အခြားအဖော်အမျိုးသမီးတစ်ယောက်တို့ကို ရွေးချယ်သဖြင့် အဆင်ပြေသွားကြသည်။

ယိုးဒယားနှင့်အင်္ဂလိပ်သွေးပါသူ မောရစ်ကတော့ မြဒေဝီကိုသာ နှစ်သက်သောကြောင့် အခြားသူများကို မရွေးချယ်ပေ။ ထိုအခါ မြဒေဝီက ငြင်းပယ်လေသည်၊

"ကျွန်မအနေနဲ့ ရှင့်ကိုလက်ခံမပေးနိုင်တာ ဝမ်းနည်းပါတယ်"

"ဘာကြောင့်လဲ"

"ကျွန်မက နေမကောင်းလို့ ဆေးကုနေရလို့ပါ"

"မင်းပြောတာ ငါမယုံဘူး၊ ဘာပဲဖြစ်ဖြစ် ငါကတော့ မင်းနဲ့ပဲနေချင်တယ်"

"ကျွန်မလက်မခံပါရစေနဲ့ တောင်းပန်ပါတယ်"

"ငါက မင်းသတင်းကို စုံစမ်းပြီးမှလာတာပါ၊ မင်းက ဆောင်ကြာမယ် ဖြစ်နေပေမယ့် မာနကြီးတယ်၊ လူတိုင်းကို လက်မခံဖူးလို့လည်း သတင်းကြားပါတယ်၊ မင်းနဲ့တွေ့ချင်လို့ ဟိုဘက်ကမ်းကတောင် လာခဲ့ရတာပါ၊ ပိုက်ဆံများများပေးမယ်"

"ပိုက်ဆံအတွက်ကြောင့် ပြောနေတာမဟုတ်ပါဘူး



ကျန်းမာရေးမကောင်းသေးလို့ပါ"

"ဘာပဲဖြစ်ဖြစ် ငါကတော့ တခြားသူနဲ့မနေချင်ဘူး၊ မင်းနဲ့ပဲနေမယ်"

ဟုပြောပြောဆိုဆိုနှင့် မြဒေဝီကို သိမ်းဖက်လိုက်လေတော့သည်။

"အို"

အမှတ်တမဲ့မို့ မြဒေဝီမှာ မောရစ်ရင်ခွင်ထဲသို့ ရောက်သွားလေတော့သည်။ သူမအနေဖြင့် ငြင်းဆန်ရန် အကြောင်းမရှိသော်လည်း မောရစ်ရင်ခွင်ထဲမှ ရုန်းထွက်ရန် ကြိုးစားလေသည်။ သို့သော် ခွန်အားချင်းမမျှသောကြောင့် ဘယ်လိုမှရုန်းမထွက်နိုင်ပဲ ဖြစ်နေလေသည်။

"မင်းက အပျိုစင်တစ်ယောက်လည်း မဟုတ်ပါဘူး၊ ယောကျ်ားတွေနဲ့ အတွေ့အကြုံမရှိတဲ့ မိန်းမတစ်ယောက်လည်း မဟုတ်ပါဘူး၊ ဆောင်ကြာမယ်တစ်ယောက်က ကိုယ့်အတွက် ငွေလာပေးတဲ့လူတစ်ယောက်ကို အခုလိုငြင်းဆန်နေတာက တော့ သဘာဝမကျဘူး ထင်ပါတယ်"

ဟုပြောဆိုကာ မောရစ်က မြဒေဝီကို မလွှတ်လမ်း ဖက်ထားလေသည်၊

ထိုအခိုက်မှာပင် ပိတ်ထားသော တံခါးချပ်မှာ 'ဝုန်း'ခနဲ ပွင့်ထွက်သွားသောကြောင့် အလန့်တကြားလှည့်ကြည့်လိုက်လေသည်။ အခန်းပေါက်ဝမှာတော့ တစ်ကိုယ်လုံး အဖုအပိမ့်ကြီးများ ထက ကြောက်စရာကောင်းလှသော ပုံပန်းသဏ္ဌာန်ဖြစ်နေသည့်

www.burmeseclassic.com

www.burmeseclassic.com

ဘီလူးတစ်ကောင် ရပ်နေလေသည်။

ယခုရောက်လာသော ဘီလူးကြီးမှာ ယခင်ရောက်လာကြသည့် ရေဘီလူးများနှင့်တော့ မတူပေ။ ဘီလူးကြီးက ဒေါသဖြစ်နေသော ဟန်အမူအယာဖြင့် တရှူးရှူးတရှဲရှဲဖြစ်ကာ အခန်းထဲသို့ ဝင်လာလေသည်။

ဘီလူးကြီးဝင်လာသောအခါ မောရစ်က မြဒေဝီကို လွှတ်ပေးလိုက်ပြီး ကြောက်လန့်တကြားနှင့် အခန်းတွင်းမှ ထွက်ပြေးရန် ကြိုးစားလေသည်။ သို့သော် မလွှတ်တော့ပေ။

ဘီလူးကြီးက ထွက်ပြေးရန် ကြိုးစားနေသော မောရစ်ကို မိအောင်ဖမ်းပြီးနောက် ဒေါသတကြီးဖြင့် စေ့စေ့ညက်ညက်ကြေအောင် သတ်ဖြတ်လိုက်လေတော့သည်။ အဆောင်ထဲမှာတော့ မောရစ်၏အော်သံအပြင် မြဒေဝီ၏ စူးစူးဝါးဝါးအော်သံများပါ ပေါ်ထွက်လာလေတော့သည်။

နောက်တစ်နေ့နံနက်ပိုင်း အချိန်မှာတော့ ဆောင်ကြာမြိုင်သို့ လူတချို့ရောက်လာကြလေသည်။ ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာ၊ မေဂျာဝီလျံနှင့် ဒေါက်တာကေသရီတို့ပင် ဖြစ်ကြလေသည်။

ရောက်သည်နှင့် ဒေါက်တာမင်းထင်ကျော်က မြဒေဝီအခန်းထဲမှာ လဲကျသေဆုံးနေသော မောရစ်ဆိုသူကို ကြည့်ရှုစစ်ဆေးလေသည်။

မောရစ်မှာ ဇက်ကျိုးနေပြီး တစ်ကိုယ်လုံးဒဏ်ရာဒဏ်ချက်များရကာ သေဆုံးနေခြင်းဖြစ်သည်။





"ဘယ်လိုကြောင့် သေတာလဲ"

"ခွန်အားကြီးတဲ့လူ ဒါမှမဟုတ် သတ္တဝါတစ်ကောင်ကောင်လက်ချက်ကြောင့် သေတာဖြစ်မယ်"

"ဒါဖြင့် ဟိုရက်ကလာတဲ့ ရေဘီလူးတွေလက်ချက်ပဲဖြစ်မှာပေါ့"

ဟု မေဂျာဝီလျံက ဝင်ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်က အခန်းအခြေအနေကို လေ့လာကြည့်သောအခါ ကြမ်းပြင်ပေါ်မှာ ထင်ကျန်ခဲ့သော ရွှံ့ခြေရာများကို တွေ့ရလေသည်။ ခြေရာများမှာ လူခြေရာနှင့်တူသော်လည်း အနည်းငယ်ပိုကြီးပြီး ပုံပျက်ပန်းပျက်ဖြစ်နေလေသည်။ ထိုခြေရာများကိုကြည့်တော့ ရေဘီလူးများခြေရာ ဖြစ်နိုင်သည်ဟုလည်း ယူဆရပေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က မြဒေဝီရှိသောအခန်းသို့သွားကာ သိလိုသောအချက်များကို မေးမြန်းကြည့်ရလေသည်။

မြဒေဝီခမျာမှာတော့ ထိတ်လန့်ကြောက်ရွံ့မှုများနှင့် ဆက်တိုက်ကြုံတွေ့နေရသောကြောင့် မျက်နှာလေးဖြူဖပ်ဖြူလျော်နှင့် အခန်းတစ်နေရာတွင် ထိုင်နေလေသည်။

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်လို့ခေါ်ပါတယ်၊ အခုလာတာ မင်းကိုအနှောင့်အယှက်ပေးဖို့ မဟုတ်ပါဘူး၊ သိချင်တာလေးတွေ မေးချင်လို့ပါ"

သူမက ဒေါက်တာမင်းထင်ကျော်ကို တစ်ချက်ကြည့်


www.burmeseclassic.com

www.burmeseclassic.com

ပြီး ခေါင်းညိတ်ပြသည်။

"မေးပါဆရာ"

"မင်းနာမည် ဘယ်လိုခေါ်ပါသလဲ"

"မြဒေဝီလို့ ခေါ်ပါတယ်"

"ဘယ်လိုမှတော့ မအောင်းမေ့ပါနဲ့ မင်းဒီနေရာကို ရောက်တာ အတော်ကြာပြီလား"

သူမက ခေါင်းညိတ်ပြသည်။

"မင်းအနေနဲ့ အပန်းမကြီးဘူးဆိုရင် မင်းနဲ့ပတ်သက်တဲ့ဘဝအကြောင်းတွေကို သိချင်ပါတယ်"

ဟုမေးသောအခါ မြဒေဝီက သူမဘဝနှင့်ပတ်သက်သည့် အကြောင်းအရာအချို့ကို ပြောပြလေသည်။

မြဒေဝီတို့ ငယ်စဉ်က နေခဲ့ရသောနေရာမှာ ယိုးဒယားနယ်ဘက်တွင်ဖြစ်သည်။ သူမငယ်ရွယ်စဉ်ကသာ ဖခင်ဖြစ်သူကို တွေ့ခဲ့ရပြီး နောက်ပိုင်းမှာတော့ မတွေ့ရတော့ပေ။ မိခင်ကိုမေးကြည့်သောအခါ 'နင်အဖေသေပြီ' ဟုပြောသဖြင့် သူမဘဝတွင် နောက်ထပ် ဖခင်ဖြစ်သူကို တွေ့ခွင့်မရတော့ပေ။

ဖခင်မရှိတော့သည့်နောက်ပိုင်းမှာ မိခင်နှင့်အတူ ကြုံရာကျပန်းအလုပ်လုပ်ပြီး ဝမ်းရေးရှာဖွေကာ စားသောက်ခဲ့ရလေသည်။

မြဒေဝီမှာ ဆင်းရဲချို့တဲ့သော်လည်း ရုပ်ရည်ချောမောသူဖြစ်သောကြောင့် အရွယ်ရောက်သောအချိန်မှာပင် ငွေကြေးချမ်းသာသူတစ်ယောက်၏ ခြေတော်တင်ခြင်းကို ခံခဲ့ရပေသည်။





ထိုအချိန်မှစပြီး သူမဘဝမှာ ဆောင်ကြာမယ်ဘဝသို့ ရောက်ချင်ဘဲ ရောက်ခဲ့ရပေသည်။ နောက်ပိုင်း မြိတ်သို့ရောက်ပြီး ဆောင်ကြာမြိုင်သို့ ဝင်ရောက်လုပ်ကိုင်ခဲ့ရာမှ ယခုကဲ့သို့ ဆောင်ကြာမယ်ဘဝသို့ ရောက်ခဲ့ရခြင်းဖြစ်ပေသည်။

ထိုအကြောင်းများကို ပြောပြနေစဉ်မှာ မြဒေဝီ၏ မျက်နှာလေးမှာ ညှိုးနွမ်းနေလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သူမပြောပြသော အကြောင်းအရာများကို နားထောင်ပြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"မင်းအကြောင်းတွေ နားထောင်ရတော့ စိတ်မကောင်းဘူး၊ ဒါထက် မင်းမှာချစ်သူတွေဘာတွေမရှိဘူးလား"

ထိုသို့မေးသောအခါ မျက်ရည်ဝဲသောမျက်လုံးများဖြင့် ကြည့်နေလေသည်။

"အမှန်အတိုင်းသာ ပြောပြပါ၊ မင်းပြောတာတွေကို တခြားဘယ်သူမှ မသိစေရပါဘူးလို့ ကတိပေးပါတယ်"

ဟုပြောပြတော့မှ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်မမှာ ချစ်သူရှိခဲ့ပါတယ်၊ သူ့နာမည်က ကိုမြတ်သာလို့ခေါ်ပါတယ်"

"ကိုမြတ်သာဆိုတာ စစ်တပ်ကို ရိက္ခာပေးသွင်းခွင့် တင်ဒါရထားတဲ့သူကို ပြောတာမဟုတ်လား"

"ဟုတ်ပါတယ် ဒါပေမယ့် အခုတော့ သူမရှိတော့ပါဘူး၊ သေသလား ရှင်သလား မသိရတော့လောက်အောင် ခြေရာ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားခဲ့ပါတယ်"

"ကြားရတာ စိတ်မကောင်းပါဘူး၊ ကိုမြတ်သာနဲ့ ပတ်သက်တဲ့သတင်းကို ကျွန်တော်တို့ စုံစမ်းနေပါတယ်၊ တကယ်လို့ သတင်းစုံစမ်းလို့ရရင်တော့ မြဒေဝီကိုအသိပေးပါမယ်"

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ဒါထက်ဆရာက စစ်တပ်က အရာရှိတစ်ယောက်လားဟင်"

"မဟုတ်ပါဘူး၊ ကျွန်တော်က အပြင်လူတစ်ယောက်ပါ။ ဒီကိစ္စတွေကို စုံစမ်းပေးနေရတဲ့လူတစ်ယောက်ပဲဆိုပါတော့"

ထိုသို့ပြောပြတော့မှ မြဒေဝီက ဒေါက်တာမင်းထင် ကျော်အပေါ်မှာ ယုံကြည်စိတ်ချမှုရှိလာလေသည်။

"ဆရာကို မြင်မြင်ချင်းပဲ အားကိုးမိပါတယ်၊ တကယ်လို့ ကိုမြတ်သာ သတင်းကိုသာစုံစမ်းလို့ သိရရင် ကျွန်မကိုအသိပေး ပါ ဆရာ"

"အသိပေးပါ့မယ်. . ဒါထက် မင်းဆီကို ရေဘီလူး ရောက်လာပြီး အန္တရာယ်ပေးကြတယ်၊ အရင်ကရော တွေ့ဖူး လား"

"သတင်းတော့ကြားဖူးပါတယ်၊ မျက်စိနဲ့မြင်ရတာ တော့ ပထမဆုံးအကြိမ်ပါပဲ"

"ညကရောက်လာတဲ့ ဘီလူးကြီးကို မင်းမျက်စိနဲ့ လိုက်ရတယ် မဟုတ်လား"

"ဟုတ်. . ဟုတ်ကဲ့ မြင်ရပါတယ်"

"ရေဘီလူးတွေနဲ့၊ ညကရောက်လာတဲ့ ဘီလူးကြီး



ပုံပန်းသဏ္ဌာန်တူသလား"

"ကျွန်မလည်းကြောက်လို့ သေသေချာချာမကြည့်ဝံ့ပါ ဘူး၊ တူတယ်လို့တော့ထင်တာပါပဲ"

"လူ့ဘီလူးကြီးရောက်လာပြီး မောရစ်ကိုသတ်ဖြတ်ပြီး တော့ မင်းကိုဘာမှမလုပ်ဖူးမဟုတ်လား"

"ဟင့်အင်း. . မျက်လုံးပြူးကြီး စိုက်ကြည့်နေပြီး ပါးစပ်က တဟင်းဟင်း တဟဲဟဲ အသံထွက်နေတာကလွဲပြီး တခြား အန္တရာယ်တော့ မပေးပါဘူး"

"မင်းအနေနဲ့ စိတ်အေးအေးနဲ့သာနေပါ၊ အကြောင်းရှိ ရင်လည်း အကူအညီပေးပါ့မယ်၊ တကယ်လို့သတင်းထူးရင်လည်း ကျွန်တော်တို့ကို လာပြီးအကြောင်းကြားပေးပါ"

"ဆရာက ဘယ်နေရာမှာ နေတာလဲဟင်"

"ဒီနေရာနဲ့မဝေးလှပါဘူး၊ စစ်တပ်နဲ့ မဝေးတဲ့အဆောက် အဦးတစ်ခုမှာ တည်းနေပါတယ် ဒေါက်တာမင်းထင်ကျော်လို့ မေးလိုက်ရင်ရပါတယ်"

ဟုပြောပြီး နေရာမှ ထရပ်လိုက်သည်။

မြဒေဝီက သူ့ကိုမျက်ရည်ဝိုင်းနေသော မျက်လုံးဖြင့်မော့ ကြည့်နေလေသည်။

"ဘာမှစိတ်အားမငယ်ပါနဲ့၊ မင်းချစ်သူက သေသွားတာ မဟုတ်တော့ မျှော်လင့်ချက်ရှိပါသေးတယ်၊ တကယ်လို့စုံစမ်းလို့ သတင်းထူးရင် မင်းကိုအသိပေးပါ့မယ်"

မြဒေဝီက ခေါင်းညိတ်ပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်လည်း သူမကိုနှုတ်ဆက်ပြီး အခန်းတွင်းမှ ပြန်ထွက်လာခဲ့လေသည်။



## အခန်း ( ၈ )

# ဒေါက်တာမင်းထင်ကျော်နှင့် ကေသရီ

နေရာမှာ ကမ်းခြေစောင့် ဗြိတိသျှစစ်တပ်များ စခန်းချ တပ်စွဲနေသောနေရာနှင့် မနီးမဝေးနေရာမှာ ဆောက်ထားသော အဆောက်အဦးတစ်လုံးအတွင်း၌ ဖြစ်သည်။

ထိုအဆောက်အဦးမှာ အစိုးရနှင့်သက်ဆိုင်သော ဧည့်သည်များလာရောက်လျှင် တည်းခိုနေထိုင်ရန်အတွက် သီးခြား ဆောက်လုပ်ထားသည့် အဆောက်အဦးလည်း ဖြစ်ပေသည်။ ဧည့်သည်များနေထိုင်ရန် သီးခြားအခန်းများရှိသလို အရေးပေါ်

www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးများ၊ လို့ဂွက်အစည်းအဝေးများပြုလုပ်ရန် အခန်း အချို့လည်း ရှိနေလေသည်။

ထိုအဆောက်အဦးကြီး၏ သီးခြားထားသော အစည်း အဝေးခန်းမဆောင်ထဲမှာတော့ လူအချို့ရှိနေကြသည်။ မစ္စတာ စမစ်၊ ရေတပ်ဗိုလ်ချုပ်မလင်၊ မေဂျာဝီလျံ၊ ဒေါက်တာကေသ… ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့ဖြစ်ကြလေသည်။

မြို့တ်ဒေသတစ်ခုလုံး၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတာ ဝန်ကို ယူထားသူမှာ မစ္စတာစမစ်ဖြစ်သည်။

အခန်းတွင်းမှာ လူစုံသောအခါ တံခါးပိတ်လိုက်ပြီး နောက် မစ္စတာစမစ်က စတင်ပြောလေသည်။

"ကျွန်တော့်ဆီကို ရန်ကုန်ကနေပြီး အကြောင်းကြား… တစ်စောင်ရောက်လာပါတယ်၊ ဗိုလ်ချုပ်ရုန်(စ်)က ရေတပ်သင်္ဘော… ပျောက်ဆုံးတဲ့ကိစ္စနဲ့ ပတ်သက်ပြီးအချက်အလက်တွေကို အ… ရင်ခံစာရေးတင်ဖို့ အကြောင်းကြားတာပါ"

မစ္စတာစမစ်က စကားကိုရပ်လိုက်ပြီး အခန်းတွင်း… နေသူများ၏ အခြေအနေကို အကဲခတ်သလို တစ်ချက်ကြ… လိုက်လေသည်။ အားလုံးကတော့ ဘာမှပြန်မပြောသေးဘဲ … ပြောမည့်စကားကိုသာ နားထောင်နေကြသည်။

"အခုဆိုရင် ဒီကိစ္စကိုစုံစမ်းဖို့ မေဂျာဝီလျံတို့သာမက ဒေါက်တာမင်းထင်ကျော်တို့ပါ ရောက်နေကြလို့ တစ်နည်း… ရရင်တော့ အားရှိစရာပါပဲ. .

ခင်ဗျားတို့ကိုစုံစမ်းရတဲ့ သတင်းအချက်အလက်တွေ…



တင်ပြပေးကြပါ"

ဟု ပြောသောအခါ ဒေါက်တာမင်းထင်ကျော်ကသူ၏ ထင်မြင်ယူဆချက်ကို တင်ပြလေသည်။

"ကျွန်တော် စုံစမ်းလေ့လာမိသလောက် တင်ပြရရင် တော့ ရေတပ်သင်္ဘောပျောက်ဆုံးမှုဟာ ရန်သူတွေရဲ့လက်ချက် မဟုတ်သလို ဂျပန်တွေရဲ့လက်ချက်ကြောင့် ပျက်စီးနစ်မြုပ်ရ တာလည်း မဟုတ်ပါဘူး"

"ခင်ဗျားက ဘယ်လိုထင်မြင်ယူဆလို့လဲ"

"ကြီးမားတဲ့ ရေသတ္တဝါကြီးတစ်ကောင်ရဲ့လက်ချက် ကြောင့် ပျက်စီးရခြင်းဖြစ်တယ်လို့ ယူဆမိပါတယ်"

"ဘယ်လိုအထောက်အထားတွေ တွေ့ရသလဲ ခင်ဗျား အနေနဲ့ ဘာတွေတင်ပြနိုင်သလဲ ဒေါက်တာမင်းထင်ကျော်"

ဟု အရေးပိုင်မစ္စတာစမစ်က မေးသည်။

"ရေတပ်သင်္ဘောပျက်ကရခဲ့တဲ့ အထောက်အထား တွေကို ကျွန်တော်သေသေချာချာ လေ့လာပြီးပါပြီ၊ ရေအောက် ကပစ်တဲ့ တိုပီတိုထိလို့သော်လည်းကောင်း၊ လေယာဉ်ပျံပေါ်က ကြဲချတဲ့ ဗုံးဆံမှန်လို့ပျက်စီးတာမျိုး မဟုတ်ပါဘူး၊ တကယ်လို့ လက်နက်တစ်မျိုးမျိုးကြောင့် ပျက်စီးတယ်ဆိုရင် မီးလောင်ထား တာတွေ တွေ့ရမှာဖြစ်ပါတယ်"

ရေတပ်ဗိုလ်ချုပ်မလင်က လက်ခံသောအမူအရာဖြင့် ခေါင်းညိတ်ပြလေသည်။

"အခုတွေ့ရတဲ့ ပစ္စည်းအပိုင်းအစတွေက ကြီးမားတဲ့

www.burmeseclassic.com



အရာဝတ္ထုတစ်ခုခုနဲ့ ဖိကြိတ်ရိုက်နှက်ထားသလိုမျိုး စေ့စေ့ည
ညက်ကြေနေတာကို တွေ့ရပါတယ်၊ ဥပမာတစ်ခုပြောရရင် သ
သားတစ်ချောင်းကို သေနတ်နဲ့ပစ်ရင် တိကနဲပြတ်ပြီး မီးသင့်
နေရာကျန်ခဲ့ပါတယ်၊ ကြီးမားတဲ့အရာနဲ့ ဖိကြိတ်ခံရရင်တော
စေ့စေ့ညက်ညက်ကြေမွပြီးမှ ပြတ်သွားတတ်ပါတယ် ဒီသဘော
မျိုး ဖြစ်ပါတယ်"

"ဒါကတော့ အတော်အံ့ဩစရာကောင်းတာပဲ၊ ခင်ဗျာ
ပြောသလိုဆိုရင် ဘယ်လိုရေသတ္တဝါမျိုးဖြစ်မယ် ထင်သလဲ"

"ပင်လယ်ရေအောက်မှာတော့ ထူးဆန်းတဲ့ရေသတ္တ
ကြီးတွေ အများကြီးရှိပါတယ်၊ ပင်လယ်ကူးသင်္ဘောကြီးတွေ
တောင် ဒုက္ခပေးနိုင်တဲ့ ညံ့သတ္တဝါကြီးတွေ၊ ရေငုတ်သင်္ဘော
တစ်စင်းစာလောက်ကြီးတဲ့ ငါးကြီးတွေ၊ ကြောက်စရာကောင်း
ရေနဂါးကြီးတွေအပြင် ငါးလိပ်ကျောက်တစ်မျိုးလည်းရှိပါတယ်

"ငါးလိပ်ကျောက်က ဘယ်လိုမျိုးလဲဗျ"

"လိပ်စွန်လို့လည်းခေါ်ပါတယ် အတောင်ပံကြီးနှစ်
နဲ့ အမြီးရှည်ကြီးပါပါတယ် တချို့အမြီးတွေက နဂါးတစ်ကောင်
အမြီးနဲ့တူပြီး အမြီးနဲ့ရိုက်ရင် သင်္ဘောတွေ နစ်မြုပ်ပျက်စီး
ပါတယ်"

"စိတ်ဝင်စားစရာပဲ၊ ကျွန်တော်တို့လည်း ပင်လယ်
မှာ သွားလာနေတာကြာပါပြီ တစ်ခါမှတော့ မတွေ့ဖူးသေးဘူး

"လိပ်စွန်ကြီးတွေဟာ သင်္ဘောကြီးတစ်စင်းစာလော
ကြီးပြီး အတောင်ပံတွေပါပါတယ်၊ ရေထဲကနေလေထဲရော



တဲ့အထိ ပျံတက်နိုင်ပါတယ် လိပ်စွန်ကြီးတွေက သင်္ဘောတွေကို ဖျက်ဆီးတော့မယ်ဆိုရင် ရေအောက်ကအမြီးနဲ့ရိုက်ပြီး ဖျက်ဆီးပါတယ်"

"ကြောက်စရာပါလား"

"ဒီလိုမှ မပျက်စီးရင် ရေထဲကနေလေထဲကို ပျံတက်ပြီး သင်္ဘောတွေကို အပေါ်ကဖိချတတ်ပါတယ်၊ တန်ချိန်ပေါင်းများစွာလေးတဲ့ သူတို့ကိုယ်ခန္ဓာကြီးတွေနဲ့အပေါ်က ဖိချရင် ပုံးဒဏ်ခံရတာထက် ဆိုးပါတယ် ဘယ်လိုသင်္ဘောမှ မခံနိုင်ဘဲ နစ်မြုပ်ပျက်စီးတတ်ပါတယ်"

"ခင်ဗျားပြောတာလည်း ဖြစ်နိုင်စရာရှိပါတယ်၊ ဒါပေမယ့် ဗိုလ်ချုပ်ရန်(စ်)ဆီကို အစီရင်ခံစာတင်ရတော့မယ်ဆိုရင်တော့ ဒီလောက်နဲ့တော့ မပြည့်စုံသေးဘူးဗျ၊ အထောက်အထားအချက်အလက်ပြည့်ပြည့်စုံစုံနဲ့တင်မှ အဆင်ပြေမယ်"

"ဒီအတွက်တော့ စိတ်မပူပါနဲ့ အရေးပိုင်မင်း၊ မကြာခင်မှာ သက်သေခံအထောက်အထားတွေနဲ့ အချက်အလက်တွေပြည့်စုံအောင် ကျွန်တော်တို့ကြိုးစားပေးပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။

"ကောင်းပြီလေ ခင်ဗျားတို့ရဲ့ကြိုးစားအားထုတ်မှုတွေကိုတော့ အသိအမှတ်ပြုပါတယ်၊ ဒီကာလအတွင်းမှာလည်း ခင်ဗျားတို့ လိုတာတွေမှန်သမျှအားလုံး ဖြည့်ဆည်းပေးပါ့မယ်၊ ပင်လယ်ခရီးသွားဖို့ရှိရင်လည်း ဗိုလ်ချုပ်မလင်ဆီမှာတင်ပြပြီး ရေတပ်သင်္ဘောတွေကို အသုံးပြုနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် အရေးပိုင်မင်း"

ထို့နောက် မစ္စတာစမစ်နှင့် ရေတပ်ဗိုလ်ချုပ်မလင်တို့ ကနေရာမှထကာ ၄င်းတို့ကိုနှုတ်ဆက်ပြီးအခန်းတွင်းမှ ထွက်သွားကြလေသည်။

အခန်းထဲမှာတော့ ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာ မေဂျာဝီလျှံနှင့် ဒေါက်တာကေသရီတို့သာ ကျန်ခဲ့လေတော့သည်။

၄င်းတို့သည် အရေးကြီးကိစ္စများ ဆွေးနွေးတိုင်ပင်ရန် အတွက် နေခဲ့ကြခြင်းဖြစ်သည်။

ထိုအခါ မေဂျာဝီလျှံကပြောသည်။

"ခင်ဗျားကိုတွေ့ကာစက သာမန်လို့ပဲထင်နေမိတာ အခုမှပဲ အရေးပါတဲ့တာဝန်တစ်ခုကို ထမ်းဆောင်နေတဲ့သူမှန်း သိသိရပေတော့တယ်၊ ဒါထက် ခင်ဗျားကတိပေးလိုက်တာ အတင့်မရဲလွန်းဘူးလားဗျ၊ တော်ကြာမအောင်မြင်ရင် အရေးပိုင်မင်းရှေ့မှာ မျက်နှာပြဖို့ ခက်နေလိမ့်မယ်"

"ဒီအတွက်တော့ စိတ်ပူစရာမရှိပါဘူး၊ ကျွန်တော်တို့မြန်မာစကားပုံမှာ၊ 'ဘုရင်နောင်ဖောင်ဖျက်' ဆိုတဲ့စကား ရှိပါတယ် အလုပ်တစ်ခုလုပ်တာပဲဖြစ်ဖြစ်၊ တာဝန်တစ်ခုကို ထမ်းဆောင်တဲ့နေရာမှာပဲဖြစ်ဖြစ် ချီတုံချတုံနဲ့ စိတ်နှစ်ခွမဖြစ်ဖို့ အရေးကြီးပါတယ်၊ ဘယ်အရာမဆို ဘယ်အလုပ်ကိုမဆို ဦးတည်ချက်တစ်ခုတည်းထားပြီး လုပ်ကိုင်ဆောင်ရွက်ရင် အောင်မြင်ပါတယ် ကျွန်တော်ကတိပေးတဲ့အလုပ်ကို ပြီးမြောက်အောင်မြင်အောင်



တာဝန်ယူပေးနိုင်ပါတယ်"

ဟု ပြောလိုက်တော့မှ မေဂျာဝီလျှံလည်း ထပ်မပြောတော့ပေ။ အနားမှာထိုင်နေသော ကေသရီကတော့ ဒေါက်တာမင်းထင်ကျော်ကို အထင်ကြီးလေးစားသော အကြည့်မျိုးဖြင့် တစ်ချက်ကြည့်လိုက်သည်။

"ကျွန်တော်တို့တတွေ လောလောဆယ်အဖြေရှာရမယ့် ပြဿနာတွေက ရေတပ်သင်္ဘောပျောက်တာအပြင် ရိက္ခာသွင်းနေတဲ့ကိုမြတ်သာဆိုတဲ့လူတစ်ယောက် ထူးထူးခြားခြားပျောက်နေတာလည်း တစ်ခုပါတယ်ဗျ"

မေဂျာဝီလျှံကပြောတော့ ကျော်စွာက ဝင်ပြောလေသည်။

"ကိုမြတ်သာနဲ့ ပတ်သတ်တဲ့သတင်းတွေကိုတော့ ကျွန်တော့်နည်းကျွန်တော့်ဟန်နဲ့ 'စုံစမ်းကြည့်ထားတာ အတော်အသင့်တော့ သိရပြီးပါပြီ"

ထိုစကားကြောင့် ကျန်သုံးယောက်က စိတ်ဝင်စားသွားကြလေသည်။

ကျော်စွာနှင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မှာ ရန်ကုန်ကလာစဉ်က အတူတကွလာခြင်းဖြစ်သော်လည်း မြိတ်သို့ရောက်သောအခါမှာတော့ လူခွဲပြီး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုံစမ်းနေကြခြင်းဖြစ်သည်။

"ပြောပါဦး ကိုကျော်စွာရဲ့"

"ကိုမြတ်သာက ဒီဇာတိတော့ မဟုတ်ဘူးဗျ။ သူက

www.burmeseclassic.com



လူရွယ်တစ်ယောက်ဖြစ်ပေမယ့် လုပ်ရည်ကိုင်ရည်ကောင်းတယ် ပေါင်းသင်းဆက်ဆံရေးလည်းကောင်းတယ်၊ ဒါကြောင့် စစ်တပ်ကိုရိက္ခာသွင်းတဲ့တင်ဒါကို သူရခဲ့တာလို့ သတင်းရတယ်"

"တကယ်တော့ ဒီတင်ဒါရဖို့ကမလွယ်လှဘူး၊ အဆက်အသွယ်အတော်ကောင်းမှရကြတယ်၊ တစ်ခုတော့ရှိတယ် ရသွားရင်လည်း ဖြိုးဖြိုးဖြက်ဖြက်တော့ရကြတာပေါ့၊ ဘာကြောင့်လည်းဆိုတော့ အင်္ဂလိပ်အစိုးရက ရိက္ခာရဖို့အတွက်ဆိုရင် ပြောတဲ့ဈေးရတဲ့ဈေးနဲ့ ဝယ်ယူလေ့ရှိတယ်၊ ဒါကြောင့် ဒီတင်ဒါကို လိုချင်ကြတဲ့သူတွေကတော့ အတော်လေးများတယ်၊ တင်ဒါခေါ်တဲ့အချိန်ရောက်ရင် သူ့ထက်ငါအလုအယက် ဖြစ်နေကြတာတော့ ကျွန်တော်သိတယ်"

ဟု မေကျာဝီလျှံက ဝင်ပြောလေသည်။

"ဒီလိုဆိုရင် သတင်းကြားရတာတော့ ဒီတင်ဒါကိုနှစ်စဉ်လိုမောင်မြတ်သာကချည်းရနေတာဆိုတော့ မနာလိုတဲ့သူတွေ မကျေနပ်တဲ့သူတွေတော့ ရှိမှာပေါ့နော်. . "

"ရှိတာပေါ့ဗျာ. . ကျွန်တော်အထင် ပြောရရင်တော့ ကိုမြတ်သာတစ်ယောက် ထူးထူးခြားခြားပျောက်နေတာ သူ့ရဲ့ပြိုင်ဘက်တွေရဲ့လက်ချက်လည်း ဖြစ်ကောင်းဖြစ်နိုင်တယ်"

ဒေါက်တာမင်းထင်ကျော် စကားကြားတော့ ကျော်စွာက ပြောလက်စ စကားကို ဆက်ပြောလေသည်။

"ကျွန်တော်စုံစမ်းလို့သိတာတွေမှာ ကိုမြတ်သာမှာ ချစ်သူတစ်ယောက်ရှိတယ် သူ့ချစ်သူက တခြားတော့မဟုတ်ဘူး



ရတနာဆောင်ကြာမြိုင်က မြဒေဝီပဲ"

"အံ့သြစရာပဲ သူလိုလူတစ်ယောက်က ဆောင်ကြာမြိုင်က မိန်းမတစ်ယောက်ကို အပျော်သဘောမျိုးမဟုတ်ဘဲ ချစ်သူအဖြစ်ထားတာကတော့ မယုံနိုင်စရာပဲ"

မေကျာဝီလျှံ စကားကြားတော့ ကျော်စွာက. . .

"ဆောင်ကြာမြိုင်ကဆိုပေမယ့် မြဒေဝီကလည်း နာမည်နဲ့လူနဲ့လိုက်အောင် ချောပေလှပေတာကိုးဗျ"

ဟုဝင်ပြောရာ ဒေါက်တာကေသရီကပါ သဘောကျသဖြင့် ပြုံးလိုက်လေသည်။

"ထားပါတော့ဗျာ ခင်ဗျားစုံစမ်းထားတာတွေလည်း ပြောပြပါဦး"

"ကိုမြတ်သာ ပျောက်မသွားခင်က သူ့ဆီကိုထူးထူးခြားခြားဧည့်သည်ငါးယောက် လာသွားတယ်လို့ အဲသည်မှာအလုပ်လုပ်နေတဲ့ လူတစ်ယောက်ဆီက သိခဲ့ရတယ်"

"ဘယ်ကလာတာတဲ့လဲ"

"အဲ့ဒါတော့ သူတို့လည်း မသိလိုက်ရဘူးတဲ့၊ ဘာကြောင့်လည်းဆိုတော့ ငါးယောက်စလုံး အဝတ်မည်းကြီးတွေ ခေါင်းမြီးခြုံထားလို့ မျက်နှာကိုမမြင်လိုက်ကြဘူးလို့ပြောတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်သလေးလေးနက်နက် စဉ်းစားနေလေသည်။

"ကိုကျော်စွာပြောပုံအရဆိုရင် ကိုမြတ်သာဆီကိုလာတဲ့ဧည့်သည်တွေက အဝတ်တွေနဲ့ ခေါင်းမြီးခြုံထားကြတယ်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com

ရေဘီလူးတွေဖြစ်နိုင်တယ်"

"ဘယ်လိုကြောင့်လည်းဗျ"

"တလောက အရက်ဆိုင်မှာ ရေဘီလူးတွေနဲ့တွေ့လိုက်တုန်းက အားလုံးခေါင်းမြီးခြုံထားကြတယ်၊ ဆောင်ကြာမြိုင်မှာ တွေ့ကြတော့လည်း သူတို့ကိုယ်ပေါ်မှာ အဝတ်မည်းကြီးတွေ ခြုံထားတာ ခင်ဗျားတို့သတိထားမိလိုက်ကြတယ် မဟုတ်လား"

"ဟုတ်တယ်ဟုတ်တယ်. . ကိုမြတ်သာရယ်၊ ရေဘီလူးတွေရယ်၊ ဆောင်ကြာမြိုင်ရယ်က ဆက်စပ်မှုတွေများရှိနေတာများလား"

"ဒါထက် ခင်ဗျားတို့ရေဘီလူးတစ်ကောင် ဖမ်းမိထားတာရှိတယ်မဟုတ်လား၊ သူ့ကိုဘယ်မှာထားသလဲ မေဂျာ"

"လျှို့ဝှက်အချုပ်ခန်းထဲမှာ လှောင်ထားတယ်"

"သူက ဘာအစားအသောက်တွေ စားသောက်သလဲ"

"ဘာမဆိုစားတာပါပဲ၊ ဒါပေမယ့် အသားစိမ်းငါးစိမ်းတွေကိုပိုပြီးကြိုက်ပုံရတယ်"

"သူ့ကို စစ်ဆေးကြည့်ရင်ကော မရဘူးလား"

"မေးကြည့်ပြီးပါပြီ၊ ဘာမှမပြောပဲ မျက်ထောက်နီကြီးနဲ့ပဲကြည့်နေတယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ကျွန်တော်အထင်ပြောရရင်တော့ ရေဘီလူးတွေဟာ သူတို့လူကို ဒီအတိုင်းထားကြမယ်မထင်ဘူး၊ မရရတဲ့နည်းနဲ့



ပြန်ကယ်ကြလိမ့်မယ်၊ ဒီတော့ ကျွန်တော်တို့ဘက်ကလည်း ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားသင့်တယ်ဗျ"

ဒေါက်တာမင်းထင်ကျော်က ပြုလုပ်သင့်သောအစီအစဉ်အချို့ကို ပြောပြလေသည်။

"ဒီကိစ္စမျိုးတွေမှာ ခင်ဗျားက ကျွန်တော်တို့ထက်ပိုပြီး အတွေ့အကြုံရှိပါတယ်၊ ဒီတော့ ခင်ဗျားကပဲဦးဆောင်ပြီးတော့ လိုအပ်တာတွေလုပ်ပါ၊ ကျွန်တော်တို့က နောက်ကနေလိုတာတွေ ဆောင်ရွက်ပေးပါ့မယ်"

ဟု မေဂျာဝီလျှံက ပြောလေသည်။

ထို့နောက် အခန်းထဲမှ ထွက်လာလေသည်။

အပြင်ရောက်တော့ ကေသရီက ဒေါက်တာမင်းထင်ကျော်အနီးသို့ရောက်လာပြီး ပြောသည်။

ကျန်တဲ့နှစ်ယောက်က ထိုနေရာမှထွက်သွားကြသဖြင့် သူတို့နှစ်ယောက်သာ ထိုနေရာမှာ ကျန်ခဲ့လေသည်။

"ဒေါက်တာက ဒီကိစ္စကို တစ်ကယ်ပဲဖော်ထုတ်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်သလား"

"ကျွန်တော်အနေကတော့ ပုဏ္ဏာမှန်သမျှ သူနဲ့သက်ဆိုင်တဲ့အဖြေတစ်ခုခုရှိနေတာကို ယုံကြည်ပါတယ်၊ ပုဏ္ဏာရဲ့လျှို့ဝှက်ချက်ကို ရှာဖွေနိုင်ရင်သူနဲ့ပတ်သက်တဲ့ အဖြေကိုလည်း ရှာရလောက်ခဲမယ်မထင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ဒေါက်တာတို့နဲ့တွဲပြီး အလုပ်လုပ်ရတာကို ကျေနပ်မိပါတယ်၊ ကျွန်မမသိသေးတဲ့ ဗဟု

www.burmeseclassic.com

www.burmeseclassic.com

သူတတွေလည်း အများကြီးရမယ်လို့ မျှော်လင့်ထားမိပါတယ်"

ဒေါက်တာမင်းထင်ကျော်က သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

"ဒါထက် ကေသရီ အရင်က မြိတ်ကိုရောက်ဖူးသလား"

"ဟင့်အင်းမရောက်ဖူးဘူး၊ ဒီတစ်ကြိမ်က ပထမဆုံး ရောက်ဖူးတာပါ"

"ကျွန်တော်တို့ ဈေးဘက်သွားကြရအောင်၊ မြိတ်မှာ ကတ်ကြေးကိုက် အစားအသောက် နာမည်ကြီးတယ်၊ စားသောက်ပြီးတော့ ပတ်ဝန်းကျင်လည်း လေ့လာလို့ရတာပေါ့"

ကေသရီက သဘောတူသဖြင့် နှစ်ယောက်သား ဈေးတန်းရှိသော နေရာဘက်သို့ ထွက်လာလေသည်။

အချိန်မှာ နေ့လည်ပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် လမ်းများပေါ်မှာ လူသွားလူလာများဖြင့် စည်ကားနေလေသည်။

မြိတ်မြို့ဈေးနေရာမှာ ကိုလိုနီခေတ်ကာလက ယခုအချိန်ကာလလောက် မစည်ကားသော်လည်း မြို့အနေအထားနှင့်ဆိုလျှင်တော့ အစည်ကားဆုံးနေရာများတွင် တစ်နေရာပါဝင်လေသည်။

ဈေး၏ရှေ့ပိုင်းတွင် အစားအသောက်ရောင်းချသောဆိုင်အတော်များများ ရှိကြလေသည်။ အများအားဖြင့်တော့ ကတ်ကြေးကိုက်ရောင်းချသော ဆိုင်များရှိကြသည်။

ပတ်ဝန်းကျင်မှာတော့ စားသောက်ဆိုင်များမှ ထွက်လာသည့် ညှော်နံ့များနှင့် စားသောက်နေကြသူတို့၏ စကားသံများဖြင့် ဆူညံနေလေသည်။

စားသောက်ဆိုင်များမှာ ကုန်သည်ပွဲစားများ၊ အရောင်းအဝယ်သမားများ၊ အလုပ်သမားများကို အများဆုံးတွေ့ရပြီး စကားပြောသောအခါမှ အသံကိုမြှင့်ပြီး ပြောဆိုနေကြသဖြင့် ဆူညံနေကြခြင်းဖြစ်သည်။ အချို့စားသောက်ဆိုင်များမှာ အစားအသောက်အပြင် အရက်နှင့်ပါတွဲပြီး ရောင်းချကြသဖြင့် လူစည်ကားနေခြင်း ဖြစ်လေသည်။

အတော်များများမှာ ဘိတ်၊ ထားဝယ်၊ ယိုးဒယားစကား၊ သျှမ်းစကားတို့ဖြင့် အချင်းချင်းပြောဆိုနေကြခြင်း ဖြစ်သည်။ ၎င်းတို့သည် သာမန်စကားပြောသောအခါမှာပင် အသံမြှင့်ပြီး ဆူဆူညံညံပြောလေ့ရှိရာ အရက်မူးနေသောအခါမှာတော့ ပိုပြီး ကျယ်လောင်စွာ ပြောဆိုကြသည်။

ဈေးသို့ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ဈေးတွင်းသို့ ဝင်ရန်ပြင်တော့ ကေသရီကမေးသည်။

"ဘာဝယ်မလို့လဲ"

"စားသောက်ဖို့ ပစ္စည်းတွေ ဝင်ဝယ်ရဦးမယ်"

ထိုသို့ပြောဆိုပြီး ဈေးထဲဝင်သွားရာ ကေသရီလည်း နောက်မှလိုက်လာလေသည်။ ဈေးတန်းထဲမှာတော့ သား၊ ငါး၊ ပုစွန်၊ ဟင်းသီးဟင်းရွက် စသည်တို့ ရောင်းချလေသည်။

ဒေါက်တာမင်းထင်ကျော်က ပုစွန်ထုပ်လတ်လတ်များ၊ ကြက်သား၊ ကြက်သွန်မိတ်၊ ကြက်သွန်ဥကြီးများကို စိတ်ကြိုက်

www.burmeseclassic.com


ဝယ်ပြီးမှ ပြန်ထွက်လာကြသည်။

"ဒီပစ္စည်းတွေက ဘာအတွက်ဝယ်တာလဲ"

ကေသရီက ဒေါက်တာမင်းထင်ကျော်ပြုလုပ်နေသည်ကို တအံ့တသြကြည့်ကာ မေးလိုက်သည်။

"ကတ်ကြေးကိုက်ကြော်ဖို့ ပစ္စည်းတွေလေ"

"ဆိုင်က သူ့ပစ္စည်းသူကြော်ပေးတာ မဟုတ်ဖူးလား"

"ကိုယ့်ဘာသာဝယ်တော့ လတ်လတ်ဆတ်ဆတ် သောက်လို့ရတာပေါ့"

ဟုပြောပြီး လျှောက်လာကြရာ ဈေးထိပ်၌ဖွင့်ထားသော ကတ်ကြေးကိုက်ဆိုင်သို့ ရောက်လာကြသည်။

ဆိုင်ရှင်က အမျိုးသမီးတစ်ဦးဖြစ်ပြီး ဒယ်အိုးကြီး အဆက်မပြတ် ကြော်လှော်နေသည်။ ထိုဆိုင်သို့ရောက် ဒေါက်တာမင်းထင်ကျော်က ကေသရီကို စားပွဲတစ်လုံးမှာ နေ ချပေးထားခဲ့ပြီး သူက ဝယ်လာသော ပစ္စည်းထုပ်ကိုယူ၍ ဆို အနောက်ဘက်သို့ ဝင်သွားလေသည်။ ဆိုင်အနောက်ဘက်တွ ခုံတန်းလျားတစ်ခုချထားပြီး၊ ထိုအပေါ်တွင် စဉ့်နီးတုံးနှင့် များ အဆင်သင့်ချပေးထားသည်။

ပစ္စည်းဝယ်လာသူများက ဝယ်လာသောပစ္စည်းများ စိတ်ကြိုက်လှီးဖြတ်ကြသည်။ အခြားသူများကလည်း လှီးဖြ နေကြသလို ဒေါက်တာမင်းထင်ကျော်ကလည်း သူဝယ်ယူ သော ပစ္စန်ထုပ်၊ ကြက်သား၊ ကြက်သွန်ဥကြီး၊ ကြက်သွန်မြိ စသည်တို့ကို ကိုယ်တိုင်လှီးဖြတ်ပြီးတော့မှ အပြင်ဘက်သို့ ဖြ

ထွက်လာပြီး ပစ္စည်းထုပ်ကို ဆိုင်ရှင်မိန်းမလက်သို့ အပ်လိုက်သည်။ နှစ်ယောက်စာယူမည်ဟုလည်း တစ်ခါတည်းမှာထားခဲ့ပြီးမှ ကေသရီရှိရာသို့ ပြန်လာလေသည်။

"ဒီမှာက တစ်မျိုးပဲနော်၊ အစားအသောက်မှာတဲ့သူတွေက ပစ္စည်းတွေကို ကိုယ်တိုင်ဝယ်ပြီး ပေးကြတယ်နော်"

ကေသရီမှာ ပထမတော့ ဒေါက်တာမင်းထင်ကျော် ပြုလုပ်နေသည်ကိုကြည့်ပြီး အံ့သြနေသော်လည်း ထိုဆိုင်ရောက်တော့မှ အခြားစားသောက်သူများကလည်း ထိုအတိုင်းပင် ပြုလုပ်နေသည်ကို တွေ့မြင်တော့မှ ထိုသို့ပြောလိုက်ခြင်း ဖြစ်သည်။

"အရပ်ဒေသအသီးသီးတွေမှာ သူ့နေရာနဲ့သူ့မလေ့ အအမျိုးမျိုးတွေရှိကြတာပဲ၊ ဒီနေရာရောက်တော့လည်း ဒီလိုပေါ့"

"ကိုယ်တိုင်မဝယ်ဘဲ စားလို့တော့ မရဘူးလား"

"ရပါတယ် ဆိုင်ရှင်က ဆိုင်မှာအဆင်သင့်ရှိတဲ့ ပစ္စည်းတွေနဲ့ပဲ ကြော်ပေးတာပေါ့၊ ကိုယ်တိုင်ဝယ်ပေးတော့ လတ်လတ်ဆတ်ဆတ်နဲ့ ကောင်းကောင်းစားလို့ရတာပေါ့၊ ဒေသခံတွေကတော့ အခုလိုကိုယ်တိုင်ဝယ်ပေးပြီးမှ ဆိုင်ရှင်ကိုကြော်ခိုင်း ကြော်ခိုင်းကြတယ်"

"ကျွန်မအတွက်တော့ ဗဟုသုတတစ်ခုတိုးတာပေါ့၊ ဒါဆက်ဒေါက်တာကအိမ်မှာရော ဒီလိုပဲကိုယ်တိုင်ချက်စားသလား"

ကျွန်တော်က တပည့်တွေနဲ့နေတာပါ၊ သူတို့ချက်ကျွေးတာပဲစားပါတယ်၊ ကိုယ်တိုင်ချက်ဖို့ အချိန်လည်းမရပါဘူး"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောတော့ ကေသရီကပြုံးနေလေသည်၊

ကတ်ကြေးကိုက် ဆိုင်ရှင်အမျိုးသမီးကတော့ ဘယ်နေရာမှလည်းမကြည့်၊ မည်သူ့ကိုမှလည်း စိတ်ဝင်စားဟန် မတူဘဲ သူ လုပ်ရမည့်အလုပ်ကိုသာ တစ်ခုပြီးတစ်ခုဇယ်ဆက်သကဲ့သို့ လုပ်ကိုင်နေလေသည်။

ဝယ်သူကလှမ်းပေးသော သားငါးစသည်တို့ကို ဒယ်ပြားပက်ပက်ကြီးထဲတွင် ထည့်၍ကြော်သည်၊ နူးလောက်နပ်လောက်သောအခါ အဆင်သင့်ပြုလုပ်ထား ဆန်ခေါက်ဆွဲ နန်းပြားကြီးများထည့်သည်။ အချိုမှုန့်ဖြူးပုံ၊ ငံပြာရည်ကိုဇွန်းဖြင့်ခပ်ထည့် ကြက်ဥသို့မဟုတ် ဘဲဥကိုခေါက်ပြီး ဒယ်ပြားကြီးထဲမှာပင် သ သပ်ကြော်ပုံ၊ ထို့နောက် ခေါက်ဆွဲမျှင်များနှင့်ရောပုံ ကြက်သွန်မြိတ်ထည့်ပုံတို့ကို တစ်ခုပြီးတစ်ခု ဇယ်စက်သလို ပြုလုပ်သွားလေသည်။

ဆိုင်ရှင်အမျိုးသမီးသည် စကားလည်းမပြော၊ မည်သူကိုမှလည်း ပြုံးရယ်မပြ၊ သို့သော် မျက်နှာထားက တင်းမာခြင်း ထန်နေခြင်းမျိုးလည်းမရှိဘဲ သူ့အလုပ်ကိုသာ အာရုံစိုက်ထားပုံရသည်။ လောကကြီးတွင် သူကတ်ကြေးကိုက်ကြော်သော ဒယ်အိုးပြားကြီးမှလွဲပြီး အခြားဘာကိုမှ အာရုံစိုက်ခြင်းမျိုး မရှိပေ။

သူ၏လုပ်ရှားနေပုံမှာ လူတစ်ယောက် အလုပ်လုပ်နေသည်နှင့်မတူဘဲ သံပတ်ပေးထားသော စက်ရုပ်တစ်ရုပ် လှုပ်ရှားနေသည်နှင့်ပင် တူနေပေတော့သည်။

ထိုဆိုင်မှ အမျိုးသမီးသာမကဘဲ အခြားဆိုင်များမှာ



လုပ်လုပ်နေကြသည့် အမျိုးသမီးများလည်း ထိုအတိုင်းပင် ဖြစ်သည်။ ကတ်ကြေးကိုက်ကြော်ပေးနေကြသူတို့မှာ အမျိုးသမီးများသာဖြစ်ကြသည်။

တစ်ယောက်နဲ့တစ်ယောက် စကားလည်းမပြော၊ တစ်ဆိုင်နှင့်တစ်ဆိုင် အလုအယက်ခေါ်သံများလည်း တိတ်ဆိတ်နေပြီး ကြော်သံလှော်သံ ဒယ်အိုးခေါက်သံလောက်သာ ကြားရသည်။

ကြော်လှော်ပြီး၍ အစားအသောက်များ လာရောက်ချပေးသောအခါ စားသောက်ကြသည်။ ကေသရီအနေကတော့ ထိုကဲ့သို့ ကောင်းမွန်လှသော အရသာမျိုး မစားသောက်ဖူးသေးသောကြောင့် ဒေါက်တာမင်းထင်ကျော်ကိုပင် စိတ်ထဲမှာ ကြိတ်ပြီး ကျေးဇူးတင်နေလေသည်။ ကတ်ကြေးကိုက်မှာ မလေးခေါက်ဆွဲနှင့် ခတ်ဆင်ဆင်တူသော်လည်း ဒီမှာစားရသည်က အခြားနေရာများ၌ စားသောက်ရသည်နှင့် အရသာမတူပေ။

"ပုစွန်ပဲဖြစ်ဖြစ်၊ ကြက်သား၊ ဝက်သားပဲဖြစ်ဖြစ် ဒီမှာက လတ်လတ်ဆတ်ဆတ်ရတော့ စားရတာ အရသာပိုရှိတယ်၊ ဒါပေမယ့် ကတ်ကြေးကိုက်တစ်ပွဲကောင်းဖို့ဆိုတာက ဒါတွေနဲ့တင်မပြီးသေးဘူး၊ ကြော်ပုံကြော်နည်းနဲ့ တခြားပစ္စည်းတွေထည့်တာကောင်းမှ စားသောက်ရတာ အရသာပိုရှိတယ်၊ စားသောက်ရတာ ဘယ်လိုနေသလဲ"

"အရသာကတော့ အတော်ကလေးကောင်းပါတယ်၊ ကျွန်မစားသောက်ဖူးတဲ့ ခေါက်ဆွဲကြော်တွေထဲမှာတော့ ဒီခေါက်

www.burmeseclassic.com

www.burmeseclassic.com



ဆွဲကြော်က အကောင်းဆုံးလို့ ဆိုရမှာပါပဲ၊ နှံ့နှံ့စပ်စပ်သိတဲ့ ဒေါက်တာကိုလည်း အတော်ကလေးအံ့သြမိပါတယ်”

“ကျွန်တော်ကအလုပ်ကိစ္စနဲ့ မြိတ်ကိုရောက်ဖူးနေလို့ ဒါတွေကိုသိနေတာပါ၊ တစ်ခုတော့ပြောပါရစေ ကျွန်တော့်ကို ဒေါက်တာလို့ မခေါ်ပဲကိုမင်းထင်ကျော်လို့ပဲ ခေါ်စေချင်ပါတယ်”

ကေသရီဟာ သဘောကျသော အမူအယာဖြင့် ပြုံးကာ ခေါင်းညိတ်ပြလေသည်။

“ကျွန်တော်တို့ရှေ့မှာ ရင်ဆိုင်ကြုံတွေ့ရမယ့် အန္တရာယ်တွေက အတော်ကြီးတယ်၊ ဒါကြောင့်ဘာပဲဖြစ်ဖြစ် သတိထားပြီး ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ပြီးနေပါ”

“အခုလိုပြုပြင်ပေးတာ ကျေးဇူးတင်ပါတယ်၊ ကိုမင်းထင်ကျော်လို အရည်အချင်းရှိတဲ့ လူတစ်ယောက်နဲ့လက်တွဲပြီး အလုပ်လုပ်ရတာကိုတော့ စိတ်ဝင်စားမိပါတယ်”

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်လေသည်။ စားသောက်ပြီးသောအခါ နှစ်ယောက်သား စားသောက်ဆိုင်မှ ပြန်ထွက်ခဲ့ကြလေသည်။



## အခန်း ( ၉ )

# ရေသတ္တဝါကြီးနှင့် တွေ့ကြရခြင်း

ဆောင်ကြာမြိုင်ကို ဝင်ရောက်တိုက်ခိုက်ရာမှ ဖမ်းမိထားသောရေအီလူးတစ်ကောင်ကို ပထမက စစ်တပ်နှင့်နီးသော နေရာမှာရှိသည့် အချုပ်ခန်းထဲတွင် ချုပ်နှောင်ထားကြလေသည်။

နောက်ပိုင်းမှာတော့ ကမ်းစပ်နှင့်နီးသော နေရာဘက်တွင်ရှိသော အချုပ်ခန်းတစ်ခုသို့ ရွှေ့ပြောင်းချုပ်နှောင်ထားကြလေသည်။

ထိုအစီအစဉ်ကလည်း ဒေါက်တာမင်းထင်ကျော်၏

www.burmeseclassic.com



အစီအစဉ်များထဲမှ တစ်ခုအပါအဝင် ဖြစ်ပေသည်။

အချုပ်ခန်းရှိသောနေရာမှာ ပင်လယ်နှင့်မဝေးသလို ပင်လယ်ဘက်မှလှမ်းကြည့်လျှင်လည်း မြင်နိုင်လောက်သော အ နေအထားမျိုးတွင်ရှိသည်။

အချုပ်ခန်းရှိသည့်နေရာနှင့် မနီးမဝေးတွင် လှေသုံးစင်း နှင့် စက်တပ်လှေတစ်စင်းကိုလည်း အရေးအကြောင်းရှိပါက အသုံးပြုရန် အဆင်သင့်ပြင်ဆင်ထားသည်။

ထို့ပြင် ဂေါ်ရခါးစစ်သားအချို့ကို ခေါ်ထားသည်။ အ ချုပ်ခန်းနှင့် မနီးမဝေးနေရာမှာရှိသော အဆောက်အဦးတစ်ခု အတွင်းမှာတော့ ဒေါက်တာမင်းထင်ကျော်တို့ကလည်း အခြေ အနေကို မျက်ခြေပြတ်မခံဘဲ စောင့်ကြည့်နေကြသည်။

ဖမ်းမိထားသော ရေဘီလူးကြီးကိုတော့ အချုပ်ခန်းအ တွင် သံကြိုးများဖြင့် ချည်နှောင်ထားသည်။

၄င်းကိုယ်တွင်ရထားသော ဒဏ်ရာများကိုလည်း ဆေး ဝါးများဖြင့် ကုသပေးထားသဖြင့် အတော်ပင်သက်သာနေပေပြီ။ ဆေးတပ်ကဆရာဝန်အပြင် မြန်မာဆေးဆရာကြီးတစ်ဦးကိုပါ ခေါ်ပြီး ကုသပေးထားခြင်းဖြစ်လေသည်။

ထိုဆေးဆရာကြီး၏အမည်မှာ ဦးဇန်ကောင်းဖြစ်ပြီး ဒေါက်တာမင်းထင်ကျော်နှင့် သိကျွမ်းခင်မင်သောဆရာတစ်ဦး လည်းဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က အကျိုးအကြောင်းပြောပြီး အကူအညီတောင်းထားသောကြောင့် ဦးဇန်ကောင်းက ဆေး



ဘီလူးကို ဆေးကုပေးရင်းမှပင် လေ့လာကြည့်ရှုမှုများပြုလုပ်လေ သည်။

သူတွေ့သောအချက်များကိုလည်း ဒေါက်တာမင်းထင် ကျော်ကို ပြန်ပြောပြလေသည်။

“ရေဘီလူးလို့သာခေါ်ပေမယ့် လူတော့လူတွေပါပဲ၊ သူတို့ရဲ့ခန္ဓာကိုယ်ဖွဲ့စည်းပုံက သာမန်လူတစ်ယောက်နဲ့ ဘာမှ မကွာပါဘူး၊ တစ်ခုတော့ရှိတာပေါ့လေ ဆားငန်ရေထဲမှာချည်း အနေများတော့လည်း အရေပြားတွေက မည်းနက်ပြီး အပြာ ရောင်သမ်းနေတာပေါ့”

“အသားတွေကွဲအက်နေတာ ဘာကြောင့်လဲ ဆရာ ကြီး”

“ဆားငန်ရေနဲ့ထိလိုက်၊ နေပူနဲ့ထိလိုက်ဆိုရင် အသား တွေက ဒီလိုပဲကွဲအက်ပြီး မည်းနက်နေတတ်ပါတယ်၊ မျက်လုံး တွေနီရဲနေတာကလည်း တခြားမဟုတ်ဘူး၊ ရေထဲမှာ အကြာ ချည်းငုတ်နေလို့ အဖြူရောင်ပျောက်ပြီး နီရဲနေတာပါ”

“ဟုတ်ကဲ့”

“နောက်ပြီး မျက်နှာတစ်ခုလုံး အဖုအပိတ်ကြီးတွေထ ပြီး သွားနဲ့အစွယ်တွေထွက်နေတာက အသားငါးတွေကို အစိမ်း စားလို့ ဒီလိုဖြစ်တာပါ”

“အသားငါးတွေ အစိမ်းစားတိုင်း ဒီလိုပဲရုပ်ပျက်ဆင်း ပျက်ဖြစ်တတ်သလားဆရာကြီး”

“အသားငါးကိုအစိမ်းစားရင် ရုပ်ကြမ်းတာတော့ မှတ

www.burmeseclassic.com



ပဲ၊ တိရစ္ဆာန်မှာတောင် အသားငါးအစိမ်းစားတဲ့သတ္တဝါနဲ့ အသီးအနှံစားတဲ့သတ္တဝါက တူကြတာမဟုတ်ဘူး၊ သားစိမ်းငါးစိမ်းစားတဲ့သတ္တဝါတွေရဲ့ မျက်နှာကကြောက်ဖို့ကောင်းပြီး အသီးအနှံစားတဲ့သတ္တဝါတွေရဲ့ ရုပ်ဆင်းအင်္ဂါက ချစ်ခင်နှစ်သက်ဖို့ကောင်းတယ်၊

ရေသတ္တဝါချင်းတူတာတောင် အသားစားကြမ်းတဲ့ မိကျောင်းမျက်နှာနဲ့ အသားမစားတဲ့ လင်းပိုင်တစ်ကောင်ရဲ့ မျက်နှာ ဘယ်လိုကွာသလဲဆိုတာ ယှဉ်ကြည့်လိုက်ရင် သိနိုင်ပါတယ်"

"မှန်ပါတယ်ဆရာကြီး ငှက်ထဲမှာတောင် အသားစားတဲ့ ကျီးကန်းနဲ့ မစားတဲ့ ကြက်တူရွေးကွာသလိုမျိုး ဖြစ်မှာပေါ့"

"မှန်ပါတယ်"

"သူ့ရဲ့အသားအရေတွေက အနာကြီးရောဂါသည်တစ်ယောက်လို တစ်ကိုယ်လုံး အဖုအပိမ့်ကြီးတွေ ထနေကရော အသားငါးတွေအစိမ်းစားတာကြောင့် ဖြစ်တာမျိုးလားဆရာကြီး"

ထိုသို့မေးသောအခါ ဦးဗန်ကောင်း ချက်ခြင်းပြန်မပြောသေးဘဲ ကွမ်းတစ်ယာကို ပါးစပ်ထဲသို့ထည့်ပြီးမှ ပြောပြသည်။

"ဒါလည်း တစ်ကြောင်းပါတာပေါ့၊ နောက်တစ်ခုထူးခြားမှုတွေ့တာက သူတို့ကိုယ်ပေါ်မှာ အနီရောင်အဆိပ်မှုန့်တစ်မျိုးတွေရတယ်၊ ဒီအဆိပ်မှုန့်တွေကြောင့် ဒီလိုဘဝရောက်နေကြတာများလားတော့မသိဘူး"

"ဘယ်လိုအဆိပ်မျိုးလဲ ဆရာကြီး"



"သစ်ပင်တွေကသော်လည်းကောင်း တစ်နေရာကသော်လည်းကောင်း ရနိုင်တဲ့ သဘာဝအဆိပ်မျိုးပါပဲ၊ လူတွေစီမံဖော်စပ်တဲ့ အဆိပ်မျိုးတော့မဟုတ်ဘူး"

"ဟုတ်ကဲ့"

"ဒီအဆိပ်မျိုးက ဝမ်းထဲရောက်သွားရင် အသက်သေသွားတာမျိုးမဟုတ်ဘဲ အခုလို ပုံပျက်ပန်းပျက်၊ ရုပ်ပျက်ဆင်းပျက် ဘဝရောက်သွားစေနိုင်တယ်လို့ထင်တယ်"

"ဆရာကြီးအယူအဆ ဖြစ်နိုင်စရာရှိပါတယ်၊ ကျွန်တော်အထင်ပြောရရင်တော့ ရေဘီလူးတွေနေတဲ့ကျွန်းမှာ ဒီလိုအဆိပ်မျိုးရနိုင်တဲ့ သစ်ပင်ပန်းပင်၊ ဒါမှမဟုတ် တခြားပစ္စည်းတစ်မျိုးမျိုးရှိပုံရတယ်၊ တစ်ခုတော့မေးချင်ပါတယ် ဒီလိုရောဂါမျိုးဖြစ်နေရင်ကော ကုသပေးလို့ရနိုင်ပါသလား"

"ရနိုင်ပါတယ် အသက်သေသွားတာမှ မဟုတ်တာ. . အနာကြီးရောဂါရနေတဲ့လူတွေတောင် ဆေးနဲ့ကုပေးရင်ပျောက်သေးတာပဲ အဆိပ်သင့်နေတယ်ဆိုပေမယ့် အသက်မှမသေသေးတာ သင့်တော်တဲ့ဆေးတော့ ရှိရမှာပေါ့၊ ဒါပေမယ့် ရေဘီလူးတွေက အဲသည်လို ကုပေးတာကို လက်ခံချင်ကြမှာမဟုတ်ဘူး"

ဟု ပြောပြလေသည်။

ဦးဗန်ကောင်း ပြောသည့်အတိုင်းပါပေ။

ဖမ်းမိထားသော ရေဘီလူးကြီးက သံကြိုးများဖြင့် ခြေလက်များကို တုပ်နှောင်ထားသည့်ကြားမှပင် ဆေးကုပေးရန် အနားသွားသည်နှင့် အတင်းပင်ရုန်းကန်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်နီကြီးဖြင့်ကြည့်ကာ စူးစူးဝါးဝါးအသံများဖြင့် မာန်ဖီနေတတ်လေသည်။

ရေဘီလူးကြီးမှာ သူ့အနီးတစ်ဝိုက်တွင် အခြားမည်သူမှ မရှိပါက အဝတ်ဟောင်းကြီးကို ဦးခေါင်းပေါ်၌အုပ်ကာ ငြိမ်သက်နေတတ်လေသည်။

ညအချိန်ရောက်လာလျှင်တော့ သံတိုင်ပေါက်များကြားမှ ပင်လယ်ဘက်သို့ကြည့်ကာ စူးစူးဝါးဝါးအသံများဖြင့် အသံကုန်အော်ဟစ်နေတတ်ပေသည်။

တစ်ခါတစ်ရံကင်းစောင့်နေသော ဂေါ်ရခါးစစ်သားများပင် နားမခံသာအောင်ဖြစ်ကြရလေသည်။

တစ်ညမှာတော့ ထူးခြားမှုတစ်ခုဖြစ်ပေါ်လာလေသည်။ ပင်လယ်တွင်းမှာဖြစ်သော အခြေအနေပင်ဖြစ်သည်။

ထိုညက လရောင်မရှိသဖြင့် အမှောင်ထုက ပိုမိုများပြားနေလေသည်။

သို့သော်လည်း ပင်လယ်ပြင်မှာတော့ ကောင်းကင်မှ ကြယ်ရောင်များရှိနေသောကြောင့် ဝိုးတဝါးမြင်နိုင်လေသည်။

ထိုအချိန်မျိုးရောက်မှ ပင်လယ်တွင်းတစ်နေရာ၌ရှိသော ကျွန်းတစ်ကျွန်းဘက်မှ လှေသုံးစင်းထွက်လာလေသည်။ လှေများမှာ ပင်လယ်လှိုင်းဒဏ်ခံနိုင်ရန် စီမံပြုလုပ်ထားသော ကပန်းလှေအမျိုးအစားဖြစ်ကြသည်။

အတော်အသင့်ကြီးပြီး ခတ်တက်ကိုအသုံးပြုပြီးလှော်ခတ်သွားလာရသော သစ်ထွင်းလှေကြီးများဖြစ်သည်။



ထိုလှေကြီးများပေါ်တွင် ရေဘီလူးများပါလာကြသည်။ လှေတစ်စင်းလျှင် (၁၀)ယောက်ခန့်ပါသောကြောင့် စုစုပေါင်း လူ(၃၀)ခန့် ပါလာကြသည်။

၎င်းတို့နှင့်အတူ ဓားလှံလက်နက်များလည်း ပါလာကြလေသည်။

ထိုလှေသုံးစင်းမှာ မြိတ်ဘက်သို့ဦးတည်ပြီး လှော်ခတ်လာနေကြခြင်းဖြစ်သည်။

လှေသုံးစင်းပေါ်တွင် ဓား၊ လှံ၊ လက်နက်များသာမကဘဲ ငါးများထည့်ထားသော ငါးတောင်းကြီးများလည်း ပါလာကြသေးသည်။ လှေကိုလှော်လိုက် တစ်နေရာရောက်သည်နှင့် လှေပေါ်မှာပါလာသော ငါးများကို ရေထဲပစ်ချလိုက်နှင့် လုပ်လာကြလေသည်။

သူတို့လှေသုံးစင်းနောက်မှာတော့ ရေအောက်မှ ရေသတ္တဝါကြီးတစ်ကောင် လိုက်လာလေသည်။

ရေအောက်မှာမြုပ်နေသောကြောင့် မည်ကဲ့သို့သော သတ္တဝါမျိုးဖြစ်သည်ကို မသိရသော်လည်း ရေလှိုင်း၊ ရေပွက်ကြီးများ ထနေပုံကိုကြည့်ရုံနှင့် အတော်ပင်ကြီးသော ရေသတ္တဝါကြီးတစ်ကောင် ဖြစ်သည်တော့ သိသာပေသည်။

ရေအောက်မှလိုက်လာသော ရေသတ္တဝါကြီးက လှေပေါ်မှပစ်ချပေးခဲ့သော ငါးကြီးများကိုတစ်ကောင်မကျန် လိုက်လံစားသောက်ရင်းနှင့် လိုက်လာလေသည်။

တစ်ကြိမ်မှာတော့ ရေအောက်မှရေပွက်ကြီးများအပေါ်

www.burmeseclassic.com

www.burmeseclassic.com

သို့မြင့်ထွက်လာပြီးနောက် သတ္တဝါကြီးတစ်ကောင် အပေါ်သို့ ဝေါခနဲထိုးတက်လာလေသည်။

ထိုသတ္တဝါကြီးမှာ စွန်ပျံကြီးတစ်ကောင်ကဲ့သို့ ရေပြင်ပေါ်မှ လေထဲသို့ထိုးပျံတက်သွားပြီးမှ ရေထဲသို့ ဝုန်းခနဲ ပြန်ကျသွားလေတော့သည်။

အကောင်အရွယ်အစားမှာ သာမန်သင်္ဘောတစ်စင်းမျှကြီးမားပြီး ကျယ်ပြန့်သောတောင်ပံနှစ်ဘက်ပါသော လိပ်ကျောက်စွန်ကြီးပင် ဖြစ်ပေတော့သည်။

ဦးခေါင်းနှင့်ကိုယ်ခန္ဓာက လိပ်ကျောက်စွန်ပင်ဖြစ်သော်လည်းအမြီးကတော့ လိပ်ကျောက်အမြီးနှင့်မတူပဲ နဂါးကြီးတစ်ကောင်၏အမြီးနှင့် များစွာတူလှပေသည်။ ထိုမျှကြီးမားလှသည့် လိပ်ကျောက်စွန်ကြီးကသာ လှေသင်္ဘောတို့ကို ဝင်ရောက်တိုက်ခိုက်မည်ဆိုပါက မည်သည့်သင်္ဘောမှ ခံနိုင်မည်မဟုတ်ပေ။

ရေအောက်ကတိုက်ခိုက်သဖြင့် မပျက်စီးလျှင် မိုးပေါ်ဖိုတက်သွားပြီး အပေါ်မှဖိချလျှင်တော့ မည်သည့်သင်္ဘောမျိုးမှ ခံနိုင်ကြမည်မဟုတ်ပေ။

သင်္ဘောကြီးတစ်စင်းစာမျှ အကောင်အရွယ်အစားကြီးမားသော လိပ်ကျောက်စွန်ကြီးက ရေအောက်ငုတ်သွားလိုက်ကောင်းကင်ပျံတက်လိုက်နှင့် နောက်မှလိုက်လာသော်လည်း . ရေဘီလူးများစီးလာသော လှေသုံးစင်းကိုတော့ အန္တရာယ်မပေးပေ။

သို့သော် လှေပေါ်မှပစ်ချပေးခဲ့သော ငါးများကိုတော့





လိုက်လံစားသောက်လေသည်။

ဤသို့ဖြင့်တဖြည်းဖြည်းနှင့် မြိတ်ကမ်းခြေနှင့်နီးလာလေတော့သည်။

ကမ်းခြေနှင့်နီးလာသောအခါ ရေဘီလူးများက လှေပေါ်မှ ငါးများပစ်ချမပေးတော့ဘဲ ရပ်လိုက်ကြသည်။ ရေသတ္တဝါကြီးကလည်း ရေအောက်သို့ ငုတ်လျှိုးသွားလေတော့သည်။

အချိန်မှာ . ညဥ့်နက်ပိုင်းသို့ ရောက်လာပြီဖြစ်သောကြောင့် ကမ်းခြေတစ်လျှောက်မှာ အချို့နေရာများမှသာ မီးရောင်ရှိပြီး နေရာအတော်များများမှာတော့ အမှောင်ထုများဖုံးလွှမ်းနေလေသည်။

ရေဘီလူးများက ကျောက်တုံးကျောက်ဆောင်များကိုအကာအကွယ်ယူပြီး ရေဘီလူးတစ်ယောက်ကို ချုပ်နှောင်ထားသော အချုပ်ခန်းရှိရာသို့ သွားကြလေသည်။

ထိုနေရာမှာ ရတနာဆောင်ကြာမြိုင် ရှိသောနေရာနှင့်လည်း မဝေးလှပေ။

ဆောင်ကြာမြိုင်ဘက်မှာ မီးရောင်အချို့ ရှိနေသော်လည်း လူရိပ်လူခြည်တော့ မတွေ့ရပေ။ ထို့အတူ အချုပ်ခန်းရှိသော နေရာဘက်မှာလည်း မီးအိမ်အချို့ ထွန်းထားလေသည်။

ထိုနေရာတစ်ဝိုက်မှာတော့ ဂေါ်ရခါးအစောင့်များရှိနေကြသည်။ ညအချိန် ရောက်လာပြီးဖြစ်သောကြောင့် အချုပ်ခန်းထဲမှာရှိနေသော ရေဘီလူးကြီးကတော့ ဟူးဟူးဝါး အသံများဖြင့် အော်ဟစ်နေလေသည်။

www.burmeseclassic.com

ပင်လယ်ဘက်မှ လှေသုံးစင်းဖြင့်လာကြသော ရေဘီလူးများက ၄င်းတို့စီးလာသောလှေများကို ကျောက်ဆောင်များကြား၌ ဝှက်ထားခဲ့ပြီးနောက် အမှောင်ရိပ်များခိုကာ အပေါ်သို့ တက်လာကြလေသည်။

သူတို့သည်တစ်ကိုယ်လုံး အဝတ်မည်းကြီးများ ခြုံထားကြသောကြောင့် အမှောင်ရိပ်ထဲမှာမမြင်ရဘဲ ရှိနေကြသည်။

သူတို့ထံတွင် ဓားလှံလက်နက်များအပြင် ကြောက်စရာကောင်းသော လက်နက်တစ်မျိုးလည်း ပါလာကြသည်။

ကျူရိုးဖြင့်ပြုလုပ်ထားသော မှုတ်ပြောင်းတံပင်ဖြစ်ပေသည်။ ပင်လယ်ပိုင်းတွင်ပေါက်သော ကျူပင်များက ဝါးကဲ့သို့ အလုံးအရွယ်အစားကြီးပြီး မာကြောသည်။

အဆစ်ပေါက်ကျဲသည်။

အတွင်းသားထူသဖြင့် မှုတ်ပြောင်းအဖြစ်ပြုလုပ်သောအခါ ပိုမိုကောင်းမွန်လေသည်။

မှုတ်ပြောင်းတံဖြင့်အသုံးပြုသော မြှားတံကတော့ အခြားမဟုတ်ပေ။ ကျွန်းပေါ်မှာရနိုင်သည့် ဖြူကောင်တစ်မျိုးမှ ဖြူဆူးရှည်ကြီးများပင် ဖြစ်သည်။

နောက်ပိုင်းတွင် ငှက်မွှေးများတပ်ထားပြီး ထိပ်ဖျားတွင် အဆိပ်ရည်များ သုတ်ထားသည်။

ကျွန်းပေါ်တွင် အဆိပ်ပင်ရှိပြီး ထိုအဆိပ်ပင်မှရသော အဆိပ်ရေကို ဖြူဆူးထိပ်တွင် သုပ်လိမ်းထားသည်။ ထိုဖြူဆူးဖြင့် ထိပါက ချက်ချင်းသေစေနိုင်သည်။



ရေဘီလူးများသည် ယူဆောင်လာသော လက်နက်များ ကိုင်ကာ ကျောက်ဆောင်ကွယ်များကြားမှ အပေါ်သို့ တက် လာကြလေသည်။

ထို့နောက် အစောင့်ချထားသော ဂေါ်ရခါးစစ်သားနှစ် ယောက်တို့ကို အဆိပ်ဆူးတံများဖြင့်ပစ်မှုတ်ကာ သတ်လိုက်ကြ သည်။

စစ်သားနှစ်ယောက်မှာ တစ်ချက်ကလေးမှ အသံမထွက် ဘဲ လဲကျသေဆုံးသွားလေတော့သည်။

ထို့နောက်မှာတော့ ရေဘီလူးများက ရဲတင်းစွာဖြင့် အချုပ်ထောင်တံခါးကိုဖွင့်ပြီး ၄င်းတို့လူကို ကယ်တင်ကြလေ သည်။

အချုပ်ထဲမှာထည့်ထားသော ရေဘီလူးကိုဝင်ရောက် ကယ်တင်နေကြစဉ်မှာပင် အမှောင်ရိပ်များထဲမှာ အသင့်စောင့် နေသော ဂေါ်ရခါးစစ်သားများ ထပ်မံရောက်လာကြလေသည်။

၄င်းတို့အဖွဲ့သားများကို ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာ၊ မေဂျာဝီလျံ၊ မစ်ဆင်ဂျာ စသူတို့က ဦးဆောင်လာကြ ခြင်းဖြစ်သည်။

ဖမ်းမိထားသော ရေဘီလူးကို စစ်တပ်အချုပ်ထောင်မှ မင်းစပ်နှင့်နီးသောနေရာ၌ရှိသော အချုပ်ထောင်သို့ရွှေ့ပြောင်း ထားခြင်းမှာ ထောင်ချောက်ဆင်ထားခြင်းပင် ဖြစ်လေသည်။

ထိုအစီအစဉ်များက ဒေါက်တာမင်းထင်ကျော်၏ အစီ အစဉ်များသာ ဖြစ်ပေသည်။

www.burmeseclassic.com

ရေဘီလူးများက သူတို့ကို စစ်သားများလာရောက်ဝိုင်းမှန်းသိသောအခါ အူသံများပေးကာ အချက်ပေးကြလေသည်။

"အူ. ဝူ. ဝူ. ."

"အူ. ဝူ. ဝူ. ."

အူသံများက ပတ်ဝန်းကျင်တစ်ဝိုက်မှာ စူးစူးဝါးဝါးဖြင့် ဆူညံစွာပေါ်ထွက်လာလေသည်။

ထိုကဲ့သို့သောအချက်ပေးသည့် အသံများကြားသည်နှင့် ကျောက်တုံးကျောက်ဆောင်များကြားမှာ အသင့်စောင့်ဆိုင်းနေကြသောရေဘီလူးများ ပြေးထွက်လာကြကာ စစ်သားများကို ဝင်ရောက်တိုက်ခိုက်ကြလေသည်။

ဂေါ်ရခါးစစ်သားများကလည်း သေနတ်များဖြင့်ပြန်လည်ပစ်ခတ်ကြရာ တိတ်ဆိပ်နေသောအချိန်တွင် သေနတ်သံများက ဆူညံသွားလေတော့သည်။

ရေဘီလူးများကလည်း ၄င်းတို့မှာပါလာသော လက်နက်များကို တရကြမ်းဝင်ရောက်တိုက်ခိုက်ကြလေသည်။

ရေဘီလူးများ အသုံးပြုသောဓားလှံတို့မှာ သာမန်မဟုတ်ပေ။ အဆိပ်ရေများ သုပ်လိမ်းထားသောကြောင့် ထိရုံနှင့်ပင် သေစေနိုင်သည်။

မှုတ်ပြောင်းတံဖြင့် အသုံးပြုသောအဆိပ်ဆူးတံများကလည်း အတော်ပင်ထိရောက်လှသည်။ ထိလိုက်သည်နှင့် ချက်ချင်းလဲကျသေဆုံးသွားကြလေသည်။

"သူတို့မှာ အဆိပ်ဆူးတံတွေပါတယ် သတိထားကြ"



ဒေါက်တာမင်းထင်ကျော်က စစ်သားများကို အော်ဟစ်သတိပေးရသည်။

ရေဘီလူးများက ပစ်ခတ်နေသော သေနတ်ကျည်ဆံများကို လုံးဝမကြောက်ကြဘဲ တရကြမ်းဝင်ရောက်တိုက်ခိုက်ကြလေရာ ဂေါ်ရခါးစစ်သားအတော်များများလည်း သေဆုံးသွားကြလေသည်။

ဒေါက်တာမင်းထင်ကျော် အစီအစဉ်တွင် အခြေအနေကောင်းပါက နောက်ထပ်စစ်ကူများခေါ်ပြီး တိုက်ခိုက်ရန်စီမံထားလေရာ သေနတ်သံများ အဆက်မပြတ် ကြားရသည်နှင့် နောက်ထပ်စစ်သားများရောက်လာပြီး ဝိုင်းဝန်းတိုက်ခိုက်ကြသဖြင့် မခံနိုင်ကြတော့ပေ။ သို့ကြောင့် ဝူးဝူးဝါးဝါးဖြင့် အသံများပေးပြီးနောက် ကျောက်တုံးကျောက်ဆောင်များ အကာအကွယ်ယူကာ ရေစပ်သို့ပြန်ဆင်းသွားကြလေသည်။

မှောင်နေသည်ကတစ်ကြောင်း၊ ကျောက်တုံးကျောက်ဆောင်များစွာရှိနေသည်ကတစ်ကြောင်းကြောင့် ဂေါ်ရခါးစစ်သားများကလည်း ဖွတ်အတင်းမလိုက်ဝံ့ကြပေ။

ရေဘီလူးများကတော့. . အချို့က ရေစပ်ကျောက်တုံးကျောက်ဆောင်အကွယ်များကြားမှ စောင့်နေပြီး အချို့ကဝှက်ထားခဲ့သော လှေများရှိရာသို့ ရောက်အောင်သွားကြသည်။

လှေပေါ်သို့ရောက်သောအခါ. . လှေပေါ်၌ ကျန်နေသည့် ငါးတောင်းများထဲမှ ငါးများကို နေရာအနှံ့ရေထဲသို့ပစ်ချကြသည်။ ပထမတော့မထူးခြားပေ။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါမှာတော့ ငါးများကုန်သွားသော အခါ ကမ်းပေါ်မှကျန်နေကြသူများကို အချက်ပေး၍ခေါ်ပြီး လှေများဖြင့် ထွက်သွားကြလေသည်။

လှေသုံးစင်း ပင်လယ်ဘက်သို့ ထွက်သွားသည်ကို ကမ်းပေါ်မှာရှိနေကြသည့် ဒေါက်တာမင်းထင်ကျော်တို့က လှမ်းမြင်ကြရသည်။

"သူတို့တော့သွားပြီ၊ နောက်ကလိုက်ကြစို့"

ဟုပြောပြီး အသင့်ပြင်ဆင်ထားသော သင်္ဘောပေါ်သို့ တက် ပင်လယ်ဘက်သို့ စထွက်ကြသည်။

"သူတို့နောက်ကနေ လိုက်ကြည့်တော့မှ သူတို့ဘယ်နေရာမှာနေတယ်ဆိုတာသိရမယ်၊ ခတ်ဝေးဝေးကနေ လိုက်သွားကြမယ်"

ဟုပြောဆိုပြီး သင်္ဘောကို ကမ်းခြေမှစထွက်သည်နှင့် အန္တရာယ်နှင့် စတွေ့ရလေတော့သည်။

သင်္ဘောရှေ့တည့်တည့်နေရာမှ ကြောက်စရာကောင်းသော ဝဲကတော့ကြီးတစ်ခု ရုတ်တရက်ပေါ်လာလေတော့သည်။

"ဝေါ. . ဝေါ. . ဝေါ"

ဝဲကတော့ကြီးမှာ အရှိန်ပြင်းလှသောကြောင့် စက်အားကောင်းသောသင်္ဘောပင် ရှေ့သို့ရုန်းမတက်နိုင်တော့ဘဲ သစ်ရွက်တစ်ရွက်ပမာဝဲအတွင်း၌ ချာလည်လည်နေလေတော့သည်။

"သတိထားကြ ရေအောက်မှာ အန္တရာယ်တစ်ခုခုရှိနေပုံရတယ်"



သတိပေး၍မှမဆုံးခင် သင်္ဘောအောက်မှ တစ်စုံတစ်ယောက်က ပင့်တင်လိုက်သောကြောင့် လေထဲသို့မြောက်တက်သွားလေတော့သည်။

ဒါ့အပြင် ရေထဲသို့ပြန်ကျတော့လည်း မသက်သာလှဘဲ မြုပ်လုမြုတ်ခင် ဖြစ်သွားလေသည်။

"ဝုန်း"

သင်္ဘောက သစ်သားကိုယ်ထည်ဖြင့် ပြုလုပ်ထားသောကြောင့် ချက်ချင်းမမြုတ်သွားသေးသော်လည်း ခါးကျိုးသွားလေသည်။ ရေများ ဒလဟောဝင်လာသည်။

မောင်းနေသော စက်လည်းရပ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မဲတ်မီးတစ်ဖက်၊ သေနတ်ကို တစ်ဖက်ကိုင်ကာ ရေအောက်သို့ မီးရောင်ဖြင့်ထိုးကြည့်လိုက်သည်။

ပင်လယ်ရေက ကြည်လင်လှသောကြောင့် ရေအောက်သို့လှမ်းမြင်နေရလေသည်။

သင်္ဘောအောက်တွင် ကူးခတ်သွားလာနေသော ရေသတ္တဝါကြီးတစ်ကောင်၏ ကျောပြင်ကိုမြင်ရသည်။

ကြီးမားလှသောကြောင့် မည်းမည်းကြီးကိုသာ မြင်နေရပြီး ဘယ်လိုသတ္တဝါမျိုးဖြစ်သည်ကိုတော့ သဲသဲကွဲကွဲမသိရသေးပေ။

"အားလုံးသတိထားကြ၊ ရေအောက်မှာ ရေသတ္တဝါကြီးတစ်ကောင် ရှိနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က အားလုံးကြားအောင် အော်ပြောလိုက်သည်။

ထိုသို့အော်ပြောသဖြင့် ကျော်စွာနှင့်မေဂျာဝီလျံတို့ အနားသို့ ရောက်လာကြသည်။

"ဘာတွေ့သလဲ ဆရာ"

"ရေအောက်မှာ ရေသတ္တဝါကြီးတစ်ကောင်ရှိတယ်"

"ဘယ်လိုသတ္တဝါမျိုးလဲ"

ထိုသို့ပြောနေကြစဉ်မှာ သင်္ဘောကို ရေအောက်မှ ... ရောက်တိုက်ခိုက်ပြန်သဖြင့် တစ်ဖက်သို့ စောင်းကျသွား... သည်။

ထိုမှသာမကဘဲ ရေထဲမှမြောက်တက်လာသော အ... ဝတ္ထုတစ်ခုက သင်္ဘောကို ရိုက်ချလိုက်လေတော့သည်။

"ဝုန်း . . "

သင်္ဘောပေါ်မှာရှိသော အမိုးများနှင့် ပစ္စည်းအ... များများ ကျိုးပဲ့ပျက်စီးသွားကြလေသည်။

ရိုက်ချလိုက်သောအရာမှာ အခြားမဟုတ်ပေ။

ကြီးမားရှည်လျားလှသော ရေသတ္တဝါကြီးတစ်ကောင်၏ အမြီးပိုင်းကြီးပင်ဖြစ်လေသည်။

သင်္ဘောပေါ်တွင် တစ်ဝက်တစ်ပျက် တင်နေသေး... ဖြင့် ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးရောင်ဖြင့်ထိုး... လိုက်သည်။

တစ်ခုလုံးဆူးချွန်များ၊ အကြေးခွံကြီးများဖြင့် နဂါး...



ကောင်၏ အမြီးပိုင်းနှင့်တူသော အမြီးကြီးပင်ဖြစ်ပေတော့သည်။

ကြည့်နေရင်းမှာပင် ရေသတ္တဝါကြီး၏အမြီးက ရေထဲပြန်လျောကျသွားလေသည်။ သင်္ဘောတစ်ခုလုံးမှာတော့ ရစရာမရှိတော့အောင် ကြေမွပျက်စီးနေလေသည်။

ခါးကျိုးသွားပြီဖြစ်သောကြောင့် ရေများဝင်ကာရေအောက်သို့ နစ်မြုပ်နေချေပြီ။

"ဘာကောင်ကြီးလဲ ဆရာ"

"သေသေချာချာတော့ မမြင်ရသေးဘူး"

"သင်္ဘောမြုပ်တော့မယ် ဘယ်လိုလုပ်ကြမလဲ"

"အခြေအနေကြည့်ပြီးတော့သာ အသက်အန္တရာယ်ဘေးက လွတ်အောင်ရှောင်ကြရမယ်"

ဟု ပြောဆိုနေကြစဉ်မှာ သင်္ဘောနှင့်မနီးမဝေးနေရာမှာ ရေဝဲကတော့ကြီးများ ထလာလေသည်။

ထိုရေဝဲကတော့ကြီးများက တဖြည်းဖြည်းနှင့် ကျယ်ပြန့်လာပြီး သင်္ဘောကိုပတ်မိလာသည်။

သင်္ဘောကလည်း ဝဲကတော့ထိုးရာနောက်သို့ ချာချာလည်ကာ ပါသွားလေတော့သည်။

တစ်ကြိမ်မှာတော့ ရေအောက်မှ ဝေါခနဲ ထိုးပေါ်လာသော ရေသတ္တဝါကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းကြီးကို အနီးကပ်တွေ့မြင်လိုက်ကြရလေတော့သည်။

အခြားတော့မဟုတ်ပေ။

သင်္ဘောထက် အဆများစွာကြီးမားသော ရောမလိပ်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စွန်ကြီးတစ်ကောင်ပင် ဖြစ်တော့သည်။

အမြီးပိုင်းကသာ ပုံသဏ္ဍာန်ခြားနားနေသော်လည်း စပ်ပေါက်၊ မျက်လုံးပေါက်၊ အတောင်ပံကြီးနှစ်ဖက် ပါပုံက သာမန်လိပ်ကျောက်စွန်တစ်ကောင်နှင့် မကွာခြားလှပေ။

လိပ်ကျောက်စွန်ကြီးက ရေပြင်ပေါ်သို့ ပျံတက်လာ သင်္ဘောအပေါ်မှ ဖိချလိုက်လေတော့သည်။

ဒီတစ်ကြိမ်မှာတော့ သင်္ဘောမှာ ဘယ်လိုမှမခံနိုင် ဘဲ စေ့စေ့ညက်ညက်ကြေကာ ရေအောက်သို့နစ်မြုပ်သွား တော့သည်။

သင်္ဘောပေါ်မှာရှိနေကြသူများလည်း ဘေးအန္တရာ လွတ်ရာသို့ ကူးပြေးကြလေတော့သည်။

ရေသတ္တဝါကြီးကတော့ ရေပြင်ပေါ်မှာကူးနေသူများ ကြက်တစ်ကောင်အစာကောက်သကဲ့သို့ တစ်ယောက်ပြီး ယောက် စားသောက်လေတော့သည်။

ဘာမှမတတ်နိုင်ကြတော့ပေ။

သင်္ဘောနစ်မြုပ်သွားသောနေရာမှာ ကမ်းခြေနှ ဝေးလှသောကြောင့် ကမ်းပေါ်မှာရှိနေကြသူများကလည်း ခြေအနေကို မြင်နေရ၊ ကြားနေကြရလေသည်။

အတန်ကြာတော့ ကမ်းခြေဘက်မှ စစ်သင်္ဘောတစ် နှင့် အခြားစက်လှေအချို့ထွက်လာကြပြီး အသက်ရှင်နေသူ ကို ကယ်တင်ပေးကြလေသည်။

ကံအားလျော်စွာ ဒေါက်တာမင်းထင်ကျော်၊ ဇော်



နှင့် မေဂျာဝီလျံတို့သုံးယောက်ကတော့ အသက်အန္တရာယ်ဘေး မှ လွတ်မြောက်ကြလေသည်။

ရေတပ်သင်္ဘောပေါ်ရောက်ပြီး အခြေအနေကြည့်လိုက် တော့ ရေသတ္တဝါကြီး၏ အရိပ်အယောင်ကို မတွေ့ကြရတော့ ပေ။

စောစောက ကမ္ဘာပျက်သည့်အလား ဆူညံနေသော ရေပြင်ပေါ်မှာ ယခုတော့ပြန်လည်ငြိမ်သက်သွားချေပြီ။

ရေတပ်သင်္ဘောပေါ်မှာ ရေတပ်ဗိုလ်ချုပ်မလင်ပါလာ သဖြင့် သူကမေးသည်။

"ဘယ်လို ဖြစ်တာလဲဗျ"

"တခြားတော့မဟုတ်ပါဘူး . . ၊ ဗိုလ်ချုပ်တို့ရဲ့ ရေတပ် သင်္ဘောတစ်စင်းကို ဖျက်ဆီးပစ်လိုက်တဲ့ တရားခံကိုအခုညမှာ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတာပါပဲ"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောလိုက်ရာရေတပ် ဗိုလ်ချုပ်မလင်မှာ များစွာအံ့ဩသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၀ )

# ပင်လယ်ပြင်မှထူးဆန်းသော ရေသတ္တဝါကြီးများ

လူနာများကို ဆေးကုသပေးသော ဆေးကုသဆောင် အတွင်း၌ဖြစ်သည်။ ထိုအဆောင်ထဲမှာတော့ ညကတိုက်ခိုက်ခြသောပွဲတွင် အသက်မသေဘဲ ဒဏ်ရာရနေသူများကို ဆေးဝန်များက ဆေးကုသပေးကြသည်။

ခေါင်း၊ လှံ၊ လက်နက်များကြောင့်သော်လည်းကောင်း၊ အဆိပ်ဆူးများထိ၍သော်လည်းကောင်း၊ ဒဏ်ရာရသူများက

www.burmeseclassic.com

www.burmeseclassic.com



ရတော့ အသက်မရှင်ကြတော့ပေ။

ထိုသည်နှင့် မကြာခင်မှာပင် နေရာ၌သေဆုံးသွားကြလေသည်။ အဘယ်ကြောင့်ဆိုသော် ရေဘီလူးများက ၎င်းတို့အသုံးပြုသောလက်နက်များတွင် အဆိပ်ရေများ သုပ်လိမ်းထားကြသဖြင့် ဒဏ်ရာဒဏ်ချက်ကြောင့် မသေနိုင်စေကာမူ အဆိပ်ကြောင့် သေကြရခြင်းဖြစ်ပေသည်။

ဒဏ်ရာရသူများမှာ သင်္ဘောပျက်ရာမှ ကံကောင်းထောက်မပြီး အသက်မသေဘဲ လွတ်မြောက်လာကြသူများ ဖြစ်ကြလေသည့်အပြင်ဘက်မှာတော့ ဂေါ်ရခါးစစ်သားအချို့၏ အလောင်းများအပြင် ရေဘီလူးအလောင်းများလည်း ရှိသည်။

စစ်သားအတော်များများကတော့ ရေသတ္တဝါကြီး စားသောက်ခြင်းခံကြရဟန်ဖြင့် အစအနမျှပင် ရှာမတွေ့တော့ပေ။ အချို့လည်းရေနစ်ပြီး သေဆုံးခဲ့ကြဟန်ရှိပေသည်။

သေဆုံးသွားခဲ့သော အလောင်းများကိုတော့ ရေစပ်နှင့် မနီးမဝေးရှိသချိုင်းတွင် မြေမြှုပ်သင်္ဂြိုဟ်ရန် ပြင်ဆင်နေကြလေသည်။

ပျက်စီးသွားသောသင်္ဘောပျက်မှ အပိုင်းအစများကိုတော့ ရသမျှလိုက်လံရှာဖွေပြီး ကမ်းစပ်တစ်နေရာတွင် စုပုံထားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ သာမန်ထိခိုက်ဒဏ်ရာအချို့သာရကြပြီး ကြီးကြီးမားမားဒဏ်ရာမျိုး မရကြသဖြင့် ကံကောင်းသည်ဟုပင် ဆိုရပေမည်။



ဒေါက်တာမင်းထင်ကျော် အခန်းထဲမှာတော့ ကေသရီရောက်နေသည်။

"ညက ကျွန်မကိုယ်တိုင် ကမ်းစပ်က ထွက်ကြည့်နေတာ ရေသတ္တဝါကြီးကိုတော့ သေသေချာချာ မမြင်လိုက်ရပါဘူး၊ ဒါပေမယ့် ကိုမင်းထင်ကျော်တို့အတွက်တော့ အတော်ကလေး စိုးရိမ်သွားမိတယ်"

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်သည်။

"ကျွန်တော်တို့အတွက် အခုလိုစိုးရိမ်ပေးတာ ကျေးဇူးတင်ပါတယ်"

ဟု ပြန်ပြောလိုက်သည်။

"ဒါထက် ညကရေသတ္တဝါကြီးကို ကိုမင်းထင်ကျော်ကိုယ်တိုင် မြင်လိုက်ရတာပေါ့နော်"

"မြင်လိုက်ရပါတယ် အနီးကပ်ကို မြင်လိုက်ရပါတယ်၊ ကျောက်ဆောင်ကြီးတစ်လုံးစာလောက် အကောင်အရွယ်အစားကြီးတဲ့ လိပ်ကျောက်စွန်ကြီးတစ်ကောင်ပါပဲ"

"ဒီလိုဆိုရင် ကျွန်မတို့ယူဆချက်တွေ မှန်တာပေါ့နော်"

"ဟုတ်ပါတယ် သင်္ဘောကြီးတွေကို ဖျက်နိုင်တဲ့ရေသတ္တဝါကြီးတွေ အတော်များများရှိတဲ့အထဲမှာ ညကတွေ့လိုက်ရတဲ့ လိပ်ကျောက်စွန်ကြီးတွေလည်း အပါအဝင်ပေါ့၊ ဒါပေမယ့် ထူးဆန်းတာက သူ့ရဲ့အမြီးက သာမန်လိပ်ကျောက်စွန်တွေနဲ့ မတူဘဲ နဂါးတစ်ကောင်ရဲ့အမြီးနဲ့ အတော်ကလေးတူနေတယ်"

"ဒါကလည်း အကောင်အရွယ်အစားက သာမန်ထက်ပို

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားလာတော့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ ပြောင်းလဲသွားတာ သဘာဝတရားပါပဲ"

"ပျောက်သွားတဲ့ ရေတပ်သင်္ဘောက အပျက်အစီးတွေနဲ့ ညကအပျက်ဆီးခံရတဲ့သင်္ဘောက အပျက်အစီးတွေကို တိုက်ကြည့်ရင် ပျက်စီးပုံချင်းတူနေတာကို တွေ့ရပါလိမ့်မယ် ရေတပ်သင်္ဘောပျက်စီးသွားတာ ဒီသတ္တဝါကြီးလက်ချက်ပဲ ဖြစ်မယ်ထင်ပါတယ်"

ဟု ဒေါက်တာမင်းထင်ကျော်က သူ၏ထင်မြင်ယူဆချက်ကို ပြောပြလိုက်လေသည်။

"ဒါထက် ကျွန်မလေ့လာမိသလောက် ဒီလိုကြီးမားတဲ့ ရေသတ္တဝါကြီးတွေက ကမ်းနဲ့နီးတဲ့နေရာတွေကို လာလေ့မရှိကြပါဘူး၊ ပင်လယ်ရေနက်ပိုင်းတွေမှာသာ အနေများလေ့ရှိကြတယ်၊ ဒီရေသတ္တဝါကြီးက ဘယ်လိုကနေဘယ်လို ကမ်းခြေဘက်ကို ရောက်လာတာလဲ မသိဘူး"

"ကျွန်တော့်အထင်ပြောရရင်တော့ ရေဘီလူးတွေနဲ့ ဆက်စပ်မှုရှိမယ်ထင်တယ်၊ ရေဘီလူးတွေရှိတဲ့နေရာကို ရေသတ္တဝါကြီး ရောက်လာပုံထောက်တော့ သူတို့နဲ့ ဆက်စပ်မှုရှိနေတာလည်း ဖြစ်နိုင်စရာရှိပါတယ်"

"ဒီအတိုင်းသာဆိုရင်တော့ အန္တရာယ်က မသေးလှဘူး၊ ဒီလောက်ကြီးမားတဲ့ ရေသတ္တဝါကြီးကို သုတ်သင်ပစ်ဖို့လည်း လွယ်မှာမဟုတ်ဘူး၊ သူရှိနေရင် ပင်လယ်ထွက်နေတဲ့ သင်္ဘောတွေအတွက်ကတော့ အန္တရာယ်ကစိတ်မချရတော့ဘူး"



"ဘာပဲဖြစ်ဖြစ်ပေါ့လေ ရေတပ်သင်္ဘောပျက်စီးသွားတာ ရန်သူဂျပန်တပ်တွေရဲ့လက်ချက် မဟုတ်ဘူးဆိုတာ အဖြေသိရတော့ အင်္ဂလိပ်တွေအတွက်ကတော့ စိတ်သက်သာရာရစေတာပေါ့၊ ဒီအန္တရာယ်ကို သုတ်သင်ဖယ်ရှားပစ်ဖို့အတွက်ကတော့ ဒီလိုပဲ အဖြေရှာကြည့်ရမှာပေါ့"

"အန္တရာယ်ကတော့ အတော်များတဲ့ကိစ္စမျိုးပဲ၊ ဒါထက် ကိုမင်းထင်ကျော်က အဲသည်လိုမျိုး စွန့်စားရတဲ့အလုပ်မျိုးတွေကို အတော်ဝါသနာပါသလားဟင်"

"ဟုတ်ပါတယ် ကျွန်တော်က ထူးထူးဆန်းဆန်းတွေကို သုတေသနလုပ်ရတာမျိုးကို စိတ်ဝင်စားပါတယ်၊ ဒါကြောင့်လည်း စွန့်စွန့်စားစားသွားလာနေတာပါ၊ ကေသရီကရော ဒီလို စွန့်စားမှုမျိုးတွေကို စိတ်ဝင်စားတယ်မဟုတ်လား"

"စိတ်ဝင်စားပါတယ်၊ ဒါကြောင့်လည်း မိန်းကလေးတန်မဲ့ ရေကြောင်းဘာသာရပ်နဲ့ဘွဲ့ယူပြီး ဒီအလုပ်မျိုးလုပ်နေတာပေါ့၊ ဒီလိုနေရာမျိုးလာရမယ်ဆိုတော့ ကျွန်မမိဘတွေကတော့ ဘယ်စိတ်ချပါ့မလဲ မိဘတွေကျေနပ်အောင် မနည်းပြောပြီးတော့မှ လာခဲ့ရတာ"

"ကေသရီရဲ့စိတ်ဓာတ်ကိုတော့ ချီးကျူးပါတယ်"

"အချင်းချင်းတွေပဲ ကိုမင်းထင်ကျော်ရယ်၊ ဒီလောက်လည်း မြှောက်ပြောမနေပါနဲ့၊ ဒါထက် နေကောင်းသွားရင် ဘာဆက်လုပ်မှာလဲ"

"ရေဘီလူးတွေနေရာကိုရှာဖို့ ပင်လယ်ထဲသွားဖို့တော့

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ထားတယ်"

"ကိုမင်းထင်ကျော်တို့သွားရင် ကျွန်မကိုခေါ်ပါနော်.. ၊ ကျွန်မလည်းလိုက်ခဲ့မယ်"

"ရေသတ္တဝါကြီးကို မကြောက်ဘူးလား"

"ပင်လယ်ထဲမှာ ရေသတ္တဝါကြီးတွေရှိတာ ဘာများထူးဆန်းလို့လဲ၊ ကျွန်မလေ့လာဖူးခဲ့တဲ့ မှတ်တမ်းတွေထဲမှာ ဒါထက်ကြောက်စရာကောင်းတဲ့ ရေသတ္တဝါကြီးရှိတယ်လို့ တွေ့ခဲ့ဖူးတယ်"

ဟု မှတ်တမ်းများကို ပြန်ပြောလေသည်။

"ညံ" ဟုခေါ်သော ရေသတ္တဝါကြီးနှင့် စပ်လျဉ်း၍ ရှေးမြန်မာစာပေ ပါဠိကျမ်းဂန်တို့၌ ဖော်ပြပါရှိသည်။

အနောက်နိုင်ငံသားတို့သည်လည်း ပင်လယ်ခရီးသွားရင်း ညံသတ္တဝါကို တွေ့မြင်ကြရကြောင်း ၎င်းတို့၏မှတ်တမ်းတွင် ဖော်ပြပါရှိသည့်အတိုင်း လွန်ခဲ့သောအနှစ် (၈၀)က ထုတ်ဝေသည့် သူရိယမဂ္ဂဇင်း၌ ဖော်ပြပါရှိခဲ့လေသည်။

- (၁၂၉၆)ခု တန်ခူးလ (၁၉၃၅-ဧပြီလ)ထုတ် သူရိယမဂ္ဂဇင်း စာမျက်နှာ (၁၁၀)၌ အငြိမ်းစားဝန်ထောက်မင်း မုံရွာဦးဘိုးသင်းက "ဂျပန်တံငါနှင့် ညံသတ္တဝါ" ဟူသော ခေါင်းစီးဖြင့် ရေးသားခဲ့သည်။

- (၁၂၉၇)ခု ဝါဆိုလ (၁၉၃၅-ဇူလိုင်လ)ထုတ် သူရိယမဂ္ဂဇင်း၊ စာမျက်နှာ (၁၄)မှစ၍ (၂၇)ထိ စာရေးဆရာ သိဒ္ဓိသန်းက "ပင်လယ်-သမုဒ္ဒရာအောက်တွင် ဘာကောင်ကြီးများရှိသလဲ" ဟူသော ခေါင်းစီးဖြင့် ရေးသားခဲ့သည်။

ထိုမဂ္ဂဇင်း စာမျက်နှာ (၁၅)တွင် အင်္ဂလိပ်ဘာသာဖြင့် ပင်လယ်မြွေ (Seaserpent) မြန်မာဘာသာဖြင့် ညံသတ္တဝါကြီးကို ပုံနှင့်တကွ ပြထားသည်။

စာမျက်နှာ (၁၇)တွင် ရှေးရှက်သင်္ဘောခေတ်အခါများက ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ပင်လယ်မျက်နှာပြင်သို့ ဒိုမမြူးတူးရန် တက်ရောက်လေ့ရှိသော ပင်လယ်မြွေကြီး(ခေါ်) ညံသတ္တဝါ(ရေသတ္တဝါကြီး)ကို ပုံနှင့်တကွ ပြထားသည်။

ထိုမဂ္ဂဇင်း စာမျက်နှာ (၂၁)တွင် ဒေါက်တာဘစ်ကာဒ် တွေ့ရသော ပယ်လယ်မြွေပုံကိုပြထားသည်။

-(၁၂၉၇)ခု ဝါခေါင်လ (၁၉၃၅-ခု ဩဂုတ်လ)ထုတ် သူရိယမဂ္ဂဇင်း စာမျက်နှာ (၇၇)၌ စာရေးဆရာ သိဒ္ဓိသိန်းက "အတ္တလန္တိတ်ကူးတို့ပေါ်မှ တွေ့ရသောသတ္တဝါသည် ညံသတ္တဝါလော" ဟူသောခေါင်းစီးဖြင့် ရေးခဲ့သည်။

၎င်းမဂ္ဂဇင်း၊ စာမျက်နှာ (၇၈)၌ ကပ္ပတိန်ဒရိုးဗားသည် ပင်လယ်မြွေကြီးတစ်ကောင်နှင့် ဝေလငါးကြီးတစ်ကောင် နပမ်းလုံးနေပုံနှင့် နပမ်းပွဲအပြီးသတ်ပုံတို့ကို ဖော်ပြထားသည်။

ယင်းဖော်ပြချက်များမှ လိုရင်းကိုကောက်နှုတ်၍ သုတေသီတို့အတွက် အစဉ်အဆက်မှတ်သားကြရန် ဖော်ပြထားပေသည်။

ပညာဝန်ထောက်မင်း ဦးဘိုးသင်းက ကဝိလက္ခဏာဒီပနီ၌လာသော ညံသတ္တဝါအကြောင်းကို အပြည့်အစုံဖော်ပြ





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းမှာ အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြသည့် လောကီသု
ပညာစာအုပ် (Book of Knowledge)တွင် ပါရှိသော အဆို
တိုက်ဆိုင်၍ အလွယ်သိရန် ဖော်ပြထားခြင်းဖြစ်သည်။

လောကီသုတပညာစာအုပ် (Book of Knowledg
နံပါတ် (၁၀)၊ စာမျက်နှာ (၂၄၈၄-၈၅)တွင် ဖော်ပြထားသည်
ခြေလက်ရှစ်ချောင်းနှင့် ပင်လယ်သမုဒ္ဒရာတွင် ကျက်စားသော
သော သတ္တဝါမျိုးများစွာရှိသော်လည်း ရေသတ္တဝါကြီးတစ်မျိုး
သည့် ဆင်ကိုပင် ဖမ်းယူညှစ်သတ်နိုင်သော ညံသတ္တဝါ (Oc
topus) အော်တိုပတ်(စ)ကိုသာ ဖော်ပြလိုရင်းဖြစ်သည်။

ရေသတ္တဝါကြီးတစ်မျိုးဖြစ်သော ညံသတ္တဝါကြီးသည်
ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာများတွင် ကိုယ်ကောင်ကြီး
သော အကောင်ကြီးများကို တွေ့ရ၏။

အချို့အကောင်၏ကိုယ်မှာ (၁၉)ပေ၊ (၂၀)ပေရှည်
ကြောက်မက်ဖွယ်ကောင်းသော ကျေးနှုတ်သီးသဏ္ဌာန်နှင့် လျှာ
မှာလည်း သစ်သားများကိုချောသည့် ကျားလျှာနှင့်တူသည်။

ထိုကျားလျှာဟုတင်စားထားခြင်းမှာ လိပ်ကျောက်ကော
၏အမြီးက ကျောက်များနှင့်တူဟန်ရှိသောကြောင့် ဖြစ်သည်

အဆိုပါ ညံသတ္တဝါ၌ ကြောက်ဖွယ်ကောင်းသော ခြေ
လက်ရှစ်ချောင်း/ဆယ်ချောင်းရှိတတ်ကြောင်း ဖော်ပြထားသည်

၄င်း ခြေချောင်း၊ လက်ချောင်းများ၏ ပုံသဏ္ဌာန်
ဆင်နှာမောင်းကဲ့သို့ရှိသည်။ အလျားပေ (၄၀-၅၀)ခန့်ရှည်သည်

၄င်းခြေချောင်းလက်ချောင်းများ၌ အစာကောင်



အသွေးအသားကိုစုတ်ယူသည့် အပေါက်များလည်းရှိပေသည်။

အော်တိုပတ်(စ)ခေါ် ညံသတ္တဝါကောင်ကြီးသည် သက်
ရှိသတ္တဝါတို့ကို မိမိ၏အစာအလို့ငှာ အမြဲစောင့်၍နေတတ်သည်။

မည်သည့်သက်ရှိသတ္တဝါကောင်မဆို ၄င်း၏အနီးသို့
ရောက်ခဲ့လျှင် ၄င်းညံသတ္တဝါကောင်ကြီး၏ နှာမောင်းကဲ့သို့ ခြေ
ချောင်းလက်ချောင်းများကို ချက်ချင်းဆန့်၍ ထုတ်ပြီးလျှင် အစာ
ကောင်ကို ဖမ်းယူညှစ်သတ်တတ်၏။

အဆိုပါညံသတ္တဝါကောင်သည် အကောင်ငယ်ပင် ဖြစ်
စေကာမူ လူတို့၏လက်ကို ခြေချောင်းလက်ချောင်းများနှင့် ရစ်
ပတ်မိလျှင် လူ၏လက်ချောင်းခြေချောင်းများကို တစ်ခုပြီးတစ်ခု
ဖြတ်ပစ်မှသာ ထိုသူလွတ်နိုင်ပေသည်။

အကယ်၍ ထိုညံသတ္တဝါအကောင်ကြီးများ၏ ခြေ
ချောင်းလက်ချောင်းများသည် လူတစ်ယောက်ကို ရစ်ပတ်ခဲ့လျှင်
ထိုသူသည် လွတ်မြောက်အောင် ရုန်းထွက်ခြင်းငှာ ခဲယဉ်း၏။
ရုန်းမထွက်နိုင်သဖြင့် ထိုသူသည် ထိုရေသတ္တဝါကောင်ကြီး၏
ညှစ်သတ်၍စားခြင်းကိုသာ ခံရလေသည်။

တစ်ခါသော် ရွက်သင်္ဘောကြီးတစ်စင်းသည် လေငြိမ်
သည့်အခိုက်တွင် ကျောက်ဆူးချ၍ ပင်လယ်ထဲ၌နားနေစဉ် သ
င်္ဘောသားသုံးယောက်တို့သည် သင်္ဘောကိုဆေးသုတ်နေကြ၏။

ထိုအခါ လင်းယဉ်တိုင်လုံးမျှရှိသော ညံသတ္တဝါကောင်
၏လက်တံကြီးများသည် ပင်လယ်ထဲမှ ထွက်ပေါ်လာပြီးလျှင်
သင်္ဘောကြီးကိုပင် ဆွဲ၍နှစ်မည်ပြု၏။

www.burmeseclassic.com



ကျန်သင်္ဘောသားတို့သည် ဆေးသုတ်လျက်ရှိသော မိတ်ဆွေများ၏အသက်ကိုကယ်ရန် ၎င်းလက်တံကြီးများကို ရဲတင်းနှင့်ခုတ်၍ ဖြတ်ရ၏။ ထိုအခါမှ ဆေးသုတ်သူများ ချမ်းသာရာရကြသည်ဟုဆိုသည်။

ဤအချက်များက ရေသတ္တဝါကြီးတစ်ချို့ဖြစ်သော ညံ့သတ္တဝါ၊ တစ်နည်းအားဖြင့် အော်တိုပတ်(စ)(Octopus) ခေါ် သတ္တဝါကောင်ကြီး၏ အင်အားကြီးမားမှုကို ဖော်ပြနေသည်။

သစ္စာတော်ကျမ်းများတွင် "မိကျောင်း၊ လပိုင်၊ ညံ့တို့ ကိုင်၍သေဆုံးစေသား" ဟူ၍ ကျိန်ဆိုရေးသွတ်ခဲ့ကြသည်။

ဓမ္မသတ်ကျမ်းများတွင်လည်း "မြွေလျှိုးချိုးနား၊ နှံ့စိမ်း စားမှား၊ ကျွဲနွားကြမ္ဘာ၊ ဆင်မှာညံ့ရစ်" ဟူ၍ ထည့်သွင်းရေးသား ခဲ့ကြသည်။

ညံ့သတ္တဝါသည် ဆင်ကောင်ကြီးကိုပင် ဖမ်းယူညှစ် သတ်နိုင်သော ရေသတ္တဝါကြီးဖြစ်သည်ဟု ဖော်ပြထားသော ကြောင့် အင်္ဂလိပ်ဘာသာဖြင့် အော်တိုပတ်(စ) (Octopus) ခေါ် သတ္တဝါကောင်ကြီးကို မြန်မာဘာသာဖြင့် "ညံ့သတ္တဝါကြီး" ဟု ခေါ်ဆိုထိုက်ပေသည်ဟု ယူဆနိုင်သည်ဟူ၍ မုံရွာဦးဘိုးသင်း က ညံ့သတ္တဝါဆောင်းပါးတွင် ဖော်ပြထားပေသည်။

မြောင်လှမြို့စား နိုင်ငံခြားဝန်ထောက်မင်း မင်းကြီး မဟာဇေယျသူ စီရင်ရေးသားသော ကဝိလက္ခဏာဒီပနီကျမ်း တွင် ညံ့သတ္တဝါကြီးအကြောင်းကို ဖော်ပြထားသည်ကို ကောက် နှုတ်ရေးသားပါဦးမည်။



ညံ့သတ္တဝါသည် မာဂဓအားဖြင့် တန္တိဂါဟ၊ ဘင်္ဂါလီ ဘာသာအားဖြင့် ဂရ၊ သက္ကတဘာသာအားဖြင့် ဂြဟ၊ တစ်နည်း အားဖြင့် အဝဂြာဟ၊ မြန်မာဘာသာအားဖြင့် "ညံ့သတ္တဝါ" ဟု ခေါ်ဆိုကြသည်။

ထို့ကြောင့် တန္တိဂါဟ၊ တစ်ရာနှစ်ရာ ရှည်စွာအလံ၊ ညံ့ သတ္တဝါလည်းကောင်း၊ အပဒါန်ပါဠိတော် ရှင်သာရိပုတြာအပ ဒါန်။ ။ဂြာဟော။ ဖမ်းတတ်သော တီသဏ္ဍာန်ရှိသော သတ္တဝါ ဟု လာသော အမရကောသအဘိဓာန်၊ အမရကောသဋီကာ၊ ၎င်းဒီပနီတို့၌ ညံ့ဟောပရိယာယ်နှစ်ရပ်ရှိသည်။

ယင်းနှစ်ပုဒ်၏ အဖွင့်များကိုဆိုသောကြောင့် သမုဒ္ဒရာ မြစ်ကြီးတို့၏ အဆုံ၌တီသဏ္ဍာန်ရှိသော ဖမ်းတတ်သောသတ္တဝါ ကို "ညံ့" ဟုခေါ်သည်ဟု မှတ်ရမည်ဆိုသည်။

မုံရွာ ဦးဘိုးသင်း၏ စကားဖြစ်သော တီသဏ္ဍာန်ရှိသည် ဆိုရာ၌ ကိုယ်ကာယအကောင်ကြီးကို မယူမူ၍ ညံ့ကောင်၏ခြေ ချောင်း လက်ချောင်းများကိုသာ ယူရပေမည်။

ထိုမျှမကသေးပါ။

ညံ့သတ္တဝါသည် ဆင်ကိုပင်ဖမ်းယူတတ်သည် ဟူ၍ ၎င်း၊ ညံ့သတ္တဝါသည် ကြောက်မက်ဖွယ် ဖမ်းယူတတ်သော သတ္တဝါထူး ဖြစ်သည်ဟူ၍ ဖော်ပြထားသည်။

ရတနာသိင်္ဃာမြို့တည်၊ အလောင်းမင်းတရားကြီးလက် ထက် အယုဒ္ဓယတိုင်း၊ ယိုးဒယားမြို့သို့ ချီတော်မူသည့်ကာလ မုတ္တမမြစ်ကူးတွင် ဆင်နှစ်စီးသုံးစီး ရေသို့ဆင်း၍ ပျောက်သည်

www.burmeseclassic.com

www.burmeseclassic.com



ကို မေးမြန်းရာ အောက်အရပ်သားတို့က "ညံ" ကိုက်သည်ဟူ၍ ၄င်း၊ ထိုညံသတ္တဝါသည် တီသဏ္ဌာန် အလံတစ်ရာနှစ်ရာ ရှည်လျားသည်ဟူ၍၄င်း ဖော်ပြရေးသားထားသည်။

ငါးပြိတ္တာသတ္တဝါ (Octopus)၌ ကြောက်မက်ဖွယ်ကောင်းသော ခြေလက်ရှစ်ချောင်း ရှိတတ်လျက်၊ ၄င်းခြေလက်ရှစ်ချောင်း၏ ပုံသဏ္ဌာန်မှာ ဆင်နှာမောင်းကဲ့သို့ရှိလျက် အလျားပေမှာ (၄၀)မှ(၅၀)ရှည်ကြောင်း၊ အစာကောင်၏ အသွေးအသားကို စုပ်ယူသည့် အပေါက်များလည်းရှိကြောင်း ဖော်ပြထားခြင်းအားဖြင့် တီသဏ္ဌာန်အရှည် အလံတစ်ရာ၊ နှစ်ရာရှိသော ညံသတ္တဝါနှင့် သဘောကွဲလွဲနေပေသည်။

အရှည်အလံတစ်ရာနှစ်ရာရှိသော တီသဏ္ဌာန် ညံသတ္တဝါအကောင်ကြီးများသည်ကား ပင်လယ်မြွေကြီး (Sea Serpent) များဖြစ်သည်။

စက်သင်္ဘောများဖြင့် ပင်လယ်ရေကို မွှေနှောက်နေကြသော ယခုခေတ်အခါဝယ် သင်္ဘောသားတို့သည် အဆိုပါ ပင်လယ်မြွေကြီးများ (သို့မဟုတ်) ညံသတ္တဝါကြီးများကို တွေ့မြင်ကြရသည်ဟု မကြားသိရသော်လည်း ရှေးခေတ်ရှေးအခါက ရွက်သင်္ဘောနှင့် လေအဟုန်ကိုအားကိုး၍ သမုဒ္ဒရာ(၇)တန်ကို ကူးသန်းသွားလာနေကြရကုန်သော ရှေးသင်္ဘောသားတို့မှာမူ ရံဖန်ရံခါ ညံသတ္တဝါကြီးများနှင့် တွေ့ကြုံကြရသည်ဟု ဆိုကြသည်။

ရှေးခေတ်က သင်္ဘောသားများသည် တိုင်းတစ်ပါးမှ သမုဒ္ဒရာ(၇)တန်ကူး၍ ပြန်လာသည့်အခါတိုင်း မိမိတို့တွေ့မြင်



ကြားသိခဲ့ရသော ထူးခြားဆန်းကြယ်သည့် အကြောင်းများအနက် "ပင်လယ်မြွေ"ကြီးများအကြောင်းလည်း ပါရှိလာတတ်၏။ ကြားရသူအချို့က ကိုယ်တွေ့မဟုတ်၍ မယုံကြည်ကြပေ။

သမုဒ္ဒရာ(၇)တန်အောက်တွင် အလွန်ကြီးမားသော ရေသတ္တဝါမျိုးကြီးများ ရှိနိုင်မည်မှာ ယုံမှားဖွယ်မရှိပေ။

ယခုအခါ ပင်လယ်မြွေဟုခေါ်သော "ညံ"သတ္တဝါ အကြောင်းနှင့်ပတ်သက်၍ ယုံနိုင်လောက်သော သက်သေပြချက်များ တွေ့ရှိလာပေပြီ။

- နော်ဝေနိုင်ငံမှ တံငါသည်တို့သည် ပင်လယ်မြွေကြီးများ အမှန်တကယ်ရှိကြသည်ကို၄င်း၊ သူတို့၏ကမ်းမြောင်ဒေသများတွင်လည်း ယင်းသတ္တဝါတို့ ပေါ်ပေါက်တွေ့ရှိကြပုံအကြောင်းအရာများကို ဖော်ပြပြောဆိုနိုင်ကြလေသည်။

သက္ကရာဇ် (၁၅၂၂) ခုနှစ်က ပင်လယ်မြွေဟုခေါ်သော သတ္တဝါကြီးများ ပေါ်ပေါက်ပုံကို သက္ကရာဇ် (၁၆၀၀)ပြည့်တွင် ထုတ်ဝေခဲ့သည့် ခရီးသည်စာအုပ်တွင် ဖော်ပြထားသည်။ ထိုဆောင်းပါးရေးသူမှာ အိုလာစပ်မဂ္ဂနပ်(စ)ဖြစ်သည်။

သူကြားသိရသော ပင်လယ်မြွေကြီးသည် ပေ(၂၀၀)ခန့်အလျားရှိလျက် လုံးပတ် ပေ(၂၀)ရှိလေသည်။ မျက်လုံးမျက်ဆံတ မီးလျှံလို ဟုန်းဟုန်းထနေသည်။ လည်ဆံမွေးညှင်းများလည်းရှိသည်။

ကြီးမားလှ၍ ကြောက်ဖွယ်ကောင်းသော ပင်လယ်မြွေကြီးတစ်ကောင်သည် ရေထဲ၌လိမ်ရစ်၍ ထကာရွက်သင်္ဘော

www.burmeseclassic.com

www.burmeseclassic.com



ငယ်ပေါ်ရှိ လူတစ်ယောက်ကို စားမျိုနေသည့်ဟန်နှင့် ထူး
အံ့အားသင့်လောက်သော ရုပ်ပုံကိုပါ ဖော်ပြခဲ့သည်။

ဟန်း(စ) အယ်ဂျီဒီဆိုသူသည် သက္ကရာဇ် (၁၇၃၄)ခု
၌ ဂရင်းလန်သို့ သာသနာပြုရန် ခရီးထွက်သွားစဉ် မှတ်တမ်း
သားခဲ့သည်။ ထိုမှတ်တမ်းမှ ကောက်နုတ်ချက်ကို ဖော်ပြပါမည်

သက္ကရာဇ် (၁၇၃၄)ခုနှစ်၊ ဇူလိုင်လ (၆)ရက်နေ့၌ ပ
လယ်သတ္တဝါကြီးတစ်ကောင်ကို လှေသင်္ဘောနံဘေး၌ ရုတ်
ရက်ပေါ် ပေါက်လာသည်ကို တွေ့မြင်ခဲ့ရသည်။

အဆိုပါ ပင်လယ်သတ္တဝါကြီး၏ ဦးခေါင်းမှာ ထောင်
သောအခါ၌ ဟန်း(စ)အယ်ဂျီဒီတို့၏ သင်္ဘောဦးရွက်တိုင်များ
ညီမျှနေသည်။ ၎င်း၏နှုတ်သီးကား ရှည်လျားလျားချော
အသွင်ရှိလျက် ဝေလငါးများကဲ့သို့ ရေပန်းများမှုတ်ထုတ်၍
သည်။ ၎င်း၏အရေပြားမှာ ညီညွတ်ချောမွတ်ခြင်း မရှိပေ။ အ
ပုံသဏ္ဌာန်ရုပ်များမှာကား ပင်လယ်မြွေကြီးသဏ္ဌာန် ရှိပေသည်

လာဂျင်ဘုန်းတော်ကြီး 'အဲရစ်ပုံတော့ပီဒန်း' ဆိုသူနှာမ
ရနော်ဝေပြည်သားသဘာဝဓမ္မကို စုံစမ်းလေ့လာရှာဖွေနေ
မှာ ပထမ၌ 'ပင်လယ်သတ္တဝါကောင်ကြီးများ' စင်စစ်ရှိသည်
မယုံကြည်ခဲ့ချေ။

သို့ရာတွင် ခရစ်(၁၇၅၅)ခု၌ ရိုက်ထုတ်ခဲ့သော သူ
စာအုပ်ထဲ၌ ပင်လယ်မြွေကြီးများ အမှန်တကယ်ရှိသည်။ နေ
ဝေနိုင်ငံသား သင်္ဘောသားများနှင့် တံငါများထံမှ ယုံကြည်နိုင်
လောက်သော အချက်များနှင့်တကွ သက်သေခံသူပေါင်း



ကျော်တို့က မိမိတို့နှစ်စဉ်နှစ်တိုင်းလိုပင် တွေ့မြင်ခဲ့ကြရကြောင်း ထောက်ခံခဲ့သည်ဟု ဖော်ပြထားသည်။

အဲရစ်ပုံတော့ပီဒန်း၏ ပြောပြချက်အရ အကြောင်းအရာ ပို၍သိရှိရသည်။

ပင်လယ်မြွေသတ္တဝါကြီးတို့၏အလေ့မှာ သမုဒ်ပြင်ကျယ် ပင်လယ်အောက်၌သာ နေလေ့ရှိရှိလျက် ဇူလိုင်နှင့်ဩဂုတ်လ များတွင်သာလျှင် ဖိုမမျိုးချိန်ဖြစ်သဖြင့် လေ၊ ရေငြိမ်သက်သော အခါများတွင် ရံဖန်ရံခါရေမျက်နှာပြင်ပေါ်သို့ တက်ရောက်လေ့ ရှိကြသည့်ဟူ၍ ပြည့်ပြည့်စုံစုံရေးသားဖော်ပြထားသည်။

ထို့ပြင် ပင်လယ်ပြင်၌ရှိကြသော ရေသတ္တဝါကြီးများအနက် အကောင်အရွယ်အစားကြီးပြီး ကြောက်စရာကောင်းသော ငါးကြီးများ၊ ဝေလငါးကြီးများကိုပင် ရစ်ပတ်ဖမ်းယူတတ်သော ပင်လယ်မြွေကြီးများဟုခေါ်သော ညံသတ္တဝါများ၊ လက်တံရှည်ကြီးများဖြင့် လူနှင့်သင်္ဘောများကို ဖမ်းယူဖျက်ဆီးတတ်သည့် ရေသရဲဟုခေါ်သည့် အော်တိုပစ်(စ)(Octopus)ခေါ် ရေသတ္တဝါကြီးများ၊ ရေအောက်မှာသာမက လေပေါ်သို့ပင် ပျံတက်ပြီး လှေနှင့်သင်္ဘောများကို နစ်မြုပ်ပျက်စီးစေနိုင်သော ပင်လယ်စွန်ဟုခေါ်သည့် လိပ်ကျောက်စွန်ကြီးများ . . စသော ရေသတ္တဝါများအကြောင်းကို ကေသရီကမှတ်တမ်းမှတ်ရာများဖြင့် ပြန်ပြောပြလေသည်။

"အခုလိုပြောပြပေးတာ ကျေးဇူးတင်ပါတယ်၊ ကေသရီ အနေနဲ့ ဗဟုသုတလိုချင်လို့ လိုက်ခဲ့မယ်ဆိုရင်လည်း ခေါ်သွား

www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်၊ အန္တရာယ်နဲ့ကြုံတွေ့ရရင်လည်း အတတ်နိုင်ဆုံး ကာကွယ်ပေးပါ့မယ်”

“ကိုမင်းထင်ကျော်က ကျွန်မအတွက် အခုလိုစေတနာထားပေးတာ ကျေးဇူးတင်ပါတယ်”

“ကျေးဇူးတင်ဖို့ မလိုပါဘူး၊ လုပ်ဖော်ကိုင်ဘက်အချင်းချင်းတွေပဲ ဒီလိုပဲ ကူညီစောင့်ရှောက်ပေးရမှာပေါ့”

ဟုပြောလိုက်ရာ ကျေနပ်စွာဖြင့်ပြုံးကာ ခေါင်းညိတ်ပြလိုက်လေတော့သည်။



## အခန်း ( ၁၁ )

# မောင်မြတ်သာနှင့် ပြန်တွေ့ရခြင်း

အချိန်က ညဦးပိုင်းအချိန်ဖြစ်ပေသည်။ ဆောင်ကြာမြိုင်အတွင်းမှာတော့ ဧည့်သည်များ မရှိတော့သလောက် ရှင်းသွားပေပြီ။

ဆောင်ကြာမြိုင်မှာနေကြရသော မိန်းကလေးများအနေဖြင့်လည်း ဧည့်သည်မရှိသောအခါမှပင် နားခွင့်ရကြပြီး အေးအေးဆေးဆေးနေကြရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကြာမြိုင်အတွင်းမှာရှိသော အခန်းဆောင်များထဲတွင် စုဝေးနေကြလေသည်။ ရတနာဆောင်ကြာမြိုင်တွင် ဆောင်ကြာမယ်များ၏ ခေါင်းဆောင်ဖြစ်သော မြဒေဝီကတော့ အစွန်ဘက်မှာရှိသော အခန်းတစ်ခန်း၌ သီးခြားနေလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ ဆောင်ကြာမြိုင်တစ်ခုလုံး တိတ်ဆိပ်ငြိမ်သက်သွားလေသည်။

အချို့နေရာများတွင် မီးအိမ်ကလေးများ ချိတ်ဆွဲထားသောကြောင့် အလင်းရောင်အချို့တော့ ရှိနေလေသည်။ မြဒေဝီလည်း အခန်းတွင်း၌ တစ်ယောက်တည်းရှိနေလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ ဆောင်ကြာမြိုင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ အချို့နေရာများတွင် မီးအိမ်ကလေးများ ချိန်ဆွဲထားသောကြောင့် အလင်းရောင်အချို့တော့ ရှိနေလေသည်။ မြဒေဝီလည်း အခန်းတွင်း၌ တစ်ယောက်တည်း ရှိနေလေသည်။

သူမအနေဖြင့် ထိုနေရာရောက်နေပြီး ထိုအလုပ်ကို လုပ်နေရသော်လည်း စိတ်ကတော့ ကြည်လင်လန်းဆန်းမှုမရှိပေ။ မောင်မြတ်သာတစ်ယောက် ပျောက်ဆုံးသွားခဲ့ပြီးနောက်ပိုင်း လွမ်းဆွတ်မှုဝေဒနာကြောင့် တမှိုင်မှိုင်တတွေတွေ ဖြစ်နေခဲ့ပေသည်။

မောင်မြတ်သာသတင်းကို စုံစမ်းကြည့်ပြန်တော့လည်း ယခုအချိန်ထိ သတင်းအစအန မရသေးပေ။ ထို့ကြောင့် နေ့စဉ်နှင့်အမျှ စိတ်လက်မကြည်မသာ ဖြစ်နေရခြင်း ဖြစ်ပေသည်။



ထိုကာလများတွင်မှ တစ်ပူပေါ်နှစ်ပူဆင့် ဆိုသလို ကြောက်စရာကောင်းသော ရေဘီလူးများကရောက်လာပြီး သူမကို ဖမ်းဆီးခေါ်ဆောင်သွားရန် ကြိုးစားကြသည်နှင့် ကြုံတွေ့ရပြန်သဖြင့် ပိုပြီးထိတ်လန့်တုန်လှုပ်မှု ဖြစ်ရလေသည်။

သို့သော်လည်း မတတ်သာတော့ပေ။ သူမဘဝက ကိုယ့်ဘဝကို ကိုယ်မပိုင်သောဘဝမျိုး ဖြစ်သောကြောင့် ဖြစ်သမျှလည်း စင်းခံရုံသာရှိပေတော့သည်။ မြဒေဝီမှာ အခန်းထဲတွင် တစ်ယောက်တည်းရှိနေပြီး အတွေးကောင်းနေစဉ်မှာ အခန်းထဲသို့ တစ်စုံတစ်ယောက် ဝင်လာလေသည်။ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ ခန်းစည်းများနောက်မှာ ရပ်နေသော လူတစ်ယောက်ပုံသဏ္ဌာန်ကို ပိုးတဝါးလှမ်းမြင်လိုက်ရသည်။

သို့ကြောင့် စိတ်ထဲမှာ ထိတ်လန့်သွားလေသည်။

"ဘယ်. . ဘယ်သူလဲ"

ဟုမေးလိုက်တော့မှ ခန်းစည်းနောက်မှ အပြင်သို့ ထွက်လာလေသည်။

"ဟင်"

ထွက်လာသူမှာ သာမန်လူတစ်ယောက်တော့ မဟုတ်ပေ။ တစ်ကိုယ်လုံး အဖုအပိမ့်ကြီးများဖြင့် ပြည့်နေပြီး ရုပ်ဆိုးဆင်းပျက်ဖြစ်နေသော ရေဘီလူးတစ်ကောင်ပင် ဖြစ်နေလေသည်။ ခန်းစည်းနောက်မှ ထွက်လာသော ရေဘီလူးကြီးက ... လှမ်းချင်းလျှောက်လာရာ သူမနှင့်မနီးမဝေး နေရာ... ရပ်တံ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


ပထမတော့ ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီ *တောင်းဖို့ စိတ်ကူးလိုက်သေးသည်။ သို့သော် အခန်းထဲရောက်* နေသည့် ရေဘဝီလူးကြီးက ရန်မူလိုသောအရိပ်လက္ခဏာမျိုးမရှိဘဲ အေးအေးဆေးဆေး အမူအယာမျိုးဖြစ်နေသည်ကို သတိပြုမိသောကြောင့် ကြိတ်မှိတ်ပြီး ငြိမ်နေလိုက်ရပေသည်။

ရေဘဝီလူးကြီးက သူမကိုစူးစူးစိုက်စိုက် ကြည့်နေပြီးမှ ရှေ့သို့ထပ်တိုးလာပြန်လေသည်။ ထိုအခြေအနေကိုမြင်တော့ မြဒေဝီမှာ များစွာထိတ်လန့်ကြောက်ရွံ့သွားမိလေသည်။

သို့ကြောင့် တဖြည်းဖြည်းနှင့် နောက်ဆုတ်သွားရာ နံရံသို့ကျောကပ်မိသွားသဖြင့် သွားစရာမရှိတော့ပေ။ ရေဘဝီလူးကြီးက သူမနှင့် လက်တစ်ကမ်းအကွာသို့ရောက်တော့ ရပ်လိုက်ပြီး ဦးခေါင်းပေါ်မှခြုံထားသော အဝတ်မည်းကြီးကို ဖယ်ချလိုက်သည်။

ထိုအခါမှ မျက်နှာကို အနီးကပ်တွေ့မြင်ရလေသည်။ ထိုကဲ့သို့ အနီးကပ်တွေ့ရတော့မှ ပိုပြီးကြောက်စရာကောင်းလှသည်ကို သတိပြုမိလေသည်။

မျက်နှာတစ်ခုလုံးမှာ ကြောက်စရာကောင်းလောက်အောင် အဖုအပိမ့်ကြီးများ ထနေပြီး ဘဝီလူးသဘက်မျက်နှာမျိုးဖြစ်နေလေတော့သည်။

ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကြည့်နေစဉ်မှာပင် ရေဘဝီလူးကြီးထံမှ အသံထွက်လာလေသည်။

"မြဒေဝီ"

"ဟင်"

သူမနာမည်ကို အသံသြသြကြီးဖြင့် ခေါ်လိုက်သဖြင့် များစွာ အံ့သြသွားလေသည်။

"မြဒေဝီ"

"ရှင်. . ရှင်ဘယ်သူလဲ"

"ငါ. . မောင်မြတ်သာပါ"

"ဟင်. . ကိုမြတ်သာ"

မောင်မြတ်သာဟူသော နာမည်ကိုကြားလိုက်ရသဖြင့် ကြောက်ရွံ့စိတ်များတော့ အတန်အသင့် လျော့ပါးသွားလေသည်။

"ဟုတ်ပါတယ်. . ငါ မောင်မြတ်သာပါ"

ဟုထပ်ပြောတော့မှ မဝံ့မရဲဖြင့် ရှေ့သို့တိုးသွားလေသည်။ အနားရောက်တော့ ရေဘဝီလူးကြီးမျက်နှာကို အသေအချာကြည့်လေသည်။

သူမမှတ်မိသော မောင်မြတ်သာ မျက်နှာမျိုးနှင့်တူသည်ကိုတော့ တစ်ချက်ကလေးမှ မတွေ့ရတော့ပေ။ ယောက်ျားပီသသော မျက်နှာမျိုးမတွေ့ရဘဲ ကြောက်စရာကောင်းသောမျက်နှာကြီးကိုသာ တွေ့ရလေသည်။ တစ်ခုတော့ရှိသည်၊ အသံကတော့ ဗလုံးဗထွေးနှင့် ကွဲအက်နေသော်လည်း ယခင်ပြောနေကျ အသံမျိုးနှင့်တော့ တူနေသည်။

"ရှင်. . ရှင်. . ကိုမြတ်သာ ဟုတ်လား"

"ဟုတ်ပါတယ်"

www.burmeseclassic.com

"ဘယ်လိုဘဝမျိုး ရောက်နေရတာလဲ ကိုမြတ်သာရယ်"

"ငါ ရေဘီလူးတွေလက်ချက်ကြောင့် ဒီဘဝရောက်နေရတာ၊ ဒါကြောင့် မင်းနဲ့လာမတွေ့နိုင်တော့တာ ငါ့ကိုခွင့်လွှတ်ပေးပါ"

ဟု ကြေကွဲဝမ်းနည်းနေသောအသံဖြင့် တောင်းပန်ပြောဆိုလေရာ မြဒေဝီမှာ ပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလာလေတော့သည်။

"အဖြစ်ဆိုးလှချည်းလား မောင်ရယ်"

ဟုပြောကာ ရှေ့သို့တိုးသွားပြီး ရေဘီလူးဘဝရောက်နေသော မောင်မြတ်သာပါးနှစ်ဖက်ကို လက်ဖြင့်စမ်းကြည့်ရင်းငိုနေလေသည်။

"မငိုပါနဲ့တော့ဒေဝီရယ် မောင်တို့နှစ်ယောက် အခုလိုဘဝခြားသွားခဲ့ရပေမယ့် ဒေဝီအပေါ်မှာ သစ္စာမပျက်ပါဘူး၊ ဒီကနေ့အထိ ချစ်နေဆဲပါကွယ်"

"ကျွန်မလည်း မောင့်ကိုတစ်ရက်မှ မမေ့ခဲ့ပါဘူး၊ ဘဝဆိုးလိုက်တာမောင်ရယ်"

"ကံတရားပေါ့လေ ဝဋ်ကြွေးရှိရင်တော့လည်း ခံရတော့မှာပေါ့"

"မောင်ဒီလို ဖြစ်နေတာ ဆေးကောင်းဝါးကောင်းတွေနဲ့ ကုသလို့ မပျောက်နိုင်ဘူးလား"

"မသိပါဘူး၊ ဒီလို ပုံပန်းသဏ္ဌာန်မျိုးကိုတော့ ဘယ်လိုဆေးဆရာကမှ ဆေးကုပေးချင်မယ် မထင်ပါဘူး"





"ဒီလောက်လည်း စိတ်မလျှော့ပါနဲ့၊ အနာသိရင်ဆေးရှိမှာပေါ့၊ မောင်ကိုယ်မှာ စွဲကပ်နေတဲ့ ရောဂါတွေပျောက်ကင်းအောင် ကျွန်မဆေးကုပေးပါ့မယ်"

ဟု ပြောဆိုလေသည်။

မောင်မြတ်သာကလည်း မြဒေဝီပခုံးပေါ်သို့ လက်တင်ထားရင်း စိတ်မကောင်းသောအကြည့်မျိုးဖြင့် ကြည့်နေလေသည်။ ထိုအခိုက်အတန့်မှာပင် အခန်းတွင်းသို့ နောက်ထပ်လူလေးယောက် ဝင်လာကြသည်။

ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာ၊ မေဂျာဝီလျှံ နှင့် မစ်ဆင်ဂျာတို့ လေးယောက်ပင်ဖြစ်ပေသည်။

သူတို့လေးယောက်မှာ သေနတ်ကိုယ်စီပါလာကြသော်လည်း ပစ်ခတ်ခြင်းတော့ မပြုကြပေ။

ဒေါက်တာမင်းထင်ကျော်တို့ လေးယောက်က အခန်းပေါက်ဝ၌ရပ်ပြီး အခြေအနေကြည့်နေကြစဉ် . . ရေဘီလူးဘဝရောက်နေသော မောင်မြတ်သာက ဒေါသတကြီးဖြင့် ပြေးသွားတာ ဝင်ရောက်တိုက်ခိုက်လေတော့သည်။

"သူ့ကိုသေနတ်နဲ့ မပစ်ကြပါနဲ့ရှင်၊ သူကရေဘီလူးဘဝရောက်နေတဲ့ ကျွန်မချစ်သူ ကိုမြတ်သာပါ၊ သေနတ်နဲ့မပစ်ကြပါနဲ့၊ တောင်းပန်ပါတယ်"

မြဒေဝီအသံကြားသဖြင့် ဒေါက်တာမင်းထင်ကျော်တို့မှာ များစွာအံ့သြသွားကြလေသည်။ သို့ကြောင့် . . သေနတ်ဖြင့်တိုက်ခိုက်ခြင်းမပြုတော့ပဲ အန္တရာယ်ဘေးမှ လွတ်ကင်းစေရန်

www.burmeseclassic.com

www.burmeseclassic.com



သာ ရှောင်တိမ်းပေးကြလေသည်။

မောင်မြတ်သာကတော့ ဒေါသတကြီးလိုက်လံတိုက်ခိုက်နေလေတော့သည်။

ထိုအချိန်မှာပင် မြဒေဝီကပြေးလာပြီး မောင်မြတ်သာခြေထောက်ကို အတင်းဖက်ထားလေတော့သည်။

"ရှင်သူတို့ကို အန္တရာယ်မပေးပါနဲ့၊ သူတို့က ရန်သူတွေမဟုတ်ပါဘူး၊ သူတို့ကိုသတ်မယ်ဆိုရင် ကျွန်မကိုသာအရင်သတ်ပါတော့"

ဟု ငိုယိုလျက်တောင်းပန်ပြောဆိုလေသည်၊

ထိုသို့ဝင်ရောက်တားတော့မှ မောင်မြတ်သာလည်း တဖြည်းဖြည်းနှင့် အရှိန်လျှော့ကာ ရပ်တံ့သွားလေတော့သည်။ သို့သော်လည်း တရှူးရှူးတရှဲရှဲဖြင့် ဒေါသထွက်နေဆဲပင်ရှိသေးသည်။

အသက်ပြင်းပြင်းရှူကာ နီရဲနေသော မျက်လုံးတို့ဖြင့် ဒေါက်တာမင်းထင်ကျော်တို့ကို တစ်ယောက်ပြီးတစ်ယောက် လိုက်ကြည့်နေလေတော့သည်။

သူ့စိတ်ထဲတွင် ယခုရောက်လာသော လူလေးယောက်တို့မှာ ယခင်ကလို မြဒေဝီကိုလာရောက်နှောက်ယှက်မည့်သူများဟုထင်သဖြင့် ယခုလိုတရကြမ်းဝင်ရောက် တိုက်ခိုက်ခြင်းဖြစ်ပေသည်။

ခဏကြာတော့ တဖြည်းဖြည်းနှင့်ဒေါသ အရှိန်လျော့ကျသွားဟန်ရှိလေသည်။ ထိုအခြေအနေရောက်တော့မှ ဒေါက်



တာမင်းထင်ကျော်က အနီးသို့လျှောက်သွားလေသည်။ ပြီးလျှင် ရှုပ်ပျက်ဆင်းပျက်ဖြစ်နေသော မောင်မြတ်သာကို အသေအချာကြည့်လိုက်လေသည်။

"ကိုမြတ်သာဆိုတာ ခင်ဗျားလား"

ဘာမှပြန်မပြောဘဲနှင့် ခေါင်းညိတ်ပြရုံသာ ညိတ်ပြလေသည်၊

"ခင်ဗျား ဘယ်လိုကြောင့် ဒီလိုဘဝမျိုး ရောက်နေရတာလဲ"

ဘာမှပြန်မပြောပေ။

ထိုအခါ မြဒေဝီက ကြားထဲမှဝင်၍. . .

"နောက်တော့ ကျွန်မ ပြောပြပေးပါ့မယ်ရှင်"

ဟု ပြောလေသည်။

"ခင်ဗျားရောဂါတွေ ပျောက်သွားဖို့ ဆေးကုပေးပါ့မယ်"

ဒေါက်တာမင်းထင်ကျော်က ဆက်ပြောတော့ စိတ်ဝင်စားသွားဟန်ရှိလေသည်။

"ရောဂါဆိုတာ ဆေးနဲ့ကုမယ်ဆိုရင် ပျောက်ပါတယ်၊ ခင်ဗျားအနေနဲ့ ရောဂါဖြစ်ရတဲ့အကြောင်းရင်းကို ပြောပြမယ်ဆိုရင် ဆရာသမားတွေက ရောဂါရဲ့ဇစ်မြစ်ကို သိနိုင်ကြပါတယ်၊ ဒါလိုဆိုရင် ရောဂါပျောက်အောင် ကုပေးကြပါလိမ့်မယ်"

ထိုသို့ပြောသောအခါမှာတော့ သူ့အမူအယာမှာ ချက်ချင်းပြောင်းလဲသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက ဘီလူးတစ်ကောင်ကဲ့သို့ ခက်ထန်ကြမ်း တမ်းနေသော မောင်မြတ်သာမှာ နူးညံ့ပျော့ပြောင်းသောဟန် အမူအယာမျိုး ဖြစ်လာလေသည်။

"ခင်ဗျားပြောတာ တကယ်ပဲလား"

"တကယ်ပြောတာပါ၊ ခင်ဗျားသာ ဆေးကုခံမယ်ဆိုရင် ခင်ဗျားရဲ့ ရောဂါတွေပျောက်သွားပြီး၊ အရင်ဘဝမျိုး ပြန်လည် ရောက်နိုင်ပါတယ်"

ထိုသို့ပြောသောအခါ ခေါင်းညိတ်ပြလေသည်။

"ခင်ဗျားဆေးကုသခံမှာလား"

ခေါင်းညိတ်ပြသည်။

"ဒီလိုဆိုရင် ကျွန်တော်တို့နဲ့ လိုက်ခဲ့ရမယ်"

"ဘယ်နေရာကို လိုက်ရမှာလဲ"

"စစ်တပ်မှာရှိတဲ့ သီးသန့်ထားတဲ့ ဆေးခန်းကိုလိုက်ခဲ့ ရမယ်"

"မဖြစ်ဘူးထင်တယ်"

"ဘာမှစိတ်မပူပါနဲ့၊ ဟိုမှာဆေးကုနေတဲ့အခါ ခင်ဗျား ကိုယ်ပေါ်က ရောဂါတွေမပျောက်မချင်း တခြားဘယ်သူ့ရှေ့ ကမှ မမြင်ရ၊ မသိစေရပါဘူးလို့ ကတိပေးပါတယ်"

ဟုပြောတော့မှ ကျေနပ်သွားဟန်ရှိလေသည်။

"လိုက်ခဲ့ပါ့မယ်"

ထိုသို့ပြောတော့မှ ဒေါက်တာမင်းထင်ကျော်တို့ ယော ယောက်က မောင်မြတ်သာကိုခေါ်ပြီး ပြန်ထွက်လာကြသော



သည်။

မောင်မြတ်သာနှင့်အတူ မြဒေဝီလည်းတစ်ပါတည်း လိုက်လာလေသည်။

အပြင်ဘက်မှာတော့ လရောင်မရှိသဖြင့် အမှောင်ရိပ် များ ဖုံးလွှမ်းစပြုလေသည်။

ပင်လယ်ပြင်မှ ပြေးတက်လာသော လှိုင်းလုံးကြီးများက တော့ ကမ်းစပ်၌ရှိသော ကျောက်တုံးကျောက်ဆောင်များကို ဒေါသအကြီးနှင့် ဝင်ရောက်တိုးဝှေ့နေကြလေသည်။

လှိုင်းခတ်သံများ ဆူညံနေသော်လည်း စောစောက ဆူဆူညံညံအသံများ ပေါ်ထွက်နေသော ရတနာဆောင်ကြာမြိုင် ကတော့ ပြန်လည်ငြိမ်သက်သွားလေပြီ။

www.burmeseclassic.com



www.burmeseclassic.com



## အခန်း (၁၂)

# မရဏာကျွန်းသို့ ရောက်ခဲ့ရသူ

တစ်နေ့သ၌ မောင်မြတ်သာနေထိုင်သောအိမ်သို့ ဧည့်သည်ငါးယောက် ရောက်လာကြလေသည်။

ငှင်းနေသောအိမ်မှာ ကမ်းစပ်နှင့်မနီးမဝေး[illegible] အိမ်နှင့်အလုပ်ခန်းကိုတွဲလျက် အသုံးပြုထားခြင်းဖြစ်[illegible]

မောင်မြတ်သာမှာ လူရွယ်တစ်ယောက်ဖြစ်[illegible] လည်း စီးပွားရေးလုပ်သည့်နေရာမှာ လာဘ်မြင်[illegible] ဆက်ဆံရေးလည်း ပြေပြစ်ကောင်းမွန်သူတစ်ဦး ဖြစ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မြိတ်မြို့ပေါ်မှာ အသီးသီးရှိကြသော စီးပွား ရေးလုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်လုပ်ကိုင်သည့်အခါ နှာတစ်ဖျား အသာရခြင်းဖြစ်ပေသည်။

အင်္ဂလိပ်များစိုးမိုးသည့် ခေတ်ကာလတစ်လျှောက်လုံး အင်္ဂလိပ်တို့နှင့်အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံပြီး (၁၉၄၂ ခုနှစ်နောက်ပိုင်း ဂျပန်များ ဝင်ရောက်လာသောအခါမှာလည်း ဂျပန်စစ်သားများနှင့် ပြေလည်အောင် ပေါင်းသင်းဆက်ဆံခဲ့ပေ သည်။

သို့ကြောင့် ဂျပန်ခေတ်တွင် ဂျပန်တို့နှိပ်စက်မှုကြောင့် အခြားစီးပွားရေးလုပ်ငန်းရှင်များ အထိနာခဲ့ကြသော်လည်း မောင် မြတ်သာကတော့ အခြေအနေမပျက် ဆက်လက်လုပ်ကိုင်နိုင်ခဲ့ ပေသည်။ ထို့နောက်. .

ဂျပန်များထွက်ပြေးရပြီး ယခုတစ်ဖန် အင်္ဂလိပ်တပ်များ ဝင်ရောက်လာပြန်သောအခါမှာလည်း အစဉ်အလာမပျက် အင်္ဂလိပ်တို့နှင့်အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံခဲ့ပေသည်။

သို့ကြောင့်လည်း အခြားစီးပွားရေးလုပ်ငန်းရှင်များ အ လိုရှိသောအင်္ဂလိပ်စစ်တပ်သို့ ရိက္ခာပေးသွင်းခွင့်တင်ဒါကို သူ သာရရှိခဲ့ခြင်းဖြစ်ပေသည်။

အခြားစီးပွားရေးပြိုင်ဘက်များက မနာလိုမရှုစိမ့်ဖြစ်ကြ သော်လည်း ဘာမှမတတ်နိုင်ခဲ့ကြပေ။

မောင်မြတ်သာကတော့ အစိုးရစစ်တပ်သို့ ရိက္ခာတင် သွင်းခွင့်တင်ဒါရသောကြောင့် တစ်နေတခြား ကြီးပွားတိုးတက်



လာလေသည်။

သို့ကြောင့် အချို့သောစီးပွားရေးလုပ်ငန်းရှင်များက လည်း မောင်မြတ်သာထံသို့ လာရောက်ချဉ်းကပ်ကြသည်။

၎င်းတို့ထံမှာရှိသော ရိက္ခာပစ္စည်းများကို ထည့်သွင်းပေး ရန် လာရောက်အပူကပ်ကြသည်။ အကူအညီ တောင်းတတ်ကြ သည်။

ထိုကဲ့သို့သော အခြေအနေများကြောင့် မောင်မြတ်သာ နေအိမ်သို့ လူအဝင်အထွက်များခြင်း ဖြစ်တော့သည်။

ယခုလည်း ရှေ့မှာရေးခဲ့သည့်အတိုင်း မောင်မြတ်သာ နေအိမ်သို့ ဧည့်သည်ငါးယောက် ရောက်လာကြလေသည်။

၎င်းတို့ငါးယောက်စလုံး အဝတ်မည်းကြီးများ ခေါင်းမြီး ခြုံထားကြလေသည်။

ထိုဧည့်သည်များ ရောက်လာသောအကြောင်းမှာ ၎င်း တို့ကျွန်းပေါ်တွင် ထူးဆန်းသော ကော်ဖီပင်တစ်မျိုးပေါက်ရောက် ကြောင်း၊ ထိုကော်ဖီပင်မှရသော ကော်ဖီစေ့မှာ ထူးခြားကြောင်း၊ အနံ့အရသာနှင့် ပြည့်စုံမှုရှိသည့်အပြင် သောက်လိုက်လျှင် ထူး ခြားသောခံစားမှုမျိုး ပေးစွမ်းနိုင်ကြောင်း ပြောပြကြသည်။

ထို့နောက် ထိုကော်ဖီမှုန့်ကိုဖျော်ပြီး မောင်မြတ်သာကို သောက်ကြည့်စေရာ များစွာအရသာရှိကြောင်း တွေ့ရလေသည်။

ပြောရလျှင်တော့ ဘိန်းအရသာကဲ့သို့ စိတ်ကိုပြောင်း လဲစေသော အရသာမျိုးဖြစ်ပေသည်။

ဧည့်သည်များက ၎င်းတို့ကျွန်းတွင် ထိုကဲ့သို့အရသာရှိ

www.burmeseclassic.com

www.burmeseclassic.com



သော ကော်ဖီပင်အတော်များများ ရှိကြောင်းနှင့် ထွက်သမျှ ကော်ဖီမှုန့်များကို အင်္ဂလိပ်တို့အား ရိက္ခာအဖြစ်ပေးသွင်းလို ကြောင်းဖြင့် လာရင်းကိစ္စကိုပြောပြကြသည်။

မောင်မြတ်သာကတော့ ထိုကိစ္စကိုချက်ခြင်းလက်ခံ၍ မဖြစ်သေးကြောင်း၊ ကော်ဖီမှုန့်နမူနာကို ကိုယ်စားလှယ်များထံ တင်ပြပြီး အစစ်ဆေးခံရမည်ဖြစ်ကြောင်း၊

အင်္ဂလိပ်များက သဘောကျမှသာ ကော်ဖီမှုန့်တင်သွင်း မည့်ကိစ္စဖြစ်နိုင်မည်ဖြစ်ကြောင်း ပြန်ပြောလိုက်လေသည်။

ထိုအခါ ဧည့်သည်များက ကော်ဖီမှုန့်အနည်းငယ်ကို နမူနာအဖြစ် ပေးထားခဲ့ကာ ပြန်သွားကြလေတော့သည်။

ပြန်ကာနီးမှာတော့ ၎င်းတို့မျက်နှာကို တစွန်းတစမြင် လိုက်ရာ ကြောက်စရာကောင်းသော မျက်နှာများဖြစ်သည်ကို တော့ သတိပြုမိလိုက်သည်။

မောင်မြတ်သာလည်း သူတို့ပြန်သွားပြီးနောက်ပိုင်းတွင် ပေးထားခဲ့သော ကော်ဖီမှုန့်များကို ကိုယ်စားလှယ်ထံသို့ ပေးပို့ ခဲ့ပေသည်။

နောက်ထပ်သုံးရက်ခန့် ကြာသောအခါမှာတော့ မောင် မြတ်သာတစ်ကိုယ်လုံး အဖုအပိမ့်ကြီးများ ထွက်လာလေတော့ သည်။

ပထမတော့ ရောဂါတစ်မျိုးမျိုးကြောင့်ဖြစ်သည်ဟု ထင် သဖြင့် ဆေးဝါးများဖြင့် ကုသကြည့်သေးသည်။

သို့သော် မရတော့ပေ။



ရက်အနည်းငယ်ကြာသောအခါမှာတော့ တစ်ကိုယ်လုံး အဖုအပိမ့်ကြီးများပြည့်သွားပြီး မူလရုပ်ပျောက်သွားလေတော့ သည်။

ရုတ်တရက်ကြည့်လျှင်တော့ ပုံပန်းသဏ္ဌာန်က ဘီလူး တစ်ကောင်နှင့် တူလာလေတော့သည်။

"ဒုက္ခပါပဲ ငါဘယ်လိုဖြစ်တာလဲ ငါတော့ဘဝဆုံးပြီ ထင် ပါရဲ့၊ ဒီရုပ်မျိုးနဲ့တော့လူ့တောထဲမှာ နေလို့မသင့်တော့ဘူး၊ ဒီ တော့ သူများတွေမမြင်အောင် တစ်နေရာမှာသွားနေမှ ဖြစ်တော့ မယ်"

သူသည်တစ်ကိုယ်လုံး အဝတ်နက်ကြီးခြုံထားပြီး လူမ မြင်အောင် ပုန်းကွယ်နေထိုင်လေသည်။

သို့သော် မြဒေဝီကို သတိရလွမ်းဆွတ်သည့် စိတ်က တော့ ရှိနေသေးသည်။

"သူကတော့ ငါ့အပေါ် တစ်မျိုးထင်နေတော့မှာပဲ၊ မ တတ်နိုင်ဘူးလေ ငါ့ဘဝနဲ့ငါပဲ ရှိပါစေတော့၊ ဒီအကြောင်းတွေကို သူသိရင်လည်း စိတ်ဆင်းရဲရရုံအပြင်တော့ ဘာမှမရှိပါဘူး၊ ဒီ တော့မသိတာပဲကောင်းပါတယ်"

ဟု ကြိတ်မှိတ်နေခဲ့လေသည်။

သို့သော်လည်း ညအချိန်ရောက်လာလျှင်တော့ ဆောင် ကြာမြိုင်ရှိရာသို့သွားကာ အခြေအနေကြည့်နေတတ်ပေသည်။

(သို့ကြောင့်လည်း မောရစ်တို့ရောက်လာပြီး မြဒေဝီကို အတင်းအဓမ္မကြိုးစားစဉ်က ဝင်ရောက်သတ်ဖြတ်သွားခဲ့ခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပေသည်။)

တစ်နေ့မှာတော့ ဆောင်ကြာမြိုင်နှင့် မနီးမဝေး ကျောက်ဆောင်များကြား၌ရှိနေစဉ် ရေဘီလူးများရောက်လာပြီး ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရပေသည်။

ရေဘီလူးများက သူ့ကိုလှေဖြင့်ခေါ်ဆောင်သွားကြခြင်းဖြစ်ပြီး လမ်းတစ်လျှောက်လုံးမှာလည်း ကြီးမားသော ရေသတ္တဝါကြီးတစ်ကောင်ကို ငါးများဖြင့် ကျွေးမွေးကာ ခေါ်ဆောင်လာကြောင်းတွေ့ရလေသည်။

ညအချိန်ဖြစ်သောကြောင့် မည်သည့်အရပ်ဒေသသို့ ခေါ်သွားသည်ကိုတော့ သေသေချာချာ မသိရပေ။

သို့သော်လည်း ၎င်းအား မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်ကို အတန်အသင့်မှတ်မိစေရန် ကောင်းကင်မှကြယ်များကို ကြည့်ကာ မှတ်သားထားလေသည်။

တစ်ရေကျ(၆-နာရီခန့်)ခရီးမျှ သွားမိသောအခါ ထူးဆန်းသော ပုံသဏ္ဌာန်ရှိသည့်ကျွန်းတစ်ကျွန်းသို့ ရောက်သွားလေသည်။

ထိုကျွန်းမှာ ကျောက်တောင်၊ ကျောက်ဆောင်များချည်းတွေ့ရပြီး အချို့နေရာများမှာတော့ ကျောက်တောင်မြင့်ကြီးများပင် ရှိလေသည်။

ကျွန်းပေါ်ရောက်တော့ရေဘီလူးများက မောင်မြတ်သာကို တစ်နေရာသို့ခေါ်သွားလေသည်။

တစ်နေရာရောက်တော့ လူအချို့နှင့်ထပ်မံတွေ့ရလေသည်။



ဂူပေါက်သဏ္ဌာန်ဖြစ်နေသော လိုဏ်ခေါင်းကြီးထဲမှာ နေကြသူများမှာ ရေဘီလူးများနှင့်မတူဘဲ သာမန်လူသားများပင် ဖြစ်ကြလေသည်။

ခေါင်းဆောင်လုပ်သူမှာ အသက်အရွယ်ကြီးသော လူကြီးတစ်ယောက်ပင်ဖြစ်လေသည်။

ထိုလူကြီးမှာလည်း ကြောက်စရာကောင်းသော မျက်နှာပုံပန်းသဏ္ဌာန်မျိုးရှိပြီး တစ်ကိုယ်လုံး အဝတ်မည်းကြီးများခြုံထားလေသည်။

ထိုလူကြီးရှေ့ရောက်တော့ ရေဘီလူးများက သူ့ကိုထားခဲ့ပြီး ပြန်ထွက်သွားကြလေသည်။

“ငါ့နာမည်က ဒိဗ္ဗလို့ခေါ်တယ်၊ ငါက ဒီကျွန်းရဲ့အရှင်သခင်ပဲ၊ မင်းဆီကိုရေဘီလူးတွေလွှတ်ပြီး အကူအညီတောင်းခိုင်းတဲ့ကိစ္စကို မှတ်မိသေးသလား”

“မှတ်မိပါတယ် ကော်ဖီမှုန့်ကိစ္စမဟုတ်လား”

“ဟုတ်တယ် တကယ်လို့သာ ငါတို့ဆီက ပို့ပေးတဲ့ကော်ဖီမှုန့်ကို လက်ခံပြီးသောက်ကြရင် အင်္ဂလိပ်တွေလည်း မင်းလိုဘဝမျိုး ရောက်ကြမှာပဲ”

ဒီတော့မှ သူ့အနေဖြင့်ထိုကဲ့သို့ ဘဝဆိုးသို့ရောက်ရခြင်းမှာ ကော်ဖီနမူနာကို သောက်ခဲ့မိခြင်းကြောင့်ဖြစ်ကြောင်းကို သိရလေတော့သည်။

“ခင်ဗျား ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို နှိပ်စက်နေတဲ့ အင်္ဂလိပ်တွေကို ရှိရှိသမျှဒုက္ခ ရောက်အောင် ကြံစည်ခဲ့တာပဲ၊ သူတို့သင်္ဘောတစ်စင်းကို ဖျက်ဆီးပစ်လိုက်တာလည်းငါတို့ပဲ၊ ရေထဲမှာရှိတဲ့ သတ္တဝါတစ်ကောင်ကို ဖျက်ဆီးခိုင်းလိုက်တာ အစအနပါ ပျောက်သွားကရော မဟုတ်လား"

"အော် ရေတပ်သင်္ဘောပျောက်သွားတာ ဒင်းတို့လက်ချက်ပေကိုး..."

ဟု စိတ်ထဲမှ တွေးလိုက်လေသည်။

"ခင်ဗျားတို့က ဘာကြောင့် အင်္ဂလိပ်တွေကို သတ်ချင်ရတာလဲ"

"သူတို့နှိပ်စက်လို့ ငါတို့နေတဲ့ပသျှူးကျွန်းတွေကို စွန့်ပြီး ထွက်ပြေးခဲ့ကြရတယ်၊ ငါတို့နေတဲ့ ကျွန်းတွေပေါ်မှာ ရေတပ်စခန်းတွေဆောက်ဖို့ ငါတို့ကိုသတ်ဖြတ်ပစ်တယ်၊ သူတို့လက်ချက်ကြောင့် လူအတော်များများ သေခဲ့ရတယ်၊ ငါတို့တောင် လှေတွေနဲ့ထွက်ပြေးလာရင်းက ဒီကျွန်းကိုရောက်လာခဲ့လို့ အသက်ချမ်းသာရာရခဲ့တာ"

မောင်မြတ်သာကတော့ ဦးဒီဗ္ဗဆိုသောလူကြီးပြောပြသမျှကိုသာ နားထောင်နေလေသည်။

"ဒီကျွန်းပေါ်မှာ ထူးဆန်းတဲ့အဆိပ်ပင်တွေရှိတယ်၊ အခု ရေဘီလူးတွေလို ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့လူတွေဟာ ငါတို့လူတွေပဲ၊ ရောက်စက အဆိပ်ပင်တွေကြောင့် အခုလိုဘဝရောက်ခဲ့ကြတာပဲ"



"ဒီအဆိပ်တွေကို ဖြေဖို့ဆေးမရှိဘူးလား"

"ငါတို့ဘဝက ဖြေဆေးလည်းမလိုဘူး၊ ဘယ်ဘဝနဲ့ပဲဖြစ်ဖြစ် အသက်ရှင်နေဖို့ပဲလိုတယ် အခုတော့ငါတို့ကို နှိပ်စက်ခဲ့တဲ့ အဆိပ်တွေကိုငါတို့အတွက် လက်နက်အဖြစ် အသုံးချလို့ရနေပြီ"

ထိုစကားကြားသောအခါ မောင်မြတ်သာစိတ်ထဲမှာ များစွာကြောက်ရွံ့ထိတ်လန့်သွားလေသည်။

"ဒီအဆိပ်တွေကို အသုံးပြုပြီးအင်္ဂလိပ်တွေကို ပြန်ပြီး တလှဲစားချေရမယ် နောက်ဆိုရင်နေရာတွေ အတော်များများဟာ ငါတို့လက်ထဲရောက်လာစေရမယ်"

ဟု ကြုံးဝါးပြောဆိုလေသည်။

"ဒါထက် အပြစ်မရှိတဲ့ ဆောင်ကြာမြိုင်က မိန်းကလေးတို့ ဘာကြောင့်ဖမ်းတာလဲ"

"သူက မင်းနဲ့ပတ်သက်နေတာ မဟုတ်လား၊ သူ့ကိုခေါ်ထားရင် မင်းကိုဘာမဆိုခိုင်းလို့ရမယ်၊ ဒါမှငါတို့အကြံအစည်တွေ အောင်မြင်မှာပေါ့"

"သူ့ကို ဒုက္ခမပေးပါနဲ့"

"သူ့ကို ဒုက္ခမပေးစေချင်ရင် မင်းကငါတို့ခိုင်းတဲ့အလုပ်တွေကို လုပ်ပေးရမှာပေါ့"

"ဒါပေမယ့် ဒီလိုရုပ်ပျက်ဆင်းပျက်ဖြစ်နေမှတော့ လူတောထဲ ဘယ်လိုပြန်သွားလို့ရတော့မလဲ"

"မင်းလုပ်ငန်းတွေကို ကျန်ခဲ့တဲ့လူတွေကိုခိုင်းရင် ရတယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ အမိကက ငါတို့ဆီကကော်ဖီမှုန့်တွေကို အင်္ဂလိပ်တွေလက်ခံအောင်လုပ်ပေးဖို့ပဲ အောင်မြင်ခဲ့ရင် ကောင်မလေးကိုလည်း အန္တရာယ်မပေးတော့ဘူး၊ မင်းကိုလည်း ဒီဘဝကလွတ်အောင် ဆေးပေးမယ်"

"ဟင်. . ဒါဖြင့် ခင်ဗျားဆီမှာဆေးရှိတယ်ပေါ့"

ဦးဒိဗ္ဗက ဘာမှပြန်မပြောပေ။

"ဒါနဲ့တောင် ခင်ဗျားလူတွေကို ရောဂါပျောက်အောင် ဘာဖြစ်လို့ လုပ်မပေးတာလဲ"

"သူတို့က ဒီလိုနေရတာကိုသဘောကျနေကြတယ်၊ သူတို့ကိုမြင်တာနဲ့ လူတွေကကြောက်လန့်ပြီး ထွက်ပြေးကြတာတို့ သဘောကျကြတယ်၊ ဒါအပြင် အဆိပ်သင့်ထားတဲ့ လူတွေက နောက်ထပ်ဘာရောဂါမှမဖြစ်တော့ဘူး"

ဟု ပြောပြလေသည်။

မောင်မြတ်သာကတော့ ထူးထူးဆန်းဆန်းကြုံတွေ့နေရသောအဖြစ်အပျက်များကို အံ့သြနေလေသည်။

သို့သော်လည်း မမျှော်လင့်ဘဲရောက်လာရခိုက်တွင် သိချင်သည်များကို မေးကြည့်လေသည်။

"သင်္ဘောဖျက်လောက်တဲ့သတ္တဝါကြီးက ဘယ်လိုသတ္တဝါကြီးမျိုးလဲ"

"လိပ်ကျောက်စွန်ကြီးလို့ခေါ်တယ်၊ သူက သင်္ဘောတွေထက်ပိုကြီးတယ် သူကဒီကျွန်းနားမှာပဲ အမြဲနေတယ်၊ ငါတို့က သူ့ကို ငါးကျွေးပေးရတယ်၊ တခြားသွားမယ်ဆိုရင်လည်း ငါးတွေ



ကျွေးပြီး ခေါ်သွားရင် နောက်ကလိုက်လာတယ်"

"ခင်ဗျားတို့ကိုရော သူကအန္တရာယ်မပေးဘူးလား"

"သူက ငါတို့ကိုသိနေပြီ၊ ရေထဲမှာသူနဲ့အတူကူးသွားရင် ဘာင် ဘာမှအန္တရာယ်မပေးတော့ဘူး၊ နောက်ပြီး ငါတို့မိတ်ဆွေကြီးက ဒီကျွန်းနေရာကို တခြားလှေတွေ သင်္ဘောတွေလာရင်လည်း သဘောမကျဘူး၊ အင်္ဂလိပ်တွေရဲ့ ရေတပ်သင်္ဘောက ကျွန်းနားကို ရောက်လာလို့ သူပဲဖျက်ဆီးပစ်လိုက်တာပေါ့"

"သင်္ဘောမြုပ်သွားတော့ လူတွေကရော. ."

"တစ်ယောက်မှမကျန်တော့ဘူးထင်ပါရဲ့၊ ဒီကျွန်းတစ်ဘက်မှာ သားစားငမန်းတွေက အုပ်စုလိုက်တွေ ရှိကြတယ်၊ သင်္ဘောပေါ်ကလူတွေ ရေထဲရောက်သွားမှတော့ သူတို့အစာဖြစ်ပြီပေါ့ကွာ"

ဟု ပြောပြလေသည်။

မောင်မြတ်သာလည်း သူကြားသိရသောအကြောင်းများကို မှတ်သားထားလေသည်။

"ဒါထက် ကျွန်တော်ကို ဘာအတွက်ဒီနေရာကို ခေါ်လာတာလဲ"

"မင်းနဲ့အပေးအယူလုပ်ဖို့ ခေါ်ခဲ့ရတာပဲ၊ အင်္ဂလိပ်တွေနဲ့အဆက်အသွယ်ရှိတာ မင်းတို့ပဲရှိတယ်၊ ဒီတော့ငါတို့ကျွန်းကထွက်တဲ့ကော်ဖီမှုန့်တွေကို အင်္ဂလိပ်တွေဆီကို ရောက်အောင်ပေးပါ"

"သူတို့သိသွားရင် အားလုံးအပြစ်ပေးခံရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com


"မသိပါဘူးကွာ ချက်ခြင်းလည်း မသိနိုင်ပါဘူး၊ သူတို့သိတဲ့အချိန်ရောက်ရင် အားလုံး မင်းလိုဘဝမျိုး ရောက်နေကြပြီပေါ့"

"တကယ်လို့ မလုပ်ပေးရင်ကော"

"ဒါကတော့ မင်းသဘောပဲပေါ့။ မင်းလည်းဒီဘဝမျိုးနဲ့ တစ်သက်လုံးနေရမယ့်အပြင် မင်းကောင်မလေးကိုပါ မင်းလိုဘဝမျိုးရောက်အောင် လုပ်ပစ်မယ်"

ဟု ခြိမ်းခြောက်ပြောဆိုလေသည်။

မောင်မြတ်သာမှာ မတတ်သာတော့ပေ။

သူ့အတွက်ရွေးချယ်စရာလမ်းမရှိတော့ပေ။

သို့ကြောင့် ဦးဒီဗွပြောသောကိစ္စကို ပြုလုပ်ပေးပါမည်ဟု သဘောတူလိုက်ရလေတော့သည်။

ထို့နောက်မှာတော့ ရေဘီလူးများက သူ့ကိုမြိတ်သို့ပြန်ပို့ပေးကြလေသည်။

မောင်မြတ်သာအတွက်ကတော့ တွေ့ကြုံခဲ့ရသောအရာအားလုံး အိပ်မက်ဆိုးပမာဖြစ်ခဲ့ရပေသည်။

. . . အထက်ပါအကြောင်းအရာများမှာ မောင်မြတ်သာက ဒေါက်တာမင်းထင်ကျော်တို့အားလုံးကို ပြန်လည်ပြောပြသော အကြောင်းအရာများပင်ဖြစ်ပေသည်။



# အခန်း ( ၁၃ )

# မျှော်လင့်ခြင်းနှင့် ချစ်ခြင်းများစွာ

ဒေါက်တာမင်းထင်ကျော်တို့ နေထိုင်ရန်အတွက်ပေးထားသော အဆောက်အဦးနှင့် တစ်ဆက်တည်းရှိသောနေရာတွင် သီးခြားအဆောင်တစ်ခုရှိလေသည်။

ယခင်က ဧည့်သည်များနှင့် လျှို့ဝှက်တွေ့ဆုံသောအခန်းဖြစ်သော်လည်း ယခုတော့ လူနာဆောင်ဖြစ်နေပေပြီ။ သို့သော် လူနာကတော့ များများမရှိပေ။ မောင်မြတ်သာ တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



တည်းသာ ရှိနေသည်။

မောင်မြတ်သာကိုယ်၌ စွဲကပ်နေသောရောဂါများကို ဆရာကြီးဦးဗန်ကောင်းက ကုသပေးလျှက်ရှိလေသည်။ ထိုအ ဆောင်ထဲမှာတော့ ဒေါက်တာမင်းထင်ကျော်၊ မေဂျာဝီလျှံ၊ ဆေ သရီနှင့် မြဒေဝီတို့ရှိနေကြသည်။

မြဒေဝီကတော့ မမျှော်လင့်ဘဲ မောင်မြတ်သာကို ပြန် တွေ့ရသောကြောင့် ဝမ်းသာနေလေသည်။

မောင်မြတ်သာထံမှရသော ကော်ဖီစေ့နှင့်ကော်ဖီမှုန့် များကိုလည်း စစ်ဆေးပေးရန် ရန်ကုန်မြို့၌ရှိသော ဓာတ်ခွဲခန်း သို့ ပို့ပေးထားပြီးဖြစ်ပေသည်။

ထို့ပြင် ကမ်းခြေတစ်လျှောက်နှင့် ပင်လယ်ပြင်မှာလည်း ရေတပ်အစောင့်များချကာ နေရောညပါ စောင့်ကြည့်နေကြ သည်။

ပင်လယ်ခရီးသွားလာနေကြသော ကုန်သည်သင်္ဘော များနှင့် ငါးဖမ်းသင်္ဘောများကိုလည်း သတိဝိရိယဖြင့် သွားလာ ကြရန်တာဝန်ရှိသူများက နှိုးဆော်ထားကြလေသည်။

မြိတ်မြို့၏ ဆိပ်ကမ်းနှင့်နီးသော နေရာများ၌ရှိသော သူများကတော့ ရေဘီလူးများကို စိတ်ဝင်စားနေကြသည်။ အချို့ လည်း ကြောက်ရွံ့ထိတ်လန့်နေကြလေသည်။

အတော်များများကတော့ ယခုရက်ပိုင်းတွင်ပင်လယ် ပြင်သို့ မထွက်ဝံ့ကြဘဲ ရှိနေကြသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ မောင်မြတ်သာ



အနီးမှာပင်ရှိနေကြပြီး ဦးဗန်ကောင်းဆေးကုပေးရာတွင် ဝိုင်း ဝန်းအကူအညီပေးနေကြသည်။

မြဒေဝီကလည်း မောင်မြတ်သာနှင့်မနီးမဝေးမှာပင် ရှိ နေကာ စိုးရိမ်ပူပန်သောအမူအယာဖြင့် အရိပ်တကြည့်ကြည့် နှင့်ရှိနေရှာသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က မကြာခဏအ နားသို့သွားကာ နှစ်သိမ့်မှုပေးရသည်။

“ဒီလောက်လည်း စိတ်မပူပါနဲ့၊ သူ့ရောဂါကကုသလို့ မရတော့တဲ့ရောဂါမျိုး မဟုတ်ပါဘူး၊ မကြာခင်သက်သာပြီး အ ရင်ကလို လူကောင်းတစ်ယောက်ဘဝ ပြန်ရောက်သွားမှာပါ”

“ဒီစကားကြားရတာ ဝမ်းသာပါတယ်ဆရာရယ်၊ ဆရာ တို့ရဲ့ကျေးဇူးကို ကျွန်မတစ်သက် ဘယ်တော့မှမမေ့ပါဘူး”

ဟု မျက်ရည်အဝိုင်းသားဖြင့် ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သူမ၏ကျေးဇူးစ ကားကို အသိအမှတ်ပြုသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

“တကယ်တော့ ကျွန်မဘဝက လူဘဝရဲ့စည်းတစ်ခုအ ပြင်ဘက်ကို ရောက်နေရတဲ့ဘဝမျိုးပါ ဘယ်သူကမှ ကျွန်မတို့ကို အရေးတယူ မဆက်ဆံချင်ကြပါဘူး၊ ဆရာလိုလူတစ်ယောက်က အခုလိုဆက်ဆံပေးတာ ကျွန်မအနေနဲ့အတော်ကလေး ဝမ်းသာ မိပါတယ် ကျေးဇူးလည်းတင်ပါတယ်”

ဟု အသံကလေး ကတုံကရင်ဖြင့် ပြောလေသည်။

“စည်းတွေ ဘောင်တွေဆိုတာ သတ်မှတ်ချက်တစ်ခုပါ

www.burmeseclassic.com

www.burmeseclassic.com



အဓိကအရေးအကြီးဆုံးက စိတ်ထားဖြူစင်ဖို့ပါပဲ၊ စိတ်ထားဖြူစင်တဲ့ လူတစ်ယောက်ဟာ ကံကြမ္မာကြောင့် နိမ့်ပါးတဲ့ဘဝရောက်နေရပေမယ့်လည်း တန်ဖိုးရှိပါတယ်၊ မြင့်မားတဲ့ဘဝရောက်နေရပေမယ့်လည်း စိတ်ထားယုတ်ညံ့နေရင် တန်ဖိုးမရှိပါဘူး၊ ဘာမှအားငယ်မနေပါနဲ့ တစ်နေ့ကျရင် မင်းဒီဘဝကနေလွတ်မြောက်ခွင့်ရမှာပါ”

ဟု အားပေးလိုက်လေသည်။

နေ့လည်ဘက်အချိန်ရောက်တော့ ဦးဗန်ကောင်းမှာ ဆေးမှတ်တမ်းများ၊ ဆေးစာအုပ်များနှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေစဉ် ဒေါက်တာမင်းထင်ကျော်နှင့် ကေသရီတို့က အနားသို့ရောက်သွားကြသည်။

ကေသရီကလည်း ထိုကဲ့သို့သောဆန်းကြယ်သည့်ကိစ္စများကို စိတ်ဝင်စားသဖြင့် အတူလိုက်လာခြင်းဖြစ်သည်။

“မောင်ထင်ကျော်တို့ပါလား ထိုင်ကြ”

ဟု ပြောသဖြင့် တစ်နေရာမှာ ဝင်ထိုင်ကြလေသည်။

“ကိုမြတ်သာရဲ့ အခြေအနေ ဘယ်လိုရှိသလဲဆရာကြီး”

“သူ့ကိုယ်ထဲမှာ ဗိုင်းရပ်ပိုးတွေပြန့်နေတယ်၊ ချက်ချင်းတော့ ထိမ်းချုပ်လို့ရမှာမဟုတ်ဘူး၊ တဖြည်းဖြည်းနဲ့တော့ ကုသလို့ရမှာပါ၊ မြန်မာစကားပုံတောင်ရှိသေးတာပဲ အနာသိရင်ဆေးရှိပါတယ်”

“သူက ဘယ်လိုရောဂါမျိုးလဲ ဆရာကြီး”

“လွယ်လွယ်ပြောရရင်တော့ အဆိပ်ကြောင့်ဖြစ်တဲ့ ရောဂါ



မျိုးပါပဲ၊ အဆိပ်ကြောင့်ဖြစ်တဲ့ရောဂါကို အဆိပ်နဲ့ပြန်ကုပေးမှ သက်သာရာရလိမ့်မယ်”

ဟု ပြောပြသည်။

ထို့နောက် သူ့နံဘေးမှာချထားသော ဆေးကျမ်းအချို့မှ ဆေးနည်းအချို့ကို ညွှန်ပြလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုမှတ်တမ်းများကိုယူ၍ ကြည့်သော်လည်း အချို့လောက်သာသိပြီး၊ အချို့ကိုတော့ မသိပေ။

“သူ့ကိုယ်မှာစွဲကပ်နေတဲ့ရောဂါက ယေဘုယျပြောမယ်ဆိုရင် အဆိပ်ကြောင့်ဖြစ်တယ်လို့ ဆိုပေမယ့် ရောဂါအမည်တတ်မယ်ဆိုရင်တော့ အသားအရေကို ဖောက်ပြန်ပျက်စီးတတ်တဲ့ နူနာရောဂါမျိုးလို့ ဆိုရမှာပါပဲ”

“ဗျာ. . နူနာရောဂါ. . ဟုတ်လား ဆရာကြီး”

“ဟုတ်ပါတယ် အသားအရေကို ပျက်စီးစေတဲ့ရောဂါအနာမှန်သမျှ နူနာလို့ပဲသတ်မှတ်ကြပါတယ်. . ၊ တချို့က တစ်ကိုယ်လုံးအနာကြီးတွေပေါက်ပြီး သွေးတွေ ပြည်တွေ စိုရွှဲနေတဲ့အနာမျိုးမှ နူနာလို့ထင်နေတတ်ကြတယ်၊ ဆေးဆရာတွေရဲ့အမြင်ကတော့ အရေပြားကိုဖျက်ဆီးတဲ့ ရောဂါမှန်သမျှကို နူနာရောဂါလို့ သတ်မှတ်ကြပါတယ်”

“ဒါဖြင့် ပွေး၊ ညှင်း၊ ခရုသင်းကွက်တွေ ပေါက်တာကိုလည်း နူနာရောဂါထဲမှာ ထည့်ရမှာပေါ့နော်”

“မှန်ပါတယ် ဆေးမှတ်တမ်းမှာ နူနာရောဂါပေါင်း (၁၈)

www.burmeseclassic.com

www.burmeseclassic.com



မျိုးရှိတယ်လို့ ဖော်ပြထားပါတယ်၊ မောင်ထင်ကျော် ဗဟုသု
အဖြစ်ကြည့်ချင်ရင် ဒီမှတ်တမ်းကို လေ့လာကြည့်ပါ"

ဟုပြောပြီး ဆေးမှတ်တမ်းတစ်ခုကို ပြလေသည်။

ထိုမှတ်တမ်းတွင် နူနာဖြစ်ရခြင်းအကြောင်းရင်းများ
နူနာစာရင်းဝင်ရောဂါ (၁၈)မျိုးတို့၏ ရောဂါလက္ခဏာတို့
အောက်ပါအတိုင်း လေ့လာကြည့်ရှုရလေသည်။

နူနာရောဂါဖြစ်ရခြင်း အကြောင်းရင်းများကိုဖော်ပြ
မည်။

ဆန့်ကျင်ဘက်ဖြစ်သော အစားအသောက်တို့ကို
ခြင်း၊ အရည်စေးချွဲသော၊ ကြေကျက်ခဲသော အစားအသော
တို့ကို အစားများခြင်း၊ အန်ခြင်းနှင့် အခြားသောဝေဂတရားတို့
ချုပ်တည်းခြင်း၊ မအောင့်သင့်သည်တို့ကို အောင့်ထားခြင်း၊ အလွ
အကဲအစားစားပြီးနောက် အားကစားလေ့ကျင့်ခြင်း၊ အပူ
အလွန်မှိုဝဲခြင်း၊ အအေးခံများခြင်း၊ အပူခံများခြင်း၊ အစာဖြ
ခြင်း၊ အစာမှိုဝဲရမည့်အစဉ်ကို လွှတ်၍စားခြင်း(အအေးစာ
စားပြီးနောက် အဆောတလျင် အပူစားစားခြင်း၊ အပူစာစား
နောက် အဆောတလျင် အအေးစာစားခြင်း၊ အစာဖြတ်ပြီး
လျင်အမြန် ဗိုက်ပြည့်အောင်စားခြင်း စသည့်တို့ကို ဆိုလိုသည်
တို့ဖြစ်သည်။

ထို့ပြင် အပင်ပန်းခံခြင်း၊ ကြောက်လန့်ပြီးနောက် လျ
မြန်စွာ ရေအေးကိုသောက်ခြင်း၊ စားသောအစာမကြေကျက်
အစာထပ်၍စားခြင်း၊ အန်ဆေးကျေးခြင်း၊ ဝမ်းနုတ်ခြင်းစသော



(၅)မျိုးသောအမှုတို့ကို စနစ်တကျမပြုလုပ်ခြင်း၊ တစ်နည်းအား
ဖြင့် ပဉ္စက(အန်ဆေးစားခြင်းစသော အမှုကိစ္စငါးချက်)အမှု၌
သင့်လျော်သည်ကို မပြုဘဲ မသင့်လျော်သည်ကို ပြုခြင်းသည်
လည်း ရောဂါဖြစ်ရခြင်းအကြောင်းရင်းတွင် ပါဝင်သည်။

ကောက်သစ်ကိုစားခြင်း၊ ဒိန်ချဉ်၊ ငါး၊ ဆား၊ အချဉ်တို့ကို
အလွန်အကဲမှိုဝဲခြင်း မုန်လာ၊ ဆန်မုန့်တို့ဖြင့်ပြုလုပ်သော အစား
အစာ၊ သကြားနီခဲ၊ နို့ရည်၊ နှမ်းတို့ကို အလွန်အကဲစားခြင်း၊
စားလိုက်သော အစာမကြေကျက်မီ မေထုန် အလွန်အကဲမှိုဝဲ
ခြင်း၊ မုန်လာ၊ ဆန်မှုန့်တို့ဖြင့်ပြုလုပ်သော အစားအစာစသော
အစာမကြေနိုင်သော အစားအစာများကို အလွန်အကျွံစား၍
နေ့အခါအိပ်ခြင်း၊ ရဟန်းသံဃာနှင့်မိဘ၊ ဆရာသမားတို့ကို မရို
မသေပြုခြင်းတို့သည်လည်း ရောဂါဖြစ်ခြင်းအကြောင်းရင်းများ
ဖြစ်သည်။

ဖော်ပြပါအကြောင်းတရားတို့ကို အမြဲမပြတ်မှိုဝဲသော
သူတို့၌ လေစသောဒေါသတို့သည် ဖျက်စီး၍ အရည်များ၊ သွေး၊
အသားအစေးတို့ကို ဖျက်ဆီးခြင်းပြု၏။

သို့ဖြစ်၍ နူနာရောဂါကိုဖြစ်စေတတ်သည့် အကြောင်း
တရားတို့ကို ရှောင်ရှားအပ်ပေသည်။

ဒေါသတို့သည် ဒုဿ-ဖျက်ဆီးအပ်သောတရားတို့ကို
ဖျက်ဆီးသောအခါ၌ (၇)မျိုးသော ကုဋ္ဌကြီးနှင့် (၁၁)မျိုးသော
နူနာငယ်တို့သည်ဖြစ်ကုန်၏။ မည်သည့်နူနာမဆို ဒေါသတစ်ခုခု
ကြောင့် မဖြစ်ချေ။ (၁၈)မျိုးသောနူနာရောဂါတို့သည် ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



သုံးပါးကြောင့်ဖြစ်ကုန်၏။

နူနာရောဂါ၏ ရှေ့ပြေးလက္ခဏာတို့ကို ကြိုတင်သိရှိသင့်သဖြင့် ဖော်ပြပါဦးမည်။

ကိုင်တွယ်မှုကို မသိခြင်း၊ အလွန်ချွေးထွက်ခြင်း၊ ချွေးထွက်ခြင်းကို မသိခြင်း၊ အရောင်အဆင်းပျက်ခြင်း၊ ဖြုတ်များထခြင်း၊ ကြက်သီးမွေးညှင်းထခြင်း၊ ယားခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ မောပန်းခြင်း၊ ပင်ပန်းခြင်းကြောင့်ဖြစ်သော အဖုအနာများသည် အလွန်နာကျင်ကိုက်ခဲခြင်း၊ အဖုအနာများ လျင်မြန်စွာဖြစ်ခြင်း၊ ကြာမြင့်စွာမပျောက်ဘဲနေခြင်း၊ ပူခြင်း၊ မိမိ၏အင်္ဂါကြီးငယ်တို့၌ ထိခိုက်မှုကို မသိခြင်း (ထုံခြင်း)စသည့် ရှေ့ပြေးလက္ခဏာများ ဖြစ်ပေါ်လာပါက နူနာရောဂါအတွက် အထူးဂရုပြု၍ ကုသမှုခံယူသင့်သည်။

နူနာရောဂါ (၁၈)မျိုးကို ဖော်ပြပါမည်။

၁။ ကပါလ = နူခြောက်

၂။ ဥဒုမ္ဗရ = နူသဖန်း

၃။ မဏ္ဍလ = နူကွက်ဖြူ

၄။ ဣဿဇိဝှါ (ဣက္ခဇိဝှါ) = နူဝံလျှာ

၅။ ပုဏ္ဍရိက = နူပန်းကွက်

၆။ သိမ္ဗ = နူမွဲ

၇။ ကာကဏိက = နူချင်ရွှေး

ဤ (၇) မျိုးတို့သည် နူနာကြီးတို့ မည်ကုန်၏။

၈။ ဧကကုဋ္ဌ = နူငါးကြေးခွံ



၉။ စမ္မာချ = နူဆင်သားရေ

၁၀။ ကိဋိဘ = နူပိုးခဲ

၁၁။ ဝိပါဒိကာ = နူပါဒရက်

၁၂။ အလသက = နူရေတွန့်

၁၃။ ဒဒ္ဒု = နူပွေး

၁၄။ စမ္မဒလ = နူရေကွဲ

၁၅။ ပါမာ = နှင်းခူ

၁၆။ ဝိပ္ဖေါ္ဋက = နူနာမီးလျှံ

၁၇။ တသာရု = နူအိုင်းကျ

၁၈။ ဝိစစ္စိကာ = နူဝဲ

ဤ (၁၁) မျိုးတို့သည် နူနာငယ်တို့မည်ကုန်၏။

နူနာရောဂါ (၁၈) မျိုးတို့ကို ရောဂါတစ်ခုချင်းအလိုက် လက္ခဏာအကျဉ်းမျှ ဖော်ပြပါမည်။

➤ ၁။ ကပါလ = နူခြောက်ရောဂါ၏လက္ခဏာ

မဲသောအရုဏ်ရောင်အဆင်းရှိခြင်း၊ ခြောက်တပ်ခြင်း၊ ကြမ်းထော်ခြင်း၊ ပါးလွှာခြင်း၊ နာကျင်ကိုက်ခဲမှုများခြင်း၊ မညီညွတ်ခြင်း (မညီမညွတ်ပြန်ခြင်း) စသည်တို့သည် ကပါလ - နူခြောက်မည်သော နူနာရောဂါ၏လက္ခဏာတို့ဖြစ်သည်။

➤ ၂။ ဥဒုမ္ဗရ = နူသဖန်းရောဂါ၏လက္ခဏာ

ယားယံခြင်း၊ ပူခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ နီမြန်းခြင်း၊ အမွေးများနီကြောင်ခြင်း၊ သဖန်းသီးနှင့်တူသော အဆင်းရှိခြင်းစသည်တို့သည် ဥဒုမ္ဗရ - နူသဖန်းရောဂါလက္ခဏာတို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



➤ ၃။ မဏ္ဍလ - နူကွက်ရောဂါ၏လက္ခဏာ

ဖြူသောအရောင်ရှိခြင်း၊ နီသောအရောင်ရှိခြင်း၊ နေရာမကျယ်ပြန့်ခြင်း၊ ထူခြင်း၊ ပြေပြစ်ခြင်း၊ မြင့်မောက်ခြင်း၊ အဝိုင်းသဏ္ဌာန်ရှိခြင်း၊ ကုသရခက်ခြင်း၊ တစ်ခုနှင့်တစ်ခု ဆက်နေခြင်း စသည်တို့သည် မဏ္ဍလ - နူကွက်ရောဂါ၏ လက္ခဏာတို့ဖြစ်သည်။

➤ ၄။ ဣသဖိဇ္ဇိ (ဣတ္ထိကဇ္ဇိ) - နူဝံလျှာရောဂါ၏လက္ခဏာ

ကြမ်းခြင်း၊ အနားသား နီမြန်းခြင်း၊ အတွင်းသား မှည်းခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ ဝံ၏လျှာနှင့်တူသော လက္ခဏာရှိသော နူနာကို နူဝံလျှာဟုခေါ်သည်။

➤ ၅။ ပုဏ္ဍရိက = နူပန်းကွက်ရောဂါ၏လက္ခဏာ

ဖြူသောအရောင်းသမ်းလျက်ရှိခြင်း၊ နီမြန်းသောအနားသားရှိခြင်း၊ ကြာပန်းချပ်နှင့်တူခြင်း၊ မြင့်မောက်ခြင်း၊ နီမြန်းမှုရှိခြင်း စသည်တို့သည် ပုဏ္ဍရိက - နူပန်းကွက်ရောဂါ၏ လက္ခဏာတို့ဖြစ်သည်။

➤ ၆။ သိဓ္မ = နူမွဲရောဂါ၏လက္ခဏာ

ဖြူသောအရောင်ရှိခြင်း၊ ကြေးနီရောင်ရှိခြင်း၊ မတူခြင်း ပွတ်တိုက်ခဲ့သော် တဖတ်များကွာကျခြင်း၊ များသောအားဖြင့် ရင်ဘတ်၌ ဖြစ်တတ်ခြင်း စသည်တို့သည် သိဓ္မနူမွဲရောဂါ၏ လက္ခဏာများဖြစ်သည်။

➤ ၇။ ကာကဏိက = နူချင်ရွှေးရောဂါ၏လက္ခဏာ

ချင်ရွှေးစေ့အရောင်နှင့်တူခြင်း၊ မှည့်ခြင်းမရှိခြင်း၊ ပြင်းထန်စွာနာကျင်ကိုက်ခဲခြင်း၊ ဒေါ၀ (၃)ပါးနှင့် ယှဉ်ခြင်းစသည်တို့သည် ကာကဏိက = နူချင်ရွှေးရောဂါ၏ လက္ခဏာများ ဖြစ်သည်။ ဤနူနာမျိုးကို မကုသထိုက်ပေ။



➤ ၈။ ဧကကုဋ္ဌ = နူငါးကြေးခွံ၏လက္ခဏာ

ချွေးမထွက်ခြင်း၊ နေရာကျယ်ပြန့်ခြင်း၊ ငါးကြေးခွံတို့နှင့်တူခြင်း ဤလက္ခဏာတို့နှင့်ယှဉ်သော နူနာသည် နူငါးကြေးခွံမည်ပေ၏။

➤ ၉။ စမ္မာချ = နူဆင်သားရေလက္ခဏာ

ထူအန်းခြင်း၊ ဆင်သားရေနှင့်တူခြင်း၊ ဤလက္ခဏာရှိသော နူနာသည် နူဆင်သားရေ မည်ပေ၏။

➤ ၁၀။ ကိဋိဘ = နူပိုးခဲလက္ခဏာ

ညိုသောအရောင်ရှိခြင်း၊ ကိုင်ကြည့်သောအခါ လွှကဲ့သို့ကြမ်းတမ်းခြင်း၊ မာကျောခြင်း၊ ဤလက္ခဏာတို့သည် နူပိုးခဲ၏ လက္ခဏာတို့ မည်ပေ၏။

➤ ၁၁။ ဝိပါဒိကာ = နူပါဒရက်လက္ခဏာ

ပြင်းထန်စွာ နာကျင်ကိုက်ခဲခြင်း၊ လက် ခြေတို့ကွဲအက်ခြင်း၊ ဤလက္ခဏာတို့သည် နူပါဒရက်၏ လက္ခဏာတို့မည်ပေ၏။

➤ ၁၂။ အလသက = နူရေတွန့်လက္ခဏာ

ယားယံခြင်း၊ နီမြန်းခြင်း၊ တွန့်ခြင်း ဤလက္ခဏာတို့နှင့် ယှဉ်သော နူနာတွန့်ရောဂါတို့ မည်ကုန်၏။

➤ ၁၃။ ဒဒ္ဒု = နူပွေးရောဂါ၏လက္ခဏာ

www.burmeseclassic.com

www.burmeseclassic.com

ယားယံခြင်း၊ နီမြန်းခြင်း၊ သေးငယ်သောအဖုအနာကလေးများရှိခြင်း၊ အပေါ်သို့မြင့်မောက်ခြင်း၊ အကွက်ရှိခြင်း ဤလက္ခဏာတို့သည် နူပွေးကွက်၏ လက္ခဏာတို့မည်ကုန်၏။

➤ ၁၄။ မမ္ဗဒလ = နူရေကွဲ လက္ခဏာ

နီမြန်းခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ အရေပြားကွဲအက်ခြင်း၊ ဤလက္ခဏာတို့နှင့် ယှဉ်သောနူနာသည် နူရေကွဲရောဂါမည်၏။ လက်စသည်တို့ဖြင့် ထိခိုက်မိသော် ပြင်းစွာနာကျင်ကိုက်ခဲ၏။

➤ ၁၅။--- ➤ ၁၆။

ပါမာဝိပ္ပေါ်ဇ္ဇက - နှင်းခူနှင့် နူမီးလျှံနာလက္ခဏာ၊

ဖြူသည့်အာရုဏ်အရောင်ရှိသော တစ်နည်းညိုသည့်အရုဏ်အရောင်ရှိသော အဖုအပိမ့်များပေါက်ခြင်း၊ အလွန်ယားယံခြင်း၊ ဤလက္ခဏာတို့သည် နှင်းခူလက္ခဏာတို့မည်ကုန်၏။

ညိုသောအရောင်ရှိသည့် အဖုအနာများရှိသော လူနာသည် ဝိပ္ပေါ်ဇ္ဇက နူနာရောဂါမည်ပေ၏။ ဤရောဂါ၌ အရေပြားပါးလွှာ၏။

➤ ၁၇။ တသာရု = နူအိုင်းကျလက္ခဏာ

နီညိုသောအရောင်ရှိခြင်း၊ ပူခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ များစွာသော အနာများရှိခြင်း၊ ဤလက္ခဏာတို့သည် နူအိုင်းကျလက္ခဏာတို့ မည်ပေ၏။

➤ ၁၈။ ဝိစစ္စိကာ = နူဝဲလက္ခဏာ

ညိုသောအရောင်ရှိသည့် အဖုအနာရှိခြင်း၊ ထိုအနာတို့သည် ယားယံခြင်း၊ အလွန်ယိုစီးခြင်း ဤလက္ခဏာတို့သည်နူဝဲ၏ လက္ခဏာမည်ပေ၏။

ဒေါက်တာမင်းထင်ကျော်က နူနာအမျိုးမျိုးနှင့် ပတ်သက်သည့် မှတ်တမ်းများကို ဖတ်ရှုပြီး သက်ပြင်းချလိုက်လေသည်။ ထို့နောက် မှတ်တမ်းများကို ဦးဇန်ကောင်းအား ပြန်ပေးလိုက်သည်။

"အရေပြားနဲ့သက်ဆိုင်လို့ ဖြစ်တဲ့ရောဂါမှန်သမျှတော့ မြန်မာ့ဆေးအယူအဆနဲ့ ပြောရရင်တော့ နူနာရောဂါနဲ့မကင်းပေဘူး၊ မောင်မြတ်သာလည်း အဆိပ်တစ်မျိုးကြောင့် အရေပြားနဲ့အသားတွေ ပျက်စီးပြီး ဒီလိုဖြစ်သွားရတာပါပဲ"

"သူ့ရောဂါတွေပျောက်ကင်းဖို့ မျှော်လင့်ချက်တော့ ရှိသေးတယ် မဟုတ်လားဆရာကြီး"

"ရှိပါတယ်. . အနာသိမ့်တော့ ဆေးရှိရမှာပေါ့၊ မြန်မြန်ပျောက်တာနဲ့ ရက်နည်းနည်းကြာတာပဲ ကွာမှာပါ"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် ဆရာကြီး"

ဦးဇန်ကောင်းစကားကြောင့် ဒေါက်တာမင်းထင်ကျော်ထက်ပိုပြီး ဝမ်းသာနေသူကတော့ မြဒေဝီပင်ဖြစ်ပေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့အားလုံး အခန်းထဲမှ ပြန်ထွက်သွားကြသောအခါ မောင်မြတ်သာအနားမှာ နန်းဒေဝီ တစ်ယောက်သာ ကျန်နေခဲ့တော့သည်။

"ကျွန်မဖြင့် ဆရာကြီးစကားကြားရတာ ဝမ်းသာလိုက်တာ၊ မောင့်ကို ဒီဘဝဆိုးကနေ အမြန်ဆုံးလွတ်မြောက်ပါစေလို့




www.burmeseclassic.com

www.burmeseclassic.com



လည်း ဆုတောင်းပေးပါတယ်"

"ကိုယ့်ကို ဒီလိုဘဝဆိုး ရောက်နေတာတောင် သံယော ဇဉ်ထားပေးနိုင်တဲ့ ဒေဝီမေတ္တာကိုတော့ အသိအမှတ်ပြုရမှာ ပါပဲ"

"တကယ်မေတ္တာစစ်နဲ့ ချစ်ကြပြီဆိုရင်တော့ အရှုံးအမြတ်တွက်တာမျိုးတွေ မရှိသင့်တော့ပါဘူး၊ မောင့်ကို ရုပ်ရည် ချောမောနေတုန်းက လက်ခံပြီး၊ အခုလိုဘဝရောက်တော့မှ ပစ် ပယ်မယ်ဆိုရင် မေတ္တာစစ်လို့ သတ်မှတ်လို့မရနိုင်ပါဘူး၊ ပြောရ မယ်ဆိုရင်တော့. . ကျွန်မလို ဆောင်ကြာမယ်တစ်ယောက်ကို မေတ္တာထားပေးနိုင်တဲ့ မောင်ရဲ့မေတ္တာက ပိုပြီးတန်ဖိုးရှိပါတယ်"

"ကိုယ့်အနေနဲ့ အရင်လိုဘဝမျိုး ပြန်ရောက်မယ်ဆိုရင် ဒေဝီနဲ့တစ်သက်လုံး လက်တွဲသွားဖို့ ဆုံးဖြတ်ထားပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာမိပါတယ် မောင်ရယ်"

ဟု တုန်ရင်လှိုက်လှဲသော အသံမျိုးဖြင့် ပြန်ပြောလိုက် လေသည်။ တကယ်တော့ မေတ္တာကိုအရှုံးအမြတ်မတွက်ဘဲ ဆုံး ဖြတ်ချက်မှန်ခဲ့ကြသော သူတို့နှစ်ဦး၏ ဘဝလမ်းကတော့ မျှော် မှန်း၍မရသေးသော အခြေအနေမျိုးမှာသာ ရှိသေးသော်လည်း မျှော်လင့်ချက်ကိုယ်စီတော့ ရှိနေကြပြီဖြစ်ပေသည်။



## အခန်း ( ၁၄ )

# ဦးဗန်ကောင်းနှင့် အဆိပ်သုံးမျိုး

မောင်မြတ်သာထံမှရသော ကော်ဖီစေ့နှင့်ကော်ဖီမှုန့် များအား ရန်ကုန်မြို့၌ရှိသော ဓာတ်ခွဲခန်းရှိရာသို့ တင်ပို့ပြီး စင်း သပ်စေရာ ရက်အတန်ကြာသောအခါ အဖြေရသဖြင့် မြတ်သို့ ပြန်ပို့ပေးလိုက်လေသည်။

ထိုအဖြေကိုရသောအခါ မြတ်ကိုစီမံအုပ်ချုပ်နေသော အရေးပိုင်မစ္စတာအပါအဝင် အားလုံးမှာ မျက်လုံးပြူးသွားကြ လေသည်။

www.burmeseclassic.com



အဖြေ၌ပါသော အချက်များမှာ -

ကော်ဖီမှုန့်ထဲတွင် ထူးဆန်းသော ပန်းပွင့်တစ်မျိုး သော အဆိပ်များပါနေကြောင်း၊ ထိုအဆိပ်မှုန့်များမှာ ကော် မှုန့်အရောင်ပင်ဖြစ်ပြီး ရောနှောထားပါက မသိနိုင်ပါကြောင် ထိုအဆိပ်မှုန့်များကို သောက်သုံးမိပါက အရေပြားနှင့်အသာ တို့ကို ပျက်စီးစေနိုင်ကြောင်း၊ တစ်ကိုယ်လုံး အဖုအပိမ့်ကြီးမျာ ထလာပြီး အနာကြီးရောဂါသည်ကဲ့သို့ ဖြစ်စေနိုင်ကြောင်း အ ချက်အလက်များ ပါရှိလေသည်။

ထိုအချက်အလက်များကို ရသောအခါ အရေးပိုင် မစ္စတာစမစ်တို့အပါအဝင် မျက်နှာဖြူအရာရှိတို့မှာ များစွာတု လှုပ်ချောက်ချားသွားကြလေသည်။

"မောင်မြတ်သာကသာ ဒီကိစ္စကိုလက်ခံပြီး ကျုပ် ဆီကို ရိက္ခာအဖြစ်သွင်းရင်တော့ ဒီမှာရှိတဲ့စစ်တပ်တစ်တပ် အရာရှိတွေရော စစ်သားတွေပါ ဒုက္ခတွေ့ကြမှာအမှန်ပဲ"

"ဒီကိစ္စကို မောင်မြတ်သာက လက်မခံခဲ့ပါဘူး၊ ဒ ကြောင့် ရေဘီလူးတွေလက်ချက်ကြောင့် သူဒီဘဝမျိုးရော နေရတာပါ"

ဟု ဒေါက်တာမင်းထင်ကျော်က ဝင်ပြောလိုက်သည် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မောင်မြတ်သာကိုခေါ်ပြီး ဆေး ကုပေးနေကြောင်းကိုလည်း အရာရှိများကသိကြလေသည်။

"သူ့အတွက် စိတ်မကောင်းပါဘူး၊ အခုအခြေအနေ ရောဘယ်လိုရှိသလဲ၊ သူ့အတွက် မျှော်လင့်ချက်ရောရှိသေး



လား"

မစ္စတာ စမစ်က မေးလိုက်သည်။

"ရှိပါတယ်၊ မကြာခင်မှာတော့ ပုံမှန်ဘဝကိုပြန်ရောက် လာနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်"

"စစ်ကာလအတွင်းဆိုတော့ ဆေးရုံတွေမှာတောင် ဆေးဝါးက မပြည့်စုံဘူး၊ ဒါထက် သူ့ကိုဘယ်လိုဆေးမျိုးတွေနဲ့ ကုပေးနေတာလဲဗျ"

"မြန်မာ့တိုင်းရင်းဆေးတွေနဲ့ပဲ ကုပေးနေတာပါ၊ သူ့ကို ကုပေးနေတာလည်း မြန်မာဆေးပညာရှင်တစ်ယောက်ပါပဲ"

ထိုစကားကြားတော့ မစ္စတာက ခေါင်းညိတ်ပြသည်၊

"ဗမာပြည်က ဆေးဆရာကြီးတွေအကြောင်းကိုတော့ ဒီကိုမလာခင်ကတည်းက သတင်းကြားမိပါတယ်၊ ဘယ်တက္ကသိုလ်ကမှ ဘွဲ့တွေဒီဂရီတွေ မယူပါဘဲ ဆေးကုတဲ့နေရာမှာ အစွမ်းထက်ကြတယ်၊ လမ်းမှာတွေ့တဲ့ သစ်ပင်၊ ဒါမှမဟုတ် အနားမှာရှိတဲ့ ပစ္စည်းတွေကို ဆေးဝါးအဖြစ်အသုံးပြုပြီး ကုပေးနိုင်ကြတယ်"

"မှန်ပါတယ်"

"လူတစ်ယောက်ကို လက်နဲ့ထိရုံနဲ့ တစ်ကိုယ်လုံး အကြောတွေသေပြီး မလှုပ်နိုင်အောင်လည်း လုပ်နိုင်ကြတဲ့ နန်းတွင်းသမားတော်ကြီးတွေ ရှိတယ်ဆိုတာလည်း ကြားပါတယ်"

"ဟုတ်ပါတယ် အခုအချိန်ထိ ရှေးကဆရာကြီးတွေရဲ့ ပညာတွေကို လက်ဆင့်ကမ်းယူထားတဲ့ ဆရာကြီးတွေ ရှိပါတယ်

www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်မင်း"

"ကျွန်တော်ယုံကြည်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စအား တော့ ကျွန်တော်တို့အပေါ်မှာ သစ္စာရှိတဲ့မောင်မြတ်သာကိုရော ဒီကိစ္စတွေကို ဖော်ထုတ်ပေးနိုင်ကြတဲ့ ဒေါက်တာတို့အဖွဲ့ကို ကျေးဇူးတင်ရမှာပါပဲ"

မစ္စတာစမစ်က ကျေးဇူးတင်စကားပြောသောအခါ အနားမှာရှိနေသော အခြားအရာရှိများကလည်း အသီးသီးခေါင်း ညိတ်ကာ ထောက်ခံကြလေသည်။

"အခု ခင်ဗျားတို့ ဘယ်လိုဆက်လုပ်ကြမလဲ"

"တရားခံတွေကို ရှာတွေ့ပြီဆိုတော့ အဲဒီတရားခံတွေကို သုတ်သင်ရှင်းလင်းပစ်ဖို့ လိုပါသေးတယ်၊ ဒီကိစ္စတွေကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ကြပါမယ်"

"ဒေါက်တာတို့ လိုအပ်တာတွေကို ကျွန်တော်တို့ဘက်ကလည်း အားလုံးဖြည့်ဆည်းပေးပါ့မယ်"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အသုံးပြုလိုသော ပစ္စည်းများကို ပြောပြလိုက်ရာ မစ္စတာစမစ်က လိုအပ်သည်များကို ဆောင်ရွက်ဖြည့်ဆည်းပေးရန် အခြားအရာရှိများကို မှာကြားလေသည်။

ထိုအခန်းထဲမှ ပြန်ထွက်လာတော့ ဒေါက်တာမင်းထင်ကျော်နှင့်အတူ ကေသရီလည်း ပါလာလေသည်။

"ကိုမင်းထင်ကျော်တို့ ခရီးထွက်ကြတော့မယ် မဟုတ်လား"



"ဟုတ်ပါတယ်"

"ကျွန်မကိုရော လိုက်ခွင့်ပြုမယ်မဟုတ်လား"

"အန္တရာယ်ကတော့ အတော်ကလေးများတယ်၊ ရေဘီလူးတွေရဲ့ရန်အပြင် ရေအောက်ကရေသတ္တဝါကြီးရဲ့ အန္တရာယ် တလည်းရှိသေးတယ်"

"ကျွန်မ မကြောက်ပါဘူး၊ ပင်လယ်ရေကြောင်းဘာသာရပ်နဲ့ ဒီဂရီတောင်ယူထားတာပဲ ပင်လယ်ပြင်သွားရတာ ရေသတ္တဝါတွေနဲ့ တွေ့တော့လည်း ကြောက်စရာမရှိပါဘူး"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က သဘောကျစွာ ပြုံးလိုက်လေသည်။

"ကေသရီ လိုက်မယ်ဆိုတော့လည်း တစ်မျိုးကောင်းတာပေါ့"

"ဟင် ဘာဖြစ်လို့လဲ"

"ကေသရီက ရေကြောင်းပညာရှင်ဆိုတော့ ခရီးသွားလာကြတဲ့နေရာမှာ အားကိုးတစ်ခုရတာပေါ့"

ထိုအခါ ကေသရီက ပြုံးလိုက်သည်၊

"ဒီလောက်လည်း မြှောက်မပြောပါနဲ့၊ ဒီကိစ္စမျိုးတွေတို့ ကျွန်မထက် ကိုမင်းထင်ကျော်က ပိုပြီးကျွမ်းကျင်တယ်ဆိုတာ သိပါတယ်၊ ကျွန်မတို့က စာသင်ခန်းထဲက သင်ပေးလိုက်တဲ့ပညာတွေပဲ တတ်တာပါ၊ လက်တွေ့အတွေ့အကြုံ သိပ်မရှိပါဘူး"

"ဒါပေမယ့် ကေသရီပါလာတော့ စိတ်ထဲမှာ အားရှိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားတော့ ကေသရီက နားမလည်သောအမူ အယာမျိုးဖြင့် တစ်ချက်ကြည့်လေသည်။

"ကျွန်တော့်က တခြားနေရာတွေမှာထက် ကိုယ်စိတ်ဝင်စားနေတဲ့ အမျိုးသမီးတစ်ယောက်ကို စကားပြောတဲ့နေရာမှာတော့ တစ်ဖက်သားသဘောပေါက်အောင် အတော်ကလေး ကြိုးစားနေရတယ်"

ကေသရီက မျက်နှာလွှဲသွားသည်။

"ကိုမင်းထင်ကျော်ပြောချင်တာက ဒီတစ်ခေါက် ပင်လယ်ထွက်ရင် ကျွန်မကိုပါစေချင်တဲ့ သဘောမဟုတ်လား"

"မဟုတ်ဘူး ကျွန်တော်က ကေသရီကိုတစ်သက်လုံး အနားမှာရှိနေစေချင်တာ"

သူမက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်မဘဝမှာ ဒီလိုလူဖျိုစကား အပြောခံခဲ့ရတာတွေ ရှိပါတယ်၊ တစ်ခါမှတော့ စိတ်ထဲမှာမထားခဲ့ပါဘူး ကိုမင်းထင်ကျော် ပြောတဲ့စကားကိုတော့ ကျွန်မ အလေးအနက်ထားပြီး စဉ်းစားပေးပါမယ်"

ဟု အဖြေပေးလေသည်။

"အခုလို လက်ခံစဉ်းစားပေးတာ ကျေးဇူးတင်ပါတယ်၊ အချိန်ရရင် ဈေးဘက်သွားပြီး ကတ်ကြေးကိုက်သွားစားကြရအောင် မကောင်းဘူးလား"

"ကောင်းပါတယ် ဒီတစ်ခါတော့ ကိုယ်တိုင်ဝင်ကျော် ငြီးငွေ့စကားလား"



"ကျော်ကျွေးချင်ပေမယ့် မကောင်းရင် စဉ်းစားမယ် ပြောထားတာလေးပါ ပြန်ရုပ်သိမ်းသွားမှာစိုးလို့ မကျော်တော့ပါဘူး"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် ကေသရီက သဘောကျစွာဖြင့် ရယ်လေသည်။

ထို့နောက် နှစ်ယောက်သား အတူတွဲပြီး ဈေးဘက်သို့ သွားကြလေသည်။

ညနေပိုင်းအချိန်ရောက်တော့ မောင်မြတ်သာထား သော အခန်းရှိရာသို့ သွားကြလေသည်။

ဦးဇန်ကောင်း၏ အစွမ်းထက်လှသော ဆေးဝါးများ ကြောင့် မောင်မြတ်သာ၏ အခြေအနေမှာ အတော်ပင်ကောင်း မွန်တိုးတက်လာလေသည်။ တစ်ကိုယ်လုံး ပြည့်နှက်နေသော အဖုအပိမ့်ကြီးများမှာ တဖြည်းဖြည်းနှင့် လျော့ပါးလာသည်။ မျက်နှာပြင်တစ်ခုလုံး ပြည့်နေသော အဖုအပိမ့်ကြီးများလျော့ ပါးသွားပြီဖြစ်သောကြောင့် မောင်မြတ်သာ၏ မူလမျက်နှာ ပြန် ပေါ်စပြုလာလေပြီ။

မြဒေဝီကတော့ မောင်မြတ်သာအနီးမှာ တစ်ချိန်လုံးရှိ နေပြီး ပြုစုပေးနေသောကြောင့် ထိုကဲ့သို့အခြေအနေမျိုး ပြန် ရောက်လာသည်ကို တွေ့မြင်ရသောအခါ များစွာဝမ်းသာနေ လေသည်။

မောင်မြတ်သာနှင့် မြဒေဝီတို့ကတော့ ဆရာကြီး ဦးဇန် ကောင်းကို ကျေးဇူးတင်နေကြလေသည်။ ဒေါက်တာမင်းထင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်တို့ရောက်လာတော့ မောင်မြတ်သာက လှဲနေရာမှ ထထိုင်လေသည်။

"ကိုမြတ်သာကို အခုလိုအခြေအနေမျိုး ပြန်ရောက်လာတာကိုတွေ့ရလို့ ဝမ်းသာပါတယ်"

"ဒါကလည်း ဆရာတို့ကူညီပေးတဲ့ ကျေးဇူးကြောင့်ပါပဲ ဆရာရယ်၊ ဒီကျေးဇူးတွေကိုတော့ ကျွန်တော်တစ်သက်မမေ့တော့ပါဘူး"

"ခင်ဗျားက ကျွန်တော်တို့ကို ကျေးဇူးတင်သလို၊ အင်လိပ်တွေကလည်း ခင်ဗျားကို အတော်ကလေးကျေးဇူးတင်နေကြတယ်ဗျ"

"ဘယ်လိုကြောင့်လည်း ဆရာ"

"ခင်ဗျားက ရေဘီလူးတွေလာပြီး ကမ်းလှမ်းတဲ့ကိစ္စကို လက်မခံခဲ့လို့ပေါ့ဗျာ၊ တကယ်လို့သာ ခင်ဗျားကသာ လက်ခံပြီး ရိက္ခာအဖြစ်သွင်းပေးခဲ့ရင် အခုအချိန်လောက်ဆိုရင် သူတို့စစ်တပ်တစ်တပ်လုံး ခင်ဗျားလိုဘဝမျိုး ရောက်နေကြရောပေါ့"

မောင်မြတ်သာက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အဲဒီအချိန်တုန်းကတော့ ကျွန်တော်လည်း ဒီအကြောင်းတွေကို ဘာမှမသိပါဘူး ဆရာရယ်၊ အမှားအယွင်းတစ်ခုခု ဖြစ်မှာစိုးလို့သာ ငြင်းခဲ့တာပါ"

"ဒါကြောင့်လည်း သူတို့သက်သာရာရ သွားတာပေါ့။ ခင်ဗျားအတွက်တော့ စေတနာအကျိုးပြန်ပြီး ခံစားရတယ်လို့ပဲ ဆိုရတော့မှာပဲ၊ အခု ခင်ဗျားဒုက္ခရောက်နေတော့လည်း ကူညီ



ပေးမယ့်သူတွေနဲ့ တွေ့ရတာပေါ့ဗျာ"

"မှန်ပါတယ် ဆရာ"

"အခု ကျွန်တော်တို့ ရေဘီလူးတွေနေတဲ့ မရဏကျွန်းကို ခရီးထွက်ကြတော့မယ်"

"ကျွန်တော်သာနေကောင်းရင် ကိုယ်တိုင်လိုက်ခဲ့ချင်တာ၊ ကျွန်တော်ကို သက်သက်လာပြီး ဒုက္ခပေးခဲ့တဲ့ မိစ္ဆာကောင်တွေကို ကျွန်တော်ကိုယ်တိုင်သတ်ပစ်ချင်တာ"

ဟု ဒေါသဖြင့် ပြောဆိုနေလေသည်။

"ဒါထက် ခင်ဗျားကို ရေဘီလူးတွေခေါ်သွားတဲ့၊ ရေလမ်းခရီးကို မှတ်မိသလောက်ပြန်ပြောပြပေးပါ"

ထိုသို့မေးသောအခါ မောင်မြတ်သာက အနည်းငယ်စဉ်းစားနေပြီးမှ သူသွားခဲ့ဖူးသော ခရီးစဉ်ကို ပြောပြသည်။

"သူတို့က ကျွန်တော့်ကို လှေကြီးတစ်စင်းနဲ့ ခေါ်သွားခဲ့ကြတာ၊ ကျွန်တော်မှတ်မိသလောက်တော့ အနောက်ဘက်စူးစူးကို တစ်ရေကျလောက်သွားကြရတယ်"

"တစ်ရေကျခရီးဆိုတော့ အနည်းဆုံး(၆)နာရီလောက်တော့ကြာမှာပေါ့နော်"

"သူတို့က ခတ်တက်တွေနဲ့ ရေစုန်အတိုင်းလှော်ခတ်သွားကြလို့သာ အဲသည်လောက်ကြာတာပါ၊ သင်္ဘောနဲ့ဆိုရင်တော့ အဲသည်လောက်ကြာမယ်မထင်ဘူး"

"ဟုတ်ပါပြီ ဆက်ပြောပါဦး"

"အနောက်ဘက်စူးစူးမှာ ပင်လယ်ထဲမှာ သီးခြားရှိနေ

www.burmeseclassic.com



တဲ့ ကျွန်းကြီးတစ်ကျွန်းရှိတယ်၊ ရေထဲက ထိုးတက်နေတဲ့ ကျောက်တောင်ကြီးတစ်လုံးလိုပဲ ထီးထီးကြီးနဲ့ ပတ်ဝန်းကျင်မှာ တခြားကျွန်းတွေ မရှိဘူး"

"ကျွန်းက အတော်ကြီးသလား"

"ကျွန်းပေါ်မှာ ကျောက်တောင်မြင့်ကြီးတွေနဲ့၊ သစ်တောကြီးတွေရှိတယ်၊ ကျွန်းတစ်ကျွန်းလုံး နီရဲနေအောင် ပွင့်နေတဲ့ပန်းတွေလည်း အများကြီးတွေ့ခဲ့ရတယ်၊

"အဲဒီပန်းတွေဟာ သူတို့အသုံးပြုတဲ့ အဆိပ်ပန်းတွေဖြစ်နိုင်တယ်"

ဟု အနားမှာရှိနေသော ဦးဗန်ကောင်းက မှတ်ချက်ချသည်။

"သူတို့တွေကတော့ ဂူပေါက်တွေထဲမှာ နေကြတယ်"

"လူအတော်များသလား"

"ဘယ်လောက်ရှိသလဲတော့ ကျွန်တော်လည်း သေသေချာချာမမြင်ခဲ့ရဘူး၊ ဒါပေမယ့် ရွာကြီးတစ်ရွာလိုနေကြတာတော့ တွေ့ခဲ့ရတယ်"

"အဲဒီကျွန်းပေါ်မှာရှိကြတဲ့ လူတွေအားလုံးက ရေဘီလူးတွေလိုပဲ ရုပ်ပျက်ဆင်းပျက်ဖြစ်နေကြသလား"

"အတော်များများတော့ အဲဒီလိုပုံသဏ္ဌာန်ဖြစ်နေကြတယ်၊ တချို့လည်း သာမန်လူတွေလိုပဲ ရှိနေကြတယ်၊ အဲဒီကျွန်းကလူတွေကို ခေါင်းဆောင်နေတာက ဦးဒိဗ္ဗဆိုတဲ့လူကြီးတစ်ယောက်ပဲ၊ သူက ပသျှူးလမျိုးတစ်ယောက် ဖြစ်ပုံရတယ်"



"ဒါထက် သူတို့က ဘာကြောင့် ဒီလိုကြောက်စရာကောင်းတဲ့ အကြံအစည်မျိုးတွေ ကြံစည်နေရသတဲ့လဲ"

"အရင်က သူတို့က ပသျှူးကျွန်းစွယ်တွေဘက်မှာ နေခဲ့ကြတဲ့လူတွေပဲ၊ တစ်ရွာလုံး ငါးဖမ်းပြီးတော့ အသက်မွေးကြတယ်၊ ကလေးကနေ လူကြီးအဆုံး ရေထဲမှာ ငါးတွေလိုနေနိုင်ကြတယ်၊ တချို့ကသူတို့ကို စမင်တွေလို့ခေါ်ကြတယ်၊ တချို့ကလည်း ရေဘီလူးတွေလို့ ခေါ်ကြတယ်"

ထိုစကားကြားတော့မှ ဒေါက်တာမင်းထင်ကျော် စိတ်ထဲတွင် သူမှတ်ထားခဲ့သော သမိုင်းအကြောင်းအရာများထဲမှ စမင်ဟုခေါ်သော ရေဘီလူးများအကြောင်းနှင့် ဆက်စပ်မှုရှိကြောင်းသိရပေတော့သည်။

"ဆက်ပြောပါဦး"

"နောက်တော့ သူတို့နေတဲ့ ကျွန်းတွေပေါ်ကို အင်္ဂလိပ်တွေရောက်လာပြီး တစ်ရွာလုံး သတ်ဖြတ်သုတ်သင်ပစ်ကြတယ်၊ တချို့ကတော့ လှေတွေနဲ့ထွက်ပြေးခဲ့ကြလို့ မရဏကျွန်းဘက်ကို ရောက်လာကြတာလို့ ပြောပြတယ်၊ သူတို့အခုလို ကြံစည်တာ သူတို့ကို နှိပ်စက်ခဲ့တဲ့ အင်္ဂလိပ်စစ်သားတွေ ဒုက္ခရောက်အောင် ကြံစည်တာလို့ ပြောပြတယ်"

ဒီတော့မှ ရေဘီလူးများ အကြံအစည်ကို သိသန့်သလောက် သိကြရတော့သည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ပင်ပြောသည်။

"သူတို့ရဲ့ အကြံအစည်အောင်မြင်မှုကြားထဲက ကိုမြတ်

www.burmeseclassic.com

www.burmeseclassic.com



သာကို အသုံးချဖို့ ကြံစည်တာပဲကိုး၊ ဒါကြောင့် ကိုမြတ်သာ ဒုက္ခရောက်ခဲ့ရတာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာရယ်၊ အဆိုးထဲကအကောင်းလို့ပဲ ပြောရမှာပဲ၊ ကိုမြတ်သာဒီလိုခံရလို့လည်း ဒီအကြောင်းတွေကို ကျွန်တော်တို့အခုလို သိသင့်သလောက်သိကြရတာ မဟုတ်လား"

ကျော်စွာက ဝင်ပြောရာ အားလုံးကလက်ခံကြသည်။

ကျော်စွာစကားဆုံးတော့ မေဂျာဝီလျံက ဝင်ပြောသည်။

"ရေဘီလူးတွေရှိတဲ့နေရာသွားဖို့ ကျွန်တော်တို့ ဘယ်လို အစီအစဉ်တွေ လုပ်ကြမလဲ"

"ဂေါ်ရခါးစစ်သားတွေပါ တင်ခေါ်သွားပြီး သင်္ဘောနှစ်စင်းလောက်နဲ့ သွားကြမယ်လေ"

"ဒါထက် ကျွန်တော်တို့ ရင်ဆိုင်တိုက်ခိုက်ရမှာက ရေဘီလူးတွေချည်း မဟုတ်သေးဘူး၊ ရေတပ်သင်္ဘောတစ်စင်းလုံးကို ဖျက်ဆီးပစ်နိုင်တဲ့ ရေသတ္တဝါကြီးက ရှိသေးတယ်၊ သူကဂျပန်စစ်တပ်တွေထက်တောင် ကြောက်ဖို့ကောင်းပုံရတယ်"

မေဂျာဝီလျံစကားကြောင့် အားလုံးသဘောကျစွာဖြင့် ပြုံးလိုက်ကြသည်။

"ဟုတ်တယ် . . ဒီရေသတ္တဝါကြီးက သေနတ်နဲ့ပစ်လို့လည်းသေမှာမဟုတ်ဘူး၊ ဘယ်လိုလက်နက်နဲ့ နှိမ်နင်းကြမလဲ"

ကျော်စွာက ပြောသဖြင့် ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးနေရာမှ ပြောပြသည်။



"လက်နက်တွေထဲမှာ အဆိပ်လက်နက်က အထိရောက်ဆုံးပဲ သေနတ်၊ ဓားလှံလက်နက်တွေနဲ့ သတ်လို့မသေတဲ့ သတ္တဝါကို အဆိပ်ကျွေးသတ်ရင်သေတာပဲ အကောင်ကြီးလို့ သေနတ်နဲ့ပစ်လို့ မသေရင် အဆိပ်နဲ့သတ်ပေါ့"

"ဘယ်လို သတ်ရမလဲ ဆရာကြီး"

"သူ့ကိုယ်ထဲကို အဆိပ်ရေရောက်အောင်ထည့်ပေါ့"

"သူ့ကိုယ်ထဲကို အဆိပ်ရောက်ဖို့ မြားနဲ့ပစ်မှပဲရမယ် ဒီလောက်ထူတဲ့ အရေပြားကို မြားနဲ့ပစ်လိုကော ပေါက်ပါ့မလား ဆရာကြီး"

ကျော်စွာက သူသိချင်သမျှကို တစ်ခုချင်းမေးနေရာ ဆရာကြီး ဦးဗန်ကောင်းကလည်း စိတ်ရှည်လက်ရှည်နှင့်ပင် တစ်ခုချင်းပြန်ဖြေပေးသည်။

"အရေပြားက မပေါက်ရင် မျက်လုံးကို ထိအောင်ပစ်၊ ဒါမှမဟုတ် ပါးစပ်ထဲဝင်အောင် ပစ်ပေါ့ကွာ၊ မျက်လုံးဆိုတာ ဘာနဲ့ပဲထိထိ ပေါက်ပါတယ်"

"သဘောပေါက်ပါပြီ ဆရာကြီး၊ ဒါထက်ဘယ်လိုအဆိပ်မျိုး သုံးရမလဲ"

"အဆိပ်တွေထဲမှာ အဆိပ်အပြင်းဆုံး သဘာဝအဆိပ်သုံးမျိုးရှိတယ်၊ ဒေါင်းသည်းခြေရယ်၊ ငါးပူတင်းသည်းခြေရယ်၊ အဆိပ်ပင်ကရတဲ့ အဆိပ်ရေရယ် . . သုံးမျိုးရှိရင်လည်း သုံးမျိုးထည့်သုံး၊ မရရင်လည်း တစ်မျိုးမျိုးထည့်ရင် လုံလောက်ပါတယ်"

ဟုပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက်မှာတော့ နောက်ရက်တွင် ခရီးထွက်နိုင်ရန်အတွက် လိုအပ်သောစီစဉ်မှုများကို ပြုလုပ်ဆောင်ရွက်ကြရန်အတွက် အခန်းတွင်းမှ ပြန်ထွက်ခဲ့ကြပေသည်။

## အခန်း ( ၁၅ )

# ပင်လယ်ပြင်မှ အောင်ပွဲများ

အစီအစဉ်များ ပြုလုပ်ကြပြီးနောက် သုံးရက်ခန့်ကြာသောအခါမှာတော့ ပင်လယ်ခရီးကို စတင်ထွက်ကြလေသည်၊ စုစုပေါင်း သင်္ဘောနှစ်စင်းပင်ဖြစ်သည်။ တစ်စင်းကို ဒေါက်တာမင်းထင်ကျော်က ဦးဆောင်ပြီး ကျန်တစ်စင်းကိုတော့ မေဂျာဝီလျံက ခေါင်းဆောင်ကာ လိုက်ပါလာလေသည်။

သင်္ဘောနှစ်စင်းစလုံးမှာတော့ ဂေါ်ရခါးစစ်သားများ ပါလာကြပြီး လက်နက်ခဲယမ်းများလည်း ပြည့်ပြည့်စုံစုံတင်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။

ထို့ပြင် စားနပ်ရိက္ခာ၊ ရေနှင့်ဆေးဝါးပစ္စည်းများလည်း ပြည့်စုံစွာတင်ဆောင်လာကြသည်။ ထို့ပြင် ရှေးဟောင်းသင်္ဘော ကြီးများတွင် တပ်ဆင်အသုံးပြုသော လေးကြီးများကိုလည်း သင်္ဘောနှစ်စင်းစလုံးမှာ တပ်ဆင်ထားကြသည်။ လေးညှို့တင် လျှင် လူအင်အားသုံးပြီး ဆွဲတင်ရသည်။ မြားတံကလည်း ခြေ သလုံးအရွယ်အစားခန့်ကြီးသဖြင့် လူအင်အားနှင့် မတင်မှ ရ သည်။

မြားတံကြီးများထိပ်တွင် ဦးဗန်ကောင်းကိုယ်တိုင် စီမံ ဖော်စပ်ပေးသော အဆိပ်ရေများသုပ်လိမ်းထားသည်။ မြားဖူး ထိပ်တွင် မြနေအောင်သွေးထားသော သံချွန်ထိပ်ဖူးများ တပ် ဆင်ထားသည်။

ထိုမြားတံနှင့် ထိပါက သာမန်သင်္ဘောတစ်စင်းလောက် ပင် ထုတ်ချင်းခတ်ပေါက်ထွက်ပြီး နစ်မြုပ်ပျက်စီးနိုင်လေသည်။

ထို့ပြင် သေနတ်များအပြင် လေးနှင့်အဆိပ်လူးမြားတံ များပါ တင်ဆောင်လာကြသည်။

၎င်းတို့စီးနင်းလာသော သင်္ဘောနှစ်စင်းစလုံးမှာ သံ ကိုယ်ထည်ဖြင့် ပြုလုပ်ထားသော သင်္ဘောများမဟုတ်ကြပေ။ သံကိုယ်ထည်ဖြင့် ပြုလုပ်ထားသော သင်္ဘောများက ရေအောက် မှဖျက်ဆီးပါက အလွယ်တကူ နစ်မြုပ်နိုင်ပြီး သစ်သားကိုယ် ထည်ဖြင့် ပြုလုပ်ထားသော သင်္ဘောများက အလွယ်တကူ မနစ် မြုပ်နိုင်ပေ။



ထို့ပြင် သင်္ဘောများ၏ ဘေးတစ်ဖက်တစ်ချက်တွင် ဝါးဘိုးဝါးလုံးရှည်များ တွဲချည်ထားသည်။ ဝါးဘိုးဝါးများမှာ ဘေး တစ်ဖက်လျှင် ငါးလုံးစီတွဲချည်ထားရာ သင်္ဘောတိမ်းစောင်း သွားခြင်းကို ထိမ်းပေးနိုင်သည်။

အကယ်၍ သင်္ဘောနစ်မြုပ်သွားပါက ထိုဝါးဘိုးဝါးကြီး များကို ဖောင်အဖြစ်အသုံးပြုနိုင်ကြပေသည်။ ၎င်းတို့သည် မြိတ် ကမ်းခြေမှ နေ့လည်ဘက်ရေကျသောအချိန်တွင် ခရီးစထွက်ကြ သည်။

နောက်ထပ် (၆)နာရီပေါင်းပါက ညနေစောင်းအချိန် ရောက်လျှင် ၎င်းတို့သွားလိုသော ကျွန်းကိုရောက်မည်ဟု ခန့်မှန်း ထားကြလေသည်။

စက်လှေနှစ်စင်းမှာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို မှန်မှန် မောင်းသွားကြရာ လမ်းခရီးတလျှောက်မှာတော့ အန္တရာယ်တစ် စုံတရာနှင့် မတွေ့ကြရပေ။ ရာသီဥတုသာယာနေသောကြောင့် သာမန်သွားလာနေသော ငါးဖမ်းလှေကလေးများလောက်သာ တွေ့ကြရသည်။

ညနေပိုင်းအချိန်ရောက်တော့ ပင်လယ်ရေစီးအရှိန်က တဖြည်းဖြည်း နှေးကွေးလာသည်။ သူတို့ထွက်လာကြသည်မှာ (၆)နာရီခန့် ကြာပြီဖြစ်သောကြောင့် ပင်လယ်ဒီရေများ ပြန်တက် တော့ပေမည်။ ရေတက်ချိန် နီးပြီဖြစ်သော်လည်း ရေစီးအရှိန် ကတော့ မသေသေးပေ။ ပုံမှန်အနေအထားဖြင့် အောက်ဖက်သို့ စီးဆင်းလျက်ပင်ရှိနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောဦးပိုင်းမှာရပ်လျက် အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်နေသော ဒေါက်တာမင်းထင်ကျော်သည် သင်္ဘောဦးတည်နေသော ရှေ့ဘက်တွင် ပုံပန်းသဏ္ဌာန်ထူးခြားသော ကျွန်းတစ်ကျွန်းကို မြင်ရလေသည်။ သို့ကြောင့် သင်္ဘောပေါ်မှာ ပါလာသူများကို အချက်ပေးလိုက်သည်။

သူ၏အချက်ပေးသံကြောင့် သင်္ဘောထဲမှာပါလာသော ဂေါ်ရခါးစစ်သားများက သေနတ်များကို ပြင်ဆင်ကြလေသည်။ အချို့ကလည်း လက်နက်လေးများတို့ကို ပြင်ဆင်နေကြသည်။ ဝီလျှံတို့သင်္ဘောကလည်း ထိုကျွန်းကိုလှမ်းမြင်ရပြီဖြစ်သောကြောင့် ပြင်ဆင်စရာများ ဖြင့်ကြလေသည်။

နေဝင်ချိန်ဖြစ်သောကြောင့် အနောက်ဘက်ပင်လယ်ရေပြင်ပေါ်မှာလည်း အရောင်များတောက်ပလျက် ရှိသည်။

ဆည်းဆာရောင်များ နောက်ခံဖြင့်ကျွန်း၏ ပုံရိပ်သဏ္ဌာန်ကို ပို၍ ပီပြင်စွာလှမ်းမြင်ကြရသည်။

"ကိုမြတ်သာပြောလိုက်တာ ဒီကျွန်းပဲဖြစ်မယ်ထင်တယ် ကျွန်းရဲ့ပုံသဏ္ဌာန်ကတော့ အတော်ကလေးထူးခြားတယ်"

အနားမှာရှိနေသော ကေသရီကပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

ကျွန်း၏ပုံသဏ္ဌာန်မှာ ရေထဲမှကျောက်တောင်ကြီး တစ်တောင် ထိုးတက်နေသကဲ့သို့ ထင်ရလေသည်။ သို့သော် ကျွန်း၏ဖြစ်တည်နေမှုကတော့ အတော်ပင်ထူးခြားလှပေသည်၊ သင်္ဘောနှစ်စင်းကတော့ ကျွန်းနှင့်မနီးမဝေးရောက်တော့ စက်ရှိန်လျှော့



လိုက်ကြသည်။ ရေတက်ချိန်ကလည်း တဖြည်းဖြည်းပြန်နီးလာပြီ ဖြစ်သောကြောင့်လည်း ပင်လယ်ရေစီးက တဖြည်းဖြည်းနှင့် အားပျော့စ ပြုနေချေပြီ။

သို့ကြောင့် စက်လှေနှစ်စင်းမှာ ကျွန်းရှိရာသို့ မရောက်တော့ဘဲ မနီးမဝေးနေရာမှာပင် အခြေအနေကြည့်နေကြသည်။ သင်္ဘောနှစ်စင်းပေါ်မှ လူများကကျွန်းရှိရာသို့ မှန်ပြောင်းများဖြင့် အကဲခတ်ကြည့်နေကြသလို ကျွန်းပေါ်မှာရှိနေကြသော လူများတလည်း သင်္ဘောနှစ်စင်းကို အခြေအနေကြည့်နေကြလေသည်။

သူတို့ကတော့ မှန်ပြောင်းမရှိသောကြောင့် ဒီအတိုင်းသာ လှမ်းကြည့်နေရသဖြင့် သင်္ဘောများပေါ်၌ပါလာသော အရာအားလုံးကိုတော့ မမြင်ကြရပေ။

"ဒီသင်္ဘောတွေက သာမန်ငါးဖမ်းသင်္ဘောတွေ ဟုတ်မယ်မထင်ဘူး၊ အင်္ဂလိပ်တွေရဲ့ သင်္ဘောတွေဖြစ်မယ်ထင်တယ်"

"ဘာသင်္ဘောပဲဖြစ်ဖြစ်ပေါ့ကွာ ငါတို့ကျွန်းနားရောက်လာရင်တော့ ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်မှာပေါ့၊ မင်းတို့ ငါတို့ရဲ့ အကောင်ကြီးကိုခေါ်ပြီး သင်္ဘောတွေဆီကို အရောက်ပို့ပေးလိုက်ကြ"

ဟု အမိန့်ပေးလိုက်ရာ ရေဘီလူးအချို့က ထိုနေရာမှ ခတ်သုတ်သုတ်ထွက်သွားကြလေတော့သည်။

ထို့နောက်မှာတော့ ငါးများထည့်ထားသော ခြင်းတောင်းများကို ကျောမှလွယ်ထားကြသော ရေဘီလူးများသည် ကျောက်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်များကြားတွင် ဝှက်ထားသော လှေများရှိရာသို့သွားကာ ငါးတောင်းများကို လှေပေါ်သို့တင်ကာ အပြင်သို့ ထွက်လာကြ သည်။

ကျောက်ဆောင်များကြားမှ လှေနှစ်စင်းထွက်လာသည် ကိုတော့ ဒေါက်တာမင်းထင်ကျော်တို့က လှမ်းမြင်နေရသည် သို့သော် ဘာလုပ်နေမှန်းမသိသေးသဖြင့် ဒီအတိုင်းပင်ကြည့် နေကြသည်။

ထိုအချိန်မှာ ပင်လယ်ရေစီးက တန့်သွားပြီး ရေပြန် တက်လာပေပြီ။

ပင်လယ်ရေစီးကြောင်းက ဒေါက်တာမင်းထင်ကျော်တို့ သဘော်များရပ်ထားရာဘက်သို့ ပြန်စီးစပြုလာချေပြီ။ လှေပေါ် မှာရှိနေကြသော ရေဘီလူးများက အသင့်ယူလာသော ငါးသေ ငါးအပုတ်များကို ရေထဲသို့ပစ်ချကြလေသည်။

အချို့က ရေထဲမြုပ်သွားပြီး၊ အချို့က ရေပေါ်မှာပင် ပေါ်နေကြသည်၊ ရေပေါ်သို့ပေါ်နေသော ငါးများက ရေစီးနှင့် အတူ သဘော်များရှိရာသို့ မျောပါလာကြသည်။

ထိုအခိုက်မှာပင် သဘော်နှင့်မနီးမဝေးနေရာမှ ရေလှိုင် ကြီးများ မောက်ကြွတက်လာလေသည်။ ကြည့်နေရင်းမှာပင် ကြီ မားလှသော လိပ်ကျောက်စွန်ကြီးတစ်ကောင် ရေထဲသို့ ပျံတက် လာပြီး ရေထဲသို့ဝုန်းခနဲ ပြန်ထိုးဆင်းသွားလေသည်။

လိပ်ကျောက်စွန်ကြီးမှာ အတောင်ပံနှစ်ဖက်ဖြန့်ကာ ထားရာ သူတို့စက်လှေများထက် ပိုမိုကြီးမားနေလေသည်။ လိ



ကျောက်စွန်ကြီးက နှစ်ကြိမ်သုံးကြိမ်လောက် အပေါ်ပျံတက်သွား လိုက်၊ အောက်သို့ပြန်ကျသွားလိုက်နှင့် မြူးတူးနေပြီးမှ ရေဘီလူး များ ပစ်ချပေးသော ငါးများကို လိုက်လံစားသောက်ပေတော့ သည်။

ရေပေါ်မှာ မျောပါနေသော ငါးများကို လိုက်လံစား သောက်နေရာမှ ရေစီးကြောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့ ၏ သဘော်များနှင့် နီးသထက်ပိုနီးလာပေတော့သည်။ ထိုအခါ မှပင် ရေဘီလူးတို့ နည်းဗျူဟာကို သဘောပေါက်သွားလေတော့ သည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို သဘော ပေါက်သဖြင့် သဘော်နှစ်စင်းစလုံးကို နောက်ကြောင်းသို့ ပြန် လှည့်ကာ မောင်းပြေးစေသည်။

သဘော်နှစ်စင်းစလုံး နောက်ကြောင်းပြန်လှည့်ပြေးကြ သည်ကို လှမ်းမြင်ရသောအခါမှာတော့ ကျွန်းပေါ်မှ ကြည့်နေကြ သော ဦးဒိဗ္ဗတို့ကတော့ သဘောအကျကြီး ကျနေကြလေတော့ သည်။ သူတို့စိတ်ထဲမှာတော့ ငါးဖမ်းသောလှေများမယောင် မလည်နှင့် ထိုနေရာရောက်လာရာမှ လိပ်ကျောက်စွန်ကြီးနှင့် တွေ့သဖြင့် ပြန်ပြေးကြသည်ဟု ထင်နေလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်ပြီး အလင်းရောင်မရှိတော့ မှ ကျွန်းအနောက်ဖက် တစ်နေရာသို့စက်လှေနှစ်စင်း ရောက် လာပြီး ကျောက်ဆောင်များကြား၌ ဝင်ရောက်ဆိုက်ကပ်ကြ သည်ကိုတော့ ရေဘီလူးတို့မသိကြတော့ပေ။

☺ ဆောင်မြင့်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့ အပါအဝင် စက်လှေနှစ်စင်းတွင် ပါလာသောလူများမှာ တစ်ရာခန့်များလေသည်။ အတော်များများကတော့ ဂေါ်ရခါးစစ်သားများဖြစ်ကြသည်။ ကျွန်းတစ်နေရာသို့ ရောက်သောအခါ စက်လှေနှစ်စင်းကို လုံခြုံသောနေရာ၌ ဝှက်ထားခဲ့ပြီး ဂေါ်ရခါးစစ်သားအချို့ကိုလည်း စက်လှေများထဲမှာ အစောင့်အဖြစ်ထားခဲ့လေသည်။

ထို့နောက်မှာတော့ လက်နက်များကို အဆင်သင့်ပြင်ပြီး ကျွန်းပေါ် တက်ကြလေသည်။ သူတို့တက်သောနေရာဘက်မှာတော့ သစ်တောနှင့်ကျောက်ဆောင်များသာရှိပြီး လူရိပ်လူခြေ မတွေ့ရပေ။

ထိုနေရာမှလွန်ပြီး ကျွန်းပေါ်ရောက်တော့ နေရာကျယ်ကျယ်ပေါက်နေသော ပန်းခင်းကြီးကို တွေ့ကြရသည်။ လူတို့စနစ်တကျစိုက်ထားခြင်းမျိုးမဟုတ်ပဲ အလေ့ကျပေါက်နေသော ပန်းပင်များဖြစ်သည်။

သုံးပေခန့်မြင့်ပြီး ဖန်းပွင့်များက တောင်ဇလပ်ပန်းနှင့် များစွာတူလှပေသည်။ အပင်မှာ နီညိုရောင်ဖြစ်ပြီး ပန်းပွင့်များကတော့ နီရဲနေသည်၊

ထိုပန်းပွင့်များမြင်တော့ မောင်မြတ်သာပြောလိုက်သောစကားများကို သတိရသဖြင့် ဒေါက်တာမင်းထင်ကျော်က အတူလာသူများကို သတိပေးလိုက်လေသည်။

"ဒီပန်းပွင့်တွေက တခြားမဟုတ်ဘူး အဆိပ်ပန်းတွေပဲ ပါးစပ်ထဲမဝင်မိစေနဲ့၊ ပါးစပ်ထဲဝင်သွားရင် ရေဘီလူးတွေလို ဖြစ်





သွားလိမ့်မယ်"

ဒေါက်တာမင်းထင်ကျော် ပြောသောစကားကို တစ်ဆင့်ပြီးတစ်ဆင့် အချင်းချင်းသတိပေးလိုက်ကြသည်။

"သူတို့နေရာက ကျွန်းရဲ့အရှေ့ပိုင်းဘက်မှာ ဖြစ်ပုံရတယ်၊ ဒီတော့ လူစုခွဲပြီးသွားကြမယ်၊ ကျွန်းပေါ်မှာတွေ့သမျှဘာမှမစားမသောက်မိစေနဲ့၊ တစ်ဖွဲ့က အကြောင်းရှိရင် အချက်ပေးတဲ့အခါ ကျန်တဲ့အဖွဲ့တွေက ဝိုင်းကူပေးကြမယ်"

ဟု ပြောဆိုပြီး လူစုခွဲပြီး သွားကြလေသည်။ ဒေါက်တာမင်းထင်ကျော်နှင့်အတူ ကေသရီ၊ ကျော်စွာနှင့် ဆရာကြီး ဦးဗန်ကောင်းတို့ အတူလိုက်လာကြသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်ပြီဖြစ်သော်လည်း ကောင်းကင်ပေါ်မှာ လရောင်ရှိနေသောကြောင့် ပတ်ဝန်းကျင်ကို မြင်ရသည်၊

ထိုအခြေအနေကပင် သူတို့အတွက်တစ်ပန်းသာနေပေတော့သည်။ လမ်းမှာတော့ အဆိပ်ပန်းများအပြင် အခြားသစ်ပင်များလည်းရှိသည်၊ အချို့နေရာများတွင် ကော်ဖီပင်များကိုတွေ့ရသည်။ ကော်ဖီပင်အချို့မှာ အဆိပ်ပန်းများနှင့် ရောနှောပေါက်နေကြသည်။

ထိုကော်ဖီပင်များမှရသော ကော်ဖီကိုသောက်သုံးမိပါက အဆိပ်ပန်းကို စားသောက်သကဲ့သို့ အဆိပ်သင့်နိုင်ကြောင်း ဦးဗန်ကောင်းက ပြောပြလေသည်။

ကျွန်းကအတော်ပင် ကျယ်ဝန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့နေရာများတွင် သစ်ပင်သစ်တောများရှိနေပြီး အချို့နေရာများမှာတော့ ကျောက်တုံးကျောက်တောင်များ ရှိနေသည်။

ကျွန်း၏အရှေ့ဘက်မှာတော့ ကျောက်တောင်မြင့်ကြီးများရှိနေသည်။ ထိုနေရာဘက်တွင် ရေဘီလူးများနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကတော့ ကျောက်တုံးကျောက်ဆောင်များ၊ သစ်ပင်များကို အကာအကွယ်ယူကာ အရှေ့ဘက်သို့ သွားကြလေသည်။ လမ်းတလျှောက်မှာတော့ လူရိပ်လူခြည်မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိုကျွန်းပေါ်တွင် အဆိပ်ပန်းပင်များရှိနေသောကြောင့် ပေလောမပြောတတ်ပေ။ အခြားတောတိရစ္ဆာန်များလည်း မတွေ့ရပေ။ တဖြည်းဖြည်းနှင့်သွားကြရာ ကျွန်း၏အရှေ့ဘက်သို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့မှ ရေဘီလူးများကို တွေ့ရပေတော့သည်။ ဂူပေါက်များရှိသော ကျောက်တောင်သုံးလုံး အလယ်နေရာတွင် မီးပုံများဖိုထားပြီး ထိုနေရာတစ်ဝိုက်မှာတော့ ရေဘီလူးများရှိနေကြသည်။

၎င်းတို့သည် မီးလှုံရင်းနှင့် မီးပုံကြီးများပေါ်မှာ ကင်ထားသောငါးကင်များကို စားသောက်နေကြသည်။ အပြင်မှာတော့ လူ (၂၀-၃၀)လောက်သာရှိပြီး အချို့ဂူအတွင်းများ၌ ရှိနေကြဟန်တူသည်။





အချို့က ကျောက်တောင်မြင့်ကြီးများအပေါ်တွင် နေရာယူကာ ကင်းစောင့်နေကြသည်။ ဒေါက်တာမင်းထင်ကျော်တို့က ရေဘီလူးများရှိသောနေရာနှင့် မနီးမဝေးနေရာရောက်အောင်သွား၍ နေရာယူပြီးမှ အသံကျယ်ကျယ်ဖြင့် လှမ်းပြောလိုက်သည်။

"မင်းတို့ကို အားလုံးဝိုင်းထားပြီးပြီ၊ အေးအေးဆေးဆေး အဖမ်းခံရင် မင်းတို့ကို ဘာမှမလုပ်ဘူး"

ထိုအသံကြားသောအခါ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်၊ အချင်းချင်း အော်ဟစ်ပြောဆိုသံများလည်း ဆူညံစွာပေါ်ထွက်လာသည်။

အချို့ကလည်း လက်နက်များကို ပြေးဆွဲကြသည်။ ထိုအသံများကြောင့် ဂူထဲမှအသက်ကြီးကြီး လူတစ်ယောက် ထွက်လာသည်။

"ဒီနေရာထိ လာဝံ့တာ ဘယ်သူတွေလဲကွ"

ဟု လှမ်းမေးသည်။

"ကျုပ်တို့ အင်္ဂလိပ်စစ်တပ်ကပဲ၊ ခင်ဗျားတို့ကို အားလုံးဝိုင်းထားပြီးပြီ၊ လက်နက်ချပြီး အဖမ်းခံပါ"

"အင်္ဂလိပ်တွေ ဖမ်းတာကိုတော့ ဘယ်တော့မှ မခံဘူးကွ၊ အသက်ချင်းလဲပစ်မယ်၊ ငါတို့နေတဲ့နေရာကို [illegible] လာတဲ့ မိစ္ဆာကောင်တွေကို သုတ်သင်ပစ်ကြဟေ့"

ဟု အမိန့်ပေးလိုက်သည်။ ဓားလှံလက်နက်[illegible] ဆူးတံများ ကိုင်ဆောင်ထားသော ရေဘီလူးများ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သောနေရာဘက်သို့ အော်ဟစ်ကာ ပြေးတက်လာကြလေသည်။

သို့သော် အနားမရောက်ခင်မှာပင် အသင့်စောင့်နေကြသည့် ဂေါ်ရခါးစစ်သားများ ပစ်လိုက်သည့် ကျည်ဆံများထိမှန်ကာ အတုံးအရုံးလဲကျသွားလေတော့သည်။ တိုက်ပွဲက လူအင်အားရော လက်နက်အင်အားပါ မျှတခြင်းတော့မရှိပေ။

သို့ကြောင့် အချိန်သိပ်ကြာကြာ မတိုက်ခိုက်ရဘဲ သူတို့ဘက်မှ အသာစီးရသွားကြလေသည်။ အခြေအနေမဟန်မှန်းသိသောအခါ အချို့ရေဘီလူးများမှာ ဆက်မတိုက်တော့ဘဲ ကျောက်တုံး ကျောက်ဆောင်များ အကာအကွယ်ယူပြီးနောက် ပင်လယ်ထဲသို့ ဆင်းပြေးကြလေသည်။

ထိုကဲ့သို့ အခြေအနေတွင် ရေဘီလူးများကို စေခိုင်းနေသော ဦးဒီဗွမှာလည်း ဂေါ်ရခါးစစ်သားများပစ်သော ကျည်ဆံထိမှန်ပြီး သေဆုံးသွားလေတော့သည်။ ၎င်းသေဆုံးသွားသောအခါ အမိန့်ပေးမည့်သူမရှိတော့သဖြင့် ကျန်နေသေးသော ရေဘီလူးများကလည်း ဆက်မတိုက်တော့ဘဲ ရပ်လိုက်ကြသည်။ တိုက်ပွဲက ပြီးသွားလေပြီ။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ကျောက်တုံးပေါ်မှတက်ပြီး အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်လေသည်။

"ငါတို့နဲ့ မင်းတို့က ရန်သူတွေမဟုတ်ကြဘူး၊ မင်းတို့ အေးအေးနေကြရင် ငါတို့ကလည်းဘာမှ မလုပ်ဘူး၊ မင်းတို့ ဒီကျွန်းပေါ်မှာ ဆက်နေမယ်ဆိုရင်လည်း နေခွင့်ပေးမယ်"

"ငါတို့ကို ဖမ်းမခေါ်သွားရင် ဒီကျွန်းမှာပဲနေမယ်"





"ကောင်းပြီ မင်းတို့နေမယ်ဆိုရင်တော့ ကျွန်းပေါ်မှာ ရှိတဲ့အဆိပ်ပန်းပင်တွေအားလုံးကို ဖျက်ဆီးပစ်လိုက်ကြပါ"

ထိုသို့ပြောတော့ ဘာမှပြန်မပြောကြပေ။

အချိန်ကလည်း တဖြည်းဖြည်းနှင့် အာရုဏ်တက်လာချေပြီ။ သို့ကြောင့် အလင်းရောင်များရလာသည်။ ဒေါက်တာမင်းထင်ကျော်တို့က ၎င်းတို့နေသောဂူပေါက်များကို လိုက်လံကြည့်သောအခါ မိန်းမနှင့်ကလေးများကိုပါ တွေ့ရသည်။

ထို့ပြင် ရေတပ်သင်္ဘောပျက်မှ ဆယ်ယူထားကြသော ပစ္စည်းများကိုလည်း တွေ့ကြရသည်။ ထိုပစ္စည်းများကိုတော့ သက်သေခံအဖြစ် တင်ပြရန်အတွက် အားလုံးပြန်သိမ်းယူကြလေသည်။

နောက်တစ်နေ့နံနက်ပိုင်းအချိန် ရေတက်သောအခါမှာတော့ စက်လှေများပြန်ထွက်ရန် ပြင်ကြလေသည်။ ဒေါက်တာမင်းထင်ကျော်တို့ သင်္ဘောနှစ်စင်းပေါ်မှာပါလာသော အသုံးအဆောင်ပစ္စည်းအချို့ကို ကျွန်းသားများအား လက်ဆောင်အဖြစ်ပေးထားခဲ့ကြသည်။

ထို့နောက် ရေတက်နှင့် ကျွန်းမှ ပြန်ထွက်လာကြလေသည်။ ကျွန်းနှင့်မနီးမဝေးရောက်တော့မှ ရှေ့မှဆီးတားနေသောအန္တရာယ်ကို တွေ့ရလေသည်။ အခြားမဟုတ်ပေ။

သင်္ဘောရှေ့တည့်တည့်နေရာလောက်တွင် ရေဝဲကတော့ကြီးများ ထနေခြင်းဖြစ်သည်။

"သတိထားကြ ရေသတ္တဝါကြီးရောက်လာပြီ၊ လက်နက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ အဆင်သင့်ပြင်ထားကြ၊ ပစ်မှတ်ကိုသေချာမှ မြားတံကြီးတွေသုံးမယ်"

"စိတ်ချဆရာ၊ အဆိပ်မြားကြီးတွေကို ကျွန်တော်တာဝန်ယူပေးမယ်"

ဟုကျော်စွာက ပြောလေသည်။

စက်လှေနှစ်စင်း ရှေ့တည့်တည့်၌ရှိနေသော ဝဲကတော့ကြီးများက တဖြည်းဖြည်းနှင့် နီးလာပြီး စက်လှေများရှိသောနေရာသို့ ရောက်လာသည်။

ဝဲကတော့ကြီးများမှာ အတော်ပင်အားကောင်းလှသောကြောင့် စက်လှေနှစ်စင်းမှာ ရှေ့ဆက်မသွားတော့ဘဲ ဝဲကတော့အတွင်းမှာ ချာချာလည်နေလေတော့သည်။

ထိုအခြေအနေရောက်တော့မှ ရေသတ္တဝါကြီးက စက်လှေများကို တိမ်းမှောက်သွားစေရန် အောက်မှကျောဖြင့် ဝင်ထမ်းလေသည်။

ငှင်းဝင်ထမ်းသောအရှိန်ကြောင့် စက်လှေကြီးများက အပေါ်သို့ မြောက်တက်သွားသည်။ ဘေးတစ်ဖက်တစ်ချက်တွင် ဝါးပိုးဝါးများ တွဲချည်ထားသဖြင့် အရှိန်ဖြင့် ပြန်ကျသွားသော်လည်း မမြှုတ်ပေ။ ထိုကဲ့သို့ နှစ်ကြိမ်သုံးကြိမ်ပြုလုပ်ကြည့်သော်လည်းမရသောအခါ သတ္တဝါကြီးက နောက်ဗျူဟာတစ်မျိုး ပြောင်းလဲ တိုက်ခိုက်လေသည်။

ကြီးမားသောအမြီးဖြင့် ရိုက်ပုတ်လေသည်။

အမြီးကကြီးသည့်အပြင် ရိုက်ချက်ကပြင်းထန်သော





ကြောင့် စက်လှေများပေါ်မှ အမိုးများပျက်စီးကုန်သည်။ အမြီးရိုက်ချက်ထိသော လူများလည်း ရေထဲသို့ လွင့်စင်ကျသွားကြသည်။

သို့သော် ဝါးအိုးဝါးများ အကူအညီကြောင့် စက်လှေများကတော့ နစ်မြှုပ်မသွားသေးပေ။ ဒေါက်တာမင်းထင်ကျော်တို့မှာလည်း သာမန်လက်နက်များသာ အသုံးပြုနေရသော်လည်း အဆိပ်လူးမြားတံကြီးများကိုတော့ ပစ်ခွင့်မရကြသေးပေ။

ထိုကဲ့သို့ အမြီးဖြင့် အကြိမ်ကြိမ်ရိုက်သော်လည်း စက်လှေများက မနစ်မြုပ်သေးသောအခါမှာတော့ သတ္တဝါကြီးက နောက်ဆုံး ဗျူဟာကို အသုံးပြုတိုက်ခိုက် လာလေတော့သည်၊ ကောင်းကင်သို့ ပျံတက်သွားပြီးမှ စက်လှေများပေါ်သို့ ကိုယ်လုံးဖြင့်ဖိချသော နည်းပင်ဖြစ်သည်။

အခြားသင်္ဘောများဆိုလျှင်တော့ အပေါ်မှငှင်းကိုယ်လုံးဖြင့် ဖိချလိုက်ပါက နစ်မြှုပ်ပျက်စီးသည်က များသည်။ ယခု စက်လှေနှစ်စင်းကတော့ မမြှုပ်သေးပေ။ တစ်ကြိမ်မှာတော့ ကောင်းကင်သို့ ပျံတက်သွားပြီး ပြန်ကျလာချိန်တွင် ကျော်စွာ ပစ်လိုက်သောမြားတံကြီးက ကိုယ်ကိုဖောက်ဝင်သွားတော့သည်။

သို့သော်လည်း သတ္တဝါကြီး ဒေါက်တာမင်းထင်ကျော်တို့ စက်လှေဦးပိုင်းပေါ်သို့ကျရာ ဦးပိုင်းပြတ်ကျသွားလေတော့သည်။ ထိုနေရာမှ ပင်လယ်ရေများ ဝင်လာပေပြီ။

အဆိပ်လူးမြားချက်ထိသွားသော သတ္တဝါကြီးက ရေထဲ ပြန်လျှောဆင်းသွားပြီး ရေထဲရောက်နေသူအချို့ကို လိုက်လံ

www.burmeseclassic.com



ဟပ်မြိုနေလေသည်။

"မြားချက်တော့ ထိသွားပြီ ဆရာကြီး"

ဒေါက်တာမင်းထင်ကျော်က မနီးမဝေးမှာရှိနေသော ဦးဇန်ကောင်းကို လှမ်းပြောလိုက်သည်၊

"အဆိပ်က စိတ်ချရပါတယ်၊ ဒါပေမယ့် သတ္တဝါကြီးက အကောင်ကြီးလွန်းတော့ တော်တော်နဲ့တော့ အစွမ်းပြမှာ မဟုတ်ဘူး"

ဦးပိုင်းပြတ်ကျသွားသော စက်လှေထဲသို့ ရေများဝင်လာသော်လည်း ဝါးဘိုးဝါးများကြောင့် စုန်းစုန်းတော့ မမြုတ်သေးပေ။ ရေသတ္တဝါကြီးကလည်း ရေထဲရောက်သွားသူများကို လိုက်လံစားသောက်နေရင်းမှ တဖြည်းဖြည်းနှင့် လေးလံနှေးကွေးလာလေသည်။

အတန်ကြာသောအခါမှာတော့ သင်္ဘောအောက်တည့်တည့်သို့ တဖြည်းဖြည်းနစ်မြုတ်သွားသည်ကို တွေ့မြင်လိုက်ကြရသည်၊

ထိုအချိန်တွင် မေဂျာဝီလျံတို့ စက်လှေကရောက်လာပြီး ဆယ်ယူသဖြင့် အသက်ချမ်းသာရာရကြလေသည်။ ပင်လယ်ပြင်မှာတော့ ကြောက်စရာကောင်းသော အန္တရာယ်တစ်ခု ချုပ်ငြိမ်းသွားခဲ့လေပြီ။

နံနက်ပိုင်းအချိန်တွင် ထွန်းလင်းတောက်ပလာသော နေရောင်ခြည်နှင့်အတူ အလင်းရောင်များကတော့ ပင်လယ်ပြင်နေရာအနှံ့ ဖြန့်ကျက်ထားလေသည်။






ရေတာက်ချိန်ဖြစ်သောကြောင့် လှိုင်းကြက်ခွပ်ကလေးများထနေရာ ငွေရောင်တလက်လက် တောက်ပနေတော့သည်။

ယခုတော့လည်း ပင်လယ်ရေပြင်၏ အခြေအနေရောရာသီဥတုအခြေအနေပါ သာသာယာယာရှိနေလေ၏။ အောင်ပွဲတစ်ခုရရှိခဲ့သော ဒေါက်တာမင်းထင်ကျော်တို့ အဖွဲ့သားအားလုံး၏ ရင်ထဲမှာတော့ ပျော်ရွှင်ကြည်နူးမှုများက ပင်လယ်ပြင်သဘာဝအလှများနှင့်အပြိုင် ရှိနေကြပေတော့သည်။

www.burmeseclassic.com





## အခန်း ( ၁၆ )

# ချစ်ခြင်းမေတ္တာ၏ သင်္ကေတ

အချိန်က ညဦးပိုင်းအချိန်ရောက်နေပေပြီ။

အရှေ့ဘက်ကောင်းကင်ပြင်မှ ထွက်လာသော လရောင်က ပင်လယ်ပြင်ပေါ်သို့ ဖြာကျနေလေသည်။ ဒေါက်တာမင်းထင်ကျော်မှာ ပင်လယ်ကမ်းရိုးတန်းသွား ပင်လယ်ကူးသင်္ဘောကြီး၏ ဦးပိုင်းတစ်နေရာတွင် အေးအေးဆေးဆေးထိုင်ရင်းနှင့် ပင်လယ်ရှုခင်းများကိုကြည့်ကာ အတွေးကောင်းနေလေသည်။

ဦးဗန်ကောင်း၏ ကူသပေးမှုကြောင့် ဆောင်မြတ်သာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ်မှ ရောဂါများမှာ ပျောက်ကင်းချမ်းသာလာပြီဖြစ်သော ကြောင့် ယခုဘဝသို့ ပြန်လည်ရရှိလာခဲ့ပေပြီ။ မြဒေဝီကလည်း ဆောင်ကြာမယ်ဘဝကို အပြီးတိုင်စွန့်လွှတ်ပြီး မောင်မြတ်သာ နှင့်အတူလက်တွဲကာ ဘဝသစ်ထူထောင်ဖို့ ဆုံးဖြတ်ချက်ချထား ခဲ့ပေပြီ။

ဒေါက်တာမင်းထင်ကျော်တို့ ပြန်ကာနီးတော့ နှစ်ယောက် စလုံးရောက်လာပြီး နှုတ်ဆက်ရင်းနှင့် ၎င်းတို့ဆုံးဖြတ်ချက်များ ကို ပြောပြခဲ့ကြပေသည်။ သူတို့ဘဝ သာယာချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ကြပါစေဟု ဆုတောင်းပေးခဲ့ရပေသည်။

ရန်ကုန်အရေးပိုင် ဗိုလ်ချုပ်ရန်(စ်) တာဝန်ပေးခဲ့သော ရေတပ်သင်္ဘောပျောက်ဆုံးခဲ့သော အမှုမှာလည်း အဖြေမှန် ဖော်ထုတ်တင်ပြပေးနိုင်တော့မည်ဖြစ်သဖြင့် သူယူခဲ့သောတာ ဝန်ကလည်း ပြီးစီးခဲ့လေပြီ။ မပြီးသေးတာတစ်ခုပင် ကျန်ပေ တော့သည်။ ဒေါက်တာမင်းထင်ကျော်က ကေသရီအကြောင်း တွေးတောရင်းနှင့် သက်ပြင်းချလိုက်လေသည်။

ထိုအခိုက်မှာပင် သွန်ဘေးသို့ ကေသရီရောက်လာလေ သည်။ ဒေါက်တာမင်းထင်ကျော်က မော့ကြည့်ပြီး သူမအတွက် နေရာပေးလိုက်တော့ မနီးမဝေးမှာ ဝင်ထိုင်လေသည်။

"ကေသရီ မအိပ်သေးဘူးလား"

"ပင်လယ်ပြင်ရဲ့ အလှအပတွေကို နောက်တစ်ခါ တကူး တကလာကြည့်ချင်ရင်တောင် အဆင်ပြေချင်မှပြေမယ်၊ ဒီလို အခွင့်အရေးတွေကို ဥပေက္ခာပြုပြီး အိပ်နေရမှာ နှမြောစရာ"



"ကေသရီက ကဗျာဆန်ဆန် တွေးတတ်သားပဲ"

"သဘာဝအလှတွေမှန်သမျှ ကဗျာတွေချည်းပဲ မဟုတ် လား"

"မှန်ပါတယ်၊ သဘာဝအလှတွေထဲမှာ အချစ်ကဗျာ လည်း တစ်ခုအပါအဝင်ပေါ့၊ ကိုယ် နိဒါန်းပျိုးထားပေးတဲ့ကဗျာ ကိုရော ဘယ်လိုအဆုံးသတ်ပေးမှာလဲ"

"ကျွန်မကိုတော့ ကဗျာဆန်တယ်လို့ပြောတယ်၊ ကိုမင်း ထင်ကျော်က ကျွန်မထက်တောင် ပိုပြီးကဗျာဆန်နေပါသေးသ လား"

"စကားပုံတောင် ရှိသေးတယ်မဟုတ်လား၊ လူမတတ် ပေမယ့် လက်ဖက်ထုပ်တတ်တယ်ဆိုတာလေ"

"ကဗျာနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ကဗျာဆန်တယ်ဆိုတာ လူကသာ မတတ် ပေမယ့် အသည်းနှလုံးက တတ်တယ်လေ"

ထိုစကားကြောင့် ကေသရီက သဘောကျစွာပြုံးလိုက် လေသည်။

ထိုအပြုံးကြောင့် ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ အားရှိသလို ခံစားလိုက်ရပေသည်။ ပြီးမှ ကေသရီက ပြောပြ သည်။

"ကိုမင်းထင်ကျော်ပြောကတည်းက ကျွန်မဘက်က အ လေးအနက်ထားပြီး စဉ်းစားနေတာပါ၊ ကျွန်မအတွက် ဘဝ လက်တွဲဖော် ရွေးချယ်တဲ့နေရာမှာ ဂုဏ်ပကာသနတွေထက်



www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်းပြည့်ဝတဲ့သူမျိုးကို ဦးစားပေးရွေးချယ်ချင်တာ ခုတော့ ကျွန်မသဘောကျနှစ်သက်တဲ့ အရည်အချင်းမျိုးတွေ မင်းထင်ကျော်ဆီမှာ တွေ့ရပါတယ်”

“ဒီတော့”

“ကျွန်တာတော့ ကာယကံရှင်ဘက်က လိုသလိုပြ စွက်စဉ်းစားပေါ့”

“ထွေထွေထူးထူး စဉ်းစားစရာမရှိတော့ပါဘူး၊ ကေသ ဘက်က ကိုယ့်မေတ္တာကို လက်ခံလိုက်တယ်လို့ပဲ မှတ်ယူ လိုက်ရုံပါပဲ”

“ဒါအပြင် ဘာရှိသေးသလဲ”

“နောက်တစ်ကြိမ်ကတော့ နှစ်ဦးလက်တွဲပြီး ဘဝခ ရှည်ကို လျှောက်ကြဖို့ပဲ ရှိပါတော့တယ်”

ဒေါက်တာမင်းထင်ကျော်က သူမလက်ကလေးနှစ် ကို ဆုတ်ကိုင်လိုက်တော့ အပြုံးဖြင့်ကြည့်နေသည်။ ထိုနေ ဘက်သို့ တိုးသွားပြီး ပခုံးလေးကိုဖက်ထားတော့ ရင်ခွင်ထဲ မှီထားလေသည်။

ထိုညအဖို့တော့ ပင်လယ်အလှများထက် ပိုမိုသာလွ သော ချစ်ခြင်းမေတ္တာတရားကို ရှာဖွေတွေ့ခဲ့ကြသော သူတို့နှ ဦးအတွက်ကတော့ အခြားအရာများ မလိုအပ်တော့ပေပြီ။

ရင်ထဲမှ အလှတရားသည် ချစ်ခြင်းမေတ္တာ၏ သင်္ကေ တများပင်ဖြစ်သည်။

ထိုသင်္ကေတများသည် ဘဝ၏အလှအပများကို ဖြည်





ဆည်းပေးတတ်ကြပေ၏။

ချစ်ခြင်းမေတ္တာကို တန်ဖိုးထားသူအတွက် အလှဝိညာဉ်များက စောင့်ရှောက်ပေးတတ်ကြ၏။

အလှတရားဆိုတာ. . .

သဘာဝကပေးသော ချစ်ခြင်းမေတ္တာ၏ လျှို့ဝှက်သင်္ကေတများ ဖြစ်သည်ကိုတော့ ချစ်သူများသာသိကြပေသည်။

ယခုတော့ ဒေါက်တာမင်းထင်ကျော်နှင့် ကေသရီတို့နှစ်ယောက်အတွက်လည်း ချစ်ခြင်းမေတ္တာ၏ လျှို့ဝှက်သင်္ကေတများကို တွေ့ရှိခဲ့ရပေပြီ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဆောင်းကြာမြိုင်ဒေဝီ) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနီယာဟောတု သုခီအတ္တာနံ ပရိဟရန္တု

ကြိုသခ်

စာပြီးချိန်။ ။၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ (၂၀)ရက် စနေနေ့၊ နံနက် (၁၀) နာရီ။



www.burmeseclassic.com